www.burmeseclassic.com



www.burmeseclassic.com

ပန်းမှုစာစဉ်

၈၃၀

www.burmeseclassic.com

www.burmeseclassic.com

## စစ်ဗိုလ်ချုပ်ဟောင်းရေးစိတ်အမှန်

## စိုတ်ဓာတ်ဝတ္ထုစိုက်ထုတ်အဖွဲ့

## ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက် ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

# ပန်းတစ်ပွင့်ရဲ့ရင်ခုန်သံ
## ဝင်းဝင်းမြင့်(နန်းတော်ရှေ့)

ပန်းနုရောင်စာပေ
အမှတ် ၇၆၊ ၁၂၃လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၀၅၈၃

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် အမှတ် ✷ ၁၁၃၆/၂၀၀၂(၁၁)
မျက်နှာဖုံးခွင့်ပြုချက် အမှတ် ✷ ၆၃/၂၀၀၃(၁)
ပုံနှိပ်ခြင်း ✷ ပထမအကြိမ်
စာအုပ်ရေ ✷ ၂၀၀၀ အုပ်
ထုတ်ဝေသည့် ကာလ ✷ ၂၀၀၃ ခုနှစ်၊ မေလ

မျက်နှာဖုံး ပန်းချီ ✷ မောင်မောင်သိုက်
မျက်နှာဖုံး ကာလာခွဲ ✷ STARS
အတွင်းဖလင် ✷ ငြိမ်းအေး

မျက်နှာဖုံးပုံနှိပ်သူ ✷ ဦးကျော်စိန် (၀၂၉၈၉)
ကျေးက်စိမ်းအော့ဖ်ဆက်
၁၇၀၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ထုတ်ဝေသူ ✷ ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
(၀၁၆၉၂)၊ ရွှေနံ့သာကျေးရွာ၊
ပုလဲမြို့ (၃)၊မင်္ဂလာမြို့နယ်၊
ရန်ကုန်မြို့၊
**စီစဉ်သူ ✷ ထိန်ဝင်း**
**နီလာဘာရာဒွါကျာ**

**တန်ဖိုး ✷ ၆၀၀ ကျပ်**

www.burmeseclassic.com

www.burmeseclassic.com

# ပန်းတစ်ပွင့်ရဲ့ ရင်ခုန်သံ

www.burmeseclassic.com

www.burmeseclassic.com




ရုပ်ရှင်မင်းသမီး နှင့် စာဆိုတော်

မေရှင်

www.burmeseclassic.com

www.burmeseclassic.com




ဘေဝမ်းမလင်းကုမ္ပဏီသို့ ပေးပို့သော
မေရွှင်၏ မူရင်းလျှောက်လွှာစာ

www.burmeseclassic.com

www.burmeseclassic.com

Mandalay
8.6.36

A.1 Film.Co.,
Rangon

ဦးတို့ထံမှ ပြန်ကြားလိုက်သောစာကို ကျွန်မထံသို့ ၄. ၆. ၃၆ နေ့က ရရှိပါ၍ အထူးပင်ဝမ်းမြောက်ပါသည်။ ဦးတို့ထံသို့ ကျွန်မ၏ ဓါတ်ပုံ ချက်ခြင်းမပို့လိုက်ခြင်းမှာ မအားမလပ်သည့်အတွက် ရက်အနည်းငယ်နောက်ကျသွားပါသည်။ ကျွန်မ၏ အရပ်အမြင့် နဖူးဆံစမှခြေမအထိ တိုင်းကြည့်သောအခါ ကျောင်းသုံးပေတန်နှင့်၄ပေ ၅လက်မရှိပါသည်။ ကျွန်မ၏ဓါတ်ပုံကိုလည်း ဦးဘမောင်ထံသို့သွားရောက်ပို့ခိုင်းလျှင်ဒုက္ခများနေမည်စိုး၍ ဤစာအိပ်ထဲမှာပင်ထည့်၍ပို့လိုက်ပါသည်။ ကျွန်မလည်း ဒိုင်ပင်ထိုးခြင်း၊ဘိန်းစီးခြင်းမှတပါး ဦးတို့သင်ကြားပြသမှုကို လုပ်ကိုင်ရန်သတ္တိရှိပါသည်။ ဒိုင်ပင်ထိုးခြင်း၊ဘိန်းစီးခြင်းများကိုလည်း နောင်သောအခါ ဦးတို့သင်ပြလျှင် တတ်နိုင်ရန်နည်းလမ်းရှိပါသည်။ ကျွန်မ၏ဓာတ်ပုံကိုလည်း သဘောကျလျှင်ယူထား၍ သဘောမကျလျှင် ကျွန်မထံသို့ပြန်ပို့စေလိုပါသည်။ ကျန်းမာ၍ကြီးပွားတိုးတက်စေရန် ဆုတောင်းလျက်ရှိနေပါသည်ရှင့် .

Ma Shin,
Mandalay.

www.burmeseclassic.com

www.burmeseclassic.com



ပေရှင်

www.burmeseclassic.com

www.burmeseclassic.com



ပေရှင်

www.burmeseclassic.com

www.burmeseclassic.com



မောင်တင်မောင် နှင့် မေရှင်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ဝေယျ နှင့် မေရှင်

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ပေရှင်

www.burmeseclassic.com

www.burmeseclassic.com



မောင်တင်မောင် နှင့် မေရှင်

www.burmeseclassic.com

www.burmeseclassic.com



မေရှင် နှင့် မောင်တင်မောင်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဆွေ နှင့် မေရှင်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဆွေ နှင့် မေရှင်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဆွေ နှင့် မေရှင်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဆွေ နှင့် မေရှင်

www.burmeseclassic.com

www.burmeseclassic.com



ဝေယျ နှင့် မေရှင်



ဝေယျ နှင့် မေရှင်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဆွေ နှင့် မေရှင်



မေရှင် နှင့် သိန်းမော်

www.burmeseclassic.com

www.burmeseclassic.com



ဘသစ် နှင့် မေရှင်



သိန်းဇော် နှင့် မေရှင်

www.burmeseclassic.com

www.burmeseclassic.com



သာဂေါင် နှင့် မေရှင်



မောင်တင်မောင်၊ မေရှင် နှင့် ဒေါ်စောရင်

www.burmeseclassic.com

www.burmeseclassic.com



မေရှင်



မေရှင် နှင့် ကလေးသရုပ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ဖေရှင်

www.burmeseclassic.com

www.burmeseclassic.com



ပေရှင်

www.burmeseclassic.com

www.burmeseclassic.com



ပေရှင်

www.burmeseclassic.com

www.burmeseclassic.com



ေမရှင်

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးမှတ်တမ်း

ကျွန်မ ရေးရန် မဝံ့ရဲသော စာပေ အမျိုးအစားသည် 'အတ္တုပတ္တိစာပေ' ဖြစ်ပါသည်။

အမေက ကျွန်မကို ငယ်စဉ်မှစ၍ ယခုအချိန်တိုင် တွေ့ကြုံခဲ့သည်များကို အောက်မေ့တသ သတိရစွာဖြင့် ပြောပြခဲ့ပါသည်။ အမေ့ မေတ္တာနှင့် အမေ့ ရင်ခုန်သံ ထဲတွင် ကျွန်မ၏ စိတ်အာရုံ ပျော်ဝင်သွားခဲ့သောကြောင့် အမေ့ ပတ်ဝန်းကျင်ကို မေးမြန်း ဆွေးနွေးရပါသည်။ ကျွန်မ မေးမြန်း ဆွေးနွေးသမျှကို အမေ၏ တူ၊ တူမများ ဖြစ်ကြသော အန်ကယ် ဦးအောင်ချွန် + မမ ဒေါ်ခင်လေးတင်နှင့် သမီး စုစု၊ ယုယု။ ဒေါ်စုစုဝင်း မိသားစု၊ ဒေါ်တင်လှိုင် မိသားစုနှင့် သမီးငယ် ရွှေတူးတို့က စိတ်ရှည် လက်ရှည် ပြောပြပါသည်။

အထူးသဖြင့် ကျွန်မကို မမြင်မတွေ့ဖူးပါဘဲ ဖုန်းဖြင့် မေးသော မေးခွန်းများကို အန်တီဘေဘီ(အကယ်ဒမီဒေါ်မြင့်မြင့်ခင်) က ဝမ်းသာ လှိုက်လှဲ ပျူငှာစွာဖြင့် ဖြေကြားခဲ့ပါသည်။

အမေ့ ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြနိုင်ရန် ဘိုဓာတ်ပုံ အဖွဲ့နှင့် စိန်မိုးလ်ဓာတ်ပုံ အဖွဲ့တို့က အခါခါ ရိုက်ပေးခဲ့ကြပါသည်။

အမေ့ အကြောင်းကို ကျွန်မ ရေးပါဟု ကျွန်မ၏ ပရိသတ်များကလည်း နှုတ်ဖြင့် တစ်ဖုံ၊ စာဖြင့် တစ်မျိုးတွန်းအား ပေးခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အမေ့ကို မည်သည့် အခါမျှ မညှိုးနွမ်းနိုင်မည့် ပန်းပွင့်ကလေးဟု ခံစားရသော အချိန်တွင် ကျွန်မ၏ ရင်ထဲ၌ ငယ်စဉ်ကတည်းက ကိန်းအောင်းခဲ့သော 'လက်ကျန်တစ်ပွင့်' ကဗျာကလေးကို ခဏ ခဏ ရွတ်ဆိုခဲ့ရပါသည်။ 'လက်ကျန်တစ်ပွင့် ကဗျာရှင်' ၏ ကဗျာ များစွာကိုလည်း ဖတ်မှတ် ခံစားခဲ့ရပြန်ပါသည်။

မရဲတရဲနှင့် ရေးနေစဉ်မှာပင် ခဏ ခဏ တုံ့နှေးရသော စိုးရိမ်မှုများကို ဆရာဦးဝင်းငြိမ်းက ဦးဆောင် အားပေး လမ်းညွှန် သွန်သင်ခဲ့ပါသည်။ ထို့ . . ထို့ . . သော မေတ္တာ စေတနာများသာ ကင်းပခဲ့မည် ဆိုလျှင် 'ပန်းတစ်ပွင့်၏ ရင်ခုန်သံ' ကို မှတ်းတမ်းပြုနိုင်မည် မဟုတ်ပါ။

'ကျေးဇူးတင်လှပါသည်' ဟုပြောရန် အားနာစရာ ကောင်းလောက်အောင် ရရှိခဲ့သော ကူညီမှုများကြောင့် 'အတ္တုပတ္တိ'ဟု ပြောလျှင် ပြည့်စုံ လုံလောက်ပါမည်လား မသိနိုင်သော စာတစ်ခုကို ရေးခွင့် ရခဲ့ပါ၏။

စာရေးသူ ဆိုတော့ စာတစ်ပုဒ် ရေးရခြင်း အတွက် ကြည်နူးကျေနပ်မှု များစွာ ဖြစ်ရသကဲ့သို့ပင် အမေ၏ ဘဝနေနည်းများ အတွက်လည်း မည်သို့မျှ တန်ဖိုး မဖြတ်နိုင်ပါသော ကျေးဇူးကို ရိုသေလေးစားစွာ မှတ်တမ်းတင်အပ်ပါသည်။

ကမ္ဘာလောက၏ ပန်းပွင့်များ အားလုံး ကြည်နူး ပျော်ရွှင်စွာဖြင့် လှပနိုင်ပါစေ။ မွှေးကြိုင်သော ရနံ့ဖြင့် လွှမ်းမိုးနိုင်ကြပါစေသတည်း။

ဝင်းဝင်းမြင့်(နန်းတော်ရှေ့)
၁၇၊၆၊၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com

## ဘဘဦးသုခပြောပြတဲ့ မေရှင်

၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၂၉ရက်နေ့က အမရပူရမြို့၊ တောင်လေးလုံးကျောင်းတိုက်မှာ ကျင်းပတဲ့ အမေလူထု ဒေါ်အမာရဲ့ မွေးနေ့ပွဲကို ကျွန်တော် တက်ရောက်ခဲ့ပါတယ်။ ထုံးစံအတိုင်း အခမ်းအနားမစခင် အနယ်နယ် အရပ်ရပ်က ရောက်ရှိလာကြတဲ့ ဆရာ၊ ဆရာမများ၊ စာချစ်သူများနဲ့ စကားလက်ဆုံကျနေတုန်း ဆရာလင်းယုန်မောင်မောင်နဲ့ စကားပြောဖြစ်ပါတယ်။ ဆရာက ‘ကိုဝင်းငြိမ်း၊ ခင်ဗျား ရွှေအမြုတေမဂ္ဂဇင်းထဲမှာ ဒေါ်မေရှင် အကြောင်းရေးထားတဲ့ ပန်းတစ်ပွင့်ရဲ့ရင်ခုန်သံဆောင်းပါး ဖတ်လိုက်ရတယ်။ သိပ်ကောင်းတယ်ဗျာ။ အဲဒါလေးကို လုံးချင်းဖြစ်အောင် ထုတ်စမ်းပါ။ ပရိသတ် စိတ်ဝင်စားပါတယ်’ လို့ ပြောပါတယ်။

အဲဒီပွဲမှာပဲ ပန်းတစ်ပွင့်ရဲ့ရင်ခုန်သံကို ရေးခဲ့တဲ့ ဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)နဲ့ တွေ့တော့ ဆရာလင်းယုန်

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်ရဲ့စကားကို ပြန်ပြောပြလိုက်တယ်။ ဆရာမက လည်း ရွှေအမြုတေအတွက်ဆိုတော့ အမေ ဒေါ်မေရှင် ပြော တဲ့အထဲက တချို့ဟာတွေကို ချန်ထားခဲ့ပြီး အကျဉ်းချုပ် ရေးလိုက်ရတာ။ လုံးချင်းသာထုတ်ရမယ်ဆိုရင် ရေးစရာတွေ အများကြီးပဲလို့ ဆိုပါတယ်။ အဲဒီပွဲမှာပဲ ပန်းတစ်ပွင့်ရဲ့ရင်ခုန်သံ ကို လုံးချင်းအဖြစ် ဖန်တီးကြမယ်လို့ ဆုံးဖြတ်လိုက်ကြပြီး ထပ်မေးသင့်မေးထိုက်တာတွေမေးကြဖို့ အမေလူထုဒေါ်အမာ ရဲ့ မွေးနေ့ပွဲအပြီးမှာ မန္တလေးမြို့ အောင်တော်မူရပ်မှာနေတဲ့ အမေဒေါ်မေရှင်ဆီကို ဆက်သွားခဲ့ကြပါတယ်။

မန္တလေးရောက်တိုင်း အမေဒေါ်မေရှင်ဆီ ဝင်နေကျပါ။ ဒီရက်ဆိုရင် ကျွန်တော်လာမယ် မှန်းသိလို့ အမေကလည်း မျှော်နေကျပါ။ စကားရောဖောရောနဲ့အပျိုကြီးစာရေးဆရာမ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)မမေးရက်တဲ့မေးခွန်းကို ကျွန်တော် မေးလိုက်ပါတယ်။ ရယ်ရွှန်းဖတ်ရွှန်းနဲ့ မေးတာဖြစ်တဲ့အပြင် ကျွန်တော့်ဉာဉ်အတိုင်း မရ ရအောင်မေးတာဖြစ်တော့ အမေ့ ခမျာ မဖြေလို့မဖြစ်တဲ့အတွက် ဖြေလိုက်ရှာပါတယ်။ အနား မှာရှိတဲ့ ဆရာမဝင်းဝင်းမြင့်ကတော့ သူမေးတုန်းက တည့် တည့်မတ်မတ်မဖြေခဲ့ဘဲ ရှောင်တိမ်းဖြေသွားတဲ့ အမေ့ကို မကျေမနပ်နဲ့ စကားနာထိုးနေလေရဲ့။ အမေ့ဆီကပြန်လာတော့ လမ်းမှာ ဆရာမက ဆရာရယ် အမေ့ကိုသနားလိုက်တာ။ ဘာဖြစ်လို့ အဲဒီလိုမေးတာလဲလို့ ဆိုပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


အင်တာဗျူးကောင်းတစ်ခုရဖို့ဆိုတာ အားနာဖို့မလိုဘူးလို့ ကျွန်တော်ထင်တယ်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့်နေပြီဖြစ်တဲ့သူများကို မေးတဲ့အခါမှာ သူတို့နဲ့ပတ်သက်တဲ့ကိစ္စတွေကို ရှင်းရှင်းလင်းလင်းသိရအောင် မေးသင့်တယ်လို့ ကျွန်တော်ထင်ပါတယ်။ နောင် သူတို့မရှိတော့တဲ့အခါကျမှ ဆိုရင် သို့လော သို့လောနဲ့ တွေးစရာ ပြောစရာတွေ မဖြစ်စေချင်လို့ပါ။ အခု ဝင်းဝင်းမြင့်က သူ မေးသင့်မေးထိုက်တာတွေကိုမေးပြီး အေဝမ်းရုပ်ရှင်တစ်ခေတ်မှာ မေရှင်ရယ်လို့ နာမည်ကြီးခဲ့တဲ့ ရုပ်ရှင်မင်းသမီးကြီးလည်းဖြစ်၊ အဆိုတော်ကြီးလည်းဖြစ်တဲ့ ဒေါ်မေရှင်ရဲ့ အတ္ထုပ္ပတ္တိကို **ပန်းတစ်ပွင့်ရဲ့ရင်ခုန်သံ** အမည်နဲ့ တင်ပြလိုက်ပါပြီ။

အမေဒေါ်မေရှင်ကို ဆရာမဝင်းဝင်းမြင့်က အင်တာဗျူးလုပ်ရာမှာ အမေက အမေ့အကြောင်းကို အမေပြောတာ အပြင်၊ အမေနဲ့ခေတ်ပြိုင်ရှိခဲ့ဖူးတဲ့ အနုပညာရှင်တစ်ဦးဦးရဲ့ မှတ်ချက်စကားပါရင် ပိုပြီးပြည့်စုံလိမ့်မယ် ထင်တယ်လို့ ပြောခဲ့ပါတယ်။ အမေ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့အတွက် ဆရာမက အန်တီ ဘောဘီ(ဒေါ်မြင့်မြင့်ခင်)ကို တယ်လီဖုန်းဆက်သွယ်ပြီး အင်တာဗျူးခဲ့ပါတယ်။ ပိုပြီးပြည့်စုံနိုင်ဖို့ အတွက် ကျွန်တော်က ဘဘဦးသုခထံသွားရောက်ပြီး အမေ ဒေါ်မေရှင်နဲ့ ပတ်သက်တာ ပြောပေးပါလို့ မှတ်ချက်တောင်း ခဲ့ပါတယ်။

ဆေးရုံကဆင်းခါစ ဘဘဦးသုခက လက်နဲ့တော့ မရေးနိုင်တော့ဘူးဗျာ။ လိုချင်ရင် အသံသွင်းယူသွားပါတော့ ဆို

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် ကက်ဆက်နဲ့အသံသွင်းယူလာခဲ့တဲ့ ဘဘရဲ့ စကားများကို ဖော်ပြပေးလိုက်ပါတယ်။

❖ ❖ ❖

ဒေါ်မေရှင်နဲ့ တွေ့ခဲ့ကြပုံကို ပြောရမှာဖြင့် ချစ်အမျှကနေ စရလိမ့်မယ်။ အသက်ကြီးလာတော့ ခုနှစ်သက္ကရာဇ်တွေတော့ဖြင့် တိတိကျကျ မမှတ်မိတော့ပါဘူး။ ၁၉၃၇–၃၈ လောက်က ဖြစ်မယ်ထင်တယ်။ အဲဒီတုန်းက ကျွန်တော်က ကျိုက်လတ်မှာနေတယ်။ ရန်ကုန်မှာလာပြီး ကြိုးစားပေမယ့် ရပ်တည်ဖို့မတတ်နိုင်တာကြောင့် ကျိုက်လတ်ပြန်လိုက်၊ ရန်ကုန်လာလိုက် ရုန်းကန်နေရတဲ့အချိန်ပေါ့။ အဲဒီအချိန်မှာ ဒဂုံမဂ္ဂဇင်းက ကျွန်တော့်ဝတ္ထုကို တောင်းလာတယ်။ ကျွန်တော်ကလည်း ကောင်းသောမာနလား၊ မကောင်းသောမာနလားတော့ မသိဘူး။ ကျွန်တော့်ဝတ္ထုလေးကို ထည့်ပေးပါလို့ ဘယ်တုန်းကမှ မပြောဘူး။ ဒါကိုလည်း မာန်ရယ်လို့လည်း ကျွန်တော့်ကိုယ်ကျွန်တော် မထင်ပါဘူး။ ကျွန်တော့် စိတ်ထဲမှာ သူတို့ ကျွန်တော့်ကို လိုချင်ပါစေ၊ ကျွန်တော့်ကို တန်ဖိုးထားပါစေလို့ပဲ သဘောထားတယ်။ သူတို့ ထည့်ချင်မှန်းမသိ၊ မထည့်ချင်မှန်းမသိ ကိုယ်ကသွားပြောရင် မကောင်းဘူးလေ။ ဒါကြောင့် ကျွန်တော်က ဒါကို မာန်ရယ်လို့ မထင်တာပါ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဘာခေါ်မလဲဆိုတော့ စာရေးဆရာနဲ့ အယ်ဒီတာကြားမှာ ထားသင့်ထားထိုက်တဲ့ စည်းလို့ပဲ ကျွန်တော် အောက်မေ့ပါတယ်။

ဒဂုံမဂ္ဂဇင်းက အဲဒီလိုတောင်းတယ်ဆိုတာနဲ့ပတ်သက်ပြီးတော့လည်း ကျေးဇူးရှိတဲ့လူ တစ်ယောက်ကို ကျွန်တော် ပြောချင်ပါသေးတယ်။ ဒဂုံမဂ္ဂဇင်းနဲ့ ကျွန်တော့်ကို အောင်သွယ်ပေးခဲ့တာကတော့ ဒဂုန်တာရာပါပဲ။ သူနဲ့ ကျွန်တော်က တစ်မြို့တည်းသားတွေ။ အသက်ကတော့ ကျွန်တော့်ထက် ဆယ်နှစ်လောက်ငယ်တယ်။ အဲဒီတုန်းက သူက ဒဂုန်မဂ္ဂဇင်းမှာ တော်တော်လေးသြဇာရှိတယ်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကတောင် သူ့ကို ရတုတွေ ဘာတွေရေးဖို့ လွှဲပေးထားရတယ်။ အရင်တုန်းကတော့ နှစ်သစ်ကူးအတွက်ထုတ်မယ့် မဂ္ဂဇင်းဆိုရင် ရတုတွေဘာတွေကို ဦးမောင်ကြီးကိုယ်တိုင် ရေးတာ။ နောက်တော့ ဒဂုန်တာရာကို ရေးခွင့်ပေးခဲ့တယ်။

အဲဒီတုန်းက ဒဂုံမဂ္ဂဇင်းမှာ အယ်ဒီတာတွေက ကိုလှဘူးနဲ့ ကိုချင်းစိန်။ ဒီအကြောင်းကိုတော့ ကျွန်တော်ရေးခဲ့တဲ့ **ရုပ်ရှင်လောက ဘဝသံသရာ** ထဲမှာ ရေးခဲ့ပြီးပါပြီ။ အယ်ဒီတာ အဖွဲ့ကို ဒဂုန်တာရာက ကိုသုခဆီက ဝတ္ထု ကျွန်တော်တောင်း ပေးမယ်ဆိုပြီး တောင်းခဲ့တာ။ ထားပါတော့။ အဲဒီကတစ်ဆင့် တက်ပြီး ကျွန်တော် ဒဂုံမဂ္ဂဇင်းမှာ ပင်တိုင်စာရေးဆရာ ဖြစ်လာတယ်။ အဲဒီမှာ ကျွန်တော်ရေးတဲ့ ဝတ္ထုတစ်ပုဒ်ကို ကိုတင်မောင်က သိပ်ကြိုက်သွားတာ။

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုနာမည်က **လင်ယူရတာ** တဲ့။ သူတင်မဟုတ်ပါဘူး။ စာဖတ်ပရိသတ်ကလည်း ကြိုက်ခဲ့တာပဲ။ အဲဒီဝတ္ထု ဇာတ်ကြောင်းလေးကို ကျွန်တော် ပြောပြဦးမယ်။

ဝတ္ထုဇာတ်အိမ်က ကျိုက်လတ်မှာ တည်ခဲ့တာပါ။ ဝန်ထောက်မင်းနဲ့ သူ့ဇနီးတို့ ကျိုက်လတ်မှာနေကြတယ်။ ဝန်ထောက်မင်းရဲ့ တပည့်တစ်ယောက်က မြို့အုပ်အဖြစ်နဲ့ ကျိုက်လတ်ကို ပြောင်းလာရတယ်။ လူပျိုလူလွတ်ဆိုတော့ ဝန်ထောက်မင်းက မင်း တခြားသွား မနေနဲ့တော့။ ငါ့အိမ်မှာ ပဲနေဆိုပြီး ခေါ်ထားတယ်။ အဲဒီမှာ ကျွန်တော်က အစပိုင်းမှာ ကတည်းက ဘာကိုပြောထားသလဲဆိုတော့ ဝန်ထောက်မင်း က (ကန်တော့ပါရဲ့) ပန်းသေ ရောဂါဖြစ်နေတယ်။ မြို့အုပ် ကလေးကို ဝန်ထောက်မင်းက သူ့ရောဂါအကြောင်း ပြောပြ ပြီး ယောကျ်ားချင်း ဆေးဝါးကိစ္စတွေဘာတွေ ဆွေးနွေး ဖူးတယ်။ ဒီရောဂါနဲ့ပတ်သက်ပြီး ကျွန်တော်ကရှေ့ပိုင်းမှာ ဝန်ထောက်မင်း ငယ်ငယ်တည်းက သောင်းကျန်းခဲ့လို့ ဒီရောဂါ စွဲကပ်ခဲ့တဲ့အကြောင်း ဘာညာ ပြောပြထားတယ်။

သုံးယောက်သား တစ်အိမ်တည်းမှာ နေကြရတော့ မြို့အုပ်ကလေးက သူ့ဆရာကိုလည်း သနားတယ်။ ဆရာ ကတော်ကိုလည်း သနားတယ်။ ဝန်ထောက်မင်းက မြစ်ဝ ကျွန်းပေါ်ဘက်ကို သင်္ဘောနဲ့ မကြာခဏခရီးထွက်ရတယ်။ အိမ်မှာ မြို့အုပ်ကလေးနဲ့ ဝန်ထောက်ကတော်ပဲ ကျန်ရစ်ခဲ့ ရာက တစ်ယောက်နဲ့တစ်ယောက် ယိုဖိတ်လာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com


ယိုဖိတ်လာကြပြီးတော့မှ ဝန်ထောက်ကတော်က ရုတ်တရက် သတိရတယ်။

ဒီဝတ္ထုကို ရေးတဲ့နေရာမှာ ကျွန်တော်က ဘယ်သူ့ကို ဦးတည်ပြီးရေးခဲ့သလဲဆိုတော့ ဝန်ထောက်ကတော်နေရာမှာ မေရှင်ကို ဦးတည် ရေးခဲ့တယ်။ ဟိုတုန်းကတော့ ဒါကို မဖော်ပြခဲ့ပါဘူး။ ဇာတ်ကောင်စရိုက်ဝင်အောင် စိတ်ထဲမှာ ထားပြီး ရေးတာပါ။ ဝန်ထောက်ကတော်ရဲ့စရိုက်က ရိုးသား တယ်။ လော်လီဖောက်ပြားခြင်း မရှိဘူး။ သို့ပေမယ့် နူးညံ့ တဲ့စိတ်ရှိတယ်။ ကြင်နာတတ်တယ်။ ဝန်ထောက်မင်းနေရာ မှာတော့ ကျွန်တော်က ကိုတင်မောင်ကို စိတ်သွင်းထားတယ်။ မြို့အုပ်ကလေးနေရာမှာ ကျွန်တော်စိတ်ကူးခဲ့တာက (ဒီစကား တွေ ကျွန်တော် ဟိုတုန်းက မပြောခဲ့ဖူးပါဘူး။ အခု ကိုဝင်း ငြိမ်းနဲ့ စကားစပ်မိတော့မှ ထုတ်ပြောဖြစ်တာပါ) အေးကြူ ပေါ့။ အဲဒီလို ဇာတ်ကောင်တွေကို စိတ်ထဲမှာထားပြီး ရေးရ တော့ ရေးလို့ သိပ်ကောင်းတာပေါ့။

မိန်းကလေးက သတိချက်ချင်းရတော့ (ဝတ္ထုထဲမှာ ပါးရိုက်လိုက်သလားတော့ ကျွန်တော် မမှတ်မိတော့ဘူး) 'သွား၊ ခွေးမျိုး... ငါ့အိမ်မှာနေပြီး ငါ့ကို သွေးဆောင်ဖြား ယောင်းရသလား။ ငါဟာ သွေးနဲ့ကိုယ် သားနဲ့ကိုယ်။ ငါ မှားမိမှာပေါ့'လို့ ပြောတယ်။ မြို့အုပ်ကလေးကလည်း 'ကျွန်တော် မှားမိပါတယ် မမရယ်။ ကျွန်တော့်ကို ခွင့်လွှတ် ပါ။ ကျွန်တော် မမကို သနားလွန်းလို့ပါ'ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကတည်းက ကျွန်တော်က မေရှင်ကို ဇာတ်ကောင်ထားခဲ့တာ။

သူ့ယောက်ျားပြန်လာတော့ မိန်းမက တစိမ့်စိမ့်တွေးပြီး စိတ်ထဲမှာ မချမ်းမြေ့ဘူး။ တစ်နေ့ကျတော့ သူ့ယောက်ျားကို ဖွင့်ပြောတယ်။ မြို့အုပ်ကလေးကို အိမ်မှာမထားပါနဲ့တော့။ နှစ်ယောက်စလုံးရဲ့စရိုက်က ရိုးရိုးကြီးတွေပဲ။ မိန်းမကလည်း ဖြစ်သမျှကို ဖွင့်ပြောတယ်။ ယောက်ျားကလည်း သြော်… သူ့ခမျာ ဆန္ဒရှိရှာပေမပေ့ါလို့ပဲ တွေးတယ်။ မြို့အုပ်ကလေးကလည်း အိမ်မှာနေတယ်ဆိုပေမယ့် နောက်ထပ် မမှားရအောင်လို့ တတ်နိုင်သမျှရှောင်ပြီး ကလပ်တွေဘာတွေ တတ်နေတယ်။ တစ်ညလုံး ပြန်မလာဘဲ မိုးလင်းခါနီးမှ ပြန်လာတာတို့ ဘာတို့ပေ့ါ။

ဝန်ထောက်မင်းက သူ့ဇနီးသည်နဲ့ မြို့အုပ်ကလေးကို ကြည့်ပြီး သနားလာတယ်။ ဒါနဲ့ သူ့မိန်းမကို ဖျောင်းဖျတယ်။ မင်း သူ့ကိုလက်ခံလိုက်ပါကွာပေ့ါ။ ဒီတော့ မိန်းမက ရှင် ဘယ်လိုပြောတာလဲ။ ကျွန်မ သူ့ကိုလိုချင်လို့ ရှင့်ကိုပြောတာ မဟုတ်ဘူး။ ကျွန်မအပြစ်ကို ကျွန်မ ရှင့်ကို ရှင်းရှင်းလင်းလင်း ဝန်ခံပြောတာပေ့ါ။ ဒီတော့ ဝန်ထောက်မင်းက ဘုရားဟော ဇာတ်တစ်ခုကို ပြောပြတယ်။ ကျွန်တော်က အဲဒီလို အကိုးအကားနဲ့ရေးခဲ့တာပါ။ ဒီဇာတ်က တော်တော်လေးရှားတဲ့အတွက် တော်ရုံတန်ရုံလူလည်း ဖတ်ဖူးမှာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားဟောဇာတ်က ဒီလိုဗျ။ သိပ်ချစ်ကြတဲ့ ဇနီးမောင်နှံနှစ်ယောက်မှာ ဇနီးဖြစ်သူက သေကောင်ပေါင်းလဲဖြစ်တယ်။ မိန်းမက သူ့ယောကျ်ားကို သိပ်ချစ်တာဆိုတော့ ငါများသေသွားရင် သူ နောက်မိန်းမ ယူမှာပဲလို့ သောကဖြစ်တယ်။ ယောကျ်ားက ငါ နောက်မိန်းမ မယူပါဘူးကွာလို့ အတန်တန်ပြောပေမယ့် မရဘူး။ ဒီတော့ (ကန်တော့ပါရဲ့) သူ့တန်ဆာကို သူ ဖြတ်ချလိုက်တယ်။ ဒီတော့မှ မိန်းမက ဩော်...သူ ငါ့ကို ဒီလောက်ချစ်ပါလား၊ သူ့တန်ဆာကို တောင် သူဖြတ်ပစ်လိုက်ပါလားဆိုပြီး ချစ်တဲ့ဇော အပေါ်မှာ ပီတိဖြစ်လာတယ်။ စိတ်ချမ်းသာမှုကြောင့် ရောဂါဘယတွေ လည်း ပျောက်ကင်းသွားတယ်။ ပြန်ပြီး ကျန်းမာလာတယ်။ ဒီတော့ မိန်းမတို့ရဲ့ခံစားအပ်တဲ့ စည်းစိမ်ကို တောင့်တပြန် တယ်။ ယောကျ်ားကလည်း မိန်းမအတွက် လိုအပ်တယ်ဆို တာ သိတယ်။ ဘုရားရှင်ကိုယ်တော်တိုင်က ယောကျ်ားများ ဟာ ကိုယ့်မိန်းမအပေါ်မှာ ကြင်ကြင်နာနာနဲ့ ပြုစုစောင့်ရှောက် ရမယ်ဆိုတာ ဟောထားခဲ့ပါတယ်။

မိန်းမကို ဆန္ဒဖြေဖျောက်မပေးနိုင်တော့တဲ့ ယောကျ်ား က ပုဏ္ဏားပျိုတစ်ယောက်ကိုခေါ်ပြီး ပိုက်ဆံပေးကာ သူ့ မိန်းမရဲ့ဆန္ဒ ဖြည့်စေတယ်။ မိန်းမကလည်း ယောကျ်ားရဲ့ ဩဇာကို မလွန်ဆန်နိုင်တာကြောင့် လက်ခံရတယ်။ ဒီလိုနဲ့ ပုဏ္ဏားပျိုလေးနဲ့ ဇနီးဖြစ်သူတို့ ပျော်ပါးနေကြတာကို ကြာရှည် မြင်လာရတော့ ယောကျ်ားက စိတ်မချမ်းသာတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီဝတ္ထုကြောင်းကို ပြောပြပြီးတော့ ဝန်ထောက်မင်းက သူ့ဇနီးကို ဖျောင်းဖျတာပေါ့။ ငါ ကျေနပ်ပါတယ်ကွာ။ မင်း သူ့ကိုလက်ခံ လိုက်ပါပေါ့။ တကယ်လို့ မင်းတို့ နှစ်ယောက် လူသိရှင်ကြား မနေချင်ဘူးဆိုရင်တောင်မှ ရှက်ပုန်းသီးလေးနေကြပါလို့ ပြောတာပေါ့။ ဒါပေမယ့် မိန်းမကလည်း လက်မခံဘူး။ နောက်ဆုံးတော့ ဘယ်လိုဖြစ်လာသလဲဆိုတော့ ဝန်ထောက်မင်းက ငါရှိနေရင် သူ မြို့အုပ်ကလေးကို လက်ခံမှာမဟုတ်ဘူးလို့ တွေးမိတယ်။ ထုံးစံ အတိုင်း မော်တော်နဲ့ သူ ခရီးထွက်သွားတယ်။

သိပ်မကြာဘူး။ သူ့ ရှေ့ဖတ်စာရေးကလေးက ဝန်ထောက်ကတော်ဆီပြေးလာပြီး ဆရာကတော် ဆရာတော့ ဖြင့် ရေနစ်လို့သေသွားပြီ။ ကျွန်တော်တို့လည်း ရှာတာ အလောင်းကို ဘယ်လိုမှ ရှာလို့မရဘူးပေါ့။ ဝန်ထောက်ကတော်က ဘယ်လိုဖြစ်တာလဲလို့ မေးကြည့်လိုက်တော့ ဆရာဟာ တစ်ခါမှ အရက်မသောက်စဖူးသောက်ပြီး ရေကူးတယ်ဆိုတာ ဟောဒီလိုကူးရတယ်ကွဆိုပြီး မြစ်ထဲခုန်ချသွားလိုက်တာ ပြန်မပေါ်လာတော့ဘူးလို့ ပြောပြတယ်။ ဒီတော့ မိန်းမလုပ်တဲ့သူက ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ သဘောပေါက်သွားပြီး အင်မတန် စိတ်မကောင်းဖြစ်တာ ပေါ့။ အဲဒီလိုဖြစ်နေတုန်းမှာ မြို့ပိုင်ရုံးက စာရေးကလေး တစ်ယောက်က ပြေးလာပြန်တယ်။ ရုံးမှာ မြို့အုပ်ကလေး သူ့ကိုယ်သူ သေနတ်နဲ့ပစ်သေသွားပြီလို့ လာပြောပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီမှာ မိန်းမက ခွဲလဲသွားတယ်။ ဝတ္ထုကို ကျွန်တော်က အဲဒီလို အဆုံးသတ်ထားတယ်။ အဲဒါ ကျွန်တော်ကိုယ်ပိုင် စိတ်ကူးနဲ့ရေးခဲ့တဲ့ လင်ယူရတာဆိုတဲ့ ဝတ္ထုပါ။

ဒီဝတ္ထုကို ကိုတင်မောင်ဖတ်ရတော့ စာဖတ်ပရိသတ် များနည်းတူ နောက်ဆက်တွဲ ရေးပါဦးလို့ တိုက်တွန်းတယ်။ ပရိသတ်အလို လိုက်ဖို့အတွက် ကျွန်တော်ဆက်ရေးခဲ့ရတယ်။ ယုတ္တိရှိစွာ ဇာတ်ပေါင်းပေးရတာပေါ့။ ရေထဲကျသွားတဲ့ ဝန်ထောက်မင်းကို တံငါသည်တစ်ယောက်ကတွေ့ပြီး ကယ် သွားတယ်။ အသက်ရှင်ပေမယ့် အတိတ်မေ့သွားတယ်ပေါ့ ဗျာ။ သူ့ဘဝကို သူမသိတော့ဘူး။ ရွာသားတွေက သူ့ကို ရွာဦးဘုန်းကြီးကျောင်းမှာ ထားကြတယ်။ ကျန်ရစ်တဲ့ ဝန်ထောက်ကတော်လည်း ပူဆွေးသောက ရောက်တာပေါ့ ဗျာ။ လတော်တော်ကြာတော့ သူ့မိဘများက စိတ်ပြေလက် ပျောက်ဖြစ်အောင် ဝန်ထောက်မင်းဝယ်ခဲ့တဲ့ လယ်ကွက်တွေ ရှိရာကို သွားကြည့်ရအောင်လို့ ခေါ်လာခဲ့တယ်။ ဘုန်းကြီး ကျောင်းမှာ ဝန်ထောက်မင်းကို သွားတွေ့တယ်။ ဒါပေမယ့် အတိတ်မေ့နေတာဆိုတော့ မိန်းမကပဲ ပြန်ပိုးယူရတယ်။ ငယ်ငယ်တုန်းကတော့ ယုတ္တိရှိတာတွေ၊ မရှိတာတွေ သိပ် မသိဘူး။ ရေးခဲ့တာပဲ။ စိတ်ပိုင်းဆိုင်ရာ ကောင်းသွားတော့ ရုပ်ပိုင်းဆိုင်ရာကလည်း ပြန်ကောင်းလာပြီး အိမ်ထောင်ရေး သုခ ပြန်ရသွားတယ်ပေါ့ဗျာ။ ပရိသတ်ကလည်း သဘောကျ သွားတယ်ပေါ့။ ဒီဝတ္ထုကို ကိုပုတု (ကိုတင်မောင်)က

www.burmeseclassic.com

www.burmeseclassic.com


ဒဂုံမဂ္ဂဇင်းကတစ်ဆင့် ကျွန်တော့်ကို သူ့အတွက် ရုပ်ရှင်ဇာတ်ညွှန်းရေးပေးပါလို့ ကမ်းလှမ်းလာတယ်။ သူက Flim Fare မဂ္ဂဇင်းထဲက Toy Wife ဆိုတဲ့ ရုပ်ရှင်ဇာတ်ကား ဇာတ်အကျဉ်းလေးပေးတယ်။ ဘာရှိမှာလဲ။ လက်တစ်ဝါးလောက်ရှိတဲ့စက္ကူလေးပေါ့။ ကျွန်တော်က အေဝမ်းမှာ ရှိနေတဲ့ မင်းသမီးတွေထဲက မေရှင်ရဲ့စရိုက်ကို စောစောကပြောခဲ့တဲ့ ဝတ္ထုမှာကတည်းက သွင်းယူထားပြီး ဖြစ်နေပြီ။ အေဝမ်းမှာ မေရှင်ရှိတယ်၊ မေမြင့်ရှိတယ်။ မင်းသားက မန္တလေးက မင်းသား ညွှန့်ရွှေပေါ့။ ကိုပုတုက ကျွန်တော့်ဝတ္ထုမှာ မိန်းမစရိုက်ကလေးတွေ ရေးထားတာကို ကြိုက်သွားတာ။ ဒါနဲ့ ကျွန်တော်က ချစ်အမျှဇာတ်ညွှန်းကို ရေးပေးလိုက်တယ်။

အဲဒီတုန်းက ကျွန်တော့်ကို ဒဂုံမဂ္ဂဇင်းက ဝတ္ထုအတွက် ၆ဝ/–ပေးတယ်။ ဒီတုန်းက ကျွန်တော်ကလည်း ရုပ်ရှင်ဇာတ်ညွှန်းသဘော မသိသေးတော့ ကျွန်တော့်ဇာတ်ညွှန်း ထဲက ဟိုဟာမဖြတ်ရဘူး၊ ဒီဟာမဖြတ်ရဘူးနဲ့ ဂျီးများ တာ ပေါ့။ ဒီတော့ သူတို့က ခင်ဗျား အေးအေးဆေးဆေးနေပါ။ ရုပ်ရှင်ဇာတ်ညွှန်းဆိုတာ ဝတ္ထုတစ်ပုဒ်လိုချဲ့လို့မရဘူး။ ဖြတ်သင့်ဖြတ်ရမှာပဲလို့ပြောတယ်။ ဒီတော့ ကျွန်တော်ကလည်း မခံနိုင်ဘူးပေါ့။ အဲဒီမှာ ကိုပုတုက ရိုက်ကွင်းပေါ်ကို ခင်ဗျား ကိုယ်တိုင် လိုက်ကြည့်ပါလို့ ပြောတယ်။ ကျွန်တော့်ကို ဒီလို အခွင့်အရေးပေးခဲ့တဲ့ကျေးဇူး ကျွန်တော် ဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



မမေ့ပါဘူး။ ဆရာထဲမှာ တပည့်တစ်ယောက်ကို ဒီလိုအခွင့် အရေးပေးတယ်ဆိုတာ အင်မတန် ရှားပါတယ်။

ဒါပေမယ့် ကျွန်တော်က ငြင်းသေးတာ။ ခင်ဗျား ရုပ်ရှင် ရိုက်တဲ့နေရာ လိုက်နေရရင် ကျွန်တော် စာရေးပျက်တယ် ပေါ့။ ဒီတော့ ကိုပုတုက ဒီလိုလုပ်ပါ ကိုသုခ၊ ခင်ဗျားကို ဒဂုံမဂ္ဂဇင်းက ၆၀/-ပေးတယ်။ ကျွန်တော်က အဖေဝမ်းခြံကို လာရတဲ့အတွက် ၃၀/-ပေး မယ်။ တစ်လ ၉၀/-ရပြီဆိုရင် ခင်ဗျားမိသားစုကိုလည်း ရန်ကုန်ခေါ်ထားလို့ရပြီပေါ့လို့ ပြော တယ်။ ဟုတ်တယ်၊ သူ့ကျေးဇူးကြောင့်ပဲ ကျွန်တော့်မိသားစု ကို ရန်ကုန်ခေါ်နိုင်ခဲ့တယ်။

ဒီလိုနဲ့ပဲ ကျွန်တော် အဖေဝမ်းကိုရောက်ခဲ့ပြီပေါ့။ အဖေဝမ်း ရောက်တယ်ဆိုတော့ မေရှင်နဲ့တွေ့ပြီပေါ့။ အရင်က လူချင်း မတွေ့ခဲ့ဖူးဘဲ သူ့ကာရိုက်တာကို မှန်းပြီးရေးခဲ့တာ။ အခု လူချင်းတွေ့ပြီဆိုတော့ သူ့ကို အနီးကပ် လေ့လာလို့ရပြီ။

မေရှင်ဟာ အရှက်အကြောက်ကြီးတယ်။ အလွန်သိမ်မွေ့ တယ်။ ရိုးသားတယ်။ ပွင့်လင်းတယ်။ နောက်ပိုင်းကျတော့ သူ သီချင်းပါ ဆိုလာရတယ်။ ကျွန်တော်က သီချင်း အင်မတန် ဝါသနာပါတယ်။ ကျွန်တော် သီချင်းဆိုတတ်မှန်း အဖေဝမ်းက မသိဘူး။ မေရှင်တို့၊ ပြည်လှဖေတို့ သီချင်းဆို တာကို ကျွန်တော်က သွား သွားနားထောင်တယ်။ ဒီလိုနဲ့ တစ်စတစ်စ သူနဲ့ကျွန်တော် ရင်းနှီးလာတယ်။ သူစိမ်း မဟုတ်တော့ဘဲ လုပ်သားအချင်းချင်း ရင်းနှီးလာတယ်ပေါ့။ ဆိုကြပါစို့ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကနေ ချစ်အမျှရိုက်ဖြစ်လာတယ်။ အဲဒီမှာ ကိုပုတုက ကျွန်တော့်ကို အခွင့်အရေးပေးတာလည်း ဖြစ်နိုင် တယ်။ တာဝန်ပေးတာလည်း ဖြစ်နိုင်တယ်။ ဒိုင်ယာလော့ခ် မှန်သမျှကို ကျွန်တော်ရေးပေးပြီး သူက ပြင်ချင်တယ်ဆိုရင် တောင် ကျွန်တော့်ကိုပြောပြီးမှ ပြင်တယ်။ တချို့နေရာတွေမှာ ကျွန်တော်က လေယူလေသိမ်းကိုပါ ပြောပြတယ်။ ကျိုက် လတ်မှာ ကျွန်တော်က ပြဇာတ်ဒါရိုက်တာတွေဘာတွေ လုပ် ခဲ့တာဆိုတော့ ဒါတွေတတ်နေပြီလေ။ ပညာနဲ့ပတ်သက်ရင် ကျွန်တော့်မှာ အရှက်မရှိပါဘူး။ သူများဝေဖန်မှာကိုလည်း မကြောက်တော့ပါဘူး။ အဲဒီတော့မှ မေရှင်က ကျွန်တော့်ကို ပိုပြီးတော့လက်ခံသွားတယ်။ သာမန် ပိန်ပိန် ခြောက်ခြောက် မည်းမည်းကပ်ကပ်ကလေးကို သူ အသိအမှတ် ပြုလာတယ် ပေါ့။

စကားပြောမှာ အရပ်ထဲမှာပြောသလို ပြောအောင် ပြင် ခဲ့တာ ကျွန်တော်ပါပဲ။ အရင်တုန်းကတော့ အောဝမ်းပုံစံက လေးလေးတွဲ့တွဲ့ ပြောရတယ်။ အဲဒါကို ကျွန်တော်က ပြင် တယ်။ အဲဒီလို မလိုချင်ဘူး။ ဒီလိုပြောပေးပါဆိုပြီး ပြင်တာ ပေါ့။ မေရှင်ကို အဲဒီကစပြီး ရင်းနှီးတော့တာပဲ။

နောက်တစ်ခါ ချစ်ရေစင်ရိုက်တဲ့အခါကျတော့ ကျွန် တော့်အပေါ်မှာ ရှိခဲ့ဖူးတဲ့ မေရှင်ရဲ့ကျေးဇူးကို ပြောပါရစေဦး။ သူကတော့ အမှတ်မထင် ဖြစ်ချင်ဖြစ်မှာပါ။ သို့ပေမယ့် ကျေးဇူးရှိတဲ့သူကို ဘယ်တော့မှ မမေ့တတ်တာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


အကျင့်ပါနေပြီ။ ချစ်ရေစင် ကျတော့ ဒါရိုက်တာ မောင်တင်မောင်ရိုက်သမျှဇာတ်ကားတိုင်းမှာ ကျွန်တော်က ဒိုင်ယာလော့ခ်ဒါရိုက်တာဖြစ်နေပြီ။ မိန်းမ ကာရိုက်တာတွေဘာတွေဆိုရင်လည်း ကျွန်တော်က ဝင်ပြရတယ်။

ချစ်ရေစင်ဇာတ်ကားက ရန်ကုန်က သူဌေးသားတစ်ယောက် တီဘီရောဂါဖြစ်တဲ့အတွက် ဆရာဝန်ရဲ့ညွှန်ကြားချက်အရ မိတ္ထီလာမှာ သွားပြီးနားရမယ်။ မိတ္ထီလာမှာ သူ့မိဘများရဲ့မိတ်ဆွေဖြစ်တဲ့ ဒေါ်စောရင်တို့သားအမိအိမ်မှာ သွားနေရမယ်။ သမီးက မေရှင်ပေါ့။ ဥပ္ပသည်လာမယ်ဆိုတော့ သမီးလုပ်တဲ့ မေရှင်က အိမ်သန့်ရှင်းရေးလုပ်တယ်။ ဒီအခန်းရိုက်တော့ ကိုတင်မောင်က မေရှင်ကို သီချင်းဆိုရင်းသန့်ရှင်းရေးလုပ်တာကို ရိုက်တယ်။ တံမြက်စည်းအရှည်နဲ့ကျပ်ခိုးတွေကိုလှဲရင်း မတော်တဆ မိုက်ကရိုဖုန်းကို သွားထိတဲ့အတွက် ကျကွဲသွားတယ်။ ဒီနေရာမှာ တခြားတစ်ယောက်ယောက်သာဆိုရင်တော့ ချက်ချင်းအလုပ်ပြုတ် မှာသေချာတယ်။ မိုက်ကရိုဖုန်းက မြန်မာပြည်မှာရတာမှမဟုတ်ဘဲ။ ဂျပန်ကို မှာရတာ။ မေရှင်ဆိုတော့ ချက်ချင်းပဲ မိုက်ကရိုဖုန်းမှာလိုက်ကြတယ်။

မိုက်ကရိုဖုန်း အသစ်ရောက်လာတော့ အဝေမ်းမှာရှိတဲ့သူတွေအားလုံး အသံစမ်းရတယ်။ အသံဖမ်းဆရာ မစ္စတာဝါတာနာဘီကိုယ်တိုင် အသံဖမ်းတယ်။ သီချင်းတွေ ဆိုကြတာပေါ့ဗျာ။ အဲဒီတုန်းက အဝေမ်းမှာ ရှိသမျှလူတွေဆိုရတာ။

www.burmeseclassic.com

www.burmeseclassic.com


သီချင်းမဆိုတတ်တဲ့သူ ခွေးလိုဟောင်ပြရမယ်လို့တောင် အချင်းချင်း ပြောကြသေးတယ်။ ပတ်သက်သမျှ လူတွေ အကုန်ဆိုရတာ။ မောင်မောင်စိုးရဲ့ ယောက္ခမ ထောင်ထားတဲ့ တိုင်းချစ်စိန်ဇာတ် အဖွဲ့ (ဇာတ်အဖွဲ့နာမည်တော့ ကျွန်တော် သိပ်မသေချာတော့ဘူး)က မင်းသားပါမကျန် လာဆိုရတာ။ သီချင်းဆိုတယ်ဆိုပေမယ့် ဆိုင်းမပါဗုံမပါ ဆိုရတာဗျ။

ကျွန်တော်လည်း ဆိုရမယ်ပေါ့။ သူများတွေကတော့ အော်ကြီးဟစ်ကျယ်တွေ ဆိုကုန်ကြပြီ။ ငါဘာဆိုမလဲလို့ စဉ်းစားကြည့်တယ်။ ကျွန်တော်က သီချင်းကြီးတွေဘာတွေပဲ ရတာကိုး။ ဒီတော့ အဟဲတွေဘာတွေပါအောင် ကျွန်တော် က အောင်မြေသာဇံပတ်ပျိုးကိုဆိုဖို့ ရွေးလိုက်တယ်။

အောင်မြေသာဇံပတ်ပျိုးထဲမှာ ဘာပါသလဲဆိုတော့ ...
*တစ်ဆင့်တက်သော် တစ်တောင်ကိုကျော် တစ်မော်ရုံတိုး တစ်ခြုံလျှိုး တစ်မိုးသောက်လျှင် တစ်နေဝင် တစ်ပင်မြိုင် ကြီး ဂနိုင်ဆီး*...ပေါ့။ အဲဒီသီချင်းဆိုလိုက်တော့ မောင်မောင် စိုးက ဟာ... ကိုသုခ၊ ကျွန်တော့်မိန်းမ ခင်နှင်းရီကို ချပေး စမ်းပါလို့ပြောတယ်။ အဲဒီတုန်းက သူက ရည်းစားစားပြ ဇာတ်ကား ရိုက်နေတာကိုး။ သူက သူဌေးသားဗျ။ နောက် ပြီးတော့ ဒေါသကလည်းကြီးတယ်။ ပွင့်ပွင့်လင်းလင်းပြော တတ်တယ်။ ဆဲချင်လည်း ဆဲတတ်တယ်။ သူ့ကို ဒေါသကုမ္မာ ရလို့တောင် ခေါ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com


သူက အဲဒီလိုပြောတော့ ကျွန်တော် ခင်နှင်းရီကို သီချင်းချပေးရတယ်။ ခင်နှင်းရီက စာမတတ်ဘူးဗျ။ နှုတ်တိုက်ချပေးရတာ။ အဲဒီအချိန်မှာ အေဝမ်းကိုခင်မောင်က လာတယ်။ ဒီတုန်းက အေဝမ်းမှာ သီချင်းဆိုတာ ပြည်လှဖေနဲ့မေရှင်ပဲရှိတယ်။ မေရှင်က သီချင်းဆို တတ်တာမဟုတ်ဘူး။ လူတိုင်းကတော့ သူ့ကို သီချင်းဆိုတတ်တယ်လို့ ထင်ကြတယ်။ ကျွန်တော်က အတွင်းသိမို့ပြောတာ။ သီချင်းဆိုတယ်ဆိုတာ ဖြစ်ရုံတော့ဆိုတတ်ကြတာချည်းပဲပေါ့။ အကွန့်အလွန့်ဘာညာ မလုပ်တတ်ဘူး။ ရိုးရိုးစင်းစင်းကြီး ဆိုတာကိုက မေရှင့်မူဖြစ်နေတာ။ သူဆိုခဲ့တဲ့ အောင်ခြင်းရှစ်ပါးကို ကျွန်တော်တို့မြန်မာပြည်မှာ နာမည်အကြီးဆုံး အမျိုးသမီးအဆိုကျော်တစ်ယောက် ပြန်ဆိုဖူးတာပဲ။ ဒါပေမယ့် မအောင်မြင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကောင်းလွန်းအားကြီးလို့။

ကိုခင်မောင်က ကျွန်တော် သီချင်းချ ပေးနေတာကို ကြားသွားပြီး ခင်ဗျားသီချင်းဆို မလားဖြစ်လာတယ်။ ကျွန်တော် တစ်ပုဒ်စပ်ပေးမယ်တဲ့။ လှမဥ္စူသီချင်းပေါ့။ လှမဥ္စူ သီချင်း ကျွန်တော့်ဆီ ဘာကြောင့်ရောက်သလဲဆိုတော့ ဘယ်သူမှမဆိုချင်လို့ ရောက်တာ။ မြို့မဆရာငြိမ်း ကိုယ်တိုင်လည်း အေဝမ်းကိုလာပြီး သီချင်းတွေဘာတွေ ရေးပေးဖူးတယ်။ ဆရာငြိမ်းရေးတဲ့ နတ်သျှင်နောင်လို သီချင်းမျိုးကျတော့ အလုအယက် သူ့ထက်ငါ ဆိုချင်ကြတာပေါ့။

www.burmeseclassic.com



ကျွန်တော်ကလည်း နတ်သျှင်နောင်ကို ဆိုချင်ခဲ့တာပဲ။ ဒါပေမယ့် ဆိုခွင့်မရခဲ့ဘူး။

ဒီလိုနဲ့ ဓာတ်ပြားသွင်းကြရော ဆိုပါတော့ဗျာ။ ကျွန်တော် သီချင်းဆိုခါနီးမှာ မေရှင်က ကပ်လာပြီး စကားတစ်ခွန်းပဲ ပြောသွားတယ်။ ဒီစကားကို ကျွန်တော် ခုထက်ထိ မမေ့ သလို သူ့ကျေးဇူးကိုလည်း မမေ့ပါဘူး။ သူကိုယ်တိုင်က တော့ ခုနေပြောရင် သိချင်မှ သိတော့မယ်။ ရိုက်ကွင်းပေါ် မှာ သူ့အပေါ် စေတနာထားပြီး သင်ကြားပေးခဲ့တာကို ကျေးဇူးတုံ့ပြန်သောအားဖြင့် သူကလည်း ပြောသွားတဲ့စကား ပါ။ သူပြောသွားတဲ့စကားက ‘ကိုသုခ မကြောက်နဲ့နော်။ မကြောက်နဲ့’ တဲ့။

ဒီစကားကလေးက တစ်ဖက်ကကြည့်ရင်တော့ အားပေး စကားပဲ။ တစ်ဖက်ကကြည့်ပြန်ရင်လည်း တစ္ဆေကို မှင်စာက လာပြီးအားပေးသလို ဖြစ်နေတယ်။ ဂီတဘက်မှာ ကျွန်တော် ဘယ်လောက်အတွေ့အကြုံရှိတယ်ဆိုတာ သူမသိဘူး။ သို့ပေ မယ့် သူ့စေတနာက ထင်ရှားတယ်။ မိုက်ကရိုဖုန်းရှေ့မှာ ကျွန်တော် ကြောက်နေမှာပဲထင်ပြီး အားပေးသွားခဲ့တဲ့ စကား ပါ။ ကျွန်တော်က ဓာတ်ခုံပေါ်မှာ ပြူးပြဲပြဲ၊ ငိုယိုပြဲ၊ မင်းသား လည်း လုပ်ခဲ့ဖူးတယ်။ လူရွှင်တော်လည်း လုပ်ခဲ့ဖူးတယ်။ ကုန်ကုန်ပြောရရင် အပျိုတော်ကတောင် ကခဲ့ဖူးတဲ့ အကောင် ပဲ။ အဲဒါကို သူမသိဘဲနဲ့ ကျွန်တော့်ကိုပြောသွားတဲ့ အားပေး စကားပဲ။ အဲဒီကျေးဇူးကို ကျွန်တော် ဒီနေ့ထက်ထိ မမေ့ ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com


အဲဒါ ကျွန်တော် ပြောပြချင်တဲ့ မေရှင် အကြောင်းပါပဲ။

နောက်ဆုံး ပြောပြဦးမယ်။ ကျွန်တော် **သားတို့ရုပ်ရှည်** ရိုက်တဲ့အချိန်မှာ ကြည်ကြည်ဌေး ပေါ်နေပြီ။ ကြည်ကြည်ဌေးဆိုတာလည်း ခင်ဗျားသိတဲ့အတိုင်း ကျွန်တော် မွေးထုတ်ခဲ့တဲ့မင်းသမီးပါ။ အဲဒီအချိန်မှာ ကြည်ကြည်ဌေးက မေရှင်ထက် သာနေပြီ။ ဒါပေမယ့် သားတို့ရုပ်ရှည်မှာ ကြည်ကြည်ဌေးကို မသုံးဘဲနဲ့ ဘာကြောင့် မေရှင်ကို သုံးခဲ့ရသလဲဆို တာ ကျွန်တော်ပြောပြချင်သေးတယ်။ ကျွန်တော် သားတို့ရုပ်ရှည်ရိုက်မယ့်အချိန်မှာ မေရှင်က အေဝမ်းကထွက်ပြီး မြန်မာ့အသံမှာ အလုပ်လုပ်နေတယ်။ အဲဒီကနေ မန္တလေးပြန်တော့မယ်လို့ လုပ်နေတဲ့အချိန်ပေါ့။ စမ်းချောင်းထဲမှာ နေကြတယ်။ အဲဒီကားက ပိုက်ဆံ သောက်သောက်လဲတော့ မရခဲ့ပါဘူး။ အလွမ်းကားမို့ ထင်ပါရဲ့။

သားတို့ရုပ်ရှည်ဇာတ်ကို ကျွန်တော်ပြောပြမှ ကြည်ကြည်ဌေးကိုမသုံးဘဲ ဘာကြောင့် မေရှင်ကိုခေါ်သုံးခဲ့ရသလဲဆိုတာ ရှင်းသွားမယ်။ ဒီကားမှာ ကိုဇေယျာကြီးရယ်၊ မေရှင်ရယ်၊ ကျွန်တော်ရယ် ပါခဲ့တယ်။ အင်မတန် ရိုးသားပြီး ဘုရားတရားကြည်ညိုလိုက်စားတဲ့ မိန်းကလေးတစ်ယောက်ကို ဘာသာရေး ဗန်းပြပြီး မိန်းကလေးတွေကို ကျူးကျော်စော်ကားနေတဲ့ ကမ္မဋ္ဌာန်းဆရာတွေ ရှိတယ်ဆိုတဲ့အကြောင်း ကျွန်တော်ပြချင်လို့ ရိုက်ခဲ့တဲ့ကားလည်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒီဇာတ်မှာ ယောက်ျားလုပ်တဲ့ ကိုဇေယျက အင်္ဂလန်ကို သွားပြီး စီးကရက်လုပ်ငန်းအတွက် သွားလေ့လာတယ်။ ခြောက်လတစ်နှစ် သွားပြီးလေ့လာရမှာ။ အဲဒီတုန်းက လူထု စီးကရက်ကလည်း ပေါ်ခါစကိုး။ ယောက်ျားမရှိတဲ့အခိုက်မှာ အဒေါ်လုပ်တဲ့ ဒေါ်စောရင်က တရားအားထုတ်ဖို့ ကမ္ဘောဇ်ဌာန်း ဆရာဆီခေါ်သွားတယ်။ ဒေါ်စောရင်က ရိုးရိုးသားသားပေါ့။ သူ့ကျတော့လည်း အမယ်ကြီးဆိုတော့ ဆရာက မပြစ်မှားဘူးပေါ့။ မေရှင်ကိုတော့ ဆရာက ညို့ပြီး စော်ကားလိုက်တဲ့အတွက် ကိုယ်ဝန်ရလာတယ်။

ဒီနေရာမှာ ကျွန်တော်ဘာကြောင့် ကြည်ကြည်ဌေးကို မသုံးရသလဲဆိုတာ ပြောပြမယ်။ ကြည်ကြည်ဌေးဟာ အဲဒီအချိန်တုန်းက ရုပ်ရှင်ဈေးကွက်မှာ ဈေးခေါ်ကောင်းတဲ့ မင်းသမီး၊ အနုပညာအရဆိုရင်လည်း မရှက်မကြောက် ဘာမဆိုလုပ်ဝံ့တယ်။ သူက ဇာတ်ကလာတာကိုး။ နှစ်ယောက် ယှဉ်လိုက်ရင် ကြည်ကြည်ဌေးက သာတာမှန်တယ်။ ဒါဖြင့် ဘာကြောင့် မသုံးသလဲ။

ကြည်ကြည်ဌေးလို ကာရိုက်တာမျိုးက လင်ပြန်လာရင် ရိုးရိုးသားသားဝန်ခံမယ့် ရုပ်မရှိဘူး။ နိုင်ငံခြားမှာ ခြောက်လတစ်နှစ်နေပြီးမှပြန်လာတဲ့ယောက်ျားကလည်း ဒီပဋိသန္ဓေဟာ သူ့သွေး သူ့သားမဟုတ်မှန်း သိမှာပေါ့။ နို့ပေမယ့် ကြည်ကြည်ဌေးလို မိန်းမမျိုးက လှစ်တယ်၊ ပါးတယ်။ မေရှင်လိုရုပ်မျိုးကျတော့ ရိုးတယ်။ သနားစရာလည်းကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com


သူ့စိတ်ထဲမှာမပါဘဲနဲ့ အစော်ကားခံလိုက် ရတယ်ဆိုတာလည်းသိသာတယ်။ ဒါကြောင့်မို့လို့ ကြည်ကြည်ဒွေးကို မသုံးဘဲ မေရှင်ကို သုံးခဲ့တယ်။

အဲဒီလိုပဲ သီချင်းဆိုတဲ့နေရာမှာလည်း မေရှင်ဟာ အကွန့်အလွန့်မပါဘဲ ရိုးရိုးသားသားပဲ ဆိုခဲ့တဲ့အတွက် ဒီနေ့ ထက်ထိ မေရှင့်မူဆိုတာ ရှိနေတယ်။

ကျွန်တော်ပြောချင်တဲ့ မေရှင့်အကြောင်းကတော့ ဒီလောက်ပါပဲ။ သူ ကျန်းမာပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်။ ကျွန်တော် ကျန်းမာပါစေလို့ သူလည်း ဆုတောင်းနေမှာပါ။ ကျွန်တော် မန္တလေးရောက်တဲ့အခါတိုင်းလည်း ကျွန်တော့်ဇနီးနဲ့အတူ သူ့ဆီ ရောက်အောင်သွားပါတယ်။ ကျွန်တော်နဲ့ပတ်သက်ပြီးတော့ဘဲ ရာမတို့၊ ကိုဝင်းငြိမ်းတို့ သူ့ဆီ ရောက်ခဲ့ကြတာမဟုတ်လား။ ကျွန်တော် ကျန်းမာနေသေးတယ်ဆိုရင်တော့ သူ့ဆီ တစ်ခေါက်လောက်များ ရောက်နိုင်ဦးမလား မပြောတတ်ဘူး။ နောက်ဆုံး တစ်ခေါက်လောက်ဖြစ်ဖြစ်တော့ ဆုံချင်ပါသေးတယ်ဗျာ။

❖ ❖ ❖

ဘဘက စိတ်ရှည်လက်ရှည်နဲ့ သူနဲ့ ခင်မင်ခဲ့ဖူးတဲ့ လုပ်ဖော်ကိုင်ဖက် အမေဒေါ်မေရှင်အကြောင်း ပြောပြခဲ့ပါ တယ်။ ခုဆိုရင် ဘဘက အသက် ၉၃နှစ်ရှိနေပြီဖြစ်ပြီး အမေ

www.burmeseclassic.com



ဒေါ်မေရှင်က အသက် ၈၆နှစ်အရွယ် ရှိနေကြပါပြီ။ ဘာဘရော အမေပါ မြန်မာ့ရုပ်ရှင် လောကအတွက် ကျက်သရေ ဆောင်ပုဂ္ဂိုလ်ကြီးများဖြစ်လို့ ဒီထက်ဒီ အသက် ရှည်နိုင်ကြပါစေဦးလို့ ဆုတောင်းမိပါတယ်။ ဆရာမ ဝင်းဝင်းမြင့် တင်ပြမယ့် 'ပန်းတစ်ပွင့်ရဲ့ရင်ခုန်သံ'ကို နားထောင်ကြည့်ကြပါဦးစို့။

ဝင်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

# ပန်းတစ်ပွင့်ရဲ့ရင်ခုန်သံ

ကမ္ဘာလောကကြီးဟာ သင်းရီမွှေးထုံနေတဲ့ပန်းကလေး တွေကြောင့် လှပတင့်တယ်နေတယ်ဆိုရင် ဘယ်သူများ ငြင်းနိုင်ပါ့မလဲ။

ပန်းကလေးတွေမှာ အလှကိုယ်စီရှိသလို ဘဝကိုယ်စီ လည်းရှိနေကြမှာပါ။ နောက်ပြီး ဖြူဖြူပြာပြာ နီနီဝါဝါ အရောင်စုံစုံ ရှိသလို အတွေးစုံစုံလည်း ရှိနေကြဦးမှာပါပဲ။ ပန်းဆိုတာ လှလှပပပွင့်ပြီးရင် ခူးတဲ့သူ၊ ပန်ဆင်တဲ့သူရှိမှ ဂုဏ်တင့်တယ်လို့ တွေးတဲ့သူကတွေး၊ မွှေးမွှေးပျံ့ပျံ့ကလေးနဲ့ လှလှကလေး ပွင့်ခွင့်ရရင်ပဲ ပြည့်စုံလုံလောက်ပြီလို့ ကျေနပ် နှစ်သိမ့်သူကလည်း ကြည်နူးမှုကလေး တစိမ့်စိမ့်နဲ့ပေါ့။ အို…ဘာပဲဖြစ်ဖြစ် ပန်းကလေးတွေကြောင့် ကမ္ဘာလောက ကြီးဟာ လှပနေခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com


ဖျတ်ဆို ကဗျာလိပ်ပြာလေးက ကျွန်မရဲ့အတွေးပန်းပွင့် ကလေးတစ်ပွင့်ပေါ်ကို လာနားလေရဲ့။

မရူးအား၍
ဆူးကြား ကျန်ခဲ့လေသလော။
မရူးရက်၍
ဆူးထက် ကျန်ခဲ့လေသလော။
မရူးလို၍
ဆူးညိုထက်တွင်
သူ့ကံပင်ဟု
တမင်ချန်ခဲ့လေသလော... တဲ့။

ကျွန်မရဲ့အတွေးပွင့်ကလေးဟာ လိပ်ပြာငယ် ကဗျာ လှလှကလေးကြောင့် ရင်ခုန်နိုးထလို့ လာပေတော့မယ်။ လှလှပပပွင့်လန်းပြီး ရနံ့တွေတသင်းသင်း မွှေးပျံ့နေပါလျက်နဲ့ ပန်ဆင်ခွင့်မကြုံတဲ့ ပန်းကလေးလေ။ အဲဒီလို မွှေးမွှေးလှလှ ပန်းမျိုးလေးတွေဆိုရင် စိတ်ဝင်စားကြမြဲ မဟုတ်ပါလား။

ကျွန်မရဲ့ရင်ထဲမှာ မဝံ့မရဲမေးခွန်းတွေ ပလုံစီလို့။ မရူး ရက်ဖွယ်ကောင်းလွန်စွာပင် ခပ်ကြူကြူသင်းအောင် မွှေးပျံ့ နေတဲ့ ရွှေနှင်းဆီတစ်ပွင့်ဟာ ကိုယ့်ကိုယ်ကို ဘယ်လို ဆူးတွေ များ ဆင်မြန်းမိခဲ့ပေလို့ အခုထက်တိုင် ပင်ယံနန်းမြင့်ထက်မှာ လှနေနိုင်သေးတာလဲ။

မေးခွန်းပေါင်းများစွာဟာ ကခုန်မြူးထူးလို့။

❀

www.burmeseclassic.com

www.burmeseclassic.com


'အမေ ဘာဖြစ်လို့ အပျိုကြီးဖြစ်တာလဲ'

ကျွန်မရဲ့ မေးခွန်းကလေးဟာ အမေ့နှုတ်ဖျားမှာ ကခုန်ပါတော့တယ်။ အမေက သွားကျိုးကလေးတွေပေါ်အောင်ရယ်လို့။ အမေကလေ ဟောဒီ ကမ္ဘာလောကကြီးအတွက် ပန်းပွင့်လှလှကလေး 'ရှယ်ဆယ့်လေးပွင့်'ကြီးများတောင် ပွင့်ပြီးခဲ့ပြီ မဟုတ်လား။ ကြည့်ပါဦးတော့ ပါးရေကလေးတွေ တွန့်လို့။ (အလောင်းစည်သူမင်းကြီးလို ဆိုရင်တော့ လက်ပျဉ်းတွေလည်းကျလို့ပေါ့) ဒါပေမယ့်လည်း အမေ့ကိုတော့ ဒီမေးခွန်းတွေဟာ ကလူကျီစယ်လို့ပဲ မဆုံးနိုင်တော့ပါဘူး။

'သမီးကလည်း ဒါရိုက်တာဦးသုခတို့၊ ဦးချင်းစိန်တို့ မေးသလိုပဲ မေးနေဦးမှာလား။ ကိုသုခတို့ကလေ အမေ့ကို အမြဲစတယ်။ အမေက ရတဲ့ပိုက်ဆံလေးတွေ ကျစ်ကျစ်လျစ်လျစ်ကလေး စုတတ်တော့ 'ဟဲ့... မရှင် နင် ဘယ်ကိုကို့ဖို့ စုနေတာလဲ'တဲ့။ အမေက ဟိုးအတိတ်ဆီကို လွမ်းတနေပြန်ပါရော။

အမေရေ... 'အမေရှင်'ဆိုတဲ့ ဘဝ ရောက်သည်အထိ 'မရှင်'အဖြစ် ဖြတ်သန်းခဲ့တဲ့ ဘဝခရီးဟာ သမီးအပါအဝင် အမေ့ ပရိသတ်အားလုံးအတွက် အရေးကြီးလှတဲ့ 'အကြောင်းအရာ' များပါ။ အဲဒီ အကြောင်းအရာတွေဟာ အဏုမြူမှုန်တွေနဲ့ ဖွဲ့စည်းထားတဲ့ အစိုင်အခဲမဟုတ်လေတော့ မမြင်နိုင်ပေဘူးပေါ့ အမေရယ်။ ဒါပေမယ့် အဲဒီအကြောင်းအရာတွေ ကို

www.burmeseclassic.com

www.burmeseclassic.com


ရင်ခုန်သံတွေနဲ့ ဖွဲ့စည်းထားတာဆိုတော့ သမီးလေ အမေ့ရင်ခုန်သံတွေကို သံစဉ်ရှာရဦးတော့မယ်။ တစ်စုံတစ်ခုသော အကြောင်းကြောင့် အမေ့ရင်ထဲမှာ ထိရှ နာကျင်ရမယ်ဆိုရင် အဲဒီအမှားအတွက် သမီး နောင်တရလို့ဆုံးမှာ မဟုတ်ပါဘူး။ ဒါပေမယ့် အမေရယ်၊ သမီး မလိမ်မိုးမလိမ္မာနဲ့ မိုက်မဲလိုက်ဦးမယ်နော်လို့ ကျွန်မရင်ထဲမှာ စိုးတထိတ်ထိတ်တောင်းပန်မိခဲ့ပါသေးရဲ့။ အမေ့ကို မေးရမလား၊ မမေးသင့်ဘူးလားဆိုတဲ့ မေးခွန်းတွေဟာ ကျွန်မရဲ့ရင်ထဲမှာ အကြိတ်အနယ်စစ်ခင်းလို့ပါပဲ။ 'မေး... မေး...' ဆိုတဲ့ စစ်ကူကိုတော့ ဆရာဦးဝင်းငြိမ်းက မပြတ်ပေးနေပါတော့တယ်။

'တစ်ခေတ်မှာတစ်ယောက် ထွန်းခဲ့တဲ့ တကယ့်မြန်မာအမျိုးသမီးလို့ ပထမဆုံးတွေးကြည့်လိုက်စမ်း။ ရဲရဲမေးစမ်းပါ။ ရဲရဲရေးကြည့်စမ်းပါ။ ဒါဟာ တို့နောင်းလူတွေ မှတ်တမ်းတင်ရမယ့်ကိစ္စ'လို့ ဆရာက တွန်းအားပေးပါတယ်။

ကျွန်မမေးမိခဲ့တဲ့ မေးခွန်းတွေကို စာဖတ်သူတွေများ သိရင် အမေ့ကိုယ်စား ကျွန်မကို စိတ်ဆိုးကြလေမလား တောင်မသိတတ်နိုင်အောင်ပါပဲ။ ကျွန်မ မေးမိခဲ့တဲ့ မေးခွန်း တွေကို ပွင့်ပွင့်လင်းလင်းပဲ ပြောပြပါရစေ။

'အမေ ယောက်ျားတွေကို မုန်းပါသလား။ စိတ်ရောနာမိပါသလား။ ကြောက်ရော ကြောက်လား'

'ဘာကြောင့် အပျိုကြီးဖြစ်ရပါသလဲ'

'အပျိုကြီးဖြစ်ရတဲ့အတွက် နောင်တရော ရမိပါသလား'

www.burmeseclassic.com

www.burmeseclassic.com


'အချစ်ဆိုတာ ဘာလဲ အမေ'

အဲဒီမေးခွန်းကလေးတွေကို နှစ်နှစ်နီးပါးလောက် အချိန်ယူပြီး မေးခဲ့ရပါတယ်။ အမေနဲ့ အကြာကြီးစကားပြော၊ အမေနဲ့အတူ ထမင်းလက်ဆုံစား၊ ကော်ဖီသောက်၊ အမေ့ရဲ့မျက်လုံးကလေးတွေကိုကြည့်၊ အမေ့အပြုံးကလေးတွေကို ငေးမော၊ အမေ့စကားလုံး ကလေးတွေမှာ နစ်မျောရင်း အမေ့ရင်ခုန်သံစဉ်ကို ကျွန်မ ရှာဖွေခဲ့ပါတယ်။

'အချစ်ဆိုတာ ဘာလဲလို့' လို့ လူတိုင်းကို မေးကြည့်ပါ။ တစ်ယောက်အဖြေနဲ့ တစ်ယောက် တူနိုင်ကြမှာ မဟုတ်သလို သူကပဲ သိသလိုလို ကိုယ်ကပဲ သိသလိုလိုနဲ့ ဘယ်သူမှမသိတဲ့အရာလားလို့တောင် အဓိပ္ပာယ်ဖွင့်ရမလိုပဲ။ ကျွန်မတို့အားလုံး ချစ်မြတ်နိုးခဲ့ကြတဲ့ ပန်းကလေးတစ်ပွင့်ရဲ့ ရင်ခုန်သံကိုရော ဘယ်လိုများ ပိုင်းခြားသတ်မှတ်နိုင်ပါ့မလဲ။ ဒါပေမယ့် ပန်းပွင့်ကလေးမှာ လှပတဲ့ဘဝတစ်ခုကို တည်ဆောက်နိုင်ခဲ့ပြီဆိုရင် အဲဒီတည်ဆောက်မှုကို ဖွဲ့စည်းတဲ့အရာများကတော့ သူ့ရဲ့အချစ်၊ သူ့ရဲ့မေတ္တာများပဲ ဖြစ်ပေလိမ့်မယ်။ အမေ့ရဲ့ဘဝအလျဉ်မှာ စီးမျောရှင်သန်ခဲ့တဲ့ အချစ်၊ မေတ္တာတွေကို 'မနန်းရှင်ကလေး'ရဲ့ နိဒါန်းကပဲ စလိုက်ကြပါစို့။

❀

မန္တလေး တပေါင်းနွေက ပူလှ၏။ အောင်တော်မူ ရပ်ကွက်ထဲက နှစ်ဆောင်ပြိုင်အိမ်ကြီးမှာလည်း တပေါင်းနွေ

www.burmeseclassic.com

www.burmeseclassic.com



နှင့်အပြိုင် ပူနေရသော စိုးရိမ်သောကအပူကို မိသားစု အားလုံး ခံစားနေကြရသည်။

ဒီနေ့ စနေနေ့။ ဖွဟဲ့... လွဲပါစေ၊ ဖယ်ပါစေ။ ဒီနေ့ မမွေးပါစေနဲ့။ စိုးတထိတ်ထိတ်နှင့် ပြက္ခဒိန်ကို ပြေးကြည့်လိုက်၊ မီးနေခန်းထဲကို နားစွင့်လိုက်။ နေ့ရက်ကလေးကို လွှားခနဲ ကျော်ပစ်လိုက်ချင်ပေမယ့် မရနိုင်။ မီးနေခန်းထဲက အသံတစ်သံသည် အောင်တော်မူအိမ်ကြီးကို လှုပ်ရှားသက်ဝင်စေခဲ့သည်။

'မွေးပြီ၊ မွေးပြီဟေ့၊ မိန်းကလေးတော့် မိန်းကလေး'

သမီးငယ်ကလေး၏ငိုသံသည် မိသားစုအတွက် အောင်မြင်ခြင်းလက်ဆောင် ကမ်းဆက်လိုက်ခြင်းပင်။

၁၂၇၈ ခု၊ တပေါင်းလပြည့်ကျော် ၂ရက်၊ ၁၉၁၇ ခုနှစ်၊ မတ်လ ၁၀ရက်၊ စနေနေ့။

'ဒါ သနှောင်းပဲ။ ကိစ္စမရှိပါဘူး။ စနေ သနှောင်း မိဘကောင်းလို့တောင် ဆိုကြသေးတာပဲ'

'ဘာပဲဖြစ်ဖြစ်လေ နေတက်ကလေးဆိုတော့ စနေဆိုတာတက်မှာပဲ။ ဒီလိုလုပ်၊ ကလေးအဖေ၊ ကလေးအဖေ ဘယ်ရောက်နေတုံးဟဲ့။ လာ... လာ... ဒီဓားကို ထမ်းပြီး ကလေးပေါ်ကျော်လိုက်'

'အို... နေကြပါဦး၊ နေကြပါဦး၊ ကိုရင်ခင်... ကိုရင်ခင်၊ မကျော်လိုက်ပါနဲ့ ရှင်။ သမီးလေးပေါ်ကို ဓားကြီး ထမ်းပြီး မကျော်လိုက်ပါနဲ့။ ကလေးဆိုတာ အညွန့်တလူ လူနဲ့ပါ။ ကျွန်မတို့ ဘာဖြစ်ဖြစ်ရှင်။ ကိုရင်ခင်ရေ၊ မကျော် လိုက်ပါနဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com



အမေ့အသံက မီးနေကပ်ပေါ်မှာ လျှံနေသည်။ သမီးကလေးဖောနှင့်မို့ နာကျင်တာတွေ၊ ပင်ပန်းတာတွေကို နည်းနည်းမှ သတိမရ။ သမီးကလေးမျက်နှာကို တစိမ့်စိမ့်ကြည့်။ ကလေးကတော့ ဘာမှမသိရှာပေ။ ခြေဆံလက်ဆံရှည်ရှည်၊ ဖြူဖြူသွယ်သွယ်ကလေး။ ပတ်ဝန်းကျင်မှ ဝိုင်းကြည့်နေကြသူများ၏အသံ တိုးတိတ်သွားစဉ် သမီးလေးသည် ကမ္ဘာလောကကြီးကို အောင်မြင်သောအသံဖြင့် စတင်နှုတ်ခွန်းဆက်လေတော့သည်။

ဝါးခနဲ... ဝါးခနဲ အော်ငိုလိုက်သော အသံကြောင့် အမေ့ရင်မှာ ကြည်နူးပီတိတွေ စိမ့်ဖြာရသည်။ သမီးကြီး မချစ်စု၊ မချစ်ဥ၊ မသိန်းချစ်၊ မပွားရင်တို့တုန်းကလို အဲ့ခနဲ မငို။ ကျယ်ကျယ်ငိုကြွေး အသံပေးခဲ့သည်။ သမီးကလေး ကိုတော့ ဇာတာထဲမှာ မနန်းရှင်ဟု အမည်ပေးခဲ့ကြသည်။ ကျောင်းထားသော အရွယ်သို့ရောက်လာသောအခါ မသန်းရှင်ဖြစ်သွားပြန်သည်။

နောက်တော့ ပြည်သူချစ်သော မေရှင်၊ အခုချိန်မှာတော့ အားလုံးက လေးစားစွာ တန်ဖိုးထားမြတ်နိုးကြပါသော အမေရှင်။

အမေရှင်၏ ဘဝနိဒါန်းအစသည် မိဘများဖြစ်ကြသည့် ဖေဖေဦးခင်လေး၊ မေမေ ဒေါ်ဖွားယွန်းနှင့် အစ်မလေးယောက်တို့၏ မေတ္တာရင်ခွင်တွင် လွတ်လပ်ပျော်မွေ့စွာ ရှင်သန်လန်းဆန်းခွင့် ရခဲ့သည်။

❀

www.burmeseclassic.com

www.burmeseclassic.com


'အမေ့တစ်သက်မှာလေ အချစ်တို့၊ မေတ္တာတို့နဲ့ ပတ်သက်ပြီးပြောရမယ်ဆိုရင် အမေ့ကိုမွေးမွေးချင်း အမေ့ရဲ့ မေမေထားခဲ့တဲ့ မေတ္တာနဲ့သတ္တိကို အရင်ဆုံး သတိရမိတယ်။ ဟိုးတုန်းက အခုလို ဆေးရုံတွေ၊ ဆေးခန်းတွေ သိပ်ခေတ်စား သေးတာမဟုတ်ဘူး။ အိမ်မှာပဲ မွေးကြတယ်။ အိမ်မှာမွေး တော့ အရပ်ထဲက ဆွေမျိုးတွေ၊ မိတ်ဆွေတွေ သိုက်သိုက်ဝန်း ဝန်းရောက်လာကြပြီး တစ်ယောက်တစ်မျိုး အကြံပေးကြ တာပေါ့။ အချိန်က ခေတ်လည်းမမီကြသေးတဲ့အချိန်ဆိုတော့ အယူသီးကြတယ်။ ဘာကြောင့်မှန်းတော့ မသိဘူး သမီးရဲ့။ စနေဆို ထက်လွန်းလို့ဆိုပြီး ကြောက်ကြတယ်။ အားလုံးက စိုးရိမ်လို့ ဝိုင်းပြီးပြောကြပေမယ့် အမေ့ရဲ့အမေ သတ္တိကောင်း ပုံများ အားလုံးကို ဆန့်ကျင်ပြီးတားတာ။ အဖေကလည်း ဓားထမ်းပြီး မကျော်ခဲ့ဘူး။ ဘာယတြာမှ မလုပ်ခဲ့ဘူး။ အဲဒီ အကြောင်းတွေကို အမေသိတတ်တဲ့ အရွယ်ကိုရောက်တော့ ပုံပြောသလို ပြောပြကြတယ်။

သမီးအငယ်ဆုံးကလေးဆိုပြီး သိပ်ချစ်ခဲ့ကြတယ်။ အမေ့ရဲ့မေမေက အမေ ကျောင်းသွားခါနီးဆို ကိုယ်တိုင် ဆီလိမ်းပေးတယ်။ ခေါင်းဖြီးပြီး ကျစ်ဆံမြီးကျစ်ပေးတယ်။ အမေ့ နဖူးကလေးကို နမ်းပြီး–

'ငါ့သမီးလေး လိမ်လိမ်မာမာနေနော်။ စာလည်းကြိုး စားနော်။ ငါ့သမီးလေးက သိပ်လှတာ။ ချမ်းသာမှာ သိလား၊

www.burmeseclassic.com

www.burmeseclassic.com


ငါ့သမီးလေးက သူဌေးမကြီးဖြစ်မှာ’လို့ အမြဲပြောတယ်။ အမေ့နားထဲမှာ အမေ့မေမေရဲ့အသံတွေ ခုထိ စွဲနေတုန်းပဲ’

❀

မရှင်ကလေးနေသောကျောင်းသည် မြန်မာဘာသာမှ အပကျန်ဘာသာရပ်အားလုံးကို အင်္ဂလိပ်လိုသင်ရသော ဝစ္စလီကျောင်း (ယခု အမှတ် ၁၆၊ အထက်တန်းကျောင်း) ဖြစ်သည်။ မရှင်တို့အိမ်နှင့် ကျောင်းက သိပ်မဝေးလှပေ။ သူငယ်ချင်းများ၊ အစ်မများနှင့်အတူ ကျောင်းသို့ လမ်းလျှောက်သွားကြသည်။ ကျောင်းသို့ သွားရာလမ်းတစ်လျှောက်မှာ တမာပင်တန်း၊ ကုက္ကိုပင်တန်းများနှင့် အရိပ်ရပြီး အေးမြနေသည်။

အမေက ဘယ်လောက်ပင် စာကြိုးစားရန် မှာလေ့ရှိသော်လည်း မရှင်ကလေး၏စိတ်တွင် စာဆိုစာချည်း ရှိနေသည် မဟုတ်ပေ။ ကျောင်းမှာဆင်နွှဲရသော ကပွဲများသည် မရှင်၏ အတွေးထဲသို့ အစဉ်ထာဝရ လွှမ်းမိုးနေတော့၏။ ဆရာမကြီး ဒေါ်ရွှေပွင့်၊ ဒေါ်မမလေး၊ ဒေါ်အမလေးတို့၏ ထိန်းသိမ်းစောင့်ရှောက်မှုကို ခံယူခဲ့ရ၏။ ဆရာမဒေါ်သိန်းတင်၊ ဒေါ်မမခင်၊ ဒေါ်မမကြော့တို့ကလည်း မရှင်ကလေးကို ချစ်ခဲ့ကြ၏။ ဆရာမဒေါ်သိန်းရင်၊ ဒေါ်ဒေါ်စုတို့ဆိုလျှင် မရှင်ကလေးကို စာပေတတ်မြောက်အောင် သင်ပေးရုံမျှမက အနုပညာမျိုးစေ့ကိုပင် ချပေးခဲ့ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com


မေတ္တာစေတနာအပြည့်ဖြင့် ကျွေးမွေးပြုစု စာသင်ပေးခဲ့ကြသော ဆရာမကြီးများက 'မရှင်ရေ… ကမလား' ဆိုလည်း မရှင်က ကပြီးသား။ 'သီချင်းကလေးဆိုမလား' ဆိုလည်းမရှင်က မငြင်း။ ပြဇာတ်တွေဘာတွေမှာလည်း မရှင် သရုပ်ဆောင်ရတာ စိတ်ကျေနပ်မှုရှိလှ၏။ မရှင်ကလေး တစ်ယောက်က ဆိုကသရုပ်ဆောင်နေရလျှင် ပျော်လို့ မော်လို့ မဆုံး။

ထိုထိုသော အနုပညာကိစ္စများသည် မရှင် ဝါသနာပါလွန်းလို့သာ ပါဝင်လှုပ်ရှားနေရသော်လည်း စင်းလုံးချော ပြေပြစ်လှသည်တော့ မဟုတ်ပါ။ မရှင်ကို ချစ်မြတ်နိုးလှ သော မိသားစု၏ စိုးရိမ်မှုကွန်ရက်ကို မနည်းထိုးဖောက်နေ ရသည်။ ထိုအချိန်က ဣန္ဒြေရှိသော မိကောင်းဖခင်သမီးလေး တစ်ယောက် သီချင်းဆိုဖို့၊ ကဖို့ကိစ္စကို အုပ်ထိန်းသူများက လွယ်လွယ်ကူကူနှင့် ခွင့်ပြုသည်မဟုတ်။ ဝတ္ထုလည်း မဖတ်ရ၊ ဓာတ်ရှင်လည်း မကြည့်ရသောခေတ် ဖြစ်လေသည်။

ထိုအချိန်မှာ မရှင်ကလေးအတွက် နောက်ထပ် အားဆေးတစ်မျိုးကို ရရှိခဲ့ဖူး၏။ အိမ်သို့ ထီးကောက်ကြီးနှင့် လာတတ်သော ဘဘကြီးတစ်ယောက်ဖြစ်သည်။ ပွဲစားကြီး ဦးသိန်းအောင်ပင်တည်း။ ထိုဘဘကြီးက လက္ခဏာလည်း ကြည့်တတ်သူဖြစ်သည်။ အံ့သြဖွယ်ကောင်းလှစွာပင် ဘဘကြီးဦးသိန်းအောင်က မရှင်ကလေးကိုမှကွက်၍ လက္ခဏာ ကြည့်ချင်လေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



'ကိုခင်နဲ့မဖွား သမီး အငယ်ဆုံးလေးလားဟော့၊ ငါ့သမီးလေးက ချောလိုက်တာ။ လိမ်လည်း လိမ္မာတယ်ဆို။ မှန်းစမ်း၊ သမီး လက္ခဏာကလေး ဘဘကြီး ကြည့်ကြည့်စမ်းမယ်'

ဘဘကြီးက မရှင်ကလေး၏ လက်ဝါး ပြင်ကလေးကို ကြည့်ပြီး လေးနက်စွာဖြင့် ခေါင်းတညိတ်ညိတ်ပြုကာ–

'အေး... ကောင်းတယ်၊ သိပ်ကိုကောင်းတယ်။ သမီးကလေးကြီးလာရင် သီချင်းတွေဆိုရမယ်။ ကရမယ်။ ပြီးရင် သိပ်ကိုချမ်းသာတဲ့ သူဌေးမကြီးလည်း ဖြစ်ဦးမယ် သိလား။ သမီးကလေး လိမ်လိမ်မာမာ နေရမယ်နော်'တဲ့။

❀

'အမေ့ကို သိပ်ချမ်းသာတဲ့ သူဌေးမကြီးဖြစ်မှာ၊ လိမ်လိမ်မာမာနေလို့ ပြောခဲ့တဲ့သူ နှစ်ယောက်ရှိခဲ့တယ်။ အဲဒါ အမေ့ရဲ့မေမေ ဒေါ်ဖွားယွန်းနဲ့ လက္ခဏာကြည့်ပေး ခဲ့တဲ့ ဘဘကြီးဦးသိန်းအောင်တို့ပဲပေါ့။ အမေ အသက်ကြီးပြီး သုံးနိုင်စွဲနိုင် စုဆောင်းနိုင် ဖြစ်လာတဲ့အခါ သတိရဆုံး နှစ်ယောက်။ ကျေးဇူးဆပ်ချင်ဆုံးနှစ်ယောက်။ အဲဒီနှစ် ယောက် အမေ့ပတ်ဝန်းကျင်က ထွက်သွားကြတာ မြန်လွန်း တယ်။ အမေ အောင်မြင်တာကို လုံးဝမြင်မသွားကြရရှာဘူး။ အမေ့ရဲ့ မေမေဟာ အမေ့အသက် ၁၂နှစ်၊ ၁၃နှစ် သမီး လောက်မှာ ဆုံးသွားခဲ့တယ်။ အမေ့ရဲ့ ဖေဖေကတော့ အမေနဲ့ အတူ

www.burmeseclassic.com

www.burmeseclassic.com



အသက် ၇၀ ကျော်အထိ နေသွားခဲ့တယ်။ အမေ့ကို ဖေဖေနဲ့ အစ်မတွေက ရင်အုပ်မကွာ စောင့်ရှောက်ရင်း ကြီးပြင်းခဲ့ရတယ်။ စနေသမီး တစ်မိပေါက် တစ်ယောက်ထွန်း ဆိုပြီး သူတို့ စိတ်အနှောင့်အယှက်ဖြစ်ချင်လည်း ဖြစ်ခဲ့ကြမှာပေါ့သမီးရယ်။ ဘာပြုလို့လဲဆို အမေက တစ်အိမ်သားလုံးနဲ့ ဆန့်ကျင်ခဲ့တာကိုး။ တကယ့်ကို ဇွဲကြီးကြီးနဲ့ ထိုးဖောက်ခဲ့ရ တာ သမီးရဲ့'

❁

မရှင်ကလေး၏ အစ်မလေးယောက်က ရှေ့ဆင့်နောက်ဆင့်ဆိုသလို အိမ်ထောင်ကျသွားခဲ့ကြပေမယ့် မရှင်နှင့်တော့ အလှမ်းမဝေးလှပေ။ ဖခင်ကြီးနှင့် အစ်မများက မရှင်ကလေးကို အလွန်ချစ်မြတ်နိုးပြီး ချုပ်ချုပ်ချယ်ချယ် မပြုကြပေမယ့် တစ်ယောက်တစ်မျိုး သွန်သင်ဆုံးမလို့မဆုံး။

'ကျောင်းမှာဖြစ်ဖြစ်၊ လမ်းမှာဖြစ်ဖြစ် ယောကျ်ားလေးတွေက မရှင်ကို စရင် နောက်ရင် အရေးလုပ်ပြီး ဘာမှ ပြန်ပြောမနေနဲ့နော်။ မိန်းကလေးဆိုတာ မျက်စိကိုငြိမ်ငြိမ် လေးထားရတယ်။ ကြည့်စရာရှိရင် သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့ တည့်တည့်သာ ကြည့်ပစ်လိုက်'

'စာတွေဘာတွေပေးရင်လည်း မမတို့ကို ပြဦးနော်။ သူတို့တွေကို မိုက်မိုက်ရိုင်းရိုင်းတော့ ဘာမှပြန်မပြောနဲ့။ ကိုယ်က အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ကလေး နေရင် ဘယ်သူကမှ မစော်ကားရဲပါဘူး'

www.burmeseclassic.com

www.burmeseclassic.com


အေးမြသော မေတ္တာရိပ်အောက်မှာ ချစ်ရေစင် သွန်းဖျန်းခံရသော နှင်းဆီပွင့်ကလေး မရှင်မှာ အပဟုတ်တကယ်ပင် ဆူးနှင့်နှင်းဆီလို့သာ ဆိုကြပါစို့။ မရှင်က တည်ငြိမ်အေးချမ်းမှုကို နှစ်သက်လှပေမယ့် မိမိကိုယ်ကို နည်းနည်းကလေးမှ အထိပါးမခံနိုင်သော စိတ်ဓာတ်ပြင်းထန်ခဲ့၏။

မွှေးသောလှသော ပန်းကလေးများကို ပျား၊ ပိတုန်း၊ လိပ်ပြာတို့ တရစ်ဝဲဝဲလုပ်ကြ သည်မှာ ဆန်းတော့မဆန်း။ အဖေနှင့်အစ်မများ ဝန်းရံနေသော မရှင်ထံသို့ စာလွှာတွေ လျှို့ဝှက်စွာ ရောက်လာတတ်၏။

'မရှင်ရေ...ဒီစာကလေးဖတ်ကြည့်စမ်းပါ။ ကောလိပ်ကျောင်းသားတစ်ယောက်က မရှင်ကို မေတ္တာရှိလွန်းလို့ ပေးခိုင်းလိုက်တာ။ အဖေကြီးတို့ မသိစေနဲ့နော်'

အောင်သွယ်တွေက စာဖတ်ချင်အောင် အမျိုးမျိုး စည်းရုံး၏။ ဒါမျိုးတွေကို မရှင်က ရဲရဲရင့်ရင့်ပင် ရင်ဆိုင် သည်။ ရှက်ကိုးရှက်ကန်းအမူအရာမျိုး ဘယ်တော့မှမလုပ်။ အဟင့်...အဟဲ့တွေ မလုပ်ချင်ပေ။ အဲဒီ မိန်းမကို 'ဒီစာမျိုးကို ရှင့်ညီမပဲအဖတ်ခိုင်း' ဟု ရှုတည်တည်နှင့် ပြောပစ်လိုက်တော့ နောက်တစ်စောင် ထပ်ယူမလာရဲ။

ဟိုတစ်ချိန်က ကောလိပ်ကျောင်းသားဆိုတာ ပျိုတိုင်းကြိုက်သည့်နှင်းဆီခိုင် တစ်မျိုးပင်။ သူတို့ ဝတ်ပုံစားပုံ၊ နေပုံထိုင်ပုံ တွေက ဘယ်သူနှင့်မှမတူ။ တစ်မူထူးခြား၍ ဆွဲဆောင်မှုစွမ်းအားတွေ ကောင်းလွန်းလှသည်။ အိမ်ရှေ့မျက်

www.burmeseclassic.com



စောင်းထိုးအိမ်မှာ ထမင်းလခ ပေး၍ စားနေကြသော ကောလိပ်ကျောင်းသားများသည် မရှင်တို့အိမ်ရှေ့မှ ရောက်လာကြလျှင် ခြေလှမ်းတွေ နှေးလာကြ၏။ ဇက်တွေလည်း စောင်းကုန်ကြ၏။

'အဲဒါ ကိုစောလှိုင်တဲ့။ ဟိုဘက်ကလူက ကိုသိန်းအောင်။ ဟိုဘက်ဆုံးက ရုပ်အဖြောင့်ဆုံးလူ တွေ့လား။ သူက ကိုအောင်မြင့်တဲ့။ မရှင်ကို မေတ္တာ ရှိနေတာ သူပေါ့။ ကောလိပ်ကျောင်းသားဆိုပေမယ့် အလွန်ရိုး၊ အလွန်အေး၊ အသောက်အစားလည်း ကင်းတယ် မရှင်ရဲ့'ဟု အိမ်မှာ တရင်းတနှီး ဝင်ထွက်နေသူ အမျိုးသမီး တစ်ယောက်က စကားနှင့် ဆွယ်ပြန်၏။

'ဩ်... ဟုတ်လား'ဟု မရှင်က တစ်ခွန်းတော့ ပြန်ပြောမိသည်။

ထိုစကားမှလွဲ၍ ဘာမှ ပြန်မပြောမိ။ ရင်ထဲမှာတော့ တစ်မျိုးပင်။ 'သူ့ကို ချစ်ကြည့်လိုက်ရမလား'ဟု တွေးမိတာမျိုးလည်း မဟုတ်။

'အင်း... အဲဒီလူရဲ့ ရုပ်ရည်ကတော့ အိမ်ထောင်တစ်ခုကို ဦးဆောင်မယ့် ယောကျ်ားတစ်ယောက်ပုံစံမျိုးပဲ' ဟုတော့ တွေးမိ၏။ ထိုအတွေးကိုသာ ရှေ့ခရီးဆက်မည်ဆိုလျှင် 'သူ့ကိုချစ်လိုက်ရရင် ကောင်းမလား' ဖြစ်ချင်ဖြစ်လာနိုင်ပါသည်။ ဒါပေမယ့် ထိုအတွေးသို့ ရောက်မလာခဲ့။ မရှင်၏ အတွင်းစိတ်ကို တစ်စုံတစ်ခုသောအကြောင်းက

www.burmeseclassic.com

www.burmeseclassic.com



ဟန့်တားထားလေသည်။ ထိုတစ်စုံတစ်ခုကတော့ 'အနုပညာချစ်စိတ်'ပင်။

မရှင် စိတ်ဝင်တစားနှင့်ချစ်နေသောအရာကို အနုပညာဟူ၍ပင် မသိတတ်ခဲ့သေး။ ကျောင်းမှာ ဆိုရင်း ကရင်းက အစဉ်အမြဲသာ ဆိုချင်ကချင် သရုပ်ဆောင်ချင်နေတော့သည်။ အထူးသဖြင့် မရှင်ကလေး တစ်ခါတစ်ရံသာ ကြည့်ဖူးမြင်ဖူးခဲ့သော ဓာတ်ရှင်ထဲကလိုပေါ့။ အသံ ပီပီသသထွက်သော ဓာတ်ရှင်ကား မဟုတ်။ ဘာသံမှ မကြားရ။ မင်းသမီး မင်းသားပြောသော စကားတွေကို စာတန်းထိုးပြသည်။ သူတို့ ဘယ်လိုခံစားရ၍ ဘာပြောနေကြမည်ကို မရှင်က စာတန်း မဖတ်ဘဲ ခံစားနိုင်ခဲ့သည်။ ထိုနေရာများတွင် မရှင် ကိုယ်တိုင် သရုပ်ဆောင်ချင်ခဲ့သည်။

ထိုစဉ်က ဓာတ်ရှင်ကြည့်ရမည်ဆိုလျှင် မရှင် အလွန်ပင် ပျော်မိခဲ့၏။ သူများတွေလို သွားချင်၊ လာချင်၊ ဝတ်ချင် စားချင်၍မဟုတ်။ ဇာတ်လမ်းကို ကြည့်ချင်သောကြောင့်သာ ဖြစ်သည်။ မရှင် ခြောက်နှစ်သမီးလောက်က ဇာတ်ကား တစ်ကားဖြစ်သော 'တောမြိုင်စွန်းက လွမ်းအောင်ဖန်' ဆို ခဏခဏ ပြန်ကြည့်ချင်မိ၏။ ဒါပေမယ့် ဇာတ်ကားတစ်ကား ကြည့်ခွင့်ရရန် အဖေကြီးနှင့်အစ်မများကို မနည်းပူဆာရ သည်။ တောမြိုင်စွန်းကလွမ်းအောင်ဖန် ဇာတ်ကား၏ ဒါရိုက်တာမှာ ဦးညီပုဖြစ်သည်။ မြန်မာအဆွေ ကုမ္ပဏီမှ ဖြစ်ပြီး ထို ဒါရိုက်တာက သူ ကိုယ်တိုင် ပါဝင် သရုပ်ဆောင်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဇာတ်ကားထဲမှာ မောင်ဘဒွေးအမည်နှင့် ဖြစ်သည်။ မင်းသမီးက မမြညွန့်။ မင်းသမီးက ဥစ္စာစောင့်မကလေး ဖြစ်သည်။ သူတို့နှစ်ယောက် ရေတံခွန်နားမှာ တွေ့ကြတော့ မင်းသမီးကလေးကို လှမ်းဖက်လိုက်သောအခါ ဥစ္စာစောင့်မ ကလေးက ဖျတ်ခနဲပျောက်သွား၏။ မရှင် အလွန်ပင် စိတ်ဝင် စားခဲ့လေသည်။ ချစ်ခန်း၊ လွမ်းခန်းတွေထဲမှာ မရှင် မလုပ်တတ်တဲ့ အမူအရာများလည်း မရှိသလောက်ပင်။ မရှင်သည် ဇာတ်ကားတွေ ရိုက်ရလျှင် ဘယ်လောက်များ ကောင်းလိုက်လေမလဲဟု စိတ်ကူးယဉ်ခဲ့တော့သည်။

မရှင်၏စိတ်ကူးသည် လေထဲတွင် တည်ဆောက်သော ဗိမာန်မျိုးတော့ မဟုတ်ခဲ့ပေ။ အသည်းနှလုံးမှာ အမြစ်တွယ်၍ တစ်စပြီးတစ်စ ဖွံ့ထွားလာသော မညှိုးပန်းသာ ဖြစ်သည်။ မရှင်၏အတွေးနှင့် ဆန့်ကျင်သူများကတော့ အဖေကြီးနှင့် အစ်မများပါပဲ။ ထိုစဉ်က အိမ်မှာ ကျောင်းနေသူဟူ၍ မရှင် တစ်ယောက်တည်းသာ မဟုတ်လား။ မရှင်က စာလည်းတော်၏။ လက်ရေးကလေးကလည်း လှ၏။ ကျောင်းက ဆရာမကြီးများကလည်း မရှင်ကို ဘက်စုံထူးချွန်သူဟု ခဏခဏ ချီးကျူးကြလေတော့ မရှင်အတွက် မိသားစုက ရည်ရွယ်ချက်ကြီးကြီးမားမားပင် ထားခဲ့ကြသည်။

ထိုစဉ်က မိသားစုတစ်စု၏ ထက်မြက်သော သမီးများအတွက် ထားတတ်ကြသော ရည်ရွယ်ချက်မှာ ဆယ်တန်းစာမေးပွဲအောင်လျှင် မော်တလိန်းကျောင်း (ဆရာအတတ်

www.burmeseclassic.com

www.burmeseclassic.com


သင်တန်းကျောင်း)တက်ပြီး ဆရာမအလုပ်ကို လုပ်ရန်သာ ဖြစ်သည်။ မရှင် လုံးဝစိတ်မပါသော အလုပ်ဖြစ်သည်။ မရှင်က ဆရာမ မဖြစ်ချင်ပါ။ သီချင်းတွေဆိုချင်သည်။ သရုပ်ဆောင်ချင်သည်။ မရှင်၏ စိတ်ဆန္ဒများ တဖြည်းဖြည်း ပြင်းထန်လာ၏။ ဓာတ်ရှင် မင်းသမီးဖြစ်အောင်ကို လုပ်မည်ဟု ဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက်ကို မည်သူ့မျှ သိခွင့်မပြုခဲ့။ မည်သူ့ကိုမျှ မတိုင်ပင်။ မည်သူမျှလည်း တားဆီးပိတ်ပင်နိုင်လိမ့်မည် မဟုတ်။ 'မရှင် ဘာလုပ်ရမလဲ'သာ အတွင်တွင် စဉ်းစားခဲ့သည်။

သတင်းစာတစ်စောင်ကိုဖတ်လျှင် မရှင် သည် နောက်ကျောစာမျက်နှာ ဓာတ်ရှင်ကြော်ငြာမှ စ၍ဖတ်လေ့ရှိသည်။ မင်းသမီး ဘယ်သူ၊ မင်းသားဘယ်သူ၊ ဒါရိုက်တာ ဘယ်သူ၊ ဘာရုပ်ရှင်ကုမ္ပဏီ စုံစုံလင်လင် ကြည့်လေ့ရှိသည်။ တစ်နေ့မှာတော့ သတင်းစာ၏ ကြောငြာမျက်နှာပြင်တစ်ရွက်သည် မရှင်ကို ရင်ခုန်စေခဲ့လေတော့သည်။ 'အေဝမ်းရုပ်ရှင်က မင်းသမီးအလိုရှိသတဲ့'။ မရှင်၏ စိတ်နှလုံးကို အချိန်တိုင်း သိမ်းပိုက်သွားခဲ့သော ကြော်ငြာပင်။ ထိုကြော်ငြာကြောင့် မရှင် စွန့်စားရပေဦးတော့မည်။ မရှင်လုပ်လိုသော အလုပ်သည် မရှင်နေသော မန္တလေးမြို့မှာ မရှိ။ အကယ်၍များ ဓာတ်ရှင်မင်းသမီး ဖြစ်ခဲ့မည်ဆိုပါက အဖေကြီး၊ အစ်မများနှင့်ခွဲခွာ၍ နေနိုင်ပါမည်လား။ အဖေကြီးကရော ဓာတ်ရှင်မင်းသမီးလုပ်ဖို့ သဘောတူနိုင်ပါ့မလား။ ဟင့်အင်း... ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com


သဘောတူနိုင်မည်မထင်။ မရှင်ကလေးကို ယောကျ်ားဆို သူစိမ်းနှင့် မဆိုထား၊ မောင်နှမသားချင်း အချင်းချင်းတောင် ပုတ်ပုတ်ခတ်ခတ် ရောရောနှောနှောနေ တာ မကြိုက်တတ်။ မရှင်ကလည်း ထိုအနေအထိုင်မျိုးကို ကြိုက်တာ မဟုတ်ပါ။ သရုပ်ဆောင်တာကိုပင် နှစ်သက် ခြင်းဖြစ်သည်။ အင်း... သရုပ်ဆောင်တယ်ဆိုတာလည်း အခြားယောကျ်ားသားတို့၏ ရင်ခွင်ထဲမှာ ရောက်လိုက ရောက်ရတာမျိုး။ မရှင်အတွက် ထိုအနေအထားတွေကိုရော လက်ခံနိုင်မှာလား။

မရှင်အတွက် စဉ်းစားစရာ၊ တွေးစရာ။ မဖြစ်နိုင်တာ ဖြစ်နိုင်တာတွေကတော့ များစွာ များစွာပင်။ ထိုများစွာထဲမှ သေချာဆုံးတစ်ခုသည် ထိုးဖောက်၍ ထွက်ပေါ်လာ၏။ အို... မဖြစ်ဖြစ်အောင်ကို လုပ်မယ်။ ရင်ဆိုင်မယ်။ မရှင်၏ ဆုံးဖြတ်ချက်ကိုလည်း လက်တွေ့ပင် အကောင်အထည်ဖော် လိုက်တော့သည်။

အောဝမ်းရုပ်ရှင်မှ ဦးညီပုထံသို့ လျှောက်လွှာတင်လိုက် ၏။ ကျွန်မကျောင်းနေပါတယ်။ မိကောင်းဖခင်သားသမီး ပါဆိုပြီး ဓာတ်မျိုးရိုးပါပြောပြ။ ရေလည်းကူးတတ်ပါတယ်။ စက်ဘီးလည်း စီးတတ်ပါတယ်။ သီချင်းလည်း ဆိုတတ်ပါ တယ်။ သရုပ်ဆောင်ဖို့လည်း ဝါသနာပါပါတယ်။ ကျွန်မရဲ့ ဓာတ်ပုံကလေး ထည့်ပေးလိုက်ပါတယ်ဆိုပြီး ပို့ဖြစ်ခဲ့သည်။ မရှင်ထံမှာ ကိုယ်နေဟန်ထားအမျိုးမျိုးနှင့် ရိုက်ထားသော ဓာတ်ပုံတွေရှိသည်။ ဓာတ်ပုံရိုက်တာကိုလည်း မရှင် ဝါသနာ ထုံလေသည်။

www.burmeseclassic.com

www.burmeseclassic.com



စာနှင့်ခါတ်ပုံပို့ပြီး ဘာမှမကြာ။ အေဝမ်းဖလင်မှ ခုချက်ချင်းလိုက်ခဲ့ပါဟု ခေါ်စာရောက်လာခဲ့သည်။ စိတ်ဆန္ဒတွေ ပြင်းပြလွန်း၍သာ အဆက်အသွယ်တွေ လုပ်ခဲ့ရသော်လည်း အသက်ငယ်ငယ်နှင့်မို့ ဆက်သွယ်ရန် လိပ်စာကို အိမ်လိပ်စာသာ ပေးမိခဲ့သည်။ အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသောခေါ်စာကို ဖတ်၍မှ ဝမ်းသာခွင့်မရနိုင်သေး။ လူကြီးတွေက 'နင် မဟုတ်တာ ဘာကြံတာတုံး'ဆိုပြီး တံမြက်စည်းရိုးနှင့် ရိုက်လေတော့သည်။ မရှင်၏ ဘဝတစ်သက်တာတွင် ရည်းစားထား၍ ရိုက်ခံရတာမျိုး ဘယ်တုန်းကမှ မရှိခဲ့။ အမှားလည်း မလုပ်ခဲ့။ ဒီတစ်ခါမှပင် ပြစ်မှုကြီးတစ်ခု ကျူးလွန်သလို လူကြီးတွေက အလွန့်အလွန် စိတ်ဆိုးခဲ့ကြသည်။ ထိုစဉ်က မရှင် ငိုခဲ့ရသော မျက်ရည်စက်များသည် ရွှေစက်များပင်။ မရှင်၏ ကြိုးစားချင်စိတ်ကို ဖေးကူခဲ့၏။

မိန်းကလေးများ ဝတ္ထုဖတ်လျှင် ပျက်စီးမည်။ ခါတ်ရှင်ကြည့်လျှင်ပင် ပျက်စီးမည်ဟု ချုပ်ချယ်ခဲ့သော အချိန်အခါမှာ သရုပ်ဆောင်လိုသော မရှင်ကို ဘယ်သူကမှ အယုံအကြည် မရှိခဲ့။ အဖေကြီးနှင့် အစ်မများကလည်း ကရုဏာဒေါသောနှင့်။ မရှင်စိတ်ထဲမှာ တင်းခနဲ မာသွား၏။ ကြည့်ကြစမ်းပါလေ။ မရှင် နေပြမယ်။ ဖြူစင်သန့်ရှင်းတဲ့ မိန်းကလေး တစ်ယောက်ရဲ့ ဘဝမျိုးနဲ့ မရှင် သရုပ်ဆောင်ပြမယ်။ ကြည့်...ကြည့်ပါ။ ကြိုက်သလောက် စောင့်ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com


အေဝမ်းသို့လည်း အမြန်ဆက်သွယ်ရန် အကြံခက်နေစဉ် စိတ်ထဲမှာသာတွေး၍ ဘာလုပ်ရကောင်းမလဲ... ကောင်းမလဲ ပြင်းပြင်းထန်ထန် တွေးနေရတော့သည်။ လမ်းစကား ပျောက်နေသလိုလိုပင်။

မရှင်၏အိမ်သို့ မမျှော်လင့်သော ဧည့်သည်များ ရောက်လာခဲ့၏။ အလွန်ချောမောလှပသည့် ဂုဏ်သရေရှိ အမျိုးသမီးကြီးများ။ အေဝမ်းရုပ်ရှင်မှ ဖြစ်သည်။ မရှင်ဘဝမှာ အံ့သြလိုက်သည့် ဖြစ်ခြင်း။

မြန်မာအဆွေမိသားစု၏ အေဝမ်းရုပ်ရှင်အကြောင်းကို အဖေကြီးအား သေချာစွာ ရှင်းလင်းပြောပြကြသည်။ ထိုစဉ်က ကုမ္ပဏီပိုင်ရှင်ဆိုသူများထဲမှာ ဖခင်ကြီးဦးဘညွန့်သည် မြန်မာလူမျိုးစစ်စစ် ဖြစ်သည်။ သားသမီးအားလုံးသည် ပညာတတ်များဖြစ်ကြပြီး မြန်မာ့ရုပ်ရှင်လောကကို ထူထောင်ရန် စိတ်ထက်သန်သူများဖြစ်ကြသည်။ မြန်မာလူမျိုး၊ မြန်မာအမျိုးသမီး၊ မြန်မာ့အနုပညာ... စသော စကားများသည် အဖေကြီးကိုရော၊ အစ်မများကိုရော၊ မရှင်ကိုတော့ ပြောဖွယ်ရာမရှိလောက်အောင် သိမ်းကျုံးဖမ်းစားတော့သည်။ တကယ့်မေတ္တာစေတနာသန့်သန့်နှင့် တီထွင်ဆန်းသစ်ကြိုးစားလိုမှုများကလည်း ပေါ်လွင်လှသည်။

'စိတ်ချပါဦးရယ်။ ကျွန်မတို့ သူဌေး သားသမီးတွေကိုယ်တိုင် စောင့်ရှောက်အုပ်ချုပ်ပြီး စည်းကမ်းနဲ့လုပ်တဲ့အလုပ်ပါ။ ဦး သမီးလေးကို မှဲ့တစ်ပေါက် မစွန်းစေရပါ

www.burmeseclassic.com


ဘူး။ ဘာမှမဖြစ်စေရပါဘူး။ အာမခံပါတယ်။ သူ ဝါသနာပါရင် လုပ်ကြည့်ပါစေ’

အေဝမ်းအစ်မကြီးများက အာမခံချက်တွေနှင့် ကူပြောပေးကြ၏။ မရှင်ကတော့ အလွန်ပင် ဝမ်းသာလှလေသည်။ မရှင် ဝါသနာကြီးလှသော လုပ်ငန်းမှာ ဒီလို အာမခံနိုင်တဲ့ သူတွေ ရှိနေပါလားဟု အားလည်းတက်ရ၏။ မရှင်ကတော့ ဖွတ်ပင်နားပူတော့သည်။ ဒီနေရာမှာ စနေသမီး ဇာတိပြသည်ဟုပင် ဆိုချင်ဆို။ မရှင် နောက်မဆုတ်နိုင်တော့ပေ။ ရှေ့အကြောင်း၊ နောက်အကြောင်းကိုလည်း စဉ်းစားမနေနိုင်တော့ပေ။ ဖွတ်တရွတ်ပင် လောကကြီးအကြောင်း ဘာမှလည်း ကောင်းကောင်းမသိပါဘဲလျက် ထည့်လျှင်ထည့်၊ မထည့်လျှင်လည်း အတင်းပင်လိုက်သွားတော့မည်ဟု စကားတစ်ခွန်းကိုသာ ပြောတော့သည်။

ရန်ကုန်သို့ ပထမဆုံးထွက်လာခဲ့သော ခရီးတွင် မရှင်၏ သွေးချင်းသားချင်း တစ်ဦးတလေမျှ ပါမလာခဲ့။ အေဝမ်းအစ်မများနှင့် တစ်ယောက်တည်း စွတ်လိုက်လာခဲ့ခြင်းသာ ဖြစ်သည်။ သို့ရာတွင် အရာအားလုံးအတွက် စိုးစဉ်းမျှ ပူပန်သောကမရှိခဲ့။ ပျော်၍သာ နေတော့၏။ ‘ငါ့ရည်ရွယ်ချက်တွေ အောင်မြင်တော့မယ်’ဆိုသော အသိတစ်ခုသာ စွဲမြဲစွာ ပါခဲ့သည်။

❀

www.burmeseclassic.com

www.burmeseclassic.com


'အမေ့ရဲ့အဖြစ်အပျက်တွေကို သမီးအံ့ဩမယ်ဆို လည်း အံ့ဩစရာပါပဲ။ အမေ့အကြောင်း အမေပြန်တွေးကြည့် ရင်တောင် အံ့ဩမိသေးတာ။ အိမ်မှာ ယောက်ျားသားဆို လို့ အဖေကြီးပဲရှိတာ။ ဘယ်သူနဲ့မှလည်း ရောရောနှောနှော မနေခဲ့ဘူး။ ရန်ကုန်ရောက်တော့ ပတ်ဝန်းကျင်က အားလုံး အသစ်အဆန်း။ ရောက်ရောက်ချင်း ဦးညီပုက အမေ့ကို အမူအရာတွေ အမျိုးမျိုးလုပ်ခိုင်းတယ်။ ဦးညီပုကို အမေ တို့က အစ်ကိုလေးလို့ ခေါ်ကြတယ်။ ထားပါတော့၊ အစ်ကို လေးကတော့ လူကြီးအရွယ်မို့။ အစ်ကိုလေးအပြင် ဦးတင် မောင်တို့၊ စက်အဖွဲ့တွေတို့၊ လူတွေ အများကြီးရှေ့မှာပဲ သမီးရဲ့အမေကတော့ ခိုင်းသမျှ လုပ်ပြလိုက်တာပဲ။ ရှက် လည်းမရှက်ဘူး။ ကြောက်လည်းမကြောက်ဘူး။ အမေ့ စိတ်ထဲမှာ ဘေးကလူတွေ ဘယ်သူမှရှိမနေသလိုပဲ လုပ် တယ်။ ဒါနဲ့ပဲ အမေ 'ဖူးစာရှင်'ကားကို စပြီးရိုက်ဖြစ်တယ်။

❀

၁၉၃၆ ခုနှစ်တွင် အသံတိတ်ရုပ်ရှင်ကား 'ဖူးစာရှင်' ကို စတင်ရိုက်ဖြစ်သည်။ မရှင်က အသက် ၁၈နှစ်သမီး။ မိဘများနှင့် ပထမဆုံးအကြိမ် ခွဲခွာခြင်းဖြစ်သော်လည်း အလုပ်ကို ပီပြင်အောင်လုပ်ရန် စိတ်အားထက်သန်လှ၏။ ဒါရိုက်တာက ဦးတင်မောင်။ မင်းသားကတော့ ဒိုင်ဗင်ထိုး တော်လှသော စတန့်မင်းသား ချစ်ရွှေကြီးနှင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် မောင့်ဝိညာဉ်ဇာတ်ကားကို မင်းသားဘမြင့်နှင့် ထပ်၍ရိုက်ရသည်။ ဒါရိုက်တာကတော့ အောဝမ်းဦးတင်မောင်ပင်။ နောက် အသံတိတ်တစ်ကား မိန်ရာသီကိုလည်း မင်းသားဘမြင့်နှင့်ပင် ရိုက်ရလေသည်။

ပရိသတ်၏အလယ်တွင် ထူးချွန်စွာ အောင်မြင်မှုမရသေးသော်ငြားလည်း မိသားစုကတော့ မရှင်၏ဝါသနာနှင့် ကြိုးစားမှုကို အသိအမှတ်ပြုခဲ့လေပြီ။ ကံကြမ္မာသည် ဝါသနာအထုံကြီးမားလှသူ မရှင်ကို မျက်နှာသာပေးလိုက်ပြီထင့်။

မရှင်တို့မိသားစုထဲမှာ အပြောင်းအလွဲလေးများနှင့် ကြုံခဲ့ရသည်။ ဒုတိယအစ်မ မချစ်ဥသည် အသက် ၂၅နှစ်အရွယ်မှာ အိမ်ထောင်ဖက် ဆုံးပါးသွားရှာသည်။ ကလေးလည်းမရခဲ့။ အစ်မ မချစ်ဥ မုဆိုးမငယ်ငယ်လေးသည် ညီမ၏ဘဝထဲမှာ နစ်မြုပ်ရန် အကြောင်းဖန်လာခဲ့လေသလားမသိ။ အဖေကြီးနှင့် အစ်မ မချစ်ဥတို့သည် ရန်ကုန်သို့ လိုက်လာကြတော့သည်။ ပထမတုန်းကတော့ အလွန်ခင်မင်သောမိတ်ဆွေများထံမှာ ခေတ္တတည်းခိုသည်။ နှစ်ရှည်လများနေထိုင်ကြရဦးမှာဆိုတော့ ရွှေတိဂုံဘုရားနှင့် အလွန်နီးသောဗဟန်း(၁)လမ်းတွင် အိမ်ကလေးတစ်လုံးငှား၍ သားအဖသုံးယောက် နေခဲ့ကြသည်။ မရှင်နှင့် မမဥတို့ ကားရိုက်သွားကြသောအခါ အဖေကြီးကလည်း ရွှေတိဂုံဘုရားကို မနက် တစ်ခါ၊ ညတစ်ခါ မှန်မှန်ကြီး သွားရောက်ဖူးမြော်ကြည်ညို လေသည်။ အဖေကြီး၏ရင်ထဲမှာ ရွှေတိဂုံဘုရားကို ဖူးမြော် ရသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



မည်မျှပင် ကြည်နူးပီတိဖြစ်လေသည် မသိ။ တစ်နေ့မှာတော့ မရှင် ကလေးကို ဖွင့်ပြောတော့သည်။

'သမီး မရှင်ကလေး ဖေဖေကြီးဆီ ခဏ'

'ဟုတ်ကဲ့ပါ ဖေဖေကြီး'

မရှင်ကလေးက လက်အုပ်ကလေးချီ၍ အဖေကြီးအနီး တွင် ဒူးကလေးတုပ်၍ ထိုင်သောအခါ–

'ငါ့သမီး အလိမ္မာလေးကြောင့် ရွှေတိဂုံ မြတ်စွာဘုရား ကြီးကို တစ်နေ့နှစ်ကြိမ် မှန်မှန်ဖူးရတာ ကျေးဇူးကြီးမားလှ သကွယ်။ ငါတို့ အညာသားတွေမှာ မန္တလေး မဟာမြတ် မုနိဘုရားကြီးကို ဖူးမြော်ရရုံနဲ့ တစ်သက်လုံး ကြည်နူးရ လောက်ပြီလို့ပဲ အောက်မေ့ခဲ့တာ။ ငါ့သမီးလေးက စွတ်စွတ် ရွတ်ရွတ် လုပ်လိုက်တော့မှပဲ ရွှေတိဂုံဘုရားကြီးကို တစ်ဝကြီး ဖူးရတော့တယ်။ သာဓုဗျာ... သာဓု...။ ငါ့ သမီးလေးရဲ့ ဘဝတစ်လျှောက်လုံးမှာ ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းနဲ့ ထွန်းတောက် အောင်မြင်ပါစေ'

❀

'အဖေကြီးကလေ အမေ့ခေါင်းကလေးကို သပ်ပြီး ဆုတွေ လိုက်လိုက်လှဲလှဲပေးတော့ အမေ့မှာ ကြက်သီးတွေ တမြမြနဲ့ ဝမ်းသာပီတိတွေ ဖြစ်လိုက်ရတာ။ မှတ်မှတ်ရရ ပဲ။ အဖေကြီးပေးတဲ့ဆုကြောင့်ပဲ အမေ့ရဲ့ ဘိုင်စကုတ် မင်းသမီးတစ်ယောက်ရဲ့ဘဝမှာ တကယ့် ခွန်အားတွေရခဲ့

www.burmeseclassic.com

www.burmeseclassic.com


တယ်။ တကယ်ပဲ အမေ ခုထိ ယုံကြည်နေသေးတယ်။ ဒါဟာ မေတ္တာပဲ သမီးရယ်။ မေတ္တာတရားဟာ သိပ်ဆန်းကြယ်တာပဲနော်။ အဲဒီနောက်ပိုင်း အမေ အောင်မြင်မှုတွေ ဆက်တိုက်ရခဲ့တာ'

❀

မန္တလေးမြို့မှာတော့ မရှင်ပါသော ဇာတ်ကားများကို အတော်ပင် လူကြည့်များခဲ့သည်။ မန္တလေးသူ ဘိုင်စကုတ်မင်းသမီးဖြစ်ပြီဆိုတော့ အားလုံးက စိတ်ဝင်စားကြ၏။ အရပ်ဒေသကိုစွဲသော ချစ်စိတ်နှင့် အားပေးတာကလည်း ပါခဲ့ သလိုဘယ်လိုလဲဆိုပြီး လေ့လာချင်တာလည်း ပါခဲ့ပေလိမ့် မည်။ မရှင်ကို ချစ်ကြိုးသွယ်ခဲ့ကြသော ကိုကိုမောင်မောင် များကတော့ မကျေမနပ်ဖြစ်ကြတော့တယ်။

'ဟာ... သွားပါပြီကွာ'ဟု နှမြောသူတွေလည်းရှိ သည်။ ထိုတစ်ချိန်က မိန်းကလေးဆိုတာ အရှက်အကြောက် ကြီးမှ၊ အိမ်ထဲက အိမ့်ပြင်မထွက်မှ၊ သိုသိုသိပ်သိပ် နေမှ မိကောင်းဖခင်သမီးဟု သတ်မှတ်ခဲ့ကြလေတော့ ဇာတ်ဝင်ခန်းတွေမှာ ချစ်ရ ကြိုက်ရ တွဲရ သရုပ်ဆောင်ရတော့ 'မရှင် ကလေးတော့ သွားပါပြီ'ဟု ယူကျုံးမရ ဖြစ်ကြလေသတဲ့။

မရှင် ကျောင်းတက်စဉ်က အတူတူ လှပခဲ့ဖူးသော၊ သီချင်းအတူဆို၊ အတူက၊ စာတော်တာချင်လည်း တူခဲ့ဖူးသော မိန်းကလေးသူငယ်ချင်းများကလည်း မရှင်ကို ရစရာ

www.burmeseclassic.com

www.burmeseclassic.com



မရှိအောင် ရှုတ်ချပြစ်တင်ခဲ့ကြသည်။ ဇာတ်လိုက် မင်းသမီး လုပ်တာကိုပင် ဘဝပျက်တော့မလောက် အတင်းအဖျင်း ပြောခဲ့ကြသည်။ အထင်အမြင် သေးခဲ့ကြသည်။ မရှင်၏ ရဲရင့်သောအသည်းနှလုံးကတော့ လို၍စောင့်ကြည့်သော သူများ၊ မလိုတမာဖြင့် စောင့်ကြည့်သော ယောက်ျား မိန်းမ များကို ဝံ့ဝံ့စားစားပင် စိန်ခေါ်ခဲ့တော့သည်။ 'မရှင် ဘာလဲ ဆိုတာ ကြည့်ကြစမ်းပါ'

မရှင် အိပ်မက်မက်၏။ ထိုအိပ်မက်မျိုးကို ငယ်စဉ်က လည်း ဒီအတိုင်းပင် အခါခါ မက်ခဲ့ဖူးသည်။ ထိုအိပ်မက်ကို မက်မြင်မိတိုင်းလည်း အံ့သြရသည်။ မရှင်ကို ဘယ်သူက လိုက်မှန်းမသိ။ နောက်ကလိုက်တော့ မရှင် ရှေ့ကပြေးရ သည်။ ပြေးရင်း... ပြေးရင်း... မရှင်၏ကိုယ်ခန္ဓာသည် မြေပြင်မှ တဖြည်းဖြည်း မြင့်၍မြင့်၍ တက်သွား၏။ အမြင့်ဆုံးသော သစ်ပင်လိုနေရာမျိုးသို့ ရောက်သွား၏။ ထိုအခါ အောက်က ရန်သူကို ငုံ့ကြည့်ရသည်။ ရန်သူများက မရှင်ကို လှမ်းမမီ တော့၍ လှည့်ပြန်သွားကြသည်။ မရှင်မှာတော့ အန္တရာယ် ကင်းပြီး လုံခြုံသော နေရာကို ရသွားပြီ။ ထိုအိပ်မက်သည် ငယ်စဉ်ကတည်းက ဒီပုံစံအတိုင်းပင် ခဏခဏ မက်ခဲ့ သောအိပ်မက် ဖြစ်သည်။ မရှင် လျှောက်ခဲ့သော ဝါသနာ ခရီးလမ်းတစ်လျှောက်သည် အိပ်မက်အတိုင်းပင်ဖြစ်ခဲ့ပြီဟု ယုံမှတ်မိတော့သည်။

အကြောင်းအရာ တိတိကျကျဆိုရလျှင်တော့ ကိုယ် ယုံကြည်ရာ အလုပ်ပေါ်မှာ အလွန် ကြိုးစားကြလေသော

www.burmeseclassic.com

www.burmeseclassic.com


မိသားစုကြီး၏ အရိပ်တွင် ခိုဝင်ခွင့်ရခဲ့ခြင်းသာ ဖြစ်ပေတော့သည်။ မြန်မာအဆွေကုမ္ပဏီကို အေဝမ်းသို့ အမည်ပြောင်းလိုက်ပြီးနောက် ရုပ်ရှင် လုပ်ငန်းကို ထူးထူးခြားခြား အောင်မြင်အောင် ကြိုးစားဆဲ ကာလဖြစ်သည်။ အသံဖမ်း၊ အသံသွင်း၊ အသံကူးပြောင်းကအစအကုန် ခေတ်မီတိုးတက်အောင် အချိန်နှင့်အမျှ ကြိုးစားနေကြ၏။ မြန်မာအမျိုးသားတို့၏ လေယာဉ်မောင်းအတတ်ပညာကိုပြသပြီး နိုင်ငံနှင့်လူမျိုးကို ချစ်သည့်စိတ် ဖော်ကျူးသည့်အပြင်၊ အသွင်အပြင်၊ အမြင်ပါဆန်းစေအောင် ဂျပန်နိုင်ငံသွား၍ ရိုက်ကူးခဲ့သော 'ဂျပန့်ရင်သွေး' ကားကို ရိုက်ကူး၍ အပြီးမှာပေါ့။ အစ်ကိုလေး ဦးညီပုတို့မှာ တိုးတက်သည်ထက်တိုးတက်အောင် နည်းပညာတွေရလာခဲ့ကြသည်။ ဂျပန်နိုင်ငံမှစက်များ ဝယ်ခဲ့ကြသည်။ အသံတိတ်ကားများကို နိဂုံးချုပ်စေခဲ့ပြီး အသံထွက်ကားကို ရိုက်ရန် စတင်ခဲ့ကြသည်။

မရှင်၏ ပထမဦးဆုံးသော အသံထွက်ဇာတ်ကားမှာ 'မြားနတ်မောင်'ဖြစ်သည်။ ဒါရိုက်တာက ဦးတင်မောင်ဖြစ်သည်။ မင်းသားကလည်း ဦးတင်မောင်ပင်။ ဇာတ်ကားသည် ပရိသတ်ထဲကို ထိုးထွင်းဝင်ရောက်လာတော့ 'မောင်တင် မောင်၊ မေရှင်'ဖြစ်လာခဲ့၏။ မောင်တင်မောင်၊ မေရှင်အတွဲ သည် ပရိသတ်တို့ အလွန် နှစ်သက်သော မင်းသားမင်းသမီး အတွဲဖြစ်သည်။ ရုပ်ရှင် ချစ်သော ပရိသတ်အားလုံးအတွက် ယခုတိုင် စိတ်ဝင်စားဆဲဖြစ်သော မောင်တင်မောင်နှင့် မေရှင်။

www.burmeseclassic.com

www.burmeseclassic.com


မရှင်ကလေးသည် ငယ်စဉ်က မနန်းရှင်။ ကျောင်းနေတော့ မသန်းရှင်။ ရုပ်ရှင်ထဲမှာတော့ အေဝမ်းရုပ်ရှင်၏ အစဉ်အလာဖြစ်သော မေမြင့်၊ မေသန်းတို့ကဲ့သို့ မေရှင်ဖြစ်လာခဲ့လေသည်။ ပရိသတ်များချစ်သော 'မောင်တင်မောင်' ကတော့ မရှင်အတွက် 'ကိုပုတု'။

အေဝမ်းမိသားစုထဲမှာ ဦးညီပု၊ ဦးမောင်မောင်စိုးတို့၏ အငယ်ဖြစ်သော ညီငယ်ကလေးမို့ အားလုံးက မင်းသားမောင်တင်မောင်ကို ချစ်စနိုးနှင့် 'ပုတု'ဟု ခေါ်ခဲ့ ကြသည်။ မရှင်က သူ့ကို 'ကိုပုတု' ဟု ချစ်ခင်လေးစားစွာ ခေါ်ခဲ့ပါသည်။ ကိုပုတုက မရှင်ထက် ရှစ်နှစ်ခန့်ကြီးသည်။ အနေတည်ငြိမ် အေးချမ်းလှသော ကိုပုတုသည် မရှင်၏ လက်ဦးဆရာလည်းဖြစ်သောကြောင့် ချစ်လည်းချစ်၊ ကြောက်လည်းကြောက်၊ ရိုလည်း ရိုသေခဲ့ရပါသည်။

မရှင်၏ အသက် ၂၀အရွယ်မှာ မြားနတ်မောင်ဇာတ်ကားကို ရိုက်ရသည်။ ကိုပုတုအသက်က ၂၈နှစ်။ မြားနတ်မောင်ဇာတ်ကားထဲမှာတော့ မရှင်က ကိုပုတုထက် အသက်ကြီးသူ မမထား။ ခင်မေထားအဖြစ် သရုပ်ဆောင်ရသည်။ ခင်မေထားက အသက်ကြီးကြီး။ မမထားကို ချစ်သော 'အပါ'က ကျောင်းသားကလေး။ အပါက မမထားကို အတင်းတွယ်ကပ်ပိုးပန်းနေတော့ မမထားက ထွက်ပြေးရ၏။ တောထဲအထိ ထွက်ပြေးတော့လည်း အပါက တောထဲအထိ လိုက်ပြန်သည်။ အပါ့ မိဘများကလည်း အပါ့ကို မမထားနှင့်

www.burmeseclassic.com

www.burmeseclassic.com


သဘောမတူ။ တောထဲအထိ ပုလိပ်များနှင့်လိုက်၍ခွဲသည်။ ဇာတ်လမ်းကလေးက ထိုအချိန်မှာ ကြည့်နေကျဇာတ်ကားများနှင့် မတူသောကြောင့် ဆန်းဆန်းပြားပြား လူသိများသွားသည်။

မြားနတ်မောင်ဇာတ်ကားအောင်မြင်သွားပြန်တော့ 'ချစ်အမျှ' ဇာတ်ကားကို ဆက်ရိုက်ဖြစ်သည်။ မင်းသားနေရာမှာ ကိုပုတုပင်။ မင်းသမီး 'မေမြင့်' လည်း ပါသေး၏။ ထိုဇာတ်ကားမှာလည်း မရှင်က တည်ငြိမ် အေးဆေးလှသည့် အစ်မကြီးနေရာမှာဖြစ်သည်။ ထိုနှစ်ကားပြီးတော့'ချစ်ရေစင်'။

'ချစ်ရေစင်'ဇာတ်ကားထဲမှာ မရှင်က အညာသူမ ကလေး 'ညိုညို' ဖြစ်သည်။ ကိုပုတုက 'ကိုဖုန်းမြင့်'။ ရန်ကုန်သား ကိုဖုန်းမြင့်သည် ကျန်းမာရေး အတွက် မိတ္ထီလာမြို့သို့ လာ၍ အနားယူရသည်။ ညိုညိုနှင့် ကိုဖုန်းမြင့်တို့ ချစ်ခဲ့ကြပြီးမှ ရန်ကုန်မှ လိုက်လာကြသော ကိုဖုန်းမြင့်၏ မိဘများနှင့် စေ့စပ်ထားသော အမျိုးသမီးတို့ကြောင့် ဝေးခဲ့ကြရသော ဇာတ်လမ်း။ ထိုဇာတ်ကားကတော့ အချစ်၊ အလွမ်းကား သက်သက်ပင်ဖြစ်သည်။ ချစ်ရေစင်သည် မြားနတ်မောင်ကဲ့သို့ပင် နာမည်ကြီးခဲ့သည်။ အထူးသဖြင့် ချစ်ရေစင်သီချင်းပေါ့။ ဖူးစာရှင်ဇာတ်ကားမှာကတည်းက မရှင် သီချင်းဆိုခဲ့သည်။ ထိုခေတ်က ကြော်ငြာများမှာလည်း ကုမ္ပဏီပိုင်သီချင်းများ ကိုယ်စီနှင့်။ ဇာတ်ဝင်သီချင်းများကိုလည်း မင်းသမီး မင်းသားများ ကိုယ်တိုင်ပင် သီဆိုလေ့ ရှိကြသည်။ မရှင်

www.burmeseclassic.com

www.burmeseclassic.com


အတွက်ကတော့ ကံကောင်းခြင်း တစ်မျိုးပင်။ မရှင် အတွက် သီချင်းများသည်လည်း အရေးကြီးသော နေရာ မှာ ပါရှိခဲ့သည်။ သီချင်းတွေ အကြောင်းနှင့်ပတ်သက်လျှင် အဓိက လူ တစ်ယောက်သည် ထင်ရှားစွာ ပေါ်လာပြန်တော့သည်။ သူ့ကို မေ့ပစ်ထားလို့ မရ။

ထို လူ...။

❀

သီချင်းဆိုဖို့၊ သီချင်းတိုက်ဖို့ဆိုတာ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းနှင့် မပြီးနိုင်သောကိစ္စဖြစ်သည်။ တစ် ယောက်စောင့်၊ တစ်ယောက်စောင့်နှင့် တစ်ခါတလေတော့ စိတ်မရှည်ဖွယ် ကောင်းလှသည်။ မရှင်ကတော့ ဇာတ်ကား ရိုက်ရာမှာပဲဖြစ်စေ၊ သီချင်းဆိုရာမှာပဲဖြစ်စေ နေ့စဉ်ရွတ်ဆို နေကျ ဘုရားစာတွေ၊ ဂါထာတွေကို စိတ်ရှည်လက်ရှည် ရွတ်၍ စောင့်ဖြစ်သည်။ တစ်နေ့မှာတော့ ခုံလွတ်ကလေး တစ်လုံး ပေါ်မှာ တစ်ယောက်တည်း အေးအေးဆေးဆေး ထိုင်ပြီး ဘုရားစာ ရွတ်နေစဉ် မရှင်၏ထိုင်ခုံအောက ကုလားထိုင် လွတ် တစ်လုံးပေါ်မှာ အသားညိုညို ခြေထောက်ကြီး တစ်ဖက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

'အလိုလေး... ဘယ်လိုပုဂ္ဂိုလ်များပါလိမ့်။ ရှိုင်းရှိုင်း စိုင်းစိုင်းကြီး'

မရှင်၏စိတ်ထဲမှာ မကြည်မလင်နှင့် သူ့ကို မျက်စောင်း ခဲ၍မော့ကြည့်ပစ်လိုက်၏။ သူကတော့ မရှင်ကို အနားမှာ

www.burmeseclassic.com

www.burmeseclassic.com


ရှိသည်ဟုပင် အမှုထားဟန်မတူ။ ခါးနှစ်ဖက်ကို တင်းတင်းထောက်၊ မျက်နှာထား ရှုတည်တည်နှင့် အချိန်နှောက်ကျသော ဂီတသမားများကို မာန်မဲနေသည်။ အသားက အမည်းဘက်ကို လုနေသော ညိုတိုတို။ အရပ်က ထောင်ထောင်မောင်းမောင်း။ မျက်စိက မှေးတေးတေး။ လူပုံက မချောမောရတဲ့အထဲ မျက်နှာထား ဆိုးဆိုးကြီးနှင့်ပါ။

ထိုသူကို မရှင်က အသိအကျွမ်းဖြစ်ရန်ပင် မဝံ့ရဲသောအချိန်မှာ ကိုပုတုက မရှင်ကို သူနှင့်အတူတွဲ၍ သီချင်းဆိုစေချင်သတဲ့။

'ဟင့်အင်း... မရှင်တော့ သူနဲ့ သီချင်းတွဲဆိုလို့ ဖြစ်မယ်မထင်ပေါင်။ ကိုပုတုရယ် ဘယ်လိုလူမှန်း မသိဘဲနဲ့ မရှင် သူနဲ့တွဲပြီး သီချင်းမဆိုပါရစေနဲ့'

မရှင်က အတွင်တွင်ငြင်းတော့–

'မရှင်ရဲ့ ဆိုကြည့်ပါဦး။ သူက အတီးရော၊ အဆိုရော အလွန်ကောင်းတာ။ ပညာပြည့်တယ်။ သူ့ကို တမင်ခေါ်ထားရတာဗျ။ စမ်းဆိုကြည့်၊ စမ်းဆိုကြည့်၊ အဆင်မပြေရင် မဆိုခိုင်းဘူး'တဲ့။

ကိုပုတုက အဲဒီလိုဆရာမျိုးဖြစ်သည်။ မရှင်ပေါ်မှာ ဘယ်သောအခါမှ 'ငါ ဒါရိုက်တာ'ဆိုသော မာန်မာနမျိုးနှင့် မဆက်ဆံခဲ့ပေ။ ကိုပုတု သီချင်းဆိုစေချင်သောလူက မျိုးရိုးနိမ့်နိမ့်ပါးပါးထဲက မဟုတ်။ ဇန်းမော်က အရေးပိုင်၏သား တစ်ယောက်ဖြစ်သည်။ သူက ဆယ်တန်းကျောင်းသား။

www.burmeseclassic.com

www.burmeseclassic.com



အဆိုအတီးတွေ ဝါသနာပါလွန်းသူဖြစ်သည်။ ငယ်ငယ်ကတည်းက အလေ့အကျင့်ကောင်းများနှင့် ကြီးပြင်းခဲ့သူဟုလည်းဆိုသည်။ တယောအလွန်တော်ပြီး သီချင်းဆိုလည်း အလွန်ကောင်းလှသည်ဟု ကိုပုတုက အမွှမ်းတင် ထားလေသည်။

တကယ် သီချင်းဆိုကြမည်ဆိုတော့ သူက သူ့ဟန်အတိုင်း ရှုတည်တည်နှင့် 'မင်းသမီးဆိုနိုင်တဲ့ကီးသာတီး၊ ကျုပ်ကဖြစ်တယ်'ဟု ပြောသေးသည်။ မရှင်ကတော့ သူ့ကို ခပ်စိမ်းစိမ်းသာ။ စိတ်တိုလွယ်ပြီး ဘုဆတ်ဆတ် ကြမ်းကြမ်းတမ်းတမ်း ဒီလူနှင့် ခပ်မှန်မှန် ခပ်ရွံ့ရွံ့သာ ဆက်ဆံမိသည်။

သီချင်းတစ်ပုဒ်... နှစ်ပုဒ်... သုံး ပုဒ်... အတူတူဆိုကြည့်လိုက်တော့မှ သူသည် မရှင်ထက် အဆပေါင်းများစွာသာပါလား။ စိတ်နှင့်အလိုလို သိလာရ၏။ ကိုပုတု၏စေတနာများကိုလည်း နားလည်လာရ၏။ မရှင်၏အသံကိုနားလည်ဆုံးလူဟာ သူပဲ ထင်ပါရဲ့ဟု ထင်မိ၏။ သူက မရှင်ကို ဦးဆောင်ဆိုပေးမြဲ။ အကြံကောင်း၊ အသံကောင်း များကိုညွှန်ပြမြဲ။ မရှင်အတွက် စိတ်ရှည် လက်ရှည် ဦးဆောင်လမ်းပြသူတစ်ယောက်အဖြစ် အသိအမှတ်မပြုဘဲ မနေနိုင်တော့ပေ။ စိတ်ထဲမှာ ပြစ်မှားမိခဲ့တဲ့ အတွေးကလေးတွေကို ခွင့်လွှတ်ပါတော့ 'ကိုလှဖေ'ရေ။

❀

www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုကောင်းလှသော ကိုလှဖေကို ကိုပုတုက ရုပ်ရှင်မင်းသား ဖြစ်စေချင်ပြန်သည်။ 'စောင်းတော်ရှင်' သီချင်းဇာတ်ကားတစ်ကားကို ဖန်တီးလိုက်ပြန်၏။ ထိုအချိန်တွင်လည်း ပရိသတ်က 'ပြည်လှဖေ၊ မေရှင်' ဟု အားပေးကြပြန်သည်။ ပရိသတ်၏ အားပေးမှုကြောင့်ပင် စောင်းတော်ရှင် ရိုက်ပြီးနောက် သီချင်းများစွာ ဆက်၍ဆိုဖြစ်ပြန်သည်။ ကိုလှဖေနှင့်လည်း တစ်စစ ခင်မင်ရင်းနှီးခဲ့ရလေသည်။ မှတ်မှတ်ရရ စောင်းတော်ရှင်ဇာတ်ကားကို ၁၉၄၁ ခု၊ မေလ ၂၃ ရက်တွင် ဘုရင့်ရုံ၌ ပြသခဲ့သည်။ ကိုလှဖေ တစ်ယောက်ကတော့ ကိုပုတုလိုမဟုတ်ပေ။ သူ့ကိုကြည့်တော့ မျက်နှာဆိုးဆိုး၊ ရှုတည်တည်ကြီးနှင့် အလွန်ပျော်တတ်ရွှင်တတ်ပြီး အစအနောက်သန်သူလည်းဖြစ်သည်။ သူက မရှင်ထက် အသက် ၄နှစ်ကြီးသည်။ မရှင်ကို 'မရှင်ကြီး'ဟုခေါ်သည်။ နန်းကေသီ သီချင်းတို့၊ သက်ဝေသီချင်းတို့ဆိုပြီး အနုပညာမောင်နှမတွေ ခင်ခင်မင်မင်ရှိသွားကြသောအခါ စကြနောက်ကြ ပြောင်လှောင်ကြသည်။

'မရှင်ကြီး၊ အသည်းတွေခွဲပေးမယ်၊ ယူမလား၊ ဆေးဖက်ဝင်အောင် စီစဉ်ပေးမယ်၊ ယူမှာလား'လို့ မေးလားမေးရဲ့။

'မရှင်ကြီး ကြားဖူးလား။ ဗုဒ္ဓဟူးနဲ့စနေ ရှုးတောင်ထမင်းမငတ်ဘူးတဲ့' လို့ ပြောလို ပြော။

'ဇယ်ကြီး'လို့ ခေါ်လို့ခေါ်။

www.burmeseclassic.com

www.burmeseclassic.com



'အို... ကိုလှဖေကလည်း ဘယ်လို နာမည်ကြီးနဲ့ ခေါ်တာလဲ။ ဒီလိုမခေါ်ပါနဲ့။ မကြိုက်ပါဘူး'ပြောလည်း သူခေါ်ချင်သလို ခေါ်၊ ပြောချင်တာလျှောက်ပြော တဟား ဟား ရယ်နေတဲ့သူ။

လူအများရှေ့မှာ ရယ်ရယ်မောမောနှင့် စနောက်လှောင် ပြောင်သော ကိုလှဖေသည်ပင် တစ်ခါတလေတော့ မရှင်နှင့် အတူ ခရီးသွားရတာတွေ၊ အိမ်ပြန်လိုက်ပို့ပြီး စောင့်ရှောက်ရ တာတွေ ရှိခဲ့ဖူးသည်။ ထိုအခါမျိုးမှာတော့ ကိုလှဖေသည် စနောက်၊ လှောင်ပြောင်၊ အပြောင်အပြက် ပြောခဲ့သူသည် သူမဟုတ်သလိုပင် တည်တည်ကြည်ကြည်။ ဘယ်သူတွေမှ မရှိသောအချိန်မှာ လက်ဖျားနှင့်ပင် မတို့ရက်ခဲ့သူ ရဲဘော် ရဲဘက်။ အလွန်သစ္စာရှိသော၊ နှမချင်းစာသော အစ်ကိုများ၏ အလယ်မှာ မရှင်သည် နေရောင်ခြည်ပင်မထိုးသော မည်းသို ပန်းကလေးတစ်ပွင့်လို လန်းခဲ့ ရပါသည်။ အေဝမ်းရုပ်ရှင် ခြံကြီးသည် မရှင်အတွက်တော့ 'နတ်ဥယျာဉ်' ကြီးသာ ဖြစ်သည်။

ထို နတ်ဥယျာဉ်ကြီးထဲမှာ အချိန်တာ အကြာကြီးတော့ ပျော်ခွင့်မရနိုင်ခဲ့။ မရှင် အပါအဝင် ရုပ်ရှင်လောကသားအား လုံး၊ ဂီတသမားအားလုံး လုပ်ငန်းတွေရပ်ဆိုင်းခဲ့ရတော့သည်။ ဒုတိယကမ္ဘာစစ်သည် အရာအားလုံးကို ရပ်တန့်စေခဲ့၏။

၁၉၄၁၊ ၄၂ခုဝန်းကျင်မှာ မြန်မာနိုင်ငံ၏ ရုပ်ရှင်လုပ်ငန်း များအားလုံး ရပ်ဆိုင်းသွားခဲ့သည်။ မရှင်တို့သားအဖလည်း အေဝမ်းခြံကြီးကို ခေတ္တစွန့်ကာ မန္တလေးသို့ ပြန်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမှာ ဆွေမျိုးတစ်စု သိုက်သိုက်ဝန်းဝန်းနှင့်မို့ တစ်မျိုး ပျော်စရာကောင်းနေသော်လည်း စစ်၏သဘောကတော့ ကြောက်စရာကောင်းလှသည်။ တဖြည်းဖြည်းနှင့် မန္တလေး မြို့ပေါ်မှာ ကိုယ့်အိမ်နှင့်ကိုယ် ဘယ်သူမှ မနေရဲကြတော့ပေ။ အသိအကျွမ်းများရှိရာ တောအရပ်ဆီသို့ စစ်ကို ပုန်းရရှောင်ရ ၏။ မရှင်တို့မိသားစုလည်း ရန်ကင်းတောင်ခြေရှိ ချောင်းဝန်း ဆိုသော ရွာကလေးဆီသို့ စစ်ပြေးရသည်။ အို... စစ်ကိုမုန်း ပါဘိ။ သူတို့ သူတို့တွေကြောင့် အပြစ်မဲ့သူတွေ ကောင်း ကောင်းမနေရ။ မစားရ။ စစ်မီးဟုန်းဟုန်း တောက်နေချိန်မှာ မရှင်၏ဝါသနာသည်လည်း အသည်းနှလုံး၏ အနက်ရှိုင်းဆုံး နေရာမှာ ရှောင်ပုန်းနေသည်ထင့်။ သီချင်းဆိုရန် သရုပ်ဆောင် ရန် မဆိုထားနှင့် မရှင်ကို ဘိုင်စကုတ်မင်းသမီးဟု လူတွေ သိသွားမှာပင် အလွန်အမင်း ကြောက်ခဲ့ရသည်။

သနပ်ခါးကိုပင် ညီညီညာညာ မလိမ်းရဲ။ ဂျပန်တွေကို အမြင်မခံရဲ။ အခြားသူတွေကတော့ အနုပညာပိုးကိုမနိုင်။ ဇာတ်ကားမရိုက်ရလည်း ပြဇာတ်ကမည်ဆိုကြသည်။ မရှင် ကတော့ စိုးရိမ်ကြောင့်ကြတတ်သူပီပီ ပြဇာတ်ကရန် စိတ် တောင်မကူးရဲခဲ့ပေ။ ရှိသမျှ စုဆောင်းထားသမျှကလေးကို ချွေချွေတာတာဖြင့် စားသောက်နေထိုင်ရသည်။ အရွက်ဟင်း ချိုကလေးနှင့် ငါးပိကင်ကလေးစားရင်း သနပ်ခါးထူထူလိမ်း ကာ စစ်မီးအငြိမ်းကို စောင့်ခဲ့ရသည်။

❁

www.burmeseclassic.com

www.burmeseclassic.com



'အမေ စစ်တွင်းမှာ အနားရနေတော့ ပျင်းမနေဘူးလား။ ရုပ်ရှင်ရိုက်ခဲ့တာတွေကိုရော ပြန်ပြီး သတိရမနေဘူးလား'

'အို… သတိရတာပေါ့ သမီးရယ်။ ကိုယ်ရုပ်ရှင်ရိုက်ခဲ့တာတွေကို ကိုယ်ပြန်ကြည့်နေရသလိုပဲ။ သီချင်းဆိုခဲ့ရတာတွေ၊ သရုပ်ဆောင်ခဲ့ရတာတွေကို ပြန်လွမ်းတာပေါ့။ ဘယ်တော့များမှ သီချင်းပြန်ဆိုရမလဲဆိုတာ တမျှော်မျှော်နဲ့ပေါ့'

'အမေ ချောင်းဝန်းကနေပြီး ကိုပုတုတို့၊ ကိုလှဖေတို့ကိုရော မလွမ်းဘူးလား'

'မေးပြီ'

အမေက ပြုံးတုံ့တုံ့နှင့် ကျွန်မကို မျက်စောင်းခဲ၍ ဆိုလေပြီ။ 'လွမ်းပေါ့ လွမ်းပေါ့' အမေက သွားကျိုးကလေးပေါ်အောင် ပြုံးရယ်ပြီး 'သူတို့ကိုမှမလွမ်းရင် အမေ ဘယ်သူ့ကို လွမ်းရမှာလဲ'တဲ့။

❀

ပရိသတ်တွေကတော့ မေရှင်ကို မောင်တင်မောင်နှင့်လား၊ ပြည်လှဖေနှင့်လားဟု အမျိုးမျိုးတွေး၍ အမျိုးမျိုးထင်ကြေးပေးခဲ့ကြသည်။ မရှင်တို့ ကာယကံရှင်တွေ၏ ရင်ထဲကို ဝင်ကြည့်ကြပေတော့ဟုသာ ဆိုရတော့ မလိုပင်။

တကယ့်တကယ် ဆက်ဆံခဲ့ရသော လုပ်ငန်းခွင်မှာတော့

www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်ကိုတစ်ယောက် ချစ်လှပါရဲ့၊ ကြိုက်လှပါရဲ့ဟု မရှိခဲ့ကြ။ ဘယ်သူကမျှ ယုံနိုင်ပါလိမ့်မလဲ။ ဒါလောက်တောင် အတူတွဲပြီး သီချင်းတွေဆိုကြ၊ ချစ်ခန်း ကြိုက်ခန်းတွေ ရိုက်ကြနှင့် ဘယ်လိုအသည်းနှလုံးမျိုးတွေ ကြောင့် ဒေါင်ဒေါင် မြည်အောင် မာနေကြတာလဲဟု တွေး လည်းတွေးခဲ့ကြ၏။ မေးလည်းမေးခဲ့ကြ၏။

တကယ်တော့ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်စွဲလမ်းလွယ်သော လောကကြီးမှာ ဖိုနှင့်မ၏ငြိတွယ်မှုသဘောကို ဘယ်လိုသံမဏိနှလုံးသားမျိုးနှင့် ရှောင်တိမ်းနိုင်ခဲ့ကြသလဲ၊ မရှင်တို့ အချင်းချင်းသာပင် သိနားလည်နိုင်ခဲ့လေသည်။ ငြိတွယ်ခွင့်တွေ၊ စွဲလမ်းခွင့်တွေ၊ ပတ်သက်ခွင့်တွေ သာသာထိုးထိုး ရှိနေပါလျက် တစ်ဦးပေါ်တစ်ဦး သံယောဇဉ်ကြီးစွာဖြင့် စိတ်ရှင်းလက်ရှင်း ဖြူစင်သိမ်မွေ့စွာ ဆက်သွယ်နိုင်ကြဖို့ဆိုတာ မရှင်တစ်ဦးတည်းနှင့်ပြီးသောကိစ္စ မဟုတ်ပါ။ မရှင်ကတော့ လှိုက်လှဲစွာပင် ကျေးဇူးတင်နေမိသည်။

မရှင်မှာ ကျေးဇူးတင်ရမည့်စာရင်းကို မည်သည့်အခါမှ ပျက်ပြယ်မသွားနိုင်သောနေရာတွင် မှတ်တမ်းတင်ထားရမည်ဆိုလျှင် ကံကြမ္မာသည်လည်း ရှေ့ဆုံးနေရာမှာပင် ရှိနေပါလိမ့်ဦးမည်။

ကံတရား၏ ကျေးဇူးတော်ကြောင့် မရှင်မှာ အေးချမ်းစွာနေလိုသော အကျင့်စရိုက်ကို ပိုင်ဆိုင်ခွင့်ရခဲ့သည်ဟုပင် ခံယူမိပါသည်။ အားလုံးသော ယောက်ျားများ၊ မိန်းမများ…

www.burmeseclassic.com

www.burmeseclassic.com


သူတို့... သူတို့တွေ၏ ပြုမူ လှုပ်ရှားမှုများကို ဇာတ်ကား တစ်ကား ကြည့်သလိုပင် ကြည့်မိခဲ့သည်။ သူတို့တွေ တစ်ယောက်နှင့်တစ်ယောက် အလွန်ပင် ချစ်ခင်ရင်းနှီးကြသည်။ ရောရောနှောနှောလည်း ရှိကြသည်။ ထိုကဲ့သို့ အကျွမ်းတဝင်ရှိခြင်းသည် လုပ်ငန်းသဘောသက်သက်ကြောင့်တော့ မဟုတ်နိုင်ဘူးဟု မရှင် ထင်မိ၏။

မှန်နိုင်သလား၊ မှားသလားဆိုတာကတော့ သူတို့ပဲ သိလိမ့်မည်။ သူတို့အားလုံး စီးကရက်နှင့် လက်ဖက်ရည် ကြိုက်ကြပုံချင်းကတော့ အလွန်ကိုပဲ တူညီကြသည်။ ရုပ်ရှင်သမားတွေ လက်ဖက်ရည်ကြိုက်ကြပုံကတော့ အိုးကြီးကြီးနှင့်ဖျော်ထားသော လက်ဖက်ရည်ထဲကို နို့ဆီဘူးဖောက်၍ သွန်ထည့်ရန်အထိ စိတ်မရှည်နိုင်လောက်အောင်ပင်။ နို့ဆီဘူးကြီးကိုဖောက်၍ လက်ဖက်ရည်အိုးကြီးထဲကို ပစ်ထည့်လိုက်တော့ နို့ဆီဘူးကြီးက ပေါလော ပေါလောမျောလို့။ အနားမှာလည်း လူတွေက ကြိတ်ကြိတ်တိုးလို့။ ဖျော်ကြ၊ သောက်ကြ၊ ပျော်ပျော်ပါးပါးကြီး။

မရှင်ကတော့ သူတို့ထဲမှာ မပါဝင်ခဲ့ပေ။ လက်ဖက်ရည်လည်းမကြိုက်တတ်။ လက်ဖက်ရည် သောက်ဖော်သောက်ဖက်မဟုတ်တော့ အလုပ်သဘော ခင်မင်ရုံကလွဲပြီး ပိုမိုရင်းနှီးမှု မရှိခဲ့ပေ။ အားလုံးနှင့် ခပ်လှမ်းလှမ်းမှာ နေ၍ အိမ်မှဖျော်ထည့်ခဲ့သော ဓာတ်ဘူးထဲက ကော်ဖီကိုသာ မက်မက်မောမော သောက်ခဲ့သည်။ တမင်ရှောင်ခြင်း မဟုတ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com


အကျင့်စရိုက်ကြောင့်ပဲလား မသိ။ မရှင်သည် မည်သူနှင့်မျှ အရောတဝင် မနေဖြစ်ခဲ့ပေ။ စီးကရက်ကိစ္စလည်း ပါမည် ထင်ပါသည်။ စီးကရက်တို့၊ ကွမ်းတို့တွေကို ငွေပိုကုန်ပြီး လူကျန်းမာရေးထိခိုက်သည်ဆိုသော်လည်း ထိုအကြိုက်ချင်း တူသည့်ကိစ္စသည် ပိုမိုရင်းနှီးစေနိုင်တာတော့ အမှန်ပင်။ တင်းအားလျော့စေနိုင်သော လူမှုရေးများပေလားမသိ။ ရုပ်ရှင်အဖွဲ့တွေမှာ ယောက်ျား မိန်းမ စီးကရက်ကြိုက်လျှင် ရင်းနှီးမှုကလည်း ပိုမိုတတ်သည်သာ။

တချို့ကျပြန်တော့လည်း 'ရှူတင်က ကျွေးတဲ့ဟင်း မကြိုက်ဘူး။ အပြင်သွားစားကြမယ်'ဟု အဖော်ညှိကြပြန်သေးသည်။ ထိုသူများထဲမှာလည်း မရှင် မပါဝင်ခဲ့ပြန်ပေ။

'အအေး သွားသောက်ရအောင်'ဆိုလည်း မရှင်က ဘယ်သောအခါမှ မလိုက်တတ်။ သူတို့... သူတို့တွေက မရှင်ကို ဘယ်လိုမြင်ကြမလဲတော့ မသိနိုင်ပါ။ မရှင်က တော့ ရုပ်ရှင်မင်းသမီးဘဝနှင့် ကျောင်းသူဘဝကို တစ်ထပ်တည်းကျအောင်ပင် နေခဲ့သည်။ ထိုကဲ့သို့ နေထိုင်ခဲ့ခြင်းသည် တစ်စုံတစ်ယောက်၏ ချုပ်ချယ်မှုကြောင့် မဟုတ်။ နဂိုစိတ်အတိုင်း နေခဲ့ခြင်းပင်ဖြစ်သည်။

နောက်ထပ်အရေးကြီးလှသော အတွေးတစ်ခုလည်း ရှိနေပေသေးသည်။ ထိုအတွေးသည် မရှင်ကို ခဏခဏလက်တို့ သတိပေးဖော်ရ၏။ မရှင် ကျောင်းသူဘဝကိုစွန့်ပြီး ရုပ်ရှင်လောကကို ခြေစုံပစ်၍ဝင်ရန် စတင်ကြိုးစားစ

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက စွဲလာခဲ့သည့်စိတ်ပင် ဖြစ်ပေသည်။ လူတွေက 'ရုပ်ရှင်'ကို 'ရင်ရှုပ်' ဟု ပြောကြသည်။ မရှင် သိချင်ခဲ့၏။ 'ရင်ရှုပ်' စရာ ဘာတွေရှိလို့လဲ။ ရင်ရှုပ်တယ်ဆိုတာ ဘယ်သူ့ကြောင့်လဲ။ ကိုယ့်ကိုယ်တိုင်က ရင်မရှုပ်ချင်ရင် မရှုပ်ဘဲနေလို့ရနိုင်တယ် မဟုတ်ဘူးလား။ ဒီလိုမျိုး တွေးမိခဲ့၏။ ထို့ကြောင့်ပင် မရှင်ကို မိဘ၊ အုပ်ထိန်းသူ၊ ချစ်သူခင်သူတွေက စိုးရိမ်သောကအမျိုးမျိုးနှင့် တားနေသည့်ကြားမှ မရှင် ဆုံးဖြတ်ချက်နှင့် ဖွတ်ပင် ရုန်းထွက်ခဲ့ပြီး ဒီလောကကို ခြေစုံပစ်၍ဝင်ခဲ့ခြင်းဖြစ်သည်။ ထိုအသိနှင့်သတိသည် မရှင်စိတ်နှင့်မကွာ ရှိနေ၏။ ကိုယ့်စိတ်ကိုယ် အလွတ်မပေးခြင်းသည် တစ်ပါးသူကို ပိုမိုမြင်နိုင်စွမ်းလေတော့သည်။

'အင်း... သူတို့တွေဟာ ခင်မင်ရာက ရင်းနှီး၊ ရင်းနှီးရာက ကျွမ်းဝင်၊ ကျွမ်းဝင်ရာက ငြိတွယ်...။ ဒီချုံကို ငြိတွယ်ကြတဲ့ သူတိုင်းရဲ့ သွားရာလမ်းပဲဟု တွေးမိသည်။ လူတစ်ယောက်ကို ငြိတွယ်မိပြီဆိုလျှင် မရှင်လည်း ဘာသားနှင့်ထုထားတာမို့လဲ။ ရှောင်နိုင်တိမ်းနိုင်ရန် လမ်းစရှိမှာ မဟုတ်။

တမင်ရှောင်တာမဟုတ်ပေမယ့် အလိုလို ရှောင်မိလျက်သားဖြစ်စရာ အကြောင်းတစ်ခုတော့ ရှိခဲ့လေသည်။ ပုရိသတွေမှာ–

သူက ဆေးလိပ်သောက်တယ်။ သူက ကွမ်းစား တယ်၊ သူက အရက်သောက်တယ်၊ သူက လောင်းကစားဝါသနာပါတယ်၊ သူက မိန်းမပွေတယ်၊ ရှုပ်တယ်... ထိုထို

www.burmeseclassic.com

www.burmeseclassic.com


သော သိလွယ်နိုင်သည့် ပြင်ပအကြိုက် စရိုက်လက္ခဏာတွေကို မရှင်က လူတိုင်းအတွက် မြင်တွေ့ခဲ့၏။

နောက်တော့ တဖြည်းဖြည်းနှင့် အတွင်း စိတ်သဘောနှင့် သူတို့တွေ၏ ဗီဇစရိုက်များကိုပါ နားလည်လာရ၏။ စိတ်ရင်းတော့ ကောင်းပါရဲ့၊ စိတ်တိုလွယ်တယ်၊ စရိုက်ကြမ်းတယ်။ သူကတော့ ညက်ညက်ညောညောရှိပါရဲ့၊ အတ္တတော့ ကြီးတယ်။ သူကဖြင့် ခပ်ပျင်းပျင်းပါ။ ဟိုလူကတော့ ညစ်တီးညစ်ပတ်နေတတ်တယ်။ ဒီလူက ပေါ့ပေါ့တန်တန်သဘောထားတတ်တယ်။ အဲဒီပုဂ္ဂိုလ်က သဝန်တိုတတ်တာလွန်ပါရော။ ဟိုလူဆိုရင်တော့ အလွန်နှမြောတတ်တာပဲ။ သူကဂျစ်တီးဂျစ်ကန်နဲ့။ သူကတော့ ဘယ်သူ့ကိုမဆို ဆရာ လုပ်ရမှ။ အို... ဒီလူကဖြင့် အပြောသမား။ သူတော့လား ဝေးဝေးကသာရှောင်ပေတော့၊ အင်မတန် ခြေလက်မြန်တာ။ ဒီတစ်ယောက်က ဘဝင်မြင့်တဲ့နေရာမှာ နှစ်ယောက်မရှိဘူး။ သူဆိုရင်တော့ ပညာမတတ်ဘူး။ လူ့စရိုက်မျိုးစုံကို အမှန်အတိုင်းပင် မြင်မိခဲ့ပါ၏။

ထိုကဲ့သို့ ဖြစ်နိုင်ခြင်းသည် မရှင်နှင့် သူတို့တစ်တွေ မြင်နိုင်လောက်အောင် အလှမ်းကွာခဲ့သောကြောင့် ဖြစ်သည်။ ဘာမှ မတွေးနိုင်မီများ ရောရောနှောနှောနေမိခဲ့၍ ငြိမိခဲ့လျှင် ဘာတွေ ဘာတွေမှ တွေးနိုင်လိမ့်မည်မထင်။ အို... ဘာပဲ ဖြစ်ဖြစ်ဟု ဇွတ်နှစ်တွေးမှာလား။ ဒါလောက်ကလေးတော့ ပြုပြင်ယူမှာပေါ့ဟုများ ဖြေတွေးဖြစ်မလား။ တစ်ခုခုတော့ ဖြစ်မှာသေချာပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



မရှင်၏ပတ်ဝန်းကျင်တွင် လုပ်ဖော်ကိုင်ဖက် မိန်းကလေးများနှင့်ပတ်သက်ပြီး မရှင်၏ရင်ထဲတွင် နင့်နေအောင် ခံစားခဲ့ရတာတွေမှ တစ်ပုံတစ်ပင်။ မိန်းကလေးတိုင်း ကိုယ့်ဘဝကိုယ် တန်ဖိုးထားကြစမြဲပင်။ ကိုယ့်ကိုယ်ကို နှမြောကြစမြဲပင်။ ဘယ်မိန်းကလေးက အသည်းကွဲချင်မှာလဲ။ ဘယ်မိန်းကလေးက ဘဝပျက်ချင်မှာလဲ။ ဘယ်မိန်းကလေးကရော ကဲ့ရဲ့ခံချင်ပါလိမ့်မလဲ။ ဘယ်မိန်းကလေးကရော ယောကျ်ားများချင်မှာလဲ။

ဒါပေမယ့် ကဲ့ရဲ့ခံရသူတွေ၊ ဘဝပျက်သူတွေ၊ အသည်းကွဲသူတွေ၊ တစ်လင်ကတစ်လင်ပြောင်းခဲ့ရသူတွေ ရှိသည်။ ဒီကိစ္စတွေကို ရုပ်ရှင်လောကထဲမှာမို့ ဖြစ်တာလားဆိုတော့လည်းမဟုတ်ပါ။ ဘယ်လောကက မိန်းကလေးမဆို ကြုံတွေ့ရမည့် အဖြစ်အပျက်များသာ။ ရုပ်ရှင်လောကသားတွေအတွက်တော့ ပို၍ကြုံတွေ့နိုင်လိမ့်မည်။ အထိအတွေ့တွေကများများ။ လုပ်ငန်းခွင်ကလည်း သရုပ်ဆောင်ရတာကိုး။ စိတ်တွေကလည်း အနုပညာသမားပီပီ ခံစားလွယ်ကြတော့ ဇာတ်လမ်းတွေဖြစ်လွယ်ကြသည်။ ဒါ့အပြင် တခြားအကြောင်းတစ်ခုရှိသေး၏။ အနုပညာသမားတွေကို ပရိသတ်က အလွန်စိတ်ဝင်စားခြင်းပင်။ လူဆိုတာ စိတ်ဝင်စားလျှင် ဂရုစိုက်၏။ ဂရုစိုက်မိလျှင် ပြောစရာတွေ အများကြီး ရှိလာတတ်၏။ ပြောကြသောစကားများတွင် စိတ်ထဲမှာထင်တာလည်းပါ၊ တကယ်သိတာလည်းပါ၊ ဖြစ်စေချင်တာလည်း ပါပေလိမ့်

www.burmeseclassic.com

www.burmeseclassic.com


မည်။ တချို့ဇာတ်ကားတွေမှာဆိုလျှင် မင်းသမီး မင်းသားကို အလွန်ပေါင်းစေချင်၏။ ဇာတ်၏သဘောအရ မပေါင်းရ။ ပရိသတ်က မင်းသားကိုရော၊ မင်းသမီးကိုပါ အလွန်စွဲလမ်းသည့်အစွဲကို ပြင်ပလောကအထိ သယ်ဆောင်လာပြီး ရစေချင်။ ပေါင်းစေချင်၍ သတင်းတွေပြောကြခြင်းပင်ဖြစ်သည်။ မင်းသမီး၊ မင်းသားတို့၏ တကယ့်ဘဝ၊ တကယ့် အဖြစ်အပျက်သည် ပရိသတ်များ ထင်မြင်ယူဆထားကြသလို မဖြစ်နိုင်ကြတာတွေလည်း ရှိခဲ့ပါသည်။

မရှင်၏စိတ်ထဲမှာ အလွန်အမင်းကြောက်ရွံ့သော ကိစ္စတစ်ခုကတော့ တစ်ယောက်ယောက်ကို စွဲလမ်းငြိတွယ်သွားမှာကိုပင် ဖြစ်လေသည်။ ထိုကဲ့သို့ဖြစ်ရမှာ တကယ်ပဲကြောက်မိသည်။ ဒါဟာ ဘဝ... ဘဝ၏ ဝဋ်ကြွေးပေပဲ။ မရှင်၏ ဘေးပတ်ဝန်းကျင်က လုပ်ဖော်ကိုင်ဖက် အစ်မတော်တွေ၊ ညီမတော်တွေကိုကြည့်၍ တရားကျမိသည်။ မမျှော်လင့်ဘဲ ယောကျ်ားတစ်ယောက်ထံမှာ မိမိ၏ စိတ်နှလုံးကို ယုံမှတ်စွာပုံအပ်မိပြီဆိုပါစို့။ အရာအားလုံးကိုဖန်တီးသူသည် ထိုယောကျ်ားပင်ဖြစ်ပေတော့သည်။ သူတို့၏ဆွဲဆောင်မှု၊ သူတို့၏အကြံပေးမှု၊ သူတို့၏တောင်းပန်မှုသည်ပင် လိုက်နာချင်ဖွယ်ကောင်းသော အမိန့်အာဏာသာ ဖြစ်ပေတော့သည်။ဘယ်သူဖျက်ဖျက် မပျက်နိုင်သော တည်မြဲမှုကြီးလည်း ဖြစ်သည်။ မိန်းကလေးတစ်ယောက်အတွက် ထိုတည်မြဲမှုကြီးသည် ရှုံးသွပ်ခြင်းတစ်မျိုးသာဖြစ်သည်။ အန္တရာယ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ မိုက်မဲခြင်းလည်းဖြစ်သည်။ ပျက်စီးခြင်းလည်း ဖြစ်သည်။ မည်သို့ပင်ဆိုစေ ထိုထိုသော အန္တရာယ်၊ မိုက်မဲ ပျက်စီးခြင်းမျိုးကို မိန်းမများ ကိုးကွယ်တတ်ကြသည်သာ။ ကိုးကွယ်မှု၏ အချိန်ကာလပေါ်မှာ မူတည်၍ ဘဝတစ်ခု၏ အခြေအနေ အတိုးအဆုတ်ဖြစ်ရမည်သာ။ ရှုးသွပ်မှုအချိန် ကာလသည် ယာယီသာဖြစ်မည်ဆိုလျှင်တော့ မသိသာလှ။ ရှုးသွပ်ငြိတွယ်မှုအချိန်ကာလ ကြာမြင့်မည်ဆိုလျှင် သာယာမှု ရေစုန်မျောခြင်းကိစ္စကို အဖတ်ဆည်ရန် အချိန်ပင်မရလိုက်။ ထိုအရာကိုပင် ဝဋ်ကြွေးဟု ဆိုရမည်လား။ မရှင်ကြောက် သောအရာမှာ ထိုဝဋ်ကြွေးပင်ဖြစ်သည်။ ငြိမှန်းမသိ ငြိသွား မှာ၊ မိမှန်းမသိ မိသွားမှာ မရှင် အကြောက် ဆုံးပင်။

မရှင်၏ တစ်သက်တာမှာ ဘုရားမရှိခိုးသောနေ့ဟု မရှိခဲ့။ ဘုရားရှိခိုးတိုင်းလည်း ဆုတောင်းခဲ့မိသည်။

'ဘုရားတပည့်တော်ပြုမိသော ကောင်းမှုများ၏ အကျိုး ကျေးဇူးကြောင့် စွဲလမ်းမှုသောကအပူမီးများမှ ကင်းဝေးရပြီး ဘဝတစ်လျှောက်လုံး အေးမြငြိမ်းချမ်းစွာ နေထိုင်ခွင့်ပြုတော် မူပါဘုရား'

ထိုဆုကို မရှင် အမြဲတောင်းခဲ့သည်။

ဘဝဟူသည် ဆုတောင်းပြီးရုံနှင့် ဆန္ဒပြည့်နိုင်တာ မျိုးလည်း မဟုတ်လေတော့ တစ်ဖက်မှလည်း သတိမလပ် အောင် နေထိုင်ခဲ့ရပါသည်။ ရပ်ရှင်ဆိုတာ လူတို့၏ဘဝ အထွေထွေကို ရှုထောင့်အမျိုးမျိုးမှ ကွက်ကွက်ကွင်းကွင်း

www.burmeseclassic.com

www.burmeseclassic.com


သရုပ်ဆောင်ပြရသော အနုပညာတစ်မျိုးပင်။ အပြင်လောက မှာ ချစ်သူအချင်းချင်း တစ်ဦးကိုတစ်ဦး စိတ်အသိနှင့် ရင်ထဲ မှာပင် ယုယကြည်နူးနေနိုင်ကြပေမယ့် ရုပ်ရှင်ဇာတ်ကားထဲ မှာတော့ အလွန်ချစ်ကြသော ချစ်သူများဖြစ်ကြောင်း ပရိသတ်သိစေရန် သရုပ်ဆောင်ပြရသည်။ ဒါရိုက်တာ၊ မီး သမား၊ မှန်သမား၊ မှတ်တမ်းတင်၊ ကင်မရာသမားတို့၏ ရှေ့မှာ ချစ်ပြရ၏။ မရှင်တို့မိန်းမသားတွေအဖို့ ထိုချစ်ခန်းမှာ ပင် ရှက်ရွံ့စွာ၊ သိမ်မွေ့စွာ ထိန်းသိမ်းသရုပ်ဆောင်လို့ ရပေမယ့် သူတို့ယောက်ျားတွေကတော့ ဆွဲဆောင်မှုအင်အား ကောင်းလှသော ညှို့မျက်ဝန်းကြီးများဖြင့် အပီအပြင် သရုပ်ဆောင်ကြသည်။ ထို မျက်ဝန်းများ၏ဒဏ်ကို ခံနိုင်ရည် ရှိအောင် မရှင် ကြိုးစားခဲ့ရသည်။

မရှင်၏နည်းလမ်းကို သူတို့တွေများ သိသွားလျှင် မရှင် ကို လူလည်ကျသည်ဟုများ အပြစ်တင်လိုကြမလား မသိ တတ်နိုင်ပါ။ မရှင်သည် သူတို့၏ မျက်ဝန်းကြီးများကို ဘယ် သောအခါမျှ ရင်ဆိုင်မကြည့်ခဲ့။ နဖူးဆံစကလေး၊ မျက်ခုံး လေးလောက်သာကြည့်ပြီး တွန်းတွန်းဖယ်ဖယ် ခွာခွာကလေး သာ အလိမ္မာသုံး၍ သရုပ်ဆောင်ခဲ့၏။ ဒါ သရုပ်ဆောင် တာလေ။ တကယ့်ချစ်သူများမှမဟုတ်ကြပေပဲ။ အငွေ့ သဘောပဲပေါ့။ အတွေ့မပါစေရ။ ဖြူစင်သန့်ရှင်းမှုသာ အနုပညာစစ်စစ် ဖြစ်ပါသည်။ မရှင်၏ ရင်တွင်းခံစားမှုနှင့် အယူအဆများသည် မရှင် တစ်ဦးတစ်ယောက်သာ စိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com


ယဉ်နေရုံမျှ ဖြစ်နိုင်ပါ့မလား။ မရှင်နှင့်အတူတူ အလုပ်လုပ်ခဲ့သော ဒါရိုက်တာများ၊ မင်းသားများကလည်း မရှင် နည်းတူ ဖြူစင်ခဲ့ကြ၊ သန့်ရှင်းခဲ့ကြ၊ နှမချင်း စာနာခဲ့ကြ၍သာ မရှင်၏ ဘဝကလေး စင်ကြယ်ခဲ့ပါကြောင်း အခါခါပင် ကျေးဇူးတင်၍ လေးစား၍ပင် မဆုံးနိုင်တော့ပေ။

❀

'အမေရယ်... လုပ်ငန်းအကြောင်း ကလေးတွေတော့ နားလည်ရပါပြီ။ ပရိသတ်တွေနဲ့ ပတ်သက်ပြီး ပြောပြပါဦး။ အမေ့ရဲ့ပရိသတ်တွေထဲမှာ အမျိုးသမီးတွေက များလား။ အမျိုးသားတွေက များပါသလား'

'အမေ့အထင်တော့ အမျိုးသမီးပရိသတ်က ပိုများသလားပဲ။ စာတွေဖတ်ပြီးတော့ အမျိုးသမီးတွေဆီကို ချက်ချင်း စာပြန်ဖြစ်တတ်တော့ ခင်မင်ကြတာ အမျိုးသမီး များတယ်။ တချို့ဆို စာရေးရင်း လူချင်းတွေ့ရင်း သိပ်ခင် သွားပြီး ခုချိန်အထိ ဆွေလိုမျိုးလို ညီအစ်မအရင်းတွေလို ချစ်နေကြတုန်းပဲ'

'အမျိုးသားတွေဆီကရော စာတွေ မလာဘူးလား အမေ'

'လာတာပေါ့'

'အမေက အမျိုးသားပရိသတ်တွေဆီကို ကျတော့ စာပြန်မရေးဘူးလား'

'ပြန်ပါတယ်။ ရိုးရိုးသားသားဆို ပြန်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟင်... အမေကလဲ၊ မရိုးသားတဲ့စာတွေရော ပါသေး လို့လား၊ ပြောပြပါဦး'

အမေက သူ့အမူအရာကလေးအတိုင်း ပါးစပ်ကို လက်ဝါးကလေးနဲ့အုပ်ရယ်ပြီး 'နှိုက်နှိုက်ချွတ်ချွတ်တွေ တော်တော်မေးနော်' လို့ ပြောပါတယ်။ ဒီမေးခွန်းကလေးတွေဟာ အမေ့အတွက် ပြောပြစရာတွေ အများကြီးရှိနေမှာပါ။

❁

မရှင်သည် ယောကျ်ားများကို မုန်းလည်းမမုန်း၊ စိတ်လည်းမနာ၊ ကစားစရာဟူ၍လည်း မသတ်မှတ်ခဲ့ပေ။ ဒါပေမယ့် ကြောက်တော့ကြောက်ပါသည်။ ဘာကိုကြောက် သလဲဆိုတော့ ပထမဦးစွာ အထင်အမြင်သေးမှာကို ကြောက် ရွံ့ခြင်းဖြစ်သည်။ လောကကြီးတွင် ယောကျ်ားသည်လည်း ကောင်း၊ မိန်းမသည်လည်းကောင်း တစ်ဦးကိုတစ်ဦး အထင် သေးလျှင် လုံးဝမကောင်းတော့ပါ။ အထူးသဖြင့် မရှင်တို့လို အနုပညာရှင်တွေပေါ့။

လူတွေက ခက်တော့ခက်လှပါသည်။ အနုပညာကို မြတ်နိုးလှပါသည်ဆိုသောသူများက အနုပညာအလုပ်ကို လုပ်နေသူများအား တန်ဖိုးမထားနိုင်ခဲ့ကြ။ အကုန်လုံး၊ အားလုံးကိုတော့ ဆိုလိုသည်မဟုတ်။ တချို့သော သူများသည် အနုပညာကိုချစ်လျက် အနုပညာရှင်ကို လျှော့တွက်တတ်ကြသည်။ အဆိုးဝါးဆုံးကတော့ ငွေချမ်းသာသော သူများပင်။

www.burmeseclassic.com

www.burmeseclassic.com



ငွေသည် အရာအားလုံးကို ဖြစ်နိုင်၏ဟု တွက်ဆထားသော သူများ၊ ကလေးဘယ်နှစ်ယောက်အဖေပဲဖြစ်ဖြစ် သူဌေးအမည်ခံထားသူကို မိန်းကလေးများက အချိန်မရွေး ကြည်ဖြူလိမ့်မည်ဟု ယူဆထားသူများ၊ ဂုဏ်ပကာသနကို မက်မောလိမ့်မည်ဟု ကိုယ့်ကိုယ်ကို အထင်ကြီးသူများက အနုပညာနယ်ပယ်မှ မိန်းကလေးများကို ဖျက်ဆီးလေ့ရှိကြသည်။ 'ဖျက်ဆီးသည်' ဟူသော စကားမှလွဲ၍ အခြားအသုံးအနှုန်းဖြင့် သုံးရန် လိုအပ်မည် မထင်ပါ။

အများတကာရှေ့မှာတော့ လူကြီးလူကောင်းဟု မိမိကိုယ်မိမိ ကြေညာထားပြီး ဆိတ်ကွယ်ရာမှာတော့ ဖျက်လိုဖျက်ဆီးပြုရန် အံ့သြဖွယ်ကောင်းလှစွာ အမျိုးမျိုးကြိုးစားတတ်ကြသည်။ သူတို့လက်သုံးစကားတွေက ရိုးလွန်းပါသည်။ စိန်တစ်ဆင်စာလား၊ တိုက်လား၊ ကားလား၊ စည်းစိမ်ချမ်းသာလား။ ထိုအရာများကို မလွန်ဆန်နိုင်ပါက သွားပါလေရော့ မြောင်းပုပ်ထဲ။

ဒါမျိုးကိစ္စတွေကျတော့ မရှင်က ဆတ်ဆတ်ထိမခံ။ လူကြီးလူကောင်းဆိုသူများက သူတို့သိက္ခာကျမှာတော့ အလွန့်အလွန်ပင် ကြောက်တတ်ကြပါသည်။ အခြေအနေကောင်းမကောင်း သူတို့လူယုံများနှင့် စကားလမ်းစ ရှာဖွေသည်။ အခြေအနေကောင်းပြီဆိုမှ သူတို့က ကိုယ်ထင်ပြကြမှာလေ။ မဟုတ်လျှင် သူတို့ဂုဏ်သိက္ခာ ပွန်းပဲ့စေမည့် အလုပ်ကို ဝေးဝေးကရှောင်ရှား၍ လူလေးစားအောင်၊ လူ

www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးအောင် ဆက်လက်နေထိုင်ရဦးမှာ။ မရှင်သည် ဒီလိုလူမျိုးတွေအတွက် သူတို့ဆော့ကစားရန် လေပြည်ညင်း ကလေးမဟုတ်။ သူတို့အတွက် မရှင်သည် အစဉ်လောင် ကျွမ်းစေမည့် မီးတောင်သာဖြစ်သည်။ ထိုသူမျိုးအတွက် အလျှံတဝင်းဝင်းတောက်နေမည့် မီးတောက်မီးလျှံမျိုးကို မြင် စေခဲ့ပါသည်။ ကမ်းလှမ်းရန် မဆိုထားဘိ၊ အနားတွင်ပင် ဝေ့ခွင့်မပြုတော့။ မရှင်ကို မာနရှင်တဲ့။

ရှိပါစေတော့။ အနုပညာသမား မိန်းမသားတစ်ယောက် မှာ ရှိသင့်သောမာနတော့ ရှိကိုရှိမှ သန့်သန့်စင်စင်နှင့် ခိုင်ခိုင် မာမာ ရပ်တည်နိုင်ပါသည်။ နာမည်တစ်လုံးရရန် မလွယ်ကူ ပါ။ တစ်စုံတစ်ယောက်ဖြစ်ရန် အရာအားလုံးကို စွန့်တန်တာ စွန့်၊ လျစ်လျူပြုသင့်တာကိုပြု၊ စွန့်စားတန်တာ စွန့်စား၊ ကြိုးစားရန်းကန်ရတာ အလွန်ခက်ခဲလှသည်။

အခက်ခဲဆုံးအရာကို လွန်မြောက်ရန် လည်း ရှိနေသေး ၏။ ထိုအရာမှာ ရရှိပြီးသော နာမည်တစ်လုံးကို အစဉ်ထာဝရ တည်မြဲအောင် ထိန်းသိမ်းသွားဖို့ပင်။ မရှင်ကို ဟန်ချက်ပျက် အောင် မည်သည့်အရာများက စွမ်းဆောင်ကြမှာလဲ၊ မရှင် ဘယ်အချိန်မှာ ညှို့သွားမှာလဲ ကိုယ့်ကိုယ်ကို အမြဲစောင့်ကြည့် နေရသည်။

ပုရိသတွေက ကိုလှဖေဆိုခဲ့ဖူးသော မာနရှင်သီချင်းထဲ ကလိုပင်–

*'ခင်မင်ကြင်နာစိတ်တွေ တားမရတယ် x x x မောင့် သက်လယ်ရယ် x x x မမုန်းတမ်းသာပ ကြံဆရှယ် x x x*

www.burmeseclassic.com

www.burmeseclassic.com



*နှစ်ပါးမသွေ စုလျားရစ်ခွေ နေချင်လှပါတယ်'* လို့ လည်း စာအနု ကဗျာအနုများဖြင့် သီဖွဲ့ကြ မည်ပင်။

*'စိတ်ကြီးဝင် မာန်စုသူရဲ့ x x x ချစ်မိတဲ့မောင့်ကို သနားပါခင်ရယ် ဖြေမဆည် နေထိ နွမ်းသည့်ပုံနှယ်'* ဟု လည်း အသနား ခံကြမည်ပင်။

*'ကညာတစ်ပါးရယ် စာနာသနားဖွယ် မာန မထား သင့်ပါတယ်'* ဟုလည်း စည်းရုံး ကြဦးမည်ပင်။

ဒါပေမယ့် မရှင်တို့တွေ စိတ်ထားအရာမှာ ပျော့ညံ့ နေလို့မရ။ မိန်းမသားဆိုတာ သနားစရာရှိလျှင် ကိုယ့်ကိုယ်ကို ဦးစားပေး၍ သနားနိုင်မှ တော်ကာကျသည်။ ထိုစဉ်က သူဌေးဆိုသူတွေမှာ မြန်မာတွေထက် လူမျိုးခြားက ခပ်များ များ။ သူဌေးဖြစ်ဖြစ်၊ ဆင်းရဲသားဖြစ်ဖြစ်၊ မြန်မာဖြစ်ဖြစ်၊ လူမျိုးခြားဖြစ်ဖြစ် မရှင်တို့လို အနုပညာသည်မိန်းကလေး များကို ထိပါးလာမည်ဆိုလျှင်တော့ မရှင်တို့က ငုံ့ခံနေမည် မဟုတ်ပေ။ ပြတ်ပြတ်သားသားပင် ငြင်းခဲ့ရသည်။ ထို အန္တရာယ်များကို အဖေဝမ်းရပ်ရှင်ကလည်း မားမားမတ်မတ် ပင် အကာကွယ်ပေးခဲ့ပါသည်။

❀

'အမေရယ်... အမေ့ရဲ့အနုပညာကိုချစ်တဲ့ အမျိုးသား ပရိသတ်တွေထဲမှာ ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းနဲ့ သတိရ စရာလေးတွေရော မရှိခဲ့ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com


'မေးပြန်ပြီ'

အမေက ရယ်လို့သာ နေပါတော့တယ်။

'အမေငယ်ငယ်က သိပ်စွာတာ။ အမေ့ကို လိုက်စတဲ့ ကောင်လေးတွေဆို အမေ့ သိပ်ကြောက်တယ်'

အမေက ငယ်ဘဝကို လှမ်း၍လွမ်းဟန်နှင့် စကားဆိုရင်း–

'သမီးကို အမေပြောဖူးတဲ့ ကိုအောင်မြင့်ဆိုတာလေ မှတ်မိသေးလား'

'မှတ်မိပါတယ် အမေရဲ့။ ကောလိပ် ကျောင်းသားလေ။ အမေ့ရဲ့ ရည်းစားစာဦး'

'ဟဲ့... ဟဲ့... ဘယ့်နှယ့် ရည်းစားစာဦးလဲ'

'သြော်... အမေကလဲ၊ ပထမဆုံး ရည်းစားစာပေးတဲ့ လူလို့ ပြောတာပါ'

'အဲ... အဲဒါတွေ လျှောက်ထည့်ရေးမနေနဲ့နော်။ ဒါဆို မပြောဘူး'

'ပြောပါ အမေရယ်၊ ပြောပါ။ အမေ ဦးအောင်မြင့် အကြောင်း ဘာပြောမလို့လဲ။ သမီး မနောက်ပါဘူး။ ထည့်လည်း မရေးပါဘူး'

(ကျွန်မ အမေ့ကို ညာပြောခဲ့တာပါ)

'သူကလေ အမေ ရုပ်ရှင် မင်းသမီး ဖြစ်ပြီးတော့မှ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေလို စာတွေရေးသေးတယ်။ နောက်တစ်ခါ စာထပ်ရေးတဲ့အချိန်မှာ သူက တိုင်းမင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီ။ အမေ့ကို ပိတ်ကားပေါ်မှာ ပြန်တွေ့ရတဲ့အခါ အမေ့ရဲ့အနုပညာကို လေးလေးစားစား ဂုဏ်ပြုပါတယ်လို့ ဣန္ဒြေရရရေးတယ်။ ဒီလို လူကြီးလူကောင်းမျိုးတွေလည်း ရှိတဲ့အကြောင်း ပြောပြမလို့ပါ'

'အမေ့ကို မေးရဦးမယ်။ ငယ်ငယ်တုန်းက ချစ်စကား ကြိုက်စကားပြောခဲ့တဲ့လူတွေ၊ စာတွေရေးခဲ့တဲ့သူတွေက အခုလို အမေ အပျိုကြီးလုပ်တဲ့အခါ သူတို့ထဲကလည်း အားကျမခံ လူပျိုကြီးလိုက်လုပ်တဲ့သူတွေရော ရှိလား'

'ကြဲကြဲဖန်ဖန်။ အချိန်တန်တော့လည်း သူတို့မိန်းမနဲ့ သူတို့သားသမီး၊ သူတို့မြေးမြစ်တွေနဲ့ပါ'

အမေက သဘောကျစွာရယ်တော့ အမေဆိုခဲ့သော လွဲ့လွဲ့ဝင်းသီချင်းကို ကျွန်မက တိုးတိုးကလေး ဆိုပြပါတယ်။

*'စန္ဒာယုံ ငွေရထားရေ x x x ကြုံစကား မှာလိုက်ပါရစေ x x x ကျွန်းလှည့်လို့ ထွန်းတဲ့အခါဝယ် ခွန်းဖွဲ့ခဲ့ဖို့လေ x x x'*

'ဟုတ်ပါ့ သမီးရယ်၊ ဟုတ်ပါ့။ သူတို့ကိုများ ယုံစားမိလို့ကတော့ဖြင့် ငွေစန္ဒာလမင်းကြီးလည်း မနေရ၊ သစ်ရွက်ဝါလည်း မနေရ၊ ဥသြငှက်လည်းမနေရ၊ စမ်းရေအိုင်လည်း မနေရ အပူကပ်နေရဦးမယ်'

အမေက နှစ်နှစ်ခြိုက်ခြိုက်ရယ်ပြီး အချစ်သီချင်း၊ အလွမ်းသီချင်းတွေအကြောင်း ဆက်ပြောပြပါတယ်။

'သမီးရဲ့ ပရိသတ်က ကိုယ့်ကိုချစ်ပြီဆိုရင် သိပ်ကို

www.burmeseclassic.com

www.burmeseclassic.com


ဩဇာညောင်းတာ။ အနုပညာသမားဟာ ဘာဩဇာအာဏာမှ ပေးစရာမလိုဘူး။ ဘာစည်းမျဉ်းဥပဒေမှ လုပ်စရာမလို ဘူး။ ပရိသတ်ကအကုန်လိုက်လုပ်တယ်။ ဒါကြောင့် ကိုယ်ဆိုတဲ့သီချင်း၊ ကိုယ်သရုပ်ဆောင်တဲ့ဇာတ်ကို ပရိသတ် အတွက် စေတနာနဲ့ ရွေးနိုင်ဖို့လည်း လိုတယ်။ အထူးသဖြင့် ဆယ်ကျော်သက်တွေအတွက်ပေါ့'

'အမေ ဆက်ပြောပါဦး၊ ဆယ်ကျော်သက်တွေနဲ့ ပတ်သက်ပြီး အမေငယ်ငယ်ကတည်းက ဘယ်လိုများ ခံစားခဲ့ရပါသလဲ'

❀

မရှင်၏ ဝတ်စားပြင်ဆင်မှုများသည် ဆယ်ကျော်သက်မိန်းကလေးများအပါအဝင် ပရိသတ်မိန်းကလေးများနှင့် တိုက်ရိုက်သက်ဆိုင်သကဲ့သို့ အမျိုးသားများနှင့်လည်း သက်ဆိုင်မည်ဟု ယူဆမိခဲ့သည်။ ဘယ်သောအခါကမျှ ထူးခြားဆန်းပြားလှသော အဝတ်ကိုမဝတ်ခဲ့။ လွန်ကျူးသော အမောက်တို့ မထောင်ခဲ့။ အလွန်အမင်းပါးလွှာသော အင်္ကျီကိုလည်း မနှစ်သက်ခဲ့။ မရှင်၏ ပင်ကိုယ် အေးချမ်းသော စိတ်နေစရိုက်ထဲမှာ ငယ်စဉ်ကခံစားမှုများလည်း ရောပါခဲ့သည်သာ။

ကလက်တက်တက် ပြက်ချော်ချော် မိန်းကလေးများကို ယောကျ်ားများက ပို၍စဝ့်သည်။ ယောကျ်ားများ စတင်ဝံ့ရဲရန်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမများက အဝတ်အစားအားဖြင့်လည်းကောင်း၊ အပြင်အဆင်အားဖြင့်လည်းကောင်း၊ အမူအရာအားဖြင့်လည်း ကောင်း ဆန်းပြားမှုဖြင့် စတင်လေ့ရှိသည်။ မိန်းမတွေထဲမှာ လည်း ကိုယ့်စရိုက်နှင့်ကိုယ် လူမျိုးမျိုးစိတ်အထွေထွေပင် ရှိလေသည်။ တချို့မိန်းမတွေက အလွန်ထင်ပေါ်ချင်သည်။ တချို့မိန်းမတွေက အလွန် အကောင်းကြိုက်သည်။ တချို့ မိန်းမတွေက အလွန်ပျော်ချင်ပါးချင်သည်။ တချို့မိန်းမတွေက အလွန်လှချင်ပြီး တချို့ မိန်းမတွေကတော့ အရာအားလုံးထက် သာချင် တတ်ကြသည်။

'ချင်'ကိစ္စကို မထိန်းနိုင်သော မိန်းမကား စခံရရန် လွယ်ကူ၏။ စသူရှိလျှင် ယိုင်နဲ့ ပြိုလဲရမည်သာ။

ရှိတာလေးဝတ်၊ ဖြစ်သလိုစား၊ အေး အေးဆေးဆေး နေ၊ အဆင်ပြေအောင် နားလည်မှုကိုရှာနိုင်သူအား မည်သူက အထူးတလည် စချင်လိမ့်မည်နည်း။ မရှင်၏ ဝတ်စားဆင် ယင်ပြုပြင်နေထိုင်မှုကို ရုပ်ရှင်ထဲတွင်လည်း အေးချမ်း တည်ငြိမ်စွာ ဝတ်ဆင်ပြလိုက်တော့ ဒီအမူအရာနှင့် ဒီ ဝတ်ဆင်ဟန်ကိုပင်နှစ်သက်သော မိန်းကလေးငယ်များ ပေါ်ပေါက်ခဲ့ ၏။ ထိုမိန်းကလေးငယ်များနှင့်လည်း ခင်မင် ရင်းနှီးခဲ့ရ၏။ မရှင်ဘဝမှာ ထိုပီတိမျိုးသည် မည်သည့် အားဆေးနှင့်မျှ အစားထိုး၍ မရနိုင်သော စွမ်းအားများပင် ဖြစ်သည်။

❀

www.burmeseclassic.com

www.burmeseclassic.com


'အမေ့ ဝတ်စားပြင်ဆင်မှုနဲ့ ပတ်သက်လို့ကျတော့ ခုခေတ်လို ကိုယ်ပိုင်မိတ်ကပ် ဆရာတွေဘာတွေ ထားရတာလား'

'ဘယ်ဟုတ်မလဲ သမီးရဲ့။ ကိုယ့်ဟာကိုယ် လိမ်းတာပေါ့။ အမေ့အစ်မ မမဥက ကူပေးတာပေါ့။ အမေ့ရဲ့အင်္ကျီလုံချည်ကအစ မမဥဆင်တာ'

'အမေတို့တုန်းက ဈေးဝယ်ထွက်တာတွေဘာတွေ မရှိဘူးလား'

'မရှိပါဘူးကွယ်၊ အမေ ဘယ်ဈေးမှမသွားဘူး။ ဘယ်အပ်ချုပ်ဆိုင်မှလည်း မသွားဘူး။ ဘာမှလည်း ထွက်မဝယ်ပါဘူး။ ဘယ်ပါတီမှလည်း မသွားဘူး သမီးရဲ့။ ဘုရားဖူးလည်းမထွက်ဘူး။ ဘယ်မုန့်ဆိုင်မှလည်း မသွားဘူး။ ကိုယ့်ဟာကိုယ် မသွားချင်လို့ မသွားတာဆိုတော့ အိမ်ထဲမှာနေရတာလည်း မပျင်းပါဘူး။ အမေ့အတွက်တော့ မမဥက အရာရာလုပ်ပေးတာပဲ။ အမေ့ရဲ့ကျေးဇူးရှင်ပါ'

❀

မရှင်၏ကျေးဇူးရှင်များမှာ လူပုဂ္ဂိုလ်များသာမက နေရာများလည်း ပါဝင်ခဲ့လေသည်။

*'x x x စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးသာယာ ပေ x x x စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးသာယာ ပေ x x x စိမ့်ကြီးမြိုင်ကြီး*

www.burmeseclassic.com

www.burmeseclassic.com



*ရိပ်ကြီးမာလာ ပန်းနဲ့ စမ်းငွေရိပ်အောက်ခြေ အပန်းဖြေလို့*
*နေ x x x ကျင်လည်တဲ့ဘုံတွေ သန်းခေါင်ခြေ လေပြည်လေး*
*တသင်းသင်း တိုက်လို့နေ x x x ခင်လေ ထင်ရာမြင်ရာငေးလို့*
*တွေးမိပေ'*

မရှင်၏ ဘဝတစ်သက်တာမှာ ချောင်းဝန်းရွာကလေးသည်လည်း စစ်အတွင်းက မမေ့နိုင်စရာ နေရာကလေးဖြစ်ခဲ့သည်။ 'လှဲ့လှဲ့ဝင်း'သီချင်းထဲမှာ စာသားကလေးတွေအတိုင်း မရှင်တစ်ယောက် 'ထင်ရာမြင်ရာ ငေးလို့သာတွေး' နေရသော နေရာဖြစ်သည်။ ဘာဆိုဘာမှ လုပ်စရာမရှိ။ မနက်မိုးလင်းလာလျှင် ဘုရားရှိခိုး၊ ဘုရားစာရွတ်၊ ဆုမွန်ကောင်းတောင်း၊ သားအဖတစ်တွေစားရန် ရှိတာလေးကို ချက် ပြုတ်စားသောက်ပြီးတာနှင့် ဘာမှလုပ်စရာမရှိတော့။

အားလပ်နေသောအချိန်မှာ မရှင် စာတွေဖတ်ရ၏။ သီချင်းတွေ ပြန်ဆိုကျင့်ရ၏။ ပြီးတော့ ရွာနီးချင်းများထံမှာ စစ်သတင်း စုဆောင်းရ၏။

'စစ်' ဆိုတာ အလွန်ကြောက်ဖွယ်ကောင်းလှသော 'မီး'တစ်မျိုးပါပဲ။ မရှင်တို့တွေ အလုပ်ပျက်၊ အကိုင်ပျက်၊ စီးပွားပျက်။ ချစ်သူခင်သူ လုပ်ဖော်ကိုင်ဖက်တွေလည်း ဘယ်ဝယ်ဘယ်ဆီ ရောက်ကုန်ကြသည်မသိ။

*'လှဲ့လှဲ့ရယ်ဝင်းလို့နေ စန္ဒာယုန်မင်းရေ x x x ဟိုကျွန်းဒီကျွန်း သင်ယွန်းကာလေ ခင့်ကိုယ်စားရှာချေ'* လို့များ သီချင်းဆိုရမည်လား မသိ။

www.burmeseclassic.com

www.burmeseclassic.com



မရှင် လွမ်းနေသည်။ ဘယ်သောအခါများမှ သီချင်းတွေ ပြန်ဆိုရမည် မသိ။ ရုပ်ရှင်ဇာတ်ကားတွေ ပြန်ရိုက်ရမည် မသိ။ ဟိုး နိုင်ငံရပ်ခြားတွေမှာလိုများ အရွယ်ရောက်ပြီး အမျိုးသားမှန်သမျှ စစ်တပ်ထဲဝင်ရဦးမည်လားမသိ။ မန္တလေးတစ်ဝိုက်မှာတော့ စစ်မီးဟုန်းဟုန်းတောက်ဟု ပြောရမလောက်ပင် ဗုံးတွေချခံရ မီးတွေလောင်ရနှင့်။ တစ်စ တစ်စ အလုပ်ပျက်အကိုင်ပျက် စီးပွားပျက်ဆိုတာထက် ရှိသမျှ တိုက်တာအိမ်ခြေအဆောက်အအုံတွေလည်း ပျက်ခဲ့ကြရသည်။ ဖြေနိုင်တာတစ်ခုကတော့ 'အများနည်းတူ' ဟူ၍ပင်။

စစ်ပြေးခဲ့ကြသော အုပ်စုများထဲမှာ တချို့ယောက်ျားလေးများက စစ်ထဲဝင်ကြသည်။ သုံးလေးလမျှ မကြာသေး၊ ရှေ့တန်းမှာ ကျသွားပြီဟု ကြားရသည်။ ကျန်ရစ်သော မိသားစုတွေထဲမှာ အမေတွေ၊ အစ်မတွေ၊ ညီမတွေ၊ ချစ်သူတွေ၏ သောကမီးတို့ ပြာကျသည်အထိ လောင်မြိုက်ကြရသည်။

နောက် အပူမီးကတော့ ကျန်းမာရေးနှင့်ပတ်သက် သော စိုးရိမ်သောကမီး။ စစ်သည်ရောဂါအမျိုးမျိုးကို သယ်ဆောင်လာ၏။ ဆေးဝါးခါတ်စာများကိုတော့ ရှားပါးစေ၏။ ကုသသူလည်း ရှာဖွေရန်ခက်စေ၏။ ထိုဒုက္ခကို မရှင်တို့မိသားစု မျက်ဝါးထင်ထင် ခံစားခဲ့ကြရသည်။ မရှင်တို့၏ ရွှေတောင်ကြီးသဖွယ် ဖခင်ကြီးသည် စစ်အတွင်းမှာပင် ဆုံးပါးခဲ့ရသည်။ 'အဖေကြီးရယ်...စစ်ကြောင့်သာမဟုတ် ရင်

www.burmeseclassic.com

www.burmeseclassic.com


ရန်ကုန်လိုမြို့ကြီးမှာ အဖေကြီးကို ရအောင်ကုမှာပေါ့’ ဟု ယူကျုံးမရ ဖြစ်ရသည်။

စစ်က မရှင်ကို အသိတရားနှစ်ခု ပေးလိုက်သည်။ တစ်ခုက လုပ်နိုင်ကိုင်နိုင်တုန်းအချိန်မှာ စိစိစစ်စစ်သုံးစွဲ စုဆောင်းရန်ဖြစ်သည်။ ထိုကိစ္စသည် လူအားလုံးအတွက် အလွန်ကို လိုအပ်လှသည်။ မရှင်သာ ရပ်ရှင်ရိုက်ရတုန်းက ပျော်ပျော်ပါးပါး မော်မော်ကြွားကြွားနေပြီး မယယ်ရရ စုဆောင်းမထားနိုင်ခဲ့ဘူးဆိုလျှင် စစ်တွင်းတစ်လျှောက်လုံး မရှင်တို့ အငတ်ငတ်အပြတ်ပြတ် ဖြစ်နေမှာ သေချာသည်။ မမဥက အထိန်းအသိမ်းတော်ပြီး မရှင်က ကြိုးစားနိုင်ခဲ့သည့် အတွက် အခြေအနေမပျက် နေနိုင်ခဲ့သည်။ ထိုအသိတရား သည် မရှင်ကို ဆက်လက်ကြိုးစား စုဆောင်းရန် အစဉ်ပေး နေသော အသိတရားဖြစ်သည်။

နောက် အသိတရားတစ်ခုက မရှင်၏ ရင်ထဲမှာ စစ်သားကလေးတွေကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပြီး သနားလည်းသနား၊ အားလည်းအားကိုးနေခဲ့မိခြင်းပါပဲ။ နိုင်ငံ တကာစာပေတွေထဲမှာ နိုင်ငံကျော်ရုပ်ရှင်မင်းသားတွေ၊ အဆို တော်တွေလည်း သူ့နှစ် အကန့်အသတ်နှင့်သူ စစ်မှုထမ်း ရသည်။ မရှင်တို့ဆီမှာတော့ အဲဒီလိုမဟုတ်။ မရှင်တို့တွေ စိတ်အေးလက်အေးနှင့် အလုပ်လုပ်နိုင်ရန် စစ်သားကလေး တွေ တာဝန်ကျေကြပေသည်။ ချောင်းဝန်းရွာမှာနေရင်း မရှင် ရခဲ့သော အသိများသည် မရှင်၏အနာဂတ်လုပ်ငန်းများကို

www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်ပင် အထောက်အကူပြုလေတော့သည်။ စစ်အေးပြီဆိုတော့ အေဝမ်းမိသားစုက မရှင်ကိုလှမ်း၍ အကြောင်းကြားသည်။ မရှင်နှင့်မမဥတို့ ရန်ကုန်သို့ ပြန်ကြသည်။ ရန်ကုန်အပြန်တွင် အဖေကြီးမပါတော့။ ဒါပေမယ့် မရှင်၏အစ်မ ဒေါ်ပွားရင် မွေးသော သားငယ် မောင်အောင်ချွန်ကို ခေါ်ခဲ့ရသည်။ မရှင်တို့ညီအစ်မနှစ်ယောက်နှင့် တူကလေးမောင်ချွန်တို့ အေဝမ်းခြံထဲမှာပင် အိမ်ကလေးတစ်လုံးနှင့် လုံခြုံစွာနေခွင့်ရသည်။ စစ်ပြီးစအချိန် အစစအရာရာရှားပါးသောခေတ်ကြီးမို့ ရုပ်ရှင်ကားတစ်ကားရိုက်ရန် အတော်ပင်အချိန်ယူခဲ့ကြရသည်။ စစ်ပြီးခေတ်မှာ ပထမဆုံး စ၍ရိုက်သောကားသည် 'ချိန်တန်ပြီ' ဖြစ်သည်။ မင်းသားကတော့ ကိုပုတုနှင့်ပင်ဖြစ်သည်။ စစ်ကြီးပြီးခါစအချိန် အပျော်အပါးကြိုက်တတ်သော မြန်မာလူမျိုးတို့ ရုပ်ရှင်ငတ်နေသော အချိန်မို့ ချိန်တန်ပြီသည် အောင်မြင်သင့်သလောက် အောင်မြင်ခဲ့သော ကားဖြစ်သည်။ ထိုကား အောင်မြင်သော်လည်း နောက်တစ်ကားဆက်ရိုက်ရန် အခြေအနေအမျိုးမျိုးကို စောင့်ဆိုင်းရသည်။ ကားရိုက်စောင့်နေရချိန်တွေကြာလာတော့ မရှင်က အေဝမ်းမိသားစုကို အားနာလာသည်။

ထိုစဉ်က အလုပ်လုပ်ရတာ စာချုပ်နှင့် လခနှင့် ဖြစ်သည်။ စစ်မဖြစ်မီ စစချင်း ဇာတ်ကားတွေရိုက်တော့ တစ်လကို ၇ဝိ(ခုနစ်ဆယ်ကျပ်) စ၍ရသည်။ နောက်တော့ တစ်ဆယ်စီတိုးပေးသွားသည်။ ၈ဝိ/...၉ဝိ/...။ ထိုခေတ်က ငွေတွေ

www.burmeseclassic.com

www.burmeseclassic.com


ကို တန်ဖိုးကြီးသည် ခေါ်မလား။ အလွန်အသုံးခံသည်။ မရှင်တို့ သားအဖသုံးယောက် ကောင်းကောင်းနေပြီး ကောင်းကောင်းစားတာပင် စုနိုင်ဆောင်းနိုင်သည်။ ရုပ်ရှင်ရိုက်၍ ရသောလခအပြင် သီချင်းဆို၍ရသော ဝင်ငွေကလေးက လည်း ရှိသေးသည်ပင်။ ထိုစဉ်က ဓာတ်ပြားတစ်ချပ်သွင်း လျှင် ငွေတစ်ရာကျပ်ရသည်။ သီချင်းတစ်ပုဒ် ဓာတ်ပြား သွင်းရုံမျှဖြင့်ရသော ထိုငွေကို မရှင်က လွန်စွာတန်ဖိုးထားပြီး စုဆောင်းခဲ့သည်။ သီချင်းပုဒ်ရေများများဆိုနိုင်တာကို ငွေရ သည်ထက်ပို၍ ဂုဏ်ယူမိခဲ့သည်။ ပိုပြီးတော့လည်း ပျော်ရွှင် သည်။ မရှင်က သီချင်းဆိုနေရလျှင် ပျော်နေတာကိုး။

သီချင်းနဲ့အသံတို့သည် မရှင်၏ ဘဝအစိတ်အပိုင်း တစ်ခုကို ထူထောင်ပေးလိုက်ပြန်လေပြီ။ မြန်မာ့အသံတွင် အစီအစဉ်ကြေညာသူဝန်ထမ်းအဖြစ် အလုပ်တစ်နေရာ။ ဝန်ကြီးဦးထွန်းဝင်း၊ သခင်ချစ်မောင်တို့လက်ထက်မှာ ဖြစ် သည်။ အလုပ်လုပ်ရတာ၊ သွားရလာရတာတွေ အဆင်ပြေလှ သည်။ ရုံးက ကြိုပို့ယာဉ်ရှိသောကြောင့် သွားရလာရတာ မရှင်အတွက် ဘာအနှောင့်အယှက်မှ မရှိ။ ပတ်ဝန်းကျင် တစ်မျိုးနှင့် ထပ်မံထိတွေ့ခွင့်ရတာကိုလည်း သဘောကျလှ သည်။

မြန်မာ့အသံမှာ အလုပ်လုပ်ရတာ စည်းကမ်းရှိလှသည်။ သူ့အချိန်နှင့်သူ စံတော်ချိန် ကိုက်အောင်ကို လုပ်ရသည်။ ငေးခွင့်၊ တွေးခွင့် မရှိ။ အစီအစဉ်ကြေညာရတာကိုလည်း

www.burmeseclassic.com

www.burmeseclassic.com


သဘောကျသည်။ အထူးသဖြင့် ၁၉၅၀–၅၁ ပတ်ဝန်းကျင် လောက်က မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးစဆိုတော့ ငြိမ်းချမ်းမှုကို ကောင်းစွာမရနိုင်သေးပေ။ တစ်နိုင်ငံလုံး ရောင်စုံသောင်းကျန်သူတွေကြောင့် ပြည်တွင်းစစ်တွေလည်း ဖြစ်နေခဲ့သည်။ အစိုးရက လွတ်ငြိမ်းချမ်းသာခွင့်ပြုမည့် အကြောင်း၊ အခွင့်အလမ်းတွေပေးမည့်အကြောင်း အလင်း ဝင်ရန် ရေဒီယိုမှ အသံလွှင့်ကြေညာပေးရသည်။

မရှင်မှာ ခံစားချက်တွေရှိခဲ့သည်။ စစ်အတွင်းက ခံစား ချက်တွေပေါ့။ မရှင်သည် နိုင်ငံရေးအကြောင်း ဘာတစ်ခုမှ နားလည်သူမဟုတ်။ ဘယ်အစိုးရ ဘာတွေလုပ်သည်ဆိုတာ တွေကို ဝေဖန်ဖို့ပြောဖို့ထက် မရှင်၏ စိတ်ထဲမှာ လက်တွေ့ ကျကျခံယူထားသော ခံစားမှုနှင့် အလုပ်လုပ်ခဲ့သည်။ 'စစ်' ဆိုသော အရာကို မရှင် မုန်းခဲ့၏။ စစ်ကြောင့် အမျိုးမျိုး ပျက်စီးခဲ့ရ၏။ စစ်ကြောင့် ဒုက္ခတွေ ရောက်ခဲ့ကြ၏။ ထိုစစ် ကို ဖန်တီးသူများက တိုင်းတစ်ပါးသားတွေ။ သူတို့ ကောင်းစားရေးအတွက် ဘယ်သူ့ကိုမှ မညှာတာ၊ မစာနာ၊ ရန်ပြုစစ်ခင်းခဲ့ကြ၏။ မရှင်တို့အပြစ်မဲ့သူတွေသာ ဒုက္ခ ရောက်၊ ပျက်စီး၊ ဆုံးရှုံး၊ ချစ်ရသူတို့နှင့် ကွေကွင်းခဲ့ရသည်။ အခု သူတို့မရှိတော့။ မရှင်တို့ တစ်မြေတည်းနေ၊ တစ်ရေ တည်းသောက် ညီအစ်ကိုမောင်နှမတွေ အဘယ်ကြောင့်များ စိတ်ဝမ်းကွဲပြားရမည်နည်း။ တစ်ပါးသူကြောင့်ပဲဖြစ်ဖြစ်၊ ကိုယ့်အချင်းချင်းပဲဖြစ်ဖြစ် စစ်ပြီပြီဆိုလျှင် အားလုံးနစ်နာသုံး

www.burmeseclassic.com

www.burmeseclassic.com



ရှုံးရသည်သာ။ မရှင်၏ရင်ထဲမှာ ထိုအတွေးက ခိုင်မာနေ သည်။ ထိုအခံစိတ်နှင့်ပင် မရှင် တာဝန်ယူရသော အသံလွှင့် အစီအစဉ်မှာ အကောင်းဆုံးဖြစ်အောင် ပြောပေးခဲ့သည်။ သီချင်းတစ်ပုဒ်လည်း ဆိုခဲ့သည်။ ထိုသီချင်းသည် မရှင်ဆိုခဲ့ သော သီချင်းပေါင်းအပုဒ် ၈၀ ကျော်ထဲတွင် မရှင် အကြိုက် ဆုံးသီချင်းလည်းဖြစ်ပါသည်။

ထိုသီချင်းကို မရှင် မဆိုခင်ကတည်းက စိတ်ဝင်စား ခဲ့တာဆိုရင် ဘယ်သူမှ ယုံကြမည်မဟုတ်။ ဆရာရွှေပြည် အေးကို မရှင် တောင်းပန်ခဲ့သည်။

'ဆရာရယ်... မရှင်ကို သီးသန့်သီချင်း လေးတစ်ပုဒ် ရေးပေးပါ။ စစ်သားတွေ စစ်မတိုက်ချင်အောင်လေ'ဟု ပြောတော့ ဆရာက ပြုံးသည်။

ဆရာ့အနုပညာစွမ်းသည် အံ့မခန်းပင်။ 'မရှင်အသံ၊ မရှင်အာနဲ့လိုက်အောင် ရေးထားတာ'ဟုပြောပြီး ဆိုပြတီးပြ သည်။ ဆရာ့စန္ဒရားလက်သံက ကောင်းလိုက်တာ။ ကြည် ရှင်းပြီး စန္ဒရားလက်သံသက်သက်သည် စည်းဝါးနှင့်ချည်း သက်သက် နားထောင်သူတို့၏ အသည်းနှလုံးကို အေးမြစေ သည်။

*'စစ်သွေးတွေက တဝေဝေ x x x ချစ် ရေးခက်ခဲ့သူမ*
*လေ ပူနေ နှင်းမှုန်ခြွေ x x x လေပြည်သွေးချိန်မို့ x x x*
*မေ့တစ်ကိုယ်ချင်း မျှော်ရင်းမှာလေ စစ်ခင်းသူရေ x x x*
*အသည်း ရင်တွင်း ထင်မြင်လာမိသလေ x x x ဖော်ရွှေ*

www.burmeseclassic.com

www.burmeseclassic.com



*မျှော်နေမယ့်ချစ်သူ x x x တစ်ပါးပေမို့ ခွင့်လွှတ်ကာတား မတားရက်ပေ x x x'*

မရှင်ကို ဆရာက အဆွဲအငင် အဖြတ်အတောက်မှန်အောင် သေချာစွာ သင်ပေးသည်။ အသံကို အေးအေးကလေး ထား၍ဆိုရန် သတိပေးသည်။

*'လွမ်းသူရဲ့ သဝဏ်ကိုယူကာ x x x စစ်မြေတလင်းမှာ ကွယ် ချစ်နေရင်းသူကလေးသို့သာ ပေးပါတော့ ငှက်ကျေးရွှေတမာ'*

မရှင်က ကျေးစေတမန်သီချင်းကိုဆိုရင်း ညောင်ရမ်းခေတ်က တောင်တွင်းရှင်ငြိမ်းမယ်ကို သတိရမိသည်။

စစ်သံကြားလျှင် ဓားကိုပိုက်၍ အိုးစားဖက်ကို လိုက်ရှာလေသောချစ်သူကို စစ်ထွက်မသွားရန် အမျိုးမျိုးတား၏။

စစ်တိုက်ထွက်ရာမှာ နှမလေးထက် ဖြူတဲ့သူ၊ နှမလေးထက်လှတဲ့သူကို ရမှာမို့လား။ စစ်မှာ ဘိုးဘွားမိဘ ရှိလို့လား... အိုင်ချင်းကလေးတစ်ပုဒ်ကို သတိရနေမိသည်။ နောက်ဆုံးမှာတော့ ချစ်သူလုံမပျိုကလေးက–

'စစ်သည်ပုံမှာ ကျွန်ယုံစားမို့
မောင်ကလေးမောင်သာလိုက်တဲ့
တောင်ပတ်လည်နှင့်
ဇင်းမယ်ဆိုသည်၊ ညိုတဲ့မြို့မှာ
ပျို့လွမ်းဖွယ်လေး...'ဟု လွမ်းနေရပုံ။ ရိက္ခာကနည်း၊ မိုးကသည်းနှင့် သင်းတွဲချောင်းကို ဘယ်လိုများကူးပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com


စိုးရိမ်ပုံတွေကို ညောင်ရမ်းခေတ်ဆီသို့ မှန်းဆ၍ ခံစားမိခဲ့သေးသည်။

ဆရာရွှေပြည်အေးကတော့ တေးသံအေးအေးကလေးမှာ အသံအေးအေးကလေးနှင့် ဝေးနေသောချစ်သူအတွက် ကျေးငှက်ကလေးမှတစ်ဆင့် လွမ်းစာစေလိုက်ရကြောင်း သီချင်းရေးပေးခဲ့သည်။ ဆရာ့အတွေးက ကောင်းလွန်းပြီး ဆရာ့အသင်အပြက ကောင်းလွန်းသောကြောင့် မရှင်၏အသံနှင့် လိုက်ဖက်သွားသည်။ ကျေးစေတမန်သီချင်းကို အသံလွှင့်တော့လည်း ကြိုက်နှစ်သက်ကြသည်။ မရှင်ဆီကို အဆိုတော်တစ်ယောက်အဖြစ် သီးသန့်စာတွေ ရေးလာကြသည်။ တပ်မတော်သားတွေက မရှင်အသံကလေးကြောင့် အမောပြေရကြောင်း စာတွေရေးလာကြ၊ လူကိုယ် တိုင်ရောက်လာကြတော့ မရှင် ပီတိဖြစ်ရသည်။ သူတို့တွေကို မရှင် ကျေးဇူးတင်မိသည်မှာ အလွန်ပင်။ သူတို့က ရှေ့တန်းမှာ အသက်စွန့်၍တိုက်ခိုက်ပြီး လုံခြုံမှုတွေပေးထားသောကြောင့် မရှင်တို့မှာဝါသနာပါရာ အလုပ်တွေကိုလုပ်ရင်း စီးပွားရေးတွေလည်း လုပ်နိုင်ခဲ့ကြသည်။

မှတ်မှတ်ရရ ထိုသီချင်းကိုတီးပေးသူကတော့ မရှင်အတွက် အမြဲနီးပါး တီးခတ်ပေးလာသော အေဝမ်းကိုခင်မောင်ပင်ဖြစ်သည်။ စစ်ပြီးခေတ်မှာ မရှင်၏အနုပညာလုပ်ငန်းများသည် ရုပ်ရှင်ရိုက်ခြင်းထက် သီချင်းဆိုခြင်းနှင့် မြန်မာ့အသံမှာ အစီအစဉ်ကြေညာခြင်းများပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ရိုက်ခြင်းကိစ္စကို နားထားရသည်တော့ မဟုတ်။ မြန်မာ့အသံမှ အလုပ်နားချိန်တွင် ရုပ်ရှင်ရိုက်ခွင့်ရပါသည်။ ကိုပုတုနှင့် 'ချိန်တန်ပြီ' တစ်ကားရိုက်ပြီးနောက် မဆုံဖြစ်တော့ပေ။ မောင်မောင်စိုးရုပ်ရှင်နှင့်ဆက်ပြီး ဇာတ်ကားများ ရိုက်သည်။

မောင်မောင်စိုး ရုပ်ရှင်ကုမ္ပဏီနှင့် ရုပ်ရှင်ရိုက်ရန် စီစဉ်သောအချိန်သည် မှတ်မှတ်ရရ ၁၉၅၅ခုနှစ် နှစ်ဦးပိုင်းမှာ ဖြစ်သည်။ ချိန်တန်ပြီရိုက်ပြီးကတည်းက မရှင်၏ဘဝ တစ်ဆစ်ချိုးပြောင်းကာ မြန်မာ့အသံတွင် ဝင်၍ အလုပ်လုပ်ရင်းကားရိုက်ကျဲခဲ့သည်။ မရိုက်ဖြစ်ခဲ့တာပင် လေးငါးခြောက်နှစ်နီးပါး။ မရှင်၏ပရိသတ်များက 'မေရှင် ရုပ်ရှင်မရိုက်တော့ဘူးလား'ဟု နည်းမျိုးစုံနှင့် မေးမြန်းစုံစမ်း၏။ မရှင်မှာ ပရိသတ်ရှိသေးသည်ဟု သိရသောကြောင့် ရုပ်ရှင်ပိုးတို့က တစ်ဖန်ပြန်၍ နိုးထလာသည်။

မောင်မောင်စိုးရုပ်ရှင်ကုမ္ပဏီက မရှင်ကို မင်းသားဖေယျကြီးနှင့်တွဲ၍ ပွဲထုတ်ရန် စီစဉ်ခဲ့၏။ ကမ္ဘောဇရုပ်ရှင်ဖြန့်ချိရေးအတွက် ဖြစ်သည်။ ထိုဇာတ်ကားဖြစ်လာရန် စာရေးဆရာ ဒဂုန်ဦးစန်းငွေက (Because of you) အင်္ဂလိပ်ဇာတ်ကားကိုမှီငြမ်းပြုကာ 'နှောင်ကြိုးမေတ္တာ'ဟု ဇာတ်ညွှန်းရေးခဲ့သည်။ ထိုဇာတ်ညွှန်းကိုပင် စာရေးဆရာတင့်တယ်က ပြန်လည်တည်းဖြတ်ကာ 'မေ့တွက်တာ' ဟူ သော နာမည်ဖြင့် ရိုက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မရှင်၏ဘဝတွင် 'မေ့တွက်တာ' ဇာတ်ကားသည် ရုပ်ရှင်ရိုက်ကူးခြင်း၏ ဒုတိယဘဝဟုဆိုနိုင်သည်။ ချိန်တန်ပြီ ရိုက်ပြီးနောက် 'ချစ်ပန်းဝေ'ရိုက်ရင်း ရုပ်ရှင်မရိုက်ဖြစ်တော့သည့်အချိန်ကာလတွေ အတန်ကြာခဲ့သည်။ မြန်မာ့အသံမှာ အေးအေးချမ်းချမ်းနှင့် အစီအစဉ်ကြေညာရတာလည်း သဘောကျစရာ။ ဝန်ထမ်းဘဝကလေးကလည်း နှစ်သက်စရာမို့ အေးအေးဆေးဆေးပဲ မြန်မာ့အသံမှာ အလုပ်လုပ်တော့မည်ဟု စိတ်ထဲမှာ ဆန္ဒတော့ရှိမိသည်။ ဒါပေမယ့် မရှင်မှာ ရုပ်ရှင်ပိုးက ရှိနေသေးသည်။

'မေ့တွက်တာ' ဇာတ်ကားကို ထူးထူးခြားခြား ဒါရိုက်တာလေးဦးနှင့် ရိုက်မည်ဆိုတာကိုလည်း မရှင်သဘောကျနေသည်။ ဦးမောင်မောင်စိုးက ဇာတ်လမ်းဇာတ်ကွက်နှင့် စကားပြောခန်းကို စီစဉ်သင်ပြသည်။ ဦးချင်းစိန်က ရိုက်ကွင်းရိုက်ကွက်၊ ဆက်တင်အခမ်းအနား၊ ကိုယ်ဟန်အနေအထားတို့ကို ညွှန်ကြားသည်။ ဦးလှမောင်(သာဂေါင်ကြီး) က ခတ်ပုံဆရာပီပီ ခတ်ပုံအနေအထား၊ အလင်းအမှောင်တို့ကို ကြီးကြပ်၏။ ဦးမောင်မောင်က အသံဖမ်းအင်ဂျင်နီယာအဖြစ် အသံဘက်က တာဝန်ယူသည်။

ပရိသတ်က ဒါရိုက်တာလေးဦးကို စိတ်ဝင်စားခဲ့သလို ပရိသတ်၏ပါးစပ်ဖျားတွင် 'ရိုးရိုးကြီးဖေယျ'ဟု ရေပန်းစားနေသူ ပုဆိုး တိုတိုဝတ်၊ တိုက်ပုံအင်္ကျီနှင့် ဆေးတံကြီးခဲလျက် အရပ်အမောင်းကောင်းကောင်း အလွန် မြန်မာဆန်သူ

www.burmeseclassic.com

www.burmeseclassic.com



ဇေယျကြီးကိုလည်း နှစ်သက်ခဲ့ကြသည်ပင်။ မရှင်ကတော့ ပရိသတ်များ မျှော်လင့်တောင့်တနေသော မင်းသမီးအဖြစ် တစ်ခေတ်ဆန်းရသည်။ ထိုစဉ်က မရှင်အတွက် ကြော်ငြာများသည်လည်း စိတ်ဝင်စားဖွယ်ပင်။ သတင်းစာကျောဘက်ဖုံး တစ်ခုလုံးအပြည့် ကာတွန်းများဆွဲ၍ ကြော်ငြာသည်။ ကာတွန်းဖေသိန်း၊ ကာတွန်းအောင်ရှိန်တို့၏ လက်ရာများကို ကလေးလူကြီး နှစ်သက်စွဲမက်ခဲ့ကြသည်။

ရုပ်ရှင်ရုံတွင် တင်ခါနီးတော့ စက္ကူချောဖြင့် ရောင်စုံ ပုံနှိပ်ထားသော လက်ကမ်းကြော်ငြာတွင်လည်း 'မရှင် လာပြီ' တေးထပ်ကို ပုံနှိပ်ထားသေးသည်။

*'မရှင်... မရှင် လာပါတော့လို့*
*အခါခါမော့ ရှမ်းဆရော်...*
*တစာစာနော့ ... လွမ်းတမျှော်တယ်*
*လွမ်းရသနော် မျှော်လေတိုင်း*
*မေ့တွက်တာဖြင့် ပြန်ထွက်လာပြီ'* ဆိုသော တေးထပ် ကို ပရိသတ်များကလည်း လိုက်ဆိုခဲ့ကြသည်။

*'မျှော်ကိုးရတဲ့ မန်းမရှင်ကို လွမ်းဖြေချင် မေ့တွက်တာတဲ့လေး...'* ဟုဆိုသော အသံများကို မရှင် ပြန်ကြားရသောအခါ စိတ်အားတွေလည်း တက်ကြွရသည်။ ရုပ်ရှင်ရိုက်ရင်းလည်း ပျော်ခဲ့ရသည်။ မြန်မာ့အသံတွင် မရှင် ဖျော်ဖြေခန်းမှလည်း မေ့တွက်တာ သီချင်းနမူနာများကို ဖျော်ဖြေခဲ့ရသေးသည်။ 'မယ့်ဝတ္တရား' နှင့် 'ရွှေသွေး'

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သီချင်းတို့သည် ရုပ်ရှင်ကား ရုံမတင်ခင်မှာပင် ပရိသတ်က လိုက်ဆိုနိုင်ခဲ့လေသည်။

ပထမဦးစွာ မင်းသားဇေယျနှင့် 'မေ့တွက်တာ' ဇာတ်ကားကိုရိုက်သည်။ ထိုကားပြီးတော့ မင်းသားဇေယျ၊ မြင့်အောင် (မို့မို့မြင့်အောင်တို့ အဖေ)၊ မြင့်မြင့်ခင်တို့နှင့် 'ချစ်ညီမ' ကားကို ဆက်ရိုက်သည်။ နောက်တော့ မင်းသားကျော်ဆွေနှင့် 'ထား' 'သစ္စာရှင်' ဇာတ်ကားများ ဆက်ရိုက်သည်။

မရှင်နှင့်မမဉတို့ ချွေတာစုဆောင်းပြီး ကျစ်ကျစ်လျစ်လျစ်နေကာ ကိုယ်ပိုင်အိမ်လေးတစ်လုံး ဆောက် ဖြစ်အောင် ကြိုးစားခဲ့ကြသေးသည်။ တူကလေး မောင်အောင်ချွန်ကလည်း လိမ်လိမ်မာမာကလေးမို့ အားကိုးရသည်။ မရှင်က မြန်မာ့အသံမှာ အစီအစဉ်ကြေညာလိုက်၊ သီချင်းဆို လိုက်၊ ရုပ်ရှင်ရိုက်လိုက်နှင့် နေ့နှင့်ည အလုပ်နားရသည်ဟူ၍ မရှိ။ တူကလေးကိုလည်း ကျောင်းထားပေးရသေးသည်။ ဆယ်တန်းအောင်ပြီးတော့ ရန်ကုန်မှပင် ဗိုလ်သင်တန်းကို ပို့ရသည်။ စမ်းချောင်းမြို့နယ်ထဲက အောင်သပြေလမ်းထဲမှာ မြေနေရာကလေးဝယ်ပြီး တစ်ထပ်အိမ်ကလေးတစ်လုံးကို စိတ်တိုင်းကျ ဆောက်။ ထို သစ်သားအိမ်ကလေးသည် အေးချမ်းလှသည်။ မိန်းမသားတစ်ယောက်၏ ဖြူစင်သန့်ရှင်းသော ကြိုးစားမှု၊ စုဆောင်းမှုတို့ကြောင့် ထိုခေတ်က 'သုံးသောင်း' ခန့်ကုန်ကျသော အိမ်ကလေးကိုကြည့်ပြီး မရှင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပီတိဖြစ်ခဲ့ဖူးပါသည်။ ရုပ်ရှင်ရိုက်သောစနစ်သည် နောက်ပိုင်းမှာ တဖြည်းဖြည်းနှင့် ပုံစံပြောင်းလာ၏။ ကန်ထရိုက် စနစ်နှင့် စာချုပ်ကိစ္စမျိုး မဟုတ်တော့ဘဲ ဇာတ်ကားတစ်ကား ကို ငွေနှစ်သောင်းအထိ ရခဲ့ဖူးသည်။ အပျော်အပါး၊ အမော် အကြွားနှင့် အလောင်းကစားမရှိလျှင် ထိုငွေသည် တင့်တယ်စွာ နေထိုင်နိုင်သည်သာ။

မြန်မာ့အသံမှာ အလုပ်လုပ်ခဲ့သော ၇ နှစ် ကာလတွင် မရှင်အတွက် အမှတ်တရဖြစ်ဖွယ် ဂုဏ်ပြုမှုတစ်ခုကို ရရှိခဲ့ သည်။ မျှော်လင့်မထားဘဲ ရလာခဲ့တော့ အံ့သြဝမ်းသာ ဖြစ်ရ ပြီး ဂုဏ်လည်းယူမိသည်။ 'ဝဏ္ဏကျော်ထင်'ဘွဲ့။ ထိုဘွဲ့နှင့် အတူ ရွှေပုရပိုက်ခေါက် သုံးကျပ်သားတံဆိပ်တစ်ခုကိုလည်း ရခဲ့သည်။ သမ္မတကြီးမန်းဝင်းမောင်ကိုယ်တိုင် ချီးမြှင့်ခဲ့သော ဆုလည်းဖြစ်သည်။

သတင်းစာတွေထဲမှာ မရှင်၏ဓာတ်ပုံတွေ ပါလာပြန် တော့လည်း ပရိသတ်များထံမှ ဝမ်းသာကြောင်းစာတွေ ရရှိ ပြန်သည်။ မရှင်၏စိတ်ဓာတ်ကို မြင့်မားအောင် ဦးဆောင်နေ သူများမှာ မရှင်၏ပရိသတ်များပင် ဖြစ်ပေသည်။ မရှင်ကို ဘယ်ဒါရိုက်တာနှင့်၊ ဘယ်မင်းသားနှင့်တွဲ၍ ဘယ်လို ဇာတ်ကားမျိုးရိုက်ပါ၊ ဘယ်သူနဲ့ဆို မရိုက်ပါနဲ့... စသည်ဖြင့် စိုးရိမ်ပူပန်သော အမျိုးသမီးပရိသတ်များထံမှလည်း ညီအစ်မ ချင်း စာနာစိတ် မေတ္တာမျိုးကို ခံယူခဲ့ရပါသည်။

မရှင် တွေးမိ၏။ မိဘနှင့်သားသမီးပဲ ဆိုပါတော့။ မိဘက ဧည့်သည်တွေရှေ့မှာ 'ကျွန်မသမီးလေး သိပ်လိမ္မာတာ၊

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အိမ်မှုကိစ္စဆိုလည်း အကုန်လုပ်တာပဲ။ လူကြီး စကားလည်း အင်မတန် နားထောင်တဲ့ သမီး' ဟု ချီးကျူးလိုက်လျှင် ထိုသမီးသည် ပို၍ ပို၍ လိမ္မာအောင်သာ ကြိုးစားရတော့သကဲ့သို့ပင်။ မရှင်ထံသို့လာသောစာများမှာ မရှင် ကျန်းမာရေးကြောင်း၊ အနေအထိုင် သိုသိပ်ကြောင်း၊ သိမ်မွေ့ကြောင်းတွေ ရေးကြ၊ စာစောင်တွေမှာလည်း မရှင်ကို အမျိုးမျိုးဂုဏ်ပြု ချီးကျူးကြသောအခါ မရှင်သည် ထိုနာမည်ကလေးကို မြတ်နိုးခုံမင်စွာပင် ဆက်ကာ ဆက်ကာ ထိန်းနိုင်ရန် ကြိုးစားရတော့သည်။

မြန်မာ့အသံမှာ ဆက်၍အလုပ်လုပ်ရင်း ဇာတ်ကားများလည်း ဆက်၍ရိုက်ဖြစ်သည်။ ဒါရိုက်တာဦးသုခနှင့် 'သားတို့ရုပ်ရည်' ဇာတ်ကားကို ရိုက်သည်။ မင်းသားဇေယျကြီးနှင့်ဖြစ်သည်။ ဦးသုခကို မရှင်က ကိုသုခဟု ခေါ်သည်။ အသက်အရွယ်အားဖြင့် ကိုသုခက မရှင်ထက်ကြီးသည်။ ပညာလည်း အလွန်ပြည့်ဝပြီး အပြောအဟောကောင်း၊ အဆိုကောင်းသည့်အပြင် စာရေးကလည်း ကောင်းပြန်တော့ ကိုသုခသည် ဘက်စုံထူးချွန်သော ဒါရိုက်တာ တစ်ယောက်ပင်ဖြစ်သည်။ ကိုသုခကိုတော့ ကိုပုတုလောက် သိပ်ရိုရိုသေသေကြီး မဆက်ဆံမိပေ။ သူငယ်ချင်းတွေလို ရွယ်တူတွေလို ဆက်ဆံဖြစ်သည်။ စကားတွေပြောကြ၊ သီချင်းတွေဆိုကြနှင့် နောက်ပိုင်းမှာရိုက်ရသော ဇာတ်ကားများအတွက် မရှင် ကျေနပ်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မရှင်မှာ ဘယ်မင်းသားနဲ့မို့ မရိုက်ဘူး၊ ဘယ်သူနှင့်မှ ရိုက်မည်ဆိုတာမျိုးတော့ မရှိခဲ့ပါ။ ဒါရိုက်တာတွေကလည်း ကိုယ့်မင်းသမီးကို ဘယ်ဇာတ်ရုပ်၊ ဘယ်ဇာတ်လိုက်နှင့် သင့်မည်ဆိုတာ အလွန်သိကြသည်။

မရှင်ရိုက်ခဲ့သော ဒါရိုက်တာများ၏ အရည်အချင်းကို သိသောကြောင့်လည်း ဇာတ်ကားတစ်ကားရိုက်ပြီဆိုလျှင် ဒါရိုက်တာ၏ အလိုကျ၊ ဒါရိုက်တာခိုင်းစေသမျှ အတိအကျ သရုပ်ဆောင်ခဲ့သည်။ 'ဘာမလုပ်ချင်ပါဘူး' ဆိုပြီး မရှင် ဘယ်တော့မှ ကြေး(ဈေး)မများခဲ့။

တစ်ကြိမ်တစ်ခါသာပါပဲ။ ကိုပုတုနှင့် ကြေးများခဲ့ဖူးသည်။ တစ်သက်စာအမှတ်တရဖြစ်ဖွယ် ကြေးများမှုကြီးပင်။ ထိုစဉ်က မရှင် မြန်မာ့အသံမှာ အလုပ်လုပ်နေပြီ။ နေတာကတော့ အေဝမ်းခြံမှာနေဆဲပင်။ ညနေထမင်းစားပြီးကြတော့ ကိုပုတုက–

'မရှင် ဇာတ်ကားတစ်ကား လာကြည့်ပါလား၊ တို့ပြန်ရိုက်ရအောင်'ဟု ဆိုသည်။ ကုလားကားဖြစ်သည်။ ဇာတ်ကားကို သွားကြည့်တော့ ကြည့်ရင်းကြည့်ရင်းပင် ပျင်းလာသည်။ မင်းသမီးကို မိတ်ကပ်တွေနှင့် အဘွားကြီးလုပ်ထားသည်။ မရှင်က ထိုကားကိုကြည့်ပြီး စိတ်မဝင်စားပေ။ ထို့ကြောင့် ပွင့်ပွင့်လင်းလင်းပင်–

'မရိုက်ချင်ပါဘူး ပျင်းစရာကြီး'ဟု တုံ့ပြန်သည်။

ကိုပုတုက–

www.burmeseclassic.com

www.burmeseclassic.com



'နင် ဘာသိလို့တုံး။ ကားက မင်းသမီးကား။ ငါတောင် အလိုလိုနေရင်း ဗီလိန်ဖြစ်ရဦးမှာ'ဆိုလည်း မရှင်က မသိသား ဆိုးဝါးစွာ–

'ဟင့်အင်း... ပျင်းပါတယ်' ဟုသာ ပြောသည်။

'နင် စိတ်ကူးမလွဲနဲ့နော်။ ဒီကားမျိုးရအောင် ရှာလိုက်ရတာ နင်ဘာသိလို့တုံး'

'အို... မရှင်မှ မကြိုက်တာ မရိုက်ချင်ပါဘူး'

မရှင်က ဇွတ်ပင်ငြင်းမိ၏။ ကိုပုတုကလည်း ရိုက်စေချင်။ မရှင် ဘယ်လိုပင်ငြင်းသော်လည်း ဒီဇာတ်ကားကို ကိုပုတုက အလွန်သဘောကျနေသောကြောင့် မြန်မာအမည်ပင်ပေးလိုက်ပြီ။ 'ချစ်သက်ဝေ' တဲ့။

မှတ်မှတ်ရရ...။ ကိုပုတုခမျာ နောက်ဆုံးကြိုးစားမှုအနေနှင့် ဒေါ်ညွန့် (သိန်းဇော်တို့ အမေ)ကို လွှတ်လိုက်ပြန်သည်။

'မရှင် စိတ်ပြေသွားပြီလား။ မရိုက်ချင်ဘူးပြောတာ ပြင်ပြောဦးမလား။ လက်ကိုင်ပဝါ (ဇာတ်ဝင်ခန်းသုံး) နာမည်ထိုးတော့မှာတဲ့။ ကိုပုတုက လွှတ်လိုက်လို့' ဆိုလည်း မရှင်ကတော့ 'ဟင့်အင်း' က မပြောင်းလွဲ။

'ဒေါ်ညွန့်ရယ်၊ မရှင် မရိုက်ချင်လို့ပါ။ တခြားမင်းသမီးတစ်ယောက်နဲ့သာ ရိုက်လိုက်ပါတော့လို့ ပြောပေးပါ'ဟုသာ မှာလိုက်သည်။

ထိုနှစ်က အကယ်ဒမီတွေ စပေးသည့်နှစ်။ ရွှေကြည် (ကြည်ကြည်ဌေး)၏ ပထမဆုံးကား။ ထို ချစ်သက်ဝေ

www.burmeseclassic.com

www.burmeseclassic.com


ဇာတ်ကားမှာ ရွှေကြည် အကယ်ဒမီရသွားသည်။ ကိုပုတုက တော့ မရှင်ကို စိတ်ဆိုးလို့မဆုံး။

'သိပ်မိုက်တဲ့ ကောင်မလေး။ ငါကတောင် ဗီလိန် အဖြစ်ခံပြီး ရိုက်ပေးသေးတာ။ သူက ဘာသိလို့တုံး။ ငါက ဆရာ၊ ငါတတ်လို့ ခိုင်းတာကို သူကငြင်းတယ်'ဟု ကွယ်ရာ မှာပြောသတဲ့။ အေဝမ်းကိုခင်မောင်တို့က မရှင်ကို လာပြော ကြသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ကိုပုတုက မရှင်ကို တိုက်ရိုက် လုံးဝအပြစ်မတင်ခဲ့ပေ။ ကွယ်ရာမှာသာပြော ခြင်းဖြစ်ပြီး တခြားသူများပြောမှသာ ပြန်၍ ကြားရသည်။

မရှင်ကလည်း ကိုယ့်စိတ်လွတ်လပ်မှုနှင့်ကိုယ်မို့ ထိုကားကို မရိုက်မိခဲ့သည့်အတွက် နောင်တမရပါ။ မရှင်၏ ဘဝတစ်လျှောက်တွင် မရှင်ဆန္ဒအတိုင်းသာ အရာရာကို ဆုံးဖြတ်ခဲ့သည်။ အောင်မြင်မှုများအတွက်လည်း ရဲရဲရင့်ရင့် ပင် ပီတိဖြစ်ခဲ့သလို လွဲချော်မှုများအတွက်လည်း ယူကျုံးမရ နမြေတသ ဖြစ်မနေပါ။ ရွှေကြည်တစ်ယောက် ထိုကားမှ စ၍ တစ်ဟုန်ထိုးနာမည်ရသွားသည့်အတွက် စာနာစိတ်နှင့် အမှန်တကယ်ပင် ဝမ်းသာခဲ့ပါသည်။

ကိုပုတုတစ်ယောက် လုံးဝ သိမသွားရှာသော ဝမ်းသာ မှု တစ်ခုလည်း ရှိနေသေးသည်။ ထိုပီတိကို ပြောမပြခဲ့မိပါ။ မင်းသမီးတစ်ယောက် အကယ်ဒမီရတယ်ဆိုတာ ဒါရိုက်တာ တော်လို့ မဟုတ်လား။ ချစ်သက်ဝေမှာ ရွှေကြည် အကယ်ဒမီ ရသွားသည်။ ရွှေကြည် အကယ်ဒမီရသကဲ့သို့ပင် ကိုပုတု

www.burmeseclassic.com

www.burmeseclassic.com


အကယ်ဒမီရသည်ဟု မရှင် ခံစားရ၍ ဝမ်းသာခဲ့သည်။ ထိုကဲ့သို့ ဝမ်းသာဂုဏ်ယူမိကြောင်းကိုတော့ မရှင်ပါးစပ်က ဘယ်သူ့ကိုမျှ ထုတ်ဖော်မပြောမိခဲ့ပေ။ ကိုပုတုကတော့ အောဝမ်းကိုခင်မောင်ကို ပြောသတဲ့။

'မရှင် သိပ်မိုက်တယ်။ ကြည့်စမ်း၊ ခုတော့ ကျုပ်ရင်ကျိုးရတာပေါ့။ သူ ကျွန်တော့်စကားကိုမှ နားမထောင်တာ' လို့ ပြောသတဲ့။ မရှင်ကိုတော့ ထိုကိစ္စနှင့်ပတ်သက်ပြီး တိုက်ရိုက်ဘာမှမပြော။ ဘယ်လိုမှလည်း အပြစ်မတင်။ တစ်ယောက်ယောက်က ပြန်ပြောမှသာ မရှင်ကြွယ်ရာမှာ သူစိတ်ဆိုးနေကြောင်း၊ စိတ်မကောင်းဖြစ်ရကြောင်းတွေ ကို တစ်ဆင့်သိခွင့်ရသည်။ တစ်ဆင့်စကားဆိုတော့ မရှင် မယုံခဲ့တာတွေလည်းရှိ၊ ယုံခဲ့တာတွေလည်းရှိ။ ဘာကြောင့်ပဲဖြစ်ဖြစ် ကိုပုတုသည် မရှင်ကို ဘယ်သောအခါကမှ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ခဲ့သည်မှာတော့ သေချာလှလေသည်။

ထို့ကြောင့် မရှင်က ကိုပုတုကို လေးစားကြည်ညိုခဲ့သည်။ မရှင်၏ ကျေးဇူးရှင်ဟုလည်း မှတ်တမ်းတင်ထားမိသည်။ ကိုပုတု၏ကျေးဇူးတွေက များလွန်းလှ၏။ မရှင်၏ ဘဝကို အစိတ်အပိုင်းများစွာ ခွဲခြမ်းစိတ်ဖြာ ကြည့်မည်ဆိုလျှင် ရုပ်ရှင်ရိုက်ခဲ့သောအပိုင်း၊ မြန်မာ့အသံဝန်ထမ်းအပိုင်း အပြင် အဆိုတော် ဘဝတစ်ခုကိုလည်း ပိုင်းခြားနိုင်ပါသေးသည်။ သီချင်းကိစ္စများတွင် ကိုပုတုနှင့်ကိုလှဖေသည် ခွဲခြား

www.burmeseclassic.com

www.burmeseclassic.com



၍မရ။ ကိုပုတုတို့ ကိုလှဖေတို့ကြောင့် အလွန်ထက်မြက်လှသော သီချင်းရေးဆရာများနှင့်လည်း တွေ့ခွင့်ရပြန်သည်။ ဆရာရွှေပြည်အေးတို့၊ ဆရာမြို့မငြိမ်းတို့၊ သူတို့၏ တေးသွားသံစဉ်တွေ၊ စကားလုံးစာသားတွေက ခွန်အားရှိလှသည်။ အချစ်သီချင်းတွေမှာ ဆိုသူများချစ်စရာ မကျန်လောက်အောင်ပင် သီကုံးခဲ့ကြတာ။ အဆိုအပိုင်းအတွက်ကတော့ ကိုလှဖေသည် မရှင်၏ဆရာတစ်ဦး ဖြစ်ခဲ့သည်။ စိတ်ထဲမှာ ကျေးဇူးတွေ အထပ်ထပ်တင်ပြီး သံစဉ်များအတွက် အားကိုးအားထားပြုမိပေမယ့် ကိုလှဖေကိုလည်း ပြောစရာစကားတွေကို ဘာမှမပြောဖြစ်ခဲ့။ ကိုလှဖေက ကိုပုတုလိုမဟုတ် အစဉ်အမြဲ စစရာ၊ နောက်စရာ ဟာသတွေနှင့် အဆင်သင့်ဖြစ်နေတာဆိုတော့ ‘ရှင်နော်...’ ‘ကိုလှဖေကြီးနော်...’ နဲ့ ဟန့်တားသတိပေးနေရတာနှင့်။ ကိုလှဖေကိုလည်း မရှင်က တစ်ဦးနှင့်တစ်ဦး ပြန်မဆုံဖြစ်ကြသောအချိန်မှသာ စိတ်ထဲမှာ ရှိခိုးဦးတင် လေးစားခဲ့တော့သည်။

နောက်ပိုင်းမှာ ရိုက်ဖြစ်သော ဇာတ်ကားများကတော့ ရှေ့ပိုင်းမှာရိုက်ခဲ့သော ဇာတ်ကားများလို သိပ်စိတ်လိုလက်ရတော့ မဖြစ်တော့ပါ။ အသက်အရွယ်ကြောင့်လည်း ဖြစ်နိုင်သည်။ နောက်ပြီး အေဝမ်းခြံထဲမှာ ရိုက်ခဲ့ရတုန်းကလို စိတ်ချလက်ချ စိတ်အေး လက်အေးမရှိတော့တာလည်း ပါမည်ထင်ပါသည်။ နေ့စဉ်နှင့်အမျှ မြန်မာ့အသံကိုသွား၊ သီချင်းသွင်းစရာရှိလျှင်သွင်း၊ စနေ တနင်္ဂနွေရက်အားမှာ ရုပ်ရှင်ရိုက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ လူကလည်း နားရသည်မရှိ။ တချို့မင်းသားကလေး တွေကတော့ မရှင်အကြောင်းသိပြီးသားမို့ လူမှုရေး စည်းကမ်းများကို နားလည်စွာဖြင့် တည်တည် ကြည်ကြည် ပင် သိက္ခာရှိရှိဆက်ဆံသည်။ တချို့ကျပြန်တော့လည်း လုပ်ငန်းသဘောဆက်ဆံရင်း ရောရောယှက်ယှက် နေလိုကြ သည်။ မရှင်ကတော့ အလုပ်သဘောဆက်ဆံရုံမျှအပ ထွေးရောယှက်တင် မနေတတ်ခဲ့ပါ။ ယုတ်စွအဆုံး နှစ်ယောက် အတူ စကားပြောနေကြစဉ် ဆံပင်ကလေး လေလွင့်နေလို့ မရည်ရွယ်ဘဲ သပ်တင်ပေးတာမျိုး၊ အင်္ကျီ တွန့်နေ၍ ဆွဲချပေးတာမျိုးကိုပင် ခွင့်မပြုခဲ့ပေ။ 'နေပါစေ... ရပါတယ်၊ ရပါတယ်' နှင့် သိမ်သိမ်မွေ့မွေ့ ပျာပျာသလဲငြင်း တော့ သူတို့ကလည်း နားလည်သိတတ်စွာပင် တည်တည်ခံ့ခံ့ နေပြကြသည်။ ယောကျ်ားများကို မရှင် အထင်မသေးပါ။ သူတို့တွေသည် ဘယ်မိန်းကလေးကိုမျှ ကျူးကျော်စော်ကား ရန် စည်းမဲ့ကမ်းမဲ့ မရှိတတ်။ မိန်းကလေးက ခွင့်မပြု ကြောင်းသေချာလျှင် သူတို့၏ စိတ်ကိုထိန်းရန် သူတို့မှာ ဘရိတ်တစ်ခုတော့ ပါစမြဲဟု လက်တွေ့ကျကျ မရှင် သိခဲ့ သည်။ ထို့ကြောင့် အားလုံးကို ကျေးဇူးတင်မိပါသည်။ ထိုကျေးဇူးတရားများသည်ပင် မရှင်၏ဘဝကို ပြုံးပန်းများ ပွင့်စေခဲ့လေသည်။

❀

www.burmeseclassic.com

www.burmeseclassic.com



အမေက ကျွန်မကိုပြုံးပြီး ကြည့်နေပါတယ်။ သိမ်မွေ့လိုက်တဲ့အပြုံး။ အမေက သူ့ကိုယ်သူ အိုပြီတဲ့လေ။ ကျွန်မမြင်နေရတဲ့ အမေ့အပြုံးထဲမှာ ပါးရေတွန့်တာလည်း မမြင်ရ၊ သွားကျိုးတာလည်း မမြင်ရ၊ ဆံပင်ဖြူတာလည်း မမြင်ရပါလား။ အမေ့ရဲ့အပြုံးကလေးက ပန်းကလေးတစ်ပွင့်လိုပါ ပဲ။ အမေ့ကို ကျွန်မ ပန်းပွင့်ကလေးတစ်ပွင့်လိုပဲ ခံစား ရပါတယ်။

'ပန်းတစ်ပွင့်ရဲ့ရင်ခုန်သံ'လို့ ကျွန်မ နာမည်ပေးပြီး တော့ ဆရာဦးဝင်းငြိမ်းဆီကို ဖုန်းဆက်ဖြစ်တဲ့အခါ ဆရာက 'မေးခွန်းတွေ အများကြီးမေးနော်'လို့ ပြောပါတယ်။ တချို့မေးခွန်းတွေမေးရမှာ မမေးရက်၊ တချို့မေးခွန်းတွေမေးရမှာ အားနာနဲ့မို့ ကျွန်မတစ်ယောက်တည်းသာဖြင့် အမေ့ဆီက သိစရာတွေ ကျန်နေဦးမှာပါ။ နှစ်ယောက်တည်း စကားပြောတာထက် အနုပညာသမားတွေနဲ့လည်း တရင်းတနှီးရှိပြီး အမေ့ကိုလည်း သိပ်ချစ်တဲ့ ကိုဇော်(ဘိုအဖွဲ့)ကို အကူအညီတောင်းရပါတယ်။ ကိုဇော်ကတော့ ကျွန်မထက်ပိုပြီး အမေနဲ့ရင်းနှီးပြီးသားပါ။အမေ့အတွက် ချစ်ပရိသတ်များက လှမ်းပြီး ကန်တော့တဲ့ လှူတဲ့ငွေတွေ၊ ပစ္စည်းတွေကို ကိုဇော်က တစ်ဆင့် ပို့ပေးနေကျ။ အမေ့ကို ဓာတ်ပုံ ရိုက်ပေးနေကျ။ ကိုဇော်ကတော့ အမေ့ကို ရယ်စရာစကားတွေနဲ့ စနောက်ပြီး သိချင်တာတွေ မေးနေလေရဲ့။

'အမေ... အမေက ခုထက်ထိလှတုန်း၊ ငယ်ငယ်တုန်းကလည်း သိပ်ကိုလှခဲ့တာဆိုတော့ အမေ့ကို လူတိုင်းက

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားခဲ့ကြမှာပဲနော်။ ဘဘဦးတင်မောင်နဲ့ ဇာတ်ကားတွေရိုက်ပြီးတော့ တခြားဘယ်မင်းသားတွေနဲ့ဆက်ပြီး ရိုက်သေးတုံး'

'ဇေယျကြီးရယ်၊ မော်နီလေ…ကျော်ဆွေ… ကျော်ဆွေရယ်၊ ကိုမြင့်အောင်လေ… မို့မို့မြင့်အောင်တို့အဖေရယ်၊ ဒါလောက်ပါပဲ'

'အဲဒီမင်းသားတွေက အိမ်ထောင်နဲ့လား၊ လူပျိုတွေ လား'

'အားလုံး အိမ်ထောင်တွေနဲ့ချည်းပဲ။ အမေ စရိုက်တုန်းက ဦးတင်မောင်နဲ့ဦးလှဖေသာ လူပျို'

'အမေ့… ဟိုတစ်ခါလာတုန်းကလေ ဘဘဦးသုခ ရယ်၊ ဦးမြင့်အောင်ရယ် အမေ့ဆီကိုလာကြတော့ ကျွန်တော် လည်းပါတယ်လေ။ ဘဘတို့ပြန်ခါနီးတော့ နှုတ်ဆက်ကြတဲ့ အခါ အမေက နဖူးလေးကိုနမ်းပြီး နှုတ်ဆက်ပါလို့ပြောတာ မှတ်မိသေးလား'

အမေက ရယ်ပါတော့တယ်။ အမေ့ပုံစံလေးအတိုင်း လက်ကလေးနဲ့ နှုတ်ခမ်းကိုပိတ်ပြီး ဟက်ဟက်ပက်ပက် ရယ်ပါတော့တယ်။

'ဟုတ်ပ၊ ဟုတ်ပ၊ ကိုမြင့်အောင်က နှုတ်ခမ်းကြီး စူပြီး ဘာခုမှ နဖူးနမ်းပြီး နှုတ်ဆက်ခိုင်းနေတာလဲ။ အဘွားကြီးဖြစ်မှ။ ဟင်း… ငယ်ငယ်တုန်းကတော့ ဇာတ်ဝင်ခန်းမှာ လက်ဆွဲရတာတောင် 'ကတ်'ဆိုတာနဲ့ သူ့လက်ကို ဖွတ်ဆွဲ ရုန်းတယ်ဆိုပြီး အမှတ်တရ စိတ်ဆိုးနေသေးတာ'

www.burmeseclassic.com

www.burmeseclassic.com



အမေကပြောပြီး ရယ်ပါတယ်။

'အမေ… အဲဒီအချိန်တုန်းကတော့ ဘဘဦးမြင့်အောင်ကြီးက အမေ့ကို အတော်လေးစိတ်ဆိုးမှာထင်တယ်နော်။ ခုချိန်ကြီးအထိ မှတ်မိနေတာဆိုတော့'

'အင်း…သူ့စိတ်ထဲတော့ စိတ်မကောင်း ဖြစ်သွားရှာတယ်ထင်ပါရဲ့။ အမေကလည်း လူရှေ့သူရှေ့မှာ ဆောင့်ကြီးအောင့်ကြီးနဲ့ ရန်း ရတာ မဟုတ်ပါဘူးသားရယ်။ ကိုယ့်ဇာတ်ဝင်ခန်းပြီးလို့ ကိုယ့်လက်ကိုယ်ပြန်ရုပ်တာပါ။ သူများတွေ လည်း မသိပါဘူး။ သူကလည်း ရိုးရိုးသားသားပါ။ အလကားရယ်စရာပြောတာနေမှာပါ သားရယ်။ စိတ်ထဲတော့ မှတ်မိနေရှာမှာပေါ့'

အမေက ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်ပြောပြတိုင်း လုပ်ဖော်ကိုင်ဖက်တွေအတွက် အသေးစိတ် မှတ်မိစရာတွေ ရှိနေပါတယ်။

'အမေ… ဦးကျော်ဆွေကြီးလည်း တကယ်ချောတယ်နော်'

'ချောရုံတင် ဘယ်ကလိမ့်မလဲ။ တော်တာလည်း သိပ်ကိုတော်တာ။ ဒါရိုက်တာ အဖြစ်ရော၊ မင်းသားအဖြစ်ရော သိပ်တော်တာ။ ဒါပေမယ့် သူက တခြားမင်းသားတွေလို မဟုတ်ဘူး။ နည်းနည်းကြမ်းချင်တယ်'

'အမေ့ ဘယ်လိုကြမ်းတာလဲ'

'ဩော်… အချစ်ခန်းတွေဘာတွေမှာပေါ့။ တကယ့်ကို သရုပ်ပါအောင် ချစ်သူတွေအတိုင်း သရုပ်ဆောင်တာ'

www.burmeseclassic.com

www.burmeseclassic.com



'အမေနဲ့ဦးကျော်ဆွေ ဘာကားတွေ ရိုက်ခဲ့ကြတာလဲ'

'ထားရယ်၊ သစ္စာရှင်ရယ်၊ ဒီနှစ်ကား ရိုက်တာ'

'အချစ်ဇာတ်ဝင်ခန်းတွေပါလား အမေ'

'ပါတာပေါ့။ အမေကတော့ သူ့ကိုပြောထားတာ။ မော်နီနော်၊ ကားရိုက်တဲ့အခါ ဟန်ကလေးပဲလုပ်။ ဖွတ်ကြီး ကြမ်းကြမ်း ရမ်းရမ်း ဆွဲလား ဖက်လား မလုပ်နဲ့။ ရုပ်ရှင်ကြည့်တဲ့လူတွေက မောင်နဲ့နှမ၊ သားနဲ့အမိ ကြည့်ကြတာ။ သိမ်သိမ်မွေ့မွေ့ကလေး ယဉ်ယဉ်ကျေးကျေးကလေးပဲ သရုပ်ဆောင်တာပဲ ကောင်းတယ်။ ကြမ်းကြမ်းရမ်းရမ်းကြီး သရုပ်ဆောင်လို့ကတော့ ရိုက်ရင်းနဲ့ကို အော်ပစ်မှာလို့ အမေက ကြိမ်းထားတာ'

'အဲဒီတော့ သူက စိတ်မဆိုးဘူးလား'

'မဆိုးပါဘူး သမီးရယ်။ ဟိုတုန်းက ကားရိုက်ကြတယ်ဆိုတာ အကြာကြီးရိုက်ရတာ။ နှစ်ချီလချီပြီး ကြာအောင်ရိုက်ရတာဆိုတော့ တစ်ယောက်အကြောင်းလည်း တစ်ယောက်သိကြပြီးသား။ တစ်ယောက်နဲ့တစ်ယောက် လည်း သိပ်ကိုခင်ကြတယ်'

'နေပါဦး အမေရဲ့။ ဘဘဦးလှဖေကလည်း ကြမ်းကြမ်းတမ်းတမ်းနေတတ်တယ်ဆို။ အမေ့ကိုတော့ ကြမ်းကြမ်းရမ်းရမ်း မဆက်ဆံဘူးလား'

'မဆက်ဆံပါဘူး။ ကိုလှဖေက သူ့ဟာသူကြမ်းတယ်ဆိုပေမယ့် အမေ့ကို ဘယ်တော့မှ စိတ်အနှောင့်အယှက်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com


အောင် မလုပ်ခဲ့ဘူး။ အမေနဲ့သူနဲ့ကလည်း တစ်ကားပဲရိုက်ဖူးတာ။ 'စောင်းတော်ရှင်'လေ။ စောင်းတော်ရှင်မှာ ကိုလှဖေကို အမေက ပိုးရတာတော့'

အမေက ရယ်ပြန်ပါတယ်။ အမေ့ရဲ့ မျက်ဝန်းရိပ်ဟာ ဟိုးအတိတ်ကို ရောက်သွားသလိုပါပဲ။

'ဇာတ်လမ်းတွေ ဇာတ်ထုပ်တွေရိုက်ရတယ်ဆိုတော့ နေရာအမျိုးမျိုးမှာ ပါဝင်ရတာပေါ့လေ။ အပြင်မှာ စိတ်ဓာတ် ဘယ်လိုပဲရှိရှိ ဇာတ်ဝင်ခန်းရဲ့သဘောအတိုင်း မိန်းမနောက်ပိုး လုပ်ရတာတွေလည်း ရှိတာပေါ့။ လူ့စရိုက်ကိုရရင် တော်ပြီ ပေါ့နော်။ တကယ့်အဖြစ်အပျက်တွေလို လွန်လွန်ကျူးကျူးကြီး သရုပ်ဆောင်တော့ ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်မှာပေါ့'

အမေက အရာရာကို ရုပ်ပျက်ဆင်းပျက်ဖြစ်မှာ ကြောက်တတ်တဲ့သူပါ။ ကိုဇော်က အမေ့ဆီကို ဧည့်သည်တွေ ခဏခဏခေါ်သွားရလေ့ရှိတာလည်း ပြန်ပြောပြပါတယ်။

'ဆရာမရယ် ... ဟိုတစ်ခါက အမေ့ဆီကို သွားဆရာဝန်တစ်ယောက်က သွားပုံစံတွေအဆင်သင့်နဲ့ ယူလာပြီး သွားချင်တယ်ဆိုလို့ လိုက်ပို့ရတယ်။ သူက အင်္ဂလန်ကကို လာရှာတာ။ အမေက သူ့ရဲ့ကျိုးနေတဲ့သွားကလေးကို ကုဖို့မပြောနဲ့၊ ပြတောင်မပြလို့ ဟိုမှာ ကုမသွားရဘူး'

'အမေက ဖြစ်နိုင်ရင် ဘာမှသိပ်မကုချင်ဘူး' လို့ ပြောပါတယ်။ သိပ်မကုချင်ဘူးဆိုပေမယ့် ကုတော့ကုနေရတာပါပဲ။ အမေ့ရဲ့ခန္ဓာကိုယ် ပြားပြားချပ်ချပ် ပိန်ပိန်ကလေး

www.burmeseclassic.com



မှာ ရောဂါတစ်ခုမဟုတ် တစ်ခုကတော့ ရှိနေတတ်ပါတယ်။ အဲဒီဝေဒနာတွေကို အမေ့ချစ်တဲ့ ဆရာဝန်ကြီးတွေက မပြတ်မလပ်အောင် စောင့်ကြပ်ပြီး ကုပေးနေကြပါတယ်။ အမေ့ဘဝမှာ မေ့မေ့လျော့လျော့နေခဲ့တယ်ရယ်လို့ မရှိပါဘူး။ အမေဟာ အသက် ၄၀ မှ ဘဝစတယ်ဆိုတဲ့ အယူအဆကို လွန်ဆန်နိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

❀

မရှင်အသက် သုံးဆယ့်ငါး သုံးဆယ့်ခြောက်နှစ်လောက်သို့ ရောက်သောအခါ အတွေးတစ်ခု ဝင်လာသည်။ အသက်ဆယ့်ရှစ်နှစ်သမီးကတည်းက ဝါသနာပါလွန်း၍ မဖြစ်မနေကြိုးစား၍လုပ်ခဲ့သောအလုပ်။ ဘဝတစ်လျှောက်လုံးဟုဆိုရမလောက်ပင် အနုပညာလုပ်ငန်းများကို စိတ်တိုင်းကျ လုပ်နိုင်ခဲ့သည်။ ကြည်နူးကျေနပ်မှုများလည်း ရခဲ့သည်။ အသက်တွေ တဖြည်းဖြည်းကြီးသွားသောအခါ ဘာဆက်လုပ်သင့်သနည်း။ ထိုမေးခွန်းသည် မရှင်ကို ခဏခဏ တွေဝေစေခဲ့သော မေးခွန်းဖြစ်သည်။ ရှေ့အကြောင်း၊ နောက်အကြောင်းကို စဉ်းစားစေခဲ့သော မေးခွန်းလည်းဖြစ်သည်။

ထိုကဲ့သို့ စဉ်းစားရင်းနှင့် ဦးသုခ၏ သားတို့ရုပ်ရှည်ကို မင်းသားဖေယျကြီးနှင့် ရိုက်လိုက်သေးသည်။ နောက်ထပ်တစ်ကား အေဝမ်းမောင်လှမျိုးနှင့် 'မေတ္တာမွန်'ကို မင်းသားခင်မောင်ဇင်နှင့် ရိုက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


မရှင်အသက် လေးဆယ်သီသီလေး စွန်းလာတော့ အရာရာကို လေးလေးနက်နက်သာ တွေးချင်နေမိသည်။ တစ်နေ့တစ်နေ့မှာ သီချင်းကလေးဆိုလိုက်၊ မြန်မာ့အသံကို အလုပ်ကလေးသွားလိုက်၊ အားလပ်သောအချိန်များတွင် ရုပ်ရှင်ကလေးရိုက်လိုက်၊ ဒီလိုနှင့် နေ့ရက်တွေ တစ်စတစ်စ ကုန်လွန်လာရသည်။ ရန်ကုန်မှာနေခဲ့ရသော ကာလကလည်း နှစ်ပေါင်းနှစ်ဆယ်ခန့် ကြာမြင့်ခဲ့ပြီ။ ဒါပေမယ့် စိတ်ထဲမှာ ဖြတ်ပြေးသွားသော ထိုအနှစ်နှစ်ဆယ်သည် ဘာမှမကြာ လိုက်။ မကြာလိုက်ဟု ထင်မိသော ထိုကာလလေးမှာပင် မရှင်တို့မိသားစုမှာ အပြောင်းအလွဲတွေလည်း ဖြစ်ခဲ့ရသည်။ တစ်သက်စာ သယ်ဆောင်သွားရန် ဘဝ၏လက်ဆောင်များ ထင်ပါရဲ့။ လက်ဆောင်ဆိုတာကလည်း လက်မခံချင်လို့မရ သော အရာများပင်။ မရှင်၏ အနုပညာလုပ်ငန်းအစတွင် အဖေကြီး ပါဝင်ခဲ့သည်။ မကြုံလိုသောစစ်ကို ကြုံခဲ့ရသည်။ မိသားစု၏ ရွှေတောင်ကြီးဖြစ်သော အဖေကြီးကိုလည်း အပြီးအပိုင် ခွဲခွာခဲ့ရသည်။ မရှင်တို့မိသားစုမှာ ယောကျ်ား သားအဖြစ် မားမားမတ်မတ် ရပ်တည်မည့်သူတစ်ဦးကတော့ ပေါ်ပေါက်လာခဲ့ပါသည်။ မရှင်၏အစ်မ မမပွားရင်မွေးသော သားကလေး။ မရှင်၏ တူကလေးပေါ့။ သူ့ကို မရှင်တို့ ရန်ကုန်ပြန်လာသောအခါ အပါခေါ်ခဲ့ပြီး ကျောင်းထားပေးခဲ့ သည်။ တူကလေးက အလိမ္မာကလေးဖြစ်သည်။ အဒေါ် နှစ်ယောက်ကို တွယ်တာသည်။ အဒေါ်နှစ်ယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com


အေးအတူ ပူအမျှ တစ်လျှောက်လုံးနေထိုင်ခဲ့တာ ဆယ်တန်းအောင်သည်အထိ။ ဆယ်တန်း အောင်ပြီးသော အခါ မိုလ်သင်တန်း တက်စေသည်။ မရှင်၏ တူကလေးကို ယောက်ျားပီပီ ခန့်ခန့်သန့်သန့်နှင့် မရှင် စိတ်ဝင်စားခဲ့သော တိုင်းပြည်ကာကွယ်ရေးလုပ်ငန်းထံသို့ အပ်နှံလိုက်ပြီးသော အခါ မရှင်၏စိတ်ထဲတွင် လုပ်သင့်သော တာဝန်တစ်ခု ပြီးသွားပြီဟု မှတ်ယူလိုက်မိသည်။

မရှင်၏ ဘဝတစ်လျှောက်တွင် စိတ်ညစ်လှပါရဲ့၊ ဒုက္ခရောက်လှပါရဲ့၊ ဆင်းရဲလှပါရဲ့ဟု ဘယ်သောအခါမှ မရှိခဲ့။ အေဝမ်းမှာ ပထမဆုံး ရခဲ့သောလခ (၇၀) ခုနစ်ဆယ်ကျပ်ကတည်းက ကိုးဆယ်၊ တစ်ရာရသည် အထိ (ဒီကနေ့ကလေးများကတော့ ငွေကလေး ကိုးဆယ်တစ်ရာနှင့် တစ်လလုံး လောက်လောက်ငှ သုံးစွဲပြီး ပိုလျှံသေးသည်ဆိုလျှင် ယုံတောင်ယုံမည်မဟုတ်) မရှင်၏ ဘဝစာမျက်နှာ နောက်ပိုင်းများသည်လည်း အလုပ်တွေ၊ အလုပ်တွေ ဆက်လျက်၊ ဝင်ငွေတွေ၊ ဝင်ငွေတွေလည်း ဆက်တိုက်၊ ဆက်တိုက်ပင်။ ရုပ်ရှင်ရိုက်သောအခါ ကန်ထရိုက်စနစ်နှင့် စာချုပ်ချုပ်ရသည်။ ထိုစဉ်က ကားတစ်ကားကို ဝင်ငွေနှစ်သောင်းအထိ ရခဲ့ဖူးပါသည်။

အရာရာကို မက်မောတွယ်တာ စွဲလမ်းတတ်မည်ဆိုလျှင်တော့ ရန်ကုန်မြေကို စွန့်ခွာရန်အကြောင်းမရှိ။ ဒါပေမယ့် မရှင်၏ စိတ်နှလုံးသည် အတွေးတစ်ခု၏စိုးမိုးခြင်းကို ခံနေရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝဆိုတာဘာလဲ။ အနုပညာကို သရုပ်ဆောင်နေရသည့်အချိန်မှာ လူတစ်ကိုယ်တည်းနှင့်ဘဝ၊ ဘဝပေါင်းများစွာ ကူးပြောင်းရသည် မဟုတ်လား။ ဆင်းရဲလိုက်၊ ချမ်းသာ လိုက်၊ လှလိုက်၊ ရုပ်ဆိုးလိုက်၊ အသက်တွေ ကြီးသွားလိုက်၊ ငယ်သွားလိုက်၊ ပြီးတော့ ငိုလိုက်၊ ရယ်လိုက်၊ မဲ့လိုက်၊ ပြုံးလိုက်၊ သဏ္ဍာန်လုပ် သရုပ်ဆောင်ခဲ့ရသော ဘဝပေါင်း များစွာသည် မရှင်၏ဘဝများမဟုတ်ခဲ့။ ဝင်ကစွပ်ကောင်လို ဇာတ်ရုပ်၏ အငှားခန္ဓာမှာ အသက်သွင်းခဲ့ရသည်ချည်းပင်။ ဝတ္ထု ဇာတ်လမ်းတို့၏ စေစားရာမှာ ဒါရိုက်တာတို့၏ ကြိုးဆွဲ ရာမှာ မရှင်ဆိုသော သရုပ်ဆောင်တစ်ယောက်သည် အလွန့် အလွန်ပင် တာဝန်ကျေခဲ့သည်ဟု ပြောနိုင်ပြီ ထင်ပါရဲ့။ မရှင်ကို ချစ်သော ပရိသတ်များ သက်သေပါ။ မရှင် ကိုယ်တိုင် တာဝန် မကျေခဲ့သော သူ တစ်ဦးများ ရှိနေလေပြီလား။ သူ ဘယ်သူလဲ။ ဒါလည်း မရှင် ကိုယ်တိုင်ပင် ဖြစ်ပါသည်။ မရှင်သည် မရှင်ဘဝ အတွက်ရော ဘယ်လောက်များ တာဝန် ကျေခဲ့ပြီလဲ။ ကိုယ့်ကိုယ်ကို တကယ်ပင် နှစ်ကိုယ်လောက် ခွဲပြီး မြင်မိခဲ့လေသည်။

ထိုစဉ်မှာ မရှင်၏ပတ်ဝန်းကျင်၌ တရားကျစရာတွေ၊ သတိပြုစရာတွေ ကြုံတွေ့ရသည်။ မရှင်၏ ခင်မင်လှစွာသော မိတ်ဆွေအချို့သည် ဘယ်သူ့ကိုမှ နှုတ်ဆက်ချိန်ပင် မရလိုက်ရှာဘဲ လှစ်ခနဲ၊ လှစ်ခနဲ ဘဝပြောင်းသွားကြသည်။ သူတို့၏ အပြန်ခရီးမှာ ဘာတွေများ ပါသွားရှာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



မြင်နိုင်သော စည်းစိမ် ဥစ္စာ ရတနာများ၊ သိနိုင်သော အောင်မြင်မှုဂုဏ်ဒြပ်များ၊ ထိုအရာများကို ဒီအတိုင်းပဲ စွန့်ပစ်သွားကြသည်။ ဘေးလူတွေ မသိမမြင်နိုင်သော၊ ကာယကံရှင်ပင် သိနိုင်ခက်ခဲသော ကောင်းမှု၊ မကောင်းမှု များကိုတော့ တိတ်ဆိတ်စွာပင် ယူငင်သွားကြပေမှာပေါ့။

အို... မရှင်ကတော့ရော။ ပုထုဇဉ်ပဲလေ။ တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ ဘယ်နေ့၊ ဘယ်အချိန်ဟူ၍တော့ မခန့်မှန်းနိုင်ပါ။ သူတို့တွေလိုပဲ မရှင်မှာ အပြန်ခရီးတစ်ခေါက်တော့ ရှိရဦး မည်သာ။ ဒါဆိုရင် မရှင် သယ်ဆောင်သွားမည့် အရာများ သည် မည်သည့်အရာများ ဖြစ်ပါအံ့နည်း။ မရှင်အတွက် တွေးစရာတွေက ကုန်ပဲမကုန်နိုင်တော့။

မရှင်၏ အတိတ်လမ်းကို ငဲ့စောင်းကြည့်မိလျှင် ကြည်လင်သော ပြုံးပန်းများ လှပမွှေးထုံစွာ ပွင့်နေဆဲပင်။ ကောင်းမွန်သော ကံတရားသည် အခါမလပ် မရှင်၏ဘက်မှာ မားမားမတ်မတ်ပင် ရပ်တည်ပေးခဲ့သည်။ မရှင်က ရှေ့ဘဝ၊ နောက်ဘဝကိုလည်း ယုံကြည်သည်။ ကံတရားကိုလည်း ယုံကြည်သည်။ ဘဝ၏ဝဋ်ကြွေးကိုလည်း ယုံကြည်သူ ဖြစ် လေသည်။ အခြားသောအရာများကို မဆိုထားဘိ။ 'မိန်းမ သားတစ်ဦး၏ ဘဝနှင့် နှလုံးသားခံစားမှု'သည်ပင် တကယ့် အဓိကအနေအထားသည် ပြုပြင်ပြောင်းလွဲယူရန်၊ ဖျောက် ဖျက်မေ့လျော့ပစ်ရန် ခက်ခဲလှသော ကံအကြောင်းတရား များဟု မှတ်ယူမိသည်။

www.burmeseclassic.com

www.burmeseclassic.com


အထူးသဖြင့် မြန်မာမိန်းမတစ်ယောက်သည် ဘာသာတရား၊ အရှက်အကြောက်၊ အစဉ်အလာ၊ ဓလေ့ထုံးစံတို့၏ကန့်သတ်မှု တောင်တန်းများကြားတွင် လူးလွန့်ခွင့်နည်းပါးစွာ ကျင်လည်ရသည်သာ။ ထားပါတော့၊ အဆုံးစွန်အထိချစ်သူများခဲ့သည် ဆိုစေဦး၊ အိမ်ထောင်ဖက်ကတော့ဘယ်သူမှ မများလို။ ချစ်သူနှင့် မကွေကွင်းလို။ အထူးသဖြင့်ချစ်ခင်နှစ်သက်မိသောသူ၏ လှည့်စားမှု၊ မာယာများမှု၊ ချန်ပစ်ခဲ့မှုကိုလည်း မခံယူလို။ ချစ်ခြင်းကြောင့် ကြုံရမည့်ဒုက္ခများကိုသာ သိစေခဲ့ပါလား၊ မည်သူမျှပင် ချစ်လိုကြမည်မထင်။ အဆုံးစွန် ကြုံတွေ့ရမည့် သူတစ်ပါး၏ အထင်လွဲခံရမှု၊ အထင်သေးမှု၊ ဘဝပျက်မှုမျိုးကိုရော ဘယ်သူက ကြုံချင်ပေလိမ့်မည်နည်း။

ဒါပေမယ့် အခြေအနေအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးကြောင့် မရှင် ချစ်ခင်ခဲ့ရသော လုပ်ဖော်ကိုင်ဖက် ညီမငယ်များသည် မကြုံလိုသော နှလုံးသားရေးရာပြဿနာများနှင့်ကြုံကြရရှာသည်။ လူတစ်ယောက်သည် သူ၏ဘဝကိုတစ်ဝက်သာပိုင်လိမ့်မည်ဟု မရှင် ယုံကြည်ချင်တော့၏။ တစ်ဝက်က ကံကြမ္မာ၊ တစ်ဝက်က ကိုယ့်အနေအထိုင်ပေါ့။ မရှင်က ကံဆိုးမှာကို လွန်စွာပင်ကြောက်လှပါသည်။ 'ဘဝတောင်ကို ပုပ်ဟောင်နံညှီ၊ နှလုံးနောက်လို့ ကြောက်လှပြီ'ဟု ဦးပုညလို စာမဆိုတတ်ခဲ့ပေမယ့် ဒီဘဝမှာ နှလုံးစိတ်ဝမ်းအေးချမ်းခဲ့ရသလိုပင် နောင်ဘဝများမှာလည်း ငြိမ်းချမ်း

www.burmeseclassic.com



အေးမြမှုကိုပင် မရှင် လိုလား တောင့်တမိဦးမည်။ ဒါဆို မရှင် ဘာလုပ်ရမလဲ။ ဘာလုပ်သင့်သလဲ။ ဒီဘဝမှာ ဘယ် အသက်အရွယ်အထိ ဆက်လက်ရှင်သန်ခွင့်ရှိဦးမှာလဲ။ သေချာစွာစဉ်းစား၊ ဆုံးဖြတ်ပြီးပြီဆိုတော့ ဘယ်သူမှ တားဍ မရနိုင်တော့။ မရှင်မှာ အခြားသောအကြောင်းအရာများ အတွက် အချိန်ပေးရန် အချိန်ပင်မရှိတော့သကဲ့သို့ ခံစားခဲ့ရ သည်။

လျှောက်ခဲ့သောလမ်းသည် မရှင်ကိုယ်တိုင် နှစ်သက် မြတ်နိုးလွန်း၍ ရွေးခဲ့သောလမ်း။ ထိုလမ်းကို ဘယ်အထိပဲ လျှောက်မည်ဟု ဆုံးဖြတ်သူမှာလည်း မရှင်ကိုယ်တိုင်ပင်။ မရှင်၏ဘဝသခင်မှာ မရှင်ကိုယ်တိုင်ပင်ဖြစ်၍ ဘယ်သူက များ မရှင်ကို တားနိုင်လိမ့်မည်နည်း။ အောင်သပြေလမ်းက အိမ်ကလေးကို ရောင်းပစ်လိုက်သည်။ ဝါသနာကြောင့် စွန့်ခွာ ခဲ့ရသော ဇာတိမြေကို ပြန်လည်၍ ခြေဦးလှည့်ခဲ့တော့၏။

❀

'အမေရယ်... ဖြစ်မှဖြစ်ရလေ၊ ဘယ်သူမှ မတိုက် တွန်းရဘဲနဲ့ ကိုယ့်စိတ်နဲ့ကိုယ် ပြန်လာတာဆိုတော့ အံ့သြစရာ ကောင်းလောက်အောင် ပြတ်သားတယ်လို့ ပြောရတော့မလို ပဲနော်။ မလွမ်းဘူးလား အမေရယ်'

'လွမ်းတော့လွမ်းပါတယ်။ လွမ်းစရာတွေချည်းပါပဲ။ ဒါပေမယ့် အမေက အေးအေးပဲ နေချင်တော့တာ။ ရုပ်ရှင် ရိုက်ရတာလည်း ပင်ပန်းတယ်သမီးရဲ့။ မီးတွေထိုးထားတာ လည်းပူတယ်။ ကြာတော့ မောမောလာတယ်'

www.burmeseclassic.com

www.burmeseclassic.com


ကျွန်မမှာ အမေ့စကားကိုကြားရတော့မှ အမေ့ကိုပိုပြီး အားနာမိပါတော့တယ်။ ဒီတစ်ခါတော့ ဘိုအဖွဲ့က ကိုဇော်ယျာ မျိုးတို့နဲ့ အမေ့ကို ဓာတ်ပုံလာရိုက်ကြတာပါ။ အမေကြောက် တဲ့မီးတွေ ထိန်ထိန်ဝေလို့ပေါ့။ ဆရာ ဦးဝင်းငြိမ်းက အမေ့ရဲ့ 'ပန်းတစ်ပွင့်ရဲ့ ရင်ခုန်သံ'စာမူကို ဓာတ်ပုံတွေ ဝေဝေဆာဆာ နဲ့ ဖော်ပြချင်တယ်ဆိုလို့ ရိုက်နေကျ ဘိုအဖွဲ့ကိုပဲ အကူအညီ တောင်းပြီး အားရင်အားသလို ပုံအမျိုးမျိုး ရိုက်ယူကြပါ တယ်။ ကျွန်မကတော့ အမေ့ရဲ့ ဒီကနေ့အလှနဲ့ အမေ့ရဲ့ အတိတ်ကအလှကို ယှဉ်ပြချင်ရုံလောက်သာ တွေးမိပေမယ့် ကိုဇော်ယျာမျိုးကတော့ အမေ့ရဲ့ ဘဝအစိတ်အပိုင်းနဲ့ သက်ဆိုင် သမျှပုံတွေကို ဝီရိယကောင်းကောင်းနဲ့ ရှာဖွေပါတော့တယ်။

'ဆရာမ၊ ကျွန်တော်လိုချင်တဲ့ပုံ မရဘူး။ ဘဘဦးတင် မောင်တို့၊ ဘဘဦးလှဖေတို့နဲ့ တွဲပြီး ရိုက်ထားတဲ့ပုံတွေ တစ်ပုံမှ ရှာမတွေ့ဘူး'ဆိုတော့ ကျွန်မနဲ့ အမေ့ရဲ့မွေးစားသမီး ကလေး ရွှေထူးတို့ပါ မနေသာတော့ဘဲ မှန်ဗီရိုတစ်ခုလုံး မွှေနှောက်ရပါတော့တယ်။ ရှာသာရှာရပေမယ့် လိုချင်တဲ့ ပုံကတော့ ထွက်မလာခဲ့ပါဘူး'

'အမေ ဘဘဦးတင်မောင်တို့၊ ဘဘဦးလှဖေတို့နဲ့ပုံ တွေ ရှာလို့လည်း မတွေ့ပါလား' ဆိုတော့မှ

'ဘယ်တွေ့မှာလဲသမီးရဲ့။ အမေ မန္တလေးကို ပြန်လာ ခဲ့တော့ အဲဒီပုံတွေကို ရန်ကုန်မှာပဲထားခဲ့တယ်'လို့ ပြုံးမြမြနဲ့ ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


'ဟောတော့်... အမေရယ်၊ ဖြစ်မှဖြစ်လေ။ ဘာလို့များ ပါလိမ့် အမေရယ်။ လွမ်းနေရမှာစိုးလို့လား။ စိတ်ထဲမှာ နာကြည်းစရာတွေများ ရှိခဲ့လို့လား'

မမျှော်လင့်ဘဲ အဲဒီမေးခွန်းတွေကို မေးမိပါတော့တယ်။ အမေ့မျက်ဝန်းရိပ်ကိုလည်း အပြေးအလွှား အဖြေရှာကြည့်ကြည့်ရပါတယ်။ ပကတိ အေးချမ်းလို့ပေါ့။

'ကြံကြံဖန်ဖန် သမီးရာ။ ဘာမှ မနာကြည်းပါဘူး။ မုန်းလည်းမမုန်းပါဘူး။ လွမ်းမှာစိုးလို့လည်း မဟုတ်ပါဘူး။ ဓာတ်ပုံမကြည့်ရလည်း လွမ်းချင်ရင် လွမ်းလို့ရတာပဲ'

အမေပြောတာကို ကျွန်မတို့အားလုံး ထောက်ခံလိုက်ကြပါတယ်။ အမေကတော့ အေးအေးဆေးဆေးပဲ 'အဲဒီလို အတွဲပုံတွေဆိုတာမျိုးက ကြော်ငြာထဲ၊ သတင်းစာထဲ၊ စာအုပ်ထဲတို့၊ ဇာတ်ကားထဲမှာတို့ ဒါပဲကောင်းတယ်လေ။ ကိုယ်ပိုင်သိမ်းထားဖို့ ဘယ်ကောင်းပါ့မလဲ။ အမေက ဇာတ်ကားမရိုက်တော့ဘူးဆိုရင် အရပ်သူဖြစ်သွားပြီ။ အပြင်နဲ့ ဇာတ်ကားထဲကနဲ့ ဘာမှမဆိုင်ဘူး' တဲ့။

အမေက အဲဒီလိုအပျိုကြီးပါ။ အမေနဲ့ စကားတွေ အကြာကြီးပြောကြည့်တဲ့အခါမှ အမေ့ရဲ့ရိုးသားမှုတွေကို သေသေချာချာ တွေ့မြင်ခွင့်ရပါတော့တယ်။ တစ်နေ့မှာတော့ အမေနဲ့ကျွန်မ စကားထိုင်ပြောနေကြရင်း စာရေးဆရာ မောင်သာပို ရောက်လာပါတယ်။ မန္တလေးက စာပေသမားတွေဟာ အမေ့ဆီကို တကူးတကမဟုတ်တောင်မှ ကြုံတဲ့အခါ အမေ့ရဲ့ကျန်းမာရေး၊ နေရေးထိုင်ရေးကလေးတွေကို

www.burmeseclassic.com

www.burmeseclassic.com


သိရဖို့ ဝင်ပြီးနှုတ်ဆက်လေ့ ရှိကြပါတယ်။ မှတ်မှတ်ရရ အဲဒီနေ့တုန်းက ဘဘ ဦးလှဖေအကြောင်း အမေနဲ့ ရောက်တတ်ရာရာ ပြောနေကြတာပါ။ အမေက ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ဦးသာပိုကို မေးခွန်းတစ်ခု မေးချလိုက်ပါတယ်။

'ကိုသာပိုရဲ့၊ အဲဒီတုန်းက အမေ ဘယ်သူ့ကိုမှ မေးမကြည့်မိခဲ့တာ။ ကိုလှဖေကလေ အမေ့ကို ဇယ်ကြီး... ဇယ်ကြီးနဲ့ ခေါ်ပြီး 'လာ ဇယ်ကြီး၊ သီချင်းဆိုကြစို့'ဆိုရင် အမေက သိပ်စိတ်ဆိုးတာသိလား။ ဘာ အဓိပ္ပာယ်နဲ့ ခေါ်မှန်း မသိခဲ့ပေမယ့် ဇယ်ကြီးဆိုတဲ့ အသုံးအနှုန်းကြီးကို အမေက မကြိုက်တော့ ဒီလိုကြီးမခေါ်ပါနဲ့လို့ချည်း ပြောမိတာပဲ။ ခုမှ မေးရဦးမယ်၊ ဇယ်ကြီးဆိုတာ ဘာကိုပြောတာတုံး'တဲ့။

အမေ အသက်ရှစ်ဆယ်ကျော်မှ သိချင်တဲ့ မေးခွန်းကလေးပေါ့။ လေးလေးဦးသာပိုကလည်း အဖြေရခက်လို့လား မပြောတတ်ပါဘူး။ ဝေ့လည်ကြောင်ပတ်နဲ့ ပြောတော့ ကျွန်မတောင် နားမလည်လိုက်ပါဘူး။ နောက်ထပ်တစ်ခါ ကိုဇော်နဲ့ဆုံတဲ့ စကားဝိုင်းကျမှ ကျွန်မက ကိုဇော့်ကို ဇယ်ကြီးအဓိပ္ပာယ် ဖွင့်ခိုင်းရပါတယ်။

'အမေရယ်... သဘောကတော့ သူ့ချစ်သူ၊ အဲလိုမျိုးပေါ့။ သူ့အမျိုးသမီး... အဲဒီ လိုထင်တယ်'

ကိုဇော့်အဖြေကို အမေကြားတဲ့အခါ နှုတ်ခမ်းစူပြီး–

'ဟင်း... ဒီလူကြီး၊ စောစောစီးစီးသာ အမေသိရင် ကောင်းကောင်းဆူပစ်မယ်'တဲ့။

❀

www.burmeseclassic.com

www.burmeseclassic.com



မရှင်သည် ကိုလှဖေနှင့်ပတ်သက်လျှင် အလွန်ပင် စိတ်ဆိုးလွယ်ခဲ့သည်။ ကိုလှဖေအပေါ်မှာ လိုက်လိုက် လျောလျော ဆက်ဆံသည်ဟူ၍ မရှိခဲ့။ ကိုလှဖေက အစ အနောက်သန်သည်။ အသံကျယ်သည်။ သူ့အသံကြီးကို ကြောက်တာနှင့်ပင် သူ့ကို မရှင် စိတ်တိုင်းမကျတာတွေ များခဲ့သည်။ ဒါပေမယ့်လည်း မရှင်၏ တကယ့်အရေးကြီး သောကိစ္စများတွင် ကိုလှဖေက အဓိကနေရာမှ ပါဝင် ကူညီ စမြဲပင်။ အထူးသဖြင့် မရှင် အနားယူပြီး တရားနှင့်မွေ့လျော် သောအချိန်တွင် ကိုလှဖေကို အထူးသတိရတော့သည်။

မန္တလေးကိုပြန်ရောက်တော့ မရှင်၏စိတ်တွင် တာဝန် နှင့်အလုပ်တို့မှ လွတ်ကင်းမှုကို သေချာစွာခံစားရတော့သည်။ ရန်ကုန်မှာတုန်းက သူ့အချိန်နှင့်သူ အချိန်နှင့်အမျှ သွားလာ လှုပ်ရှား အလုပ်များခဲ့သည်။ မြန်မာ့အသံမှာ အလုပ်လုပ် တော့လည်း ဝန်ထမ်းတစ်ယောက်၏ဘဝကို နားလည်ခွင့်ရခဲ့ သည်။ အထူးသဖြင့် စံတော်ချိန်နှင့် အလုပ်လုပ်နေရသော ကာလများသည် မရှင်ကို တိကျသူဖြစ်စေခဲ့သည်။ စည်းကမ်းရှိသူ ဖြစ်စေခဲ့သည်။ တာဝန်ဆိုသောအရာကို နားလည်စေခဲ့သည်။ထိုအရာများကိုမငြီးငွေ့ခဲ့။ အကောင်းဆုံး ဖြစ်အောင်ကြိုးစားရတာကိုပင် ပျော်ရွှင်ခဲ့ဖူးသည်။ ထိုကောင်း သောအရာများကို လွတ်လပ်မှုနှင့် နှိုင်းယှဉ်မည်ဆိုပါတော့။

လွတ်လပ်မှု...

www.burmeseclassic.com

www.burmeseclassic.com



တာဝန်မဲ့ အကြွင်းမဲ့လွတ်လပ်မှုတို့သည် မရှင်ကို သိမ်းပိုက်လေတော့၏။အို... ကြည်နူးလိုက်တာ။ ထိုကြည်နူးမှုများကို မရှင်က ဘုရားရိပ်တရားရိပ်မှာ ကုန်လွန်စေ၏။ မရှင်က စနေသမီးဆိုတော့ စနေနေ့တိုင်း သားသတ်လွတ်စား၊ ဥပုသ်စောင့်၊ အမျိုးသမီးမိတ်ဆွေများနှင့် မန္တလေးမြို့တွင်ရှိသော ဘုရားများသို့ အပတ်စဉ်သွားဖြစ်ကြတော့သည်။ မရှင်မှာ အမျိုးသမီးမိတ်ဆွေများရှိသည်။ ငယ်ကတည်းက ကျောင်းနေဖက် သူငယ်ချင်းတွေရော၊ အသက်ကြီးမှ တွေ့ရသောပရိသတ်များရော စုံလင်လှသည်။ မရှင်၏ အပတ်စဉ်သွားနေကျ ဘုရားဖူးခရီးစဉ်ကလေးမှာ သူတို့လည်း ပါဝင်ခဲ့ကြသည်။

ဘုရားဖူးသွားကြ၊ ပုတီးစိပ်ကြသောအခါ အသက်လေးဆယ်ကျော်အရွယ်များမို့လားမသိ။ ဘုရားတရားစကားလည်း ပြောဖြစ်ပါရဲ့။ သီချင်းစကားလေးများလည်း ပါခဲ့သေး၏။ တခြားသီချင်းများအကြောင်းတော့ မဟုတ်ရပါ။ မရှင်ဆိုခဲ့သော ဓမ္မသီချင်းများပင် ဖြစ်သည်။ မရှင်၏ သီချင်းပေါင်းများစွာထဲမှာ ဓမ္မသီချင်းများလည်း အပါအဝင်ဖြစ်သည်။ သီချင်းများအကြောင်းပြောလျှင် ကိုလှဖေကို မေ့ထား၍မဖြစ်။ မရှင်၏သီချင်းများစွာထဲမှာ ကိုလှဖေသည် ပေါ်ပေါ်လွင်လွင်ဖြစ်စေ၊ မထင်မရှားဖြစ်စေ၊ လူမသိ သူမသိဖြစ်စေ ပါဝင်ခဲ့စမြဲပင်။ သီချင်းရေးဆရာများက မရှင်၏အသံနှင့် အဆင်ပြေအောင် သင်ကြားပေးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မရှင်ကလည်း ကြိုးစား၍ ဆိုခဲ့သည်။ ဒါပေမယ့် သီချင်းကို လေ့ကျင့်သည့်အချိန်များတွင် ကိုလှဖေပေးလေ့ရှိသော အကြံဉာဏ်များသည် မရှင်အတွက် အလွန်ပင်အကျိုးရှိလှသည်။ တစ်ခါတလေ အသံအလှည့်အပြောင်း၊ အဆွဲအငင် သံဆန်းများအတွက် ကိုလှဖေက 'ဒီလိုလေ မရှင်ရဲ့'ဟု ပြောပြလိုက်လျှင် တစ်ခါတည်းနှင့် အဆင်ပြေသွား၏။

'အောင်ခြင်းရှစ်ပါး'တို့၊ 'ပါရမီတော်' တို့ ဓမ္မသီချင်းများကို ဆိုခဲ့စဉ်က မရှင်၏ စိတ်များသည် အထူးပင်ကြည်လင်ခဲ့ရသည်။ 'မရှင်အသံက နဂိုကတည်းက အေးပြီးသားပဲ။ ဘုရားကို အာရုံပြုပြီးဆိုပေါ့။ အသက်ကို ဝအောင်ရှူပစ်လိုက်လေ'နှင့် အားပေးခဲ့၊ အကြံပေးခဲ့သည်။

အရေးကြီးသောအခါများမှာ ဘယ်တော့မှ ပြက်ရယ်မပြု။ နှစ်ယောက်ချင်းရှိသောအခါ ဘယ်တော့မှ အနေခက်အောင် မစ၊ မနောက်၊ မတို့မထိ။ အလွန် သစ္စာရှိခဲ့သောမိတ်ကောင်းဆွေကောင်းပင်။ ကိုလှဖေသည် မရှင်နှင့် မရေးမနှောင်းပင် အေဝမ်းခြံကြီးမှထွက်ခွာပြီး စစ်တပ်ထဲသို့ ဝင်သွားသည်။ သူ့ဝါသနာကလည်း တစ်မျိုး။ သီချင်းဆိုသည့်ဘက်မှာ အလွန်အားသန်သလို စစ်ဘက်ရေးရာမှာလည်း ဝါသနာထုံလှလေသည်။ စစ်တပ်ထဲရောက်ပြီး အိမ်ထောင် တွေဘာတွေကျတော့လည်း မရှင်နှင့်အဆက်အသွယ်မပြတ်။ သူ့မိန်းမ သူ့သားသမီးများနှင့်ပါ မိတ်ဆက်ပေးသည်။

မန္တလေးသို့ မရှင် ပြန်ရောက်ခဲ့ပြီး အတော်ကြာသော အခါ အကြီးအကျယ် နေမကောင်းဖြစ်သည်။ ဆေးရုံလည်း

www.burmeseclassic.com

www.burmeseclassic.com



တက်ရသည်။ မရှင်ကိုယ်မရှင် နေမှနေရပါတော့မလား စဉ်းစားရင်း ဟိုစဉ်က လုပ်ဖော်ကိုင်ဖက် ဝါသနာတူ မိတ်ကောင်း ဆွေကောင်းများကို သတိရ တမ်းတနေမိသည်။ ဒါပေမယ့် မည်သူ့ထံမှ အကြောင်းမကြားဖြစ်ခဲ့။ သူတို့ တွေ ဘယ်လိုသိကြသလဲ မဆိုနိုင်။ မရှင်ထံသို့ ရောက်လာခဲ့ကြသည်။ ဆေးဝါးခါတ်စာတွေနှင့် မရှင်ကို အားပေးခဲ့ကြသည်။ ကိုလှဖေနှင့် မရှေးမနှောင်းပင် ကိုပုတုလည်း ရောက်လာခဲ့သည်။ သူတို့တွေကတော့ သူတို့ဝါသနာ၊ သူတို့လမ်းကို ဆက်လျှောက်နေမြဲပင်။ တစ်ယောက်ကတိုင်းပြည်အတွက် ကာကွယ်ရေးတည်ဆောက်ရေးတွေမှာ အရေးကြီးသောနေရာမှာ ရောက်နေ၏။ နောက်တစ်ယောက်ကလည်း ရုပ်ရှင်လုပ်ငန်းကြီးတွေမှာ အလွန်အရေးကြီးသောသူပင်။ မရှင်ကတော့ သီးသန့်တစ်နေရာမှာ။ ထိုနေရာကိုလည်း မရှင်ကိုယ်တိုင်ပင် ရွေးချယ်ခဲ့တာဆိုတော့ အတိတ်ကို တစ်ခါတလေ တမ်းတမှန်းဆရုံမှတစ်ပါး နှမြောတသ ဖြစ်ရန်တော့ မရှိခဲ့ပါ။

ဆေးရုံကဆင်းပြီးသောအခါ မရှင်၏ စိတ်ထဲတွင် ကျန်ဦးမည့် အချိန်ကာလကို ဘာဆက်လုပ်ရမလဲဟု ခဏခဏတွေးဖြစ်ခဲ့၏။ တတ်နိုင်သမျှ ဥပုသ်စောင့်၊ အလှူဒါနများ ပြုရ၏။ ထိုအချိန်မှာ ထူးခြားသော အလှူတစ်မျိုးကိုလှူရန် စိတ်ကူးရခဲ့သည်။ ငွေကြေးမပါသော အလှူ၊ မရှင်၏စေတနာ၊ မရှင်၏လုပ်အားကြောင့် နိုင်ငံတော်အတွက် ရရှိခဲ့သော အကျိုးကျေးဇူးကြောင့် ဂုဏ်ပြုချီးကျူးခြင်း ခံခဲ့ရသည့် ‘ဝဏ္ဏကျော်ထင်’ ၏ ကောင်းမှုဆိုပါတော့။

www.burmeseclassic.com

www.burmeseclassic.com


'ဝဏ္ဏကျော်ထင်'ဘွဲ့နှင့်အတူ ပုရပိုက်ခေါက် ရွှေသုံး ကျပ်သားကိုပါ မရှင်အတွက် ချီးမြှင့်ခဲ့ခြင်းခံခဲ့ရသည်။ 'ရွှေ' ဆိုသောအရာကို တန်ဖိုးထားစရာဟု သတ်မှတ်ခဲ့သလို 'ဆု' ကိုလည်း တန်ဖိုးအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ဒါပေမယ့် မရှင်က ရွှေတွေ ဝတ်ရ စားရတာကို ဘယ်သောအခါကမှ မနှစ်သက်ခဲ့။ လက်ဝတ်ရတနာ ထူထူထဲထဲတွေကိုလည်း မဝတ်ချင်။ ဆုအဖြစ်ရထားသော ပုရပိုက်ရွှေများကိုလည်း အဆင်တန်ဆာအဖြစ် မသုံးချင်။ ထုခွဲပြီးတော့လည်း သုံးစွဲ မပစ်ရက်။ ဒီအတိုင်း ဗီရိုထဲမှာထားဖို့လည်း အဓိပ္ပာယ်မရှိဟု ယူဆမိသောကြောင့် ဘာလုပ်သင့်သလဲ အခါခါစဉ်းစားသည်။

မြတ်ဘုရားထံမှာလှူရန် ဆုံးဖြတ်လိုက်၏။ မဟာမြတ် မုနိဘုရား၏ ရင်ဘတ်တော်တွင်လှူရန် စိတ်ကူးရသည်။ ဘုရားလူကြီးများထံသို့သွား၍ အကျိုးအကြောင်းပြောပြ သောအခါ မရှင် စိတ်တိုင်းကျဖြစ်အောင် လှိုက်လှိုက်လှဲလှဲ ကူညီခဲ့ကြသည်။ မဟာမြတ်မုနိဘုရားကြီး၏ ရင်ဘတ်တော် တွင် ရွှေသုံးကျပ်သားကို ဝတ်အုံနှင့်စုပ်၍ သေချာစွာကပ်လှူ ပေးကြသည်။ ထိုအလှူဒါနအတွက် တွေးမိတိုင်း ကြည်နူးရ သည်။ ပီတိဖြစ်ရသည်။ အလှူဒါနပြုပြီးတိုင်းလည်း သက်ဆိုင်ခဲ့သူများကို အမျှအတန်းပေးဝေရသည်။

မရှင် သတိတရဖြစ်မယ့်သူများတွင် မရှင်၏ ပရိသတ် များသည် ရှေ့ဆုံးမှပါဝင်ခဲ့ သည်။ 'မေရှင်' 'မေရှင်'ဟု ချစ်ခဲ့ကြသူများကို မရှင်ကလည်း နေ့စဉ်နေ့တိုင်း ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ပြုပြီးတိုင်း ရှိခိုးဦးတင် မေတ္တာပို့ရသည်။ မရှင်၏ လုပ်ငန်းသည် ကိုယ့်ကြိုးစားမှုနှင့်ကိုယ် အောင်မြင်ခဲ့သည် ဆိုဦး။ ထိုအောင်မြင်မှုကိုပေးသူသည် မရှင်ချစ်သော ပရိသတ်များပင်ဖြစ်သည်။ ထို့ကြောင့် စနေနေ့ မနက်တိုင်း ဆွမ်းတော်၊ ဆွမ်းဟင်းတွေချက်၍ တစ်တန်းကြီး ဆွမ်းလောင်းသည်။ ဘုရားရှိခိုး၊ ပုတီးစိပ်၊ ဆွမ်းလောင်း၊ အလှူဒါနပြုနှင့် မရှင်၏ဘဝကလေးကို ကိုယ့်အနေအထားနှင့်ကိုယ် ကျေနပ်အားရနေဆဲ။ ထိုဘဝကိုပင် ဝေဖန်အကြံပြုမည့်သူတစ်ဦး ပေါ်လာခဲ့ပါသည်။ ထိုသူကတော့ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်မဟုတ်။ သူတော်စင်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ မရှင်တို့မိဘများ အစဉ်အဆက် ကိုးကွယ်လာခဲ့သော ကြေးမှုံကျောင်းတိုက်က သာသနာပိုင်ဆရာတော်။ ရွှေကျင် သာသနာဆရာတော်ဖြစ်သည်။ ဆရာတော်က မရှင်ကို အရေးကြီးသောစကား မိန့်ကြားတော်မူသည်။

'မိရှင်... လှူဒါန်းပြီး ကုသိုလ်ကောင်းမှုတွေချည်း လုပ်နေရုံနဲ့ မပြီးသေးဘူး။ ဘာဝနာအလုပ်ကိုလည်း လုပ်ရဦးမယ်။ နိဗ္ဗာန်ရောက်ကြောင်းတရားတွေကို လေ့လာရဦးမယ်။ ကိုယ့်ကိုယ်ကို ဖြူစင်သန့်ရှင်းတယ်၊ ဒါနတွေလုပ်တယ်ဆိုပြီး ကျေနပ်မနေနဲ့ဦး'

ဆရာတော်က သတိပေး၏။

ဆရာတော်၏တရားများကို နာယူရပြန်သည်။ မရှင် နှင့် မရင်းနှီးသေးသော အကျင့် သီလများထံသို့ ခိုဝင်ရပြန် သည်။ 'မမြဲသောတရား'တဲ့။ မရှင်တို့ ခဏခဏပြောမိခဲ့ကြ သော

www.burmeseclassic.com


မမြဲမှုဆိုတာ ဘယ်နေရာမှာမှာမပဟုတ်။ မရှင်တို့ ကိုယ်ထဲမှာပင် ရှိနေတာမပဟုတ်လား။

ရုပ်ရှင်ထဲကိုမရောက်ခင် အိမ်မှာ အငယ်ဆုံး၊ အထွေး ဆုံးသမီးကလေးအဖြစ် 'မိရှင်'။ ရုပ်ရှင်ထဲကိုရောက်တော့ အားလုံးက 'မရှင်'။ အနေကြာလာတော့ ကိုယ့်နောက်မှ ရောက်လာသော မင်းသမီးငယ်၊ မင်းသားငယ်ကလေးများ က 'မမရှင်'။ မင်းသမီး မင်းသားငယ်များဆိုမှ မရှင်သည် 'ဘောဘီ' ကလေးကို သတိတရ ရှိနေပြန်သည်။ မင်းသမီး တွေထဲမှာ ရွှေကြည်ကအစ၊ မသစ် (မေသစ်)၊ ဘောဘီ အားလုံးကို မရှင် ချစ်ခဲ့သည်။ အားလုံးထဲမှာ မန္တလေးကို ရောက်သည်အထိ မမေ့နိုင်လောက်အောင် ချစ်ခင်မိသော ညီမငယ်မှာ 'ဘောဘီ'ပင်ဖြစ်သည်။ ဘောဘီဆိုတာ အခုတော့ ထပ်ကွမ်းအကယ်ဒမီ ဒေါ်မြင့်မြင့်ခင်ဟု ပရိသတ်ချစ် မေတ္တာကို ခံယူနေရသူ အနုပညာရှင်အမျိုးသမီးတစ်ယောက် ဖြစ်သည်။ ဘောဘီနှင့် မရှင်အတူတွဲ၍ ဇာတ်ကားများရိုက်ခဲ့ သည်။ လုပ်ငန်းခွင်မှာ အပေးအယူမျှတစွာဖြင့် လက်တွဲ အလုပ်လုပ်ခဲ့ရရုံမျှမက တစ်ဦးပေါ်တစ်ဦး ညီအစ်မအရင်း တွေလို ချစ်ခင်သွားခဲ့သည်။ အစစအရာရာ တိုင်တိုင်ပင်ပင်။ မရှင်က ဘောဘီကလေးအပေါ်မှာ သံယောဇဉ်ငြိတွယ်သွား ခြင်းမှာ ဘောဘီ၏ စိတ်စွမ်းရည်တစ်မျိုးကြောင့်ပင်။

ထားပါတော့။ လုပ်ငန်းခွင်ထဲမှ ညီမငယ်များသည် မမရှင်ကို ကိုယ်ရေးကိုယ်တာ ကိစ္စကလေးတွေကအစ တိုင်တိုင်ပင်ပင် ရှိကြစမြဲပင်။ ဒါဟာ သိပ်ထူးဆန်းလှသည်

www.burmeseclassic.com

www.burmeseclassic.com


တော့မဟုတ်ပါ။ မိန်းမသားတွေဟာ တစ်ဦးကိုတစ်ဦး အနည်းငယ်ခင်မင်ပြီဆိုလျှင် ရင်ဖွင့်စကားဆိုလေ့ရှိကြသည်။ အကြံဉာဏ်များလည်း တောင်းခံကြသည်။ တစ်ခုခုပြုပြင်ဖို့ လိုအပ်သောအခါမှာတော့ 'ဟုတ်ကဲ့'တစ်လုံးသာ ပြန်ရလေ့ရှိသည်။ မပြုပြင်တတ်ကြ။ မမရှင်အဖြစ် ညီမငယ်များ၏ အစ်မလိုနေရာမျိုးကို ရောက်လာသောအခါ အမြင်မတော်တာ၊ ပြုပြင်စရာတွေ့လျှင် မမရှင်က အကျိုးသင့် အကြောင်းသင့် ရှင်းပြပြီး ပြောပြဖြစ်သည်။ ညီမများတွင် ဘောဘီသည် သတ္တိရှိစွာ၊ ပြတ်သားစွာ ပြုပြင်တတ်သူ။ လိမ္မာသူကလေးပင်။ အနုပညာအင်အားကလည်း ကြီးမားလှသည်။ မမရှင်က ကျန်းမာတစ်လှည့်၊ မကျန်းမာတစ်လှည့်ဖြစ်နေစဉ် ဘောဘီကလေးကို သတိရသည်။ ဘောဘီကလည်း မမရှင်ကို မမေ့ရှာပေ။ အစစအရာရာ သတိရရှာသည်။ မန္တလေးသို့ကားရိုက်လာလျှင် မရောက်သည့်အခါရယ်ဟု မရှိ။ ဝင်ဖြစ်အောင်ဝင်သည်။ အားပေးသည်။ တဖြည်းဖြည်းနှင့် ဘောဘီကလေးသည်ပင် ဒေါ်မြင့်မြင့်ခင်တွေ ဘာတွေဖြစ်ပြီး သမီးများ၏ မေမေ ဖြစ်လာသည်။ ထိုအချိန်မှာလည်း မမရှင်ကို မမေ့ရှာပေ။

❀

www.burmeseclassic.com

www.burmeseclassic.com



'သမီးရဲ့အမေကလေ လုပ်ဖော်ကိုင်ဖက်တွေဆိုရင် မန္တလေးကနေပြီး လှမ်းလှမ်း လွမ်းနေတာဆိုတော့ သိပ်တွေ့ချင်တာ။ သူတို့ရောက်လာတော့ သိပ်ကိုပျော်တာပဲ။ ဘေဘီကလာတယ်။ မေဆွိကလေး အဆိုတော်ဖြစ်ပြီဆိုတော့ အမေ့ဆီ ခေါ်လာသေးတယ်'

'အမေ မေဆွိရဲ့အသံကို သဘောကျလား'

'ကျပါတယ်။ ကြိုးစားရင် အမေ ကြိုက်တာပဲ။ အမေ့ကိုသာ သမီးက ဟိုလူ့သဘောကျသလား၊ ဒီလူ့ သဘောကျသလားမေးနေတယ်။ အမေ့ကိုရော သဘောကျသလားလို့တော့ ဘယ်သူ့ကိုမှ မမေးဘူးလား'

'မေးနေဖို့ လိုသေးလို့လား အမေရယ်။ အမေ့ကို သဘောမကျတဲ့သူ ရှိမှာမို့လား'

'အို... အမေကရော ဘာသားနဲ့ ထုထားတာမှတ်လို့။ အမေ့အတွက် ဝေဖန်တဲ့ အသံမျိုးတော့ ရှိဦးမှာပေါ့'

'အမေ ကျွန်တော် ပြောရမှာလား'

ကိုဇော်က ရယ်မောပြီး ဝင်ဖောက်ပါတော့တယ်။ ကိုဇော်ဘာပြောချင်တယ်ဆိုတာ ကျွန်မသိပါတယ်။ဒါပေမယ့် အမေကတော့ သိဦးမှာ မဟုတ်ပါဘူး။

'ဘာတုံး၊ ဘာပြောဦးမှာတုံး။ လျှောက်တော့မပြောနဲ့'

အမေက ထုံးစံအတိုင်း လက်ကလေးနဲ့ ပါးစပ်ကလေးကိုပိတ်ပြီး ရယ်ပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


'ဩော်... အမေရယ်။ ကျွန်တော်တို့ ဆရာဦးဝင်းငြိမ်းနဲ့ ဘဘဦးတင်မောင်ကို အင်တာဗျူးသွားလုပ်ကြတာ။ အဲဒီတုန်းက အမေကြည်လည်း ရှိသေးတယ်'

'ဘာတွေလျှောက်မေးကြတုံး'

'ဩော်... အဲဒီတုန်းက အမေလှတဲ့အကြောင်း၊ သီချင်းဆိုကောင်းတဲ့အကြောင်းကို မေးကြရင်းနဲ့ ဆရာဦးဝင်းငြိမ်းက ဘဘ ဦးတင်မောင်ကိုမေးတာ။ ဘဘရယ် ဘဘကလည်း လူပျို၊ အမေဒေါ်မေရှင်ကလည်း အပျိုကလေး၊ ချောလည်းချော၊ လှလည်းလှ၊ လိမ်လည်းလိမ္မာဆိုတော့ စိတ်မဝင်စားခဲ့ဘူးလား။ အဲလိုမေးတာ အမေရဲ့'

'ကိုဝင်းငြိမ်းက ဒီလိုပဲမေးသလား။ ရှာရှာပေါက် ပေါက်'

'အမေ ဘဘဖြေတဲ့အဖြေကို မသိချင်ဘူးလား'

ကိုဇော်က အမေ့ကို စလို့ချည်း နေပါတော့တယ်။ အမေက ပျာပျာသလဲနဲ့–

'ဩော်... ဒီကလေးတွေနော်။ အမေတို့ ဘာမှမဖြစ်ပါဘူး။ သူက အမေ့ကိုဘာမှမပြောဘူး။ တကယ်ကို ဘာမှ မပြောဘူး။ ယုံတော့၊ ကဲ...'

'ယုံပါတယ်။ အမေကလည်း မယုံလို့ ပြောတာမှ မဟုတ်တာ။ ဒီလိုပဲ မေးရတာပေါ့။ အဲဒီလိုမေးတော့လေ ဘဘဦးတင်မောင်က ရယ်ပြီး အဲဒီမေးခွန်း ငါဖြေချင်တယ်ဟ။ ရွှေကြည်ရေ ငါဖြေလိုက်မယ်လို့ ပြောတယ်။ အမေကြည်က ဟဲ့ကောင်လေးတွေ၊ လူကြီးကို ဘာတွေလျှောက်

www.burmeseclassic.com

www.burmeseclassic.com


မေးနေတာလဲ။ အဖေကြီး ဖြေမနေနဲ့၊ သူတို့မေးတာတွေလို့ ပြောတယ်။ ဘဘက ရယ်ပြီး မင်းတို့ကလည်းကွာ ငယ်ငယ် တုန်းကတော့ စိတ်တော့ဝင်စားခဲ့တာပေါ့တဲ့၊ သိလားအမေ’

ကိုဇော်က ပြောပြတာတွေကို နားထောင်ပြီး အမေက တည်တည်ကြည်ကြည်နဲ့ တကယ်ပဲ လေးလေးနက်နက် ပြောပါတယ်။

‘အေးပေါ့လေ၊ ခု သူမရှိတော့ပါဘူး။ ဘာပဲပြောခဲ့ ပြောခဲ့ မရှိတော့တဲ့လူတစ်ယောက် ပြောခဲ့တာတွေကို မရေး ပါနဲ့။ သူ့စိတ်ထဲမှာ မဟုတ်ခဲ့ဘူးဆိုရင် ဒီစာကိုဖတ်ပြီး ဘယ်လိုရှင်းမလဲ။ မင်းတို့ အမေနဲ့ပတ်သက်ပြီး ရေးချင်ရင် သက်ရှိထင်ရှားရှိနေတဲ့သူတွေကို မေးပါလား။ ဘယ်လိုပဲ ပြောပြော ပြောချင်တာပြောပါစေပေါ့။ မကောင်းတာပြော လည်းထည့်ရေး၊ ကောင်းတာပြောလည်းထည့်ရေး’တဲ့။

အမေနဲ့ပတ်သက်လို့ ကျွန်မကြိုးစားခဲ့တာတွေဟာ ဒီစကားလေးတစ်ခွန်းနဲ့ကိုပဲ အမောပြေလှပါပြီ။ ကျွန်မ ဒီထက်ကြိုးစားရဦးမယ်လို့ သိလိုက်ပြီးတဲ့နောက် ဆရာဦးဝင်းငြိမ်းဆီကို ဖုန်းဆက်အကြံတောင်းရပြန်ပါ တယ်။ ဆရာက ဘဘဦးတင်မောင်ကို မလေးမစားသဘော မျိုးနဲ့ မေးခဲ့တာမဟုတ်ဘဲ ပျော်ပျော်ပါးပါးသဘောနဲ့ မေးခဲ့ပြီး ဘဘကလည်း အဲဒီအတိုင်း တကယ်ပဲဖြေခဲ့လို့ ဆရာလည်း ရေးခဲ့တဲ့အကြောင်း၊ အဲဒီ အင်တာဗျူးရေးခဲ့တုန်းက ဘဘ

www.burmeseclassic.com

www.burmeseclassic.com


သက်ရှိထင်ရှား ရှိခဲ့သေးကြောင်းနဲ့ အမေ့အကြောင်းရေးတဲ့ အခါမှာ မထင်မှတ်ဘဲတွေ့လိုက်ရတဲ့ အမေ့ရဲ့ ဖြူစင်သန့်ရှင်း လှတဲ့ သဘောထားကလေးကို အမိအရရေးဖို့ အကြံပေးပါ တယ်။ နောက်ပြီး အမေနဲ့အတူ ရုပ်ရှင်ရိုက်ခဲ့ဖူးတဲ့ အန်တီ ဘေဘီ(ဒေါ်မြင့်မြင့်ခင်)ရယ်၊ ဘဘဦးသုခရယ်ကို ကျွန်မ အနည်းငယ်မျှ မေးမြန်းချင်တဲ့အကြောင်းကိုလည်း ဆရာ့ဆီမှာ အကူအညီ တောင်းရပါတယ်။

တကယ်ဆို ကျွန်မ ရန်ကုန်တစ်ခေါက်လောက် သွား ပြီး မေးသင့်တာပါ။ ဒါပေမယ့် ကျွန်မဘဝကလည်း စာမျက် နှာ နှစ်မျက်နှာလိုဖြစ်နေတာဆိုတော့ စိတ်သွားတိုင်း ကိုယ်က မပါနိုင်ပါဘူး။ ဖျက်လို့မသင့်တဲ့ စာသင်ခန်းတွေထဲမှာ တစ်ဖက်၊ စာရေးတာ တစ်ဖက်။ ဒီအလုပ်နှစ်ခုကို နှစ်မျိုး စလုံး မလုပ်မဖြစ်လုပ်နေမိတာမို့ စာရေးတဲ့ကိစ္စ အတွက်ကို တော့ မိတ်ကောင်းဆွေကောင်းများရဲ့အကူအညီ အများကြီး ရယူနေဆဲပါ။ ဆရာဦးဝင်းငြိမ်းက ဘဘဦးသုခနဲ့ တွေ့ဖို့ အတွက် တာဝန်ယူလိုက်ပါတယ်။ အန်တီ ဘေဘီနဲ့ စကား ပြောဖို့တော့ ဖုန်းကတစ်ဆင့် ပြောနိုင်ဖို့ ဆရာဦးဝင်းငြိမ်း ဆီက ဖုန်းနံပါတ်ယူပြီး ကိုဇော်က ကူညီပါတယ်။ ကိုဇော်နဲ့ အန်တီဘေဘီတို့က ရင်းနှီးပြီးသားမို့ တစ်နေ့မှာတော့ ဖုန်းနှစ်လုံးနဲ့ လူနှစ်ယောက် အလုပ်ရှုပ်ကြပါရော။

❀

www.burmeseclassic.com

www.burmeseclassic.com



'သမီးရယ်၊ အန်တီနဲ့ မမရှင်က ဓာတ်ကားအတူတူ ရိုက်ဖူးတယ်ဆိုပေမယ့် အန်တီ့စိတ်ထဲမှာ မမရှင်ကို တကယ့် အစ်မအရင်းလို သဘောထားတာ။ ဘာမဆို ဆိုးတိုင်ပင် ကောင်းတိုင်ပင်ပဲ။ မမရှင်ကလည်း အကြံတွေ ဘာတွေ ပေးတယ်၊ ဆုံးမတယ်။ ဒီတော့ မမရှင် မန္တလေးကို ပြန်သွား ပေမယ့် အန်တီဘောဘီတို့နဲ့ အဆက်အသွယ်မပြတ်ဘူး။ အန်တီကလည်း သမီးတွေမွေးပြီးတော့လည်း မမရှင်ဆီ ခေါ်သွားတာပဲ။ မန္တလေးကို အကြောင်းတစ်ခုခုနဲ့ ရောက်သွားပြီဆိုရင် မဟာမြတ်မုနိဘုရားလည်း ဖူးဖြစ်အောင် ဖူးတယ်။ မမရှင်ဆီ သွားဖြစ်အောင်သွားတယ်။ ခုချိန်အထိ မမရှင်ကို အန်တီဘောဘီတို့က အမျိုးတစ်ယောက်လို၊ အစ်မ တစ်ယောက်လို မိသားစုအားလုံးက သဘောထားပါတယ်'

'အန်တီနဲ့အမေတွေ့ကြတော့ အမေက အပျိုကြီးအရွယ် ဖြစ်နေပြီပေါ့နော်'

'ဖြစ်နေပြီပေါ့ သမီးရယ်။ အပျိုကြီးလို့ ပြောလို့ရတဲ့ အရွယ် ရောက်နေပြီပေါ့။ မေးပါ၊ သမီး ဘာမေးချင်လဲ'

'အန်တီရယ်၊ သမီး သိချင်တာက အပျို ကြီးအရွယ် အမေ့ဆက်ဆံရေးပေါ့နော်။ ချေးများတာတို့၊ ကဂျီကဂျောင် များတာတို့ အဲဒီလိုမျိုး ပေါင်းရသင်းရခက်တာမျိုးတာတွေ ဘာတွေ တွေ့ရပါသလား'

'အဲလိုမျိုးတော့ မဟုတ်ဘူး သမီးရဲ့။ သူက စည်းနဲ့ စနစ်နဲ့ နေတတ်တာ။ ဥပမာကွယ် လုံချည်ဝတ်တာကအစ

www.burmeseclassic.com

www.burmeseclassic.com



သပ်ရပ်နေတာ။ အမြဲ သူ့စည်းကမ်းကလေးနဲ့သူ သိမ်မွေ့နေတာ။ အန်တီဘောဘီကတော့ အဲဒါမျိုးကို ချေးများတယ်လို့ မမြင်ပါဘူး။ လေးစားတယ်၊ သိပ်ကို လေးစားမိတယ်'

'အမေနဲ့ပတ်သက်တဲ့ အန်တီ့အမြင်၊ အန်တီ့ခံစားချက်ကလေးတွေကိုလည်း သိပါရစေရှင့်'

'ဟိုတစ်ခါ အန်တီတို့ ရွှေရတုပွဲကို လာကြတုန်းက မမရှင်ဆီ သွားကြတယ် သမီးရယ်။ အသက်တွေကြီးသွားလို့လားတော့ မသိဘူးပေါ့နော်။ မမရှင်ကလေ တကယ့်ကို ဖြစ်သလိုနေနေတော့တာ တွေ့ရတယ်။ အန်တီ စိတ်မကောင်းဘူး။ တစ်ချိန်က သိပ်ကို သပ်ရပ်လှပအောင်နေခဲ့တဲ့သူက။ ဥပမာပေါ့ သမီးရယ်။ သွားတွေဘာတွေဆို ပြန်စိုက်ရင်လည်း ရရဲ့သားနဲ့ ဒီအတိုင်းနေတာ တွေ့ရတော့ စိတ်မကောင်းဘူး။ သိလား'

ကျွန်မရဲ့ဘေးနားမှာ ဖုန်းတစ်လုံးနဲ့ နားထောင်နေတဲ့ ကိုဇော်က 'အန်တီရေ... အဲဒါတော့ မပြောနဲ့တော့။ နိုင်ငံခြားကနေပြီး ခဏပြန်လာတဲ့ သွားဆရာဝန်တစ်ယောက်က အမေ့ဆီကို တကူးတကလာပြီး သွားတွေ ပြင်ပေးချင်လို့ ပါဆိုလို့ ကျွန်တော်ကိုယ်တိုင် လိုက်ပို့ရတာ။ အမေ့ဆီကို ရောက်တော့ သွားပြင်ဖို့ မပြောနဲ့၊ ပါးစပ်တောင် ဟမပြဘူး အန်တီရယ်... ကဲ...'

'အေးပါဆို၊ မမရှင်က အဲဒီလို။ ခုတော့ရော ကျန်းကျန်းမာမာ ရှိရဲ့လား သမီးရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'လူကြီးဆိုတော့ ကောင်းလှတယ် မဟုတ်ပါဘူး အန်တီရယ်။ အစားများများတော့ စားလို့မရဘူး။ ဆန်ပြုတ်ကလေး၊ မုန့်ပျော့ပျော့ကလေး စားရပါတယ်။ ခါးနာထားတော့လည်း အိပ်ရာပေါ်မှာပဲ သက်သောင့် သက်သာ လှဲနေရပါတယ်'

'ဘာပဲဖြစ်ဖြစ်ပေါ့နော်။ ဒီလောက်အထိ သက်ရှိထင်ရှားနဲ့ ပြောနိုင်ဆိုနိုင်ရှိနေသေးတာကိုပဲ ဝမ်းသာနေရပါသေးတယ်'

'အန်တီဘောဘီ မန္တလေးကို လာပါဦး'

ကိုဇော်က အန်တီဘောဘီ့ကို လှမ်းပြီး ဖိတ်နေပါတယ်။

'အေး... အေး... လာဦးမယ်။ လာချင်တယ်။ မမရှင်ကိုလည်း တွေ့ချင်တယ်။ တွေ့ရင် စကားတွေက ပြောလို့ပြီးမှာမဟုတ်ဘူးလေ။ လာချင်ပါတယ်။ သမီးတို့လည်း မေးချင်တာရှိရင်မေးပါ။ အားမနာပါနဲ့'

'ဟုတ်ကဲ့ပါ အန်တီ၊ သမီး သိပ်ကို ကျေးဇူးတင်ပါတယ်ရှင့်။ သမီးကို တစ်ခါမှမမြင်ဖူး မတွေ့ဖူးဘဲ ခုလိုစိတ်ရှည်လက်ရှည် စကားပြောပေးတာ ဝမ်းလည်းဝမ်းသာပါတယ်။ကျေးဇူးလည်းတင်ပါတယ်။ အန်တီရယ် နောက်ဆုံးမေးခွန်းကလေး မေးလိုက်ပါဦးမယ်နော်။အမေ့ကို ဘာကြောင့်များ အပျိုကြီးဖြစ်ရတယ်လို့ ထင်မိပါသလဲရှင့်'

'သမီးရယ်၊ အကျဉ်းဆုံးပြောမယ်ဆိုရင်တော့ ရေစက်ပေါ့နော်။ ရေးရေစက်ပါပဲ။ သူ့ကို တကယ်ချစ်ခဲ့တဲ့သူတွေ

www.burmeseclassic.com

www.burmeseclassic.com



အများကြီးပေါ့။ သူ့ကိုယ်သူ ထိန်းနိုင်တာလည်း ပါ ပါ တယ်။ စိတ်ဓာတ်က ပြတ်သားတယ်။ စဉ်းစားတတ်တယ်။ ချစ်ခဲ့ခင်ခဲ့တဲ့သူတွေ အများကြီးထဲမှာ အန်တီကတော့ ရေစက်မပါတာလည်း တစ်ချက်တော့ ထည့်ပြီး စဉ်းစားရ မယ်ထင်မိပါတယ်'

❀

အမေရှင်သည် ရေးရေစက်ကို မယုံကြည်၍ မဖြစ် လောက်အောင်ပင် ယုံကြည်ရန် အကြောင်းဖန်လာပြန်၏။ အံ့သြဖွယ်ကောင်းစွာ၊ ဝမ်းသာဖွယ်ကောင်းစွာ ဆုံစည်းခဲ့ သော ရေးရေစက်ပင်။

ထိုအချိန်က အမေရှင်အတွက် စိုးရိမ်ပူပန်မှုများ၊ သောကများ ထွေနေသောအချိန် ဖြစ်သည်။ ကျန်းမာရေး ကလည်း မကောင်း။ အသည်းရောဂါ၊ အစာအိမ်ရောဂါ၊ ခါးနာရောဂါများက အလှည့်ကျ နှိပ်စက်နေကြသောကြောင့် လူကတော့ အိပ်ရာပေါ်မှာ၊ စိတ်တွေက ဟိုရောက်သည် ရောက်။ မပြေသော သဘောတရားတွေက အမေရှင့်ကို အချိန် နှင့်အမျှ စိန်ခေါ်နေချိန်မှာတော့ စုဆောင်းထားခဲ့သမျှ စားစရိတ်ကလေးများနှင့် တူမကလေး တူကလေးများ၏ စောင့်ရှောက်မှုများကို လောကဓံက မသိမသာတစ်မျိုး၊ သိသိသာသာတစ်ဖုံ နှုတ်ယူနေကြတော့သည်။ စားစရာမပူ ရပေမယ့် ဆေးဖိုးကိုတော့ စိုးရိမ်လာမိ၏။ အသက်ကလည်း

www.burmeseclassic.com

www.burmeseclassic.com


မည်သည့်အရွယ်အထိ ရှည်ဦးမည်မသိ။ ဆေးဖိုးတွေကလည်း ဘယ်လောက်အထိ ကုန်ကျဦးမည် မဆိုနိုင်။ အမေရှင်က လည်း ဘာမှလုပ်လည်းမလုပ်တတ်။ လုပ်လည်း မလုပ်နိုင် တော့။

အတွေးများနှင့် စိတ်ရှုပ်နေသော အမေရှင့်ကို စိတ် ကြည်နူးမှုများဖြစ်ပေါ်စေမည့်သတင်းတစ်ခုသည် ကောင်း ကင်ထက်မှ လွင့်ပျံလာခဲ့သလိုပင်။ ဂျပန်နိုင်ငံ အိုကီနာဝါ တက္ကသိုလ်၊အရှေ့တောင်အာရှယဉ်ကျေးမှုနှင့်သမိုင်းပါမောက္ခ ဆရာကြီး နိုင်ပန်းလှက အမေရှင့်အတွက် ဂုဏ်ပြု ချီးမြှင့်ငွေ ပို့ပေးလိုက်သည်ဟူသောသတင်း။ ထိုသတင်းကို ယူဆောင် ပေးပို့သူက လူထုဒေါ်အမာ ဖြစ်သည်။ အမေရှင်နှင့် ပြည်သူ ချစ်သော အမေမာသည် အသက်သိပ်မကွာလှ။ အမေရှင်က အမေမာနှင့်တကွ စာရေးနေသောသူများကိုလည်း ချစ်ခင် လေးစားခဲ့သည်မို့ စိတ်တွေ လှုပ်ရှားပျော်ရွှင်ခဲ့ရပြန်သည်။

အမေရှင်နှင့်အတူနေသော သားရင်းသဖွယ် အားကိုးခဲ့ရ သည့် တူကလေးမောင်ချွန်က အငြိမ်းစားဗိုလ်ကြီး ဦးအောင် ချွန်ဖြစ်နေပေပြီ။ အိမ်ထောင်တွေဘာတွေကျလည်း သူက အမေရှင်နှင့်မခွဲဘဲအတူနေသည်။ သူ့ဇနီး ဒေါ်ခင်လေးတင် က နန်းရှေ့အမှတ်(၁၇) အထက်တန်းကျောင်းမှ အထက် တန်းပြဆရာမဖြစ်သည်။

'လေးလေး၊ အမေမာ ဖုန်းဆက်တယ်။ ဆရာနိုင်ပန်းလှ လှူတဲ့ ငွေတစ်သိန်းကို စာရေးဆရာတွေနဲ့ လေးလေးဆီလာပြီး

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ပြုမှာတဲ့'ဟု ပြောပြီးကတည်းက ဧည့်သည်တွေကို ဘာ ကျွေးရင်ကောင်းမလဲ။ ဘယ်သူတွေ လာကြမှာလဲ။ ဘာတွေ များ ပြောကြမှာလဲဟု အမေရှင်၏ အတွေးလမ်းကြောင်းတွေ ပြောင်းရတော့၏။ သမားရိုးကျ စဉ်းစားတွေးတောပြီး ငြီးငွေ့ နေခဲ့ရသော အချိန်တာများကို လွန်မြောက်ရလေသည်။

'ကျွေးဖို့မွေးဖို့ ဧည့်ခံဖို့ကိစ္စတွေအားလုံး စီစဉ်ထားပါ တယ်လေးလေးရဲ့။ ကိုယ့်ဟာကိုယ် သပ်သပ်ရပ်ရပ် ကလေး နဲ့ လှလှပပလေးဖြစ်အောင်သာ စဉ်းစားပါ' ဟု မလေး က ဆိုပြီး အဝတ်အစားများယူလာကာ 'ဒါလေး ဝတ်မလား၊ ဒါလေးဝတ်မလား' နှင့် စီစဉ်တော့သည်။

အို... အသက်တွေကြီးခါမှ၊ လှုပ်ရှားမှုတွေ ဘာမှ မရှိတော့ဘဲ ရေသေအိုင်ကြီးလို ငြိမ်သက်နေရာမှ လေပြည် ကလေး နှော့လိုက်သလို–

'သိပ်တောက်တောက်ကြီး မဝတ်ချင်ပါဘူးကွယ်'ဟု ပြောရသည်။

'လေးလေးရေ... ဓာတ်ပုံတွေဘာတွေကတော့ ရိုက် ရမှာပဲ။ ဂျပန်ကို ပို့ပေးရမယ်။ ဆရာနိုင်ပန်းလှက လေးလေး အတွက် သေသေချာချာကို စဉ်းစားပြီး ဂုဏ်ပြုလိုက်ပုံ ရတယ်။ ဒီပွဲကလေးအတွက် ဆရာ ဖိတ်စေချင်တဲ့သူတွေ ဘယ်သူတွေဆိုတာကအစ လူထုတိုက်က ပြည့်စုံအောင် စီစဉ်နေကြတယ်'ဆိုတော့ အမေရှင်မှာ ကြည်နူးမဆုံး ရှိရ ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ၁၉.၁.၉၅။ နေချိုသော ညနေခင်းဖြစ်သည်။ ပထမဦးစွာ တူမကလေး ခင်လေးတင်နှင့် တစ်ကျောင်းတည်း အတူတူ အလုပ်လုပ်နေသော စာရေးဆရာမ လေး ရောက်လာသည်။ ကော်ဖီဖျော်ကြ၊ မုန့်ပွဲတွေပြင်ကြ၊ အမေရှင့်ကို အကျီလုံချည်တွေ လဲပေးကြနှင့်ဆိုတော့ အသက် တွေပဲ ပြန်ငယ်သွားသလိုလို။ အမေရှင်ကတော့ ဧည့်ခန်းကို ထွက်၍ ထိုင်နိုင်သည်တော့ မဟုတ်။ ခုတင်ကလေးပေါ်မှာ အသာလေးထိုင်၍ အိမ်ရှေ့ဧည့်ခန်းဆီကို နားစွင့်နေမိသည်။

'ဒါ ဆရာဝန်တင်မောင်ကြည်တို့ အုပ်စုပဲ' ဟု တစ်ယောက်ကပြောသည်။ ထိုနာမည်ကို ကြားဖူးသည်။ ဆရာဝန်တစ်ဦးက ရုပ်သေးကိစ္စများကို သေသေချာချာ လေ့လာခံစားပြီး နိုင်ငံတကာအထိ ထွန်းပေါက်အောင် လုပ်နေသတဲ့။ ထိုသူကိုတွေ့ရပေတော့မည်။ သူနှင့်အတူ ဂျပန်ပြည်သို့ ခေတ္တခဏ သွားရောက်ပညာသင်နေသော ဆရာမကြီး ဒေါ်နန်းမြင့်မြင့်လွင်၏ ခင်ပွန်း ဦးမြင့်သန်း။ ရတနာပုံ ပရိဘောဂ ပိုင်ရှင် ဦးစိန်ဝင်းနှင့် စာရေးဆရာ ခင်မောင်ညို(မန်း)ဟု လူသိများသော အငြိမ်းစားဗိုလ်မှူး ခင်မောင်ညိုတို့ ဖြစ်ကြ သည်။ ဗိုလ်မှူးခင်မောင်ညိုသည် ဆရာနိုင်ပန်းလှ၏ ရဲဘော်ရဲဘက်တစ်ယောက်ပင်။ ၁၉၆၄ ခုနှစ် လောက်တုန်းက မန္တလေးမြို့မှာ ကျင်းပခဲ့သော ပြည်ထောင်စုနေ့အခမ်းအနား၊ တောင်သူလယ်သမားနေ့ အခမ်းအနားများတွင် စိတ်တူကိုယ်တူလက်တွဲ၍ အလုပ်လုပ်ခဲ့ကြရသည်။ နှစ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com


နှစ်ဆယ်ကျော် ကြာသော်ငြားမှပင် အမေရှင်ကို အကြောင်းပြု၍ သူငယ်ချင်းနှစ်ယောက် လေလှိုင်းမှတစ်ဆင့် ပြန်လည်ဆုံစည်းရသတဲ့။ အမေရှင်က ဝမ်းသာရပြန်သည်။

'မမရှင်ကို ကျွန်တော်ကစပြီး သတိထားမိနေတာက မမရှင် ရန်ကုန်မှာနေတုန်းကလေ မဟာမြိုင်ခြံမှာနေတော့ ကျွန်တော်တို့နဲ့ နီးတယ်။ ကျွန်တော်က သြော်... ဒါ မမထားပဲပေါ့။ မြားနတ်မောင်ဇာတ်ကားက ကျွန်တော်တို့အရွယ်တွေကို အဲဒီလောက်အထိ လွှမ်းမိုးနိုင်ခဲ့တာ'ဟု ဗိုလ်မှူးခင်မောင်ညိုက ဆိုသည်။

'မမရှင် မှတ်မိသေးလား။ ၁၉၄၇ ခု မှာ ဗိုလ်ချုပ်တို့ကျဆုံးတော့ မမရှင်က သွားပြီး ဂါရဝပြုချင်တယ်ဆိုလို့ တောင် ဂျူဗလီဟောကို ကျွန်တော် လိုက်ပို့ရသေးတယ်'

အမေရှင်၏ မိတ်ကောင်းဆွေကောင်း ပရိသတ်ကောင်းထဲမှာ ဗိုလ်မှူးခင်မောင်ညိုလည်း ပါဝင်လေသည်။ အမေရှင့်ကို ရုပ်ရှင်မင်းသမီးလိုမဆက်ဆံခဲ့။ အနုပညာကို မောင်နှမရင်းစိတ်နှင့် ဆက်ဆံခဲ့သူဖြစ်သည်။ မမထားကို အစ်မလိုသဘောထားမိရာမှ အမေရှင့်အသက် အတော်ကြီးပြီးမန္တလေးကို ရောက်သည်အထိ စောင့်ရှောက်ခဲ့သူပင် ဖြစ်သည်။ ဗိုလ်မှူးခင်မောင်ညို ဆက်စပ်ပေးမှုကြောင့်ပင် ရုပ်မြင်သံကြားအစီအစဉ်မှာ ဦးအောင်မြင့်တို့နှင့်တစ်ကြိမ်၊ ဂီတလုလင် ဦးကိုကို၊ ဘိုကလေးတင့်အောင်တို့နှင့် တစ်ကြိမ် တီဗီဖန်သားပြင်ပေါ်သို့ ရောက်ခဲ့ရသေးသည်။ အမေရှင်က

www.burmeseclassic.com

www.burmeseclassic.com


ဗိုလ်မှူးခင်မောင်ညိုကို ကျေးဇူးတင်နေခဲ့သလိုပင် ဗိုလ်မှူးညို ကလည်း

'မမရှင်ကျေးဇူးကြောင့် ကျွန်တော်နဲ့ နိုင် ပြန်ဆုံရတာ။ စကားပြောရတာ' ဟု ဆို ပြန်သည်။

ထိုနေ့ကတော့ နှစ်ရှည်လများ မြှုပ်နှံထားသော ရွှေအိုး ငွေအိုးကို ပြန်၍တူးဖော်မိသလိုပင်။ အမေရှင် အလွန်ပင် ကြည်ညိုလေးစားခဲ့သော အသက်ရှစ်ဆယ်ကျော် ဆရာကြီး မြကေထု (အငြိမ်းစား မြန်မာစာပါမောက္ခကြီး ဦးချမ်းမြ) ကလည်း သမီး တက္ကသိုလ်ဆရာမလေးနှင့်အတူ ကြွရောက် ချီးမြှင့်ခဲ့သည်။

'ကျူတာပေါက်စကလေး ဘဝမှာကတည်းက မောင်တင်မောင်၊ မေရှင်ကားဆို မလွတ်တမ်းကြည့်ခဲ့တာ။ နောက်တော့ဗျာ… တိုက်တိုက်ဆိုင်ဆိုင် ကိုတင်မောင်နဲ့ ရန်ကုန်တက္ကသိုလ် သထုံဆောင်မှာ အတူတူနေကြရပါလေ ရော။

'သူကဗျာ၊ ဆိုင်းမဆင့်ဗုံမဆင့်နဲ့ ကိုချမ်းမြရေ၊ ခင်ဗျား ဟာလေးကို ကျုပ်ယူရလိမ့်မယ်ဆိုတော့ ဟာ… ဘာယူမှာ လဲပေါ့။ တက္ကသိုလ်မဂ္ဂဇင်းမှာပါခဲ့တဲ့ ဝတ္ထုနာမည်ကို သူ လိုချင်တာ။ 'မြားနတ်မောင်'လေ။ အဲဒါကို လိုချင်တာ ဆိုတော့ ယူဗျာဆိုပြီး ဝမ်းသာအားရ ပေးလိုက်တယ်။ အဲဒီထဲ မှာလည်း မောင်တင်မောင်၊ မေရှင်က သိပ်ကိုကောင်းပြန် တော့ တကယ်ကို ကြည်နူးမိတာပဲ'

www.burmeseclassic.com

www.burmeseclassic.com


အမေရှင်၏ရင်ထဲမှာ နေမကောင်းစွာပင် အသက်ရှင်ခွင့်ရနေသော ကိုယ့်ဘဝကိုယ် ကျေနပ်မိသေးတော့သည်။ ဆရာကြီးက စာရေးဆရာကြီးပီသစွာပင် အားပေးကောင်းလေသည်။ ဘုရားရှိခိုးပြီးတိုင်း အောင်ခြင်းရှစ်ပါးသီချင်းကို အေးအေးဆေးဆေးလေး ဖွင့်နားထောင်ပြီး ကုသိုလ်ပွားရသည်ဆိုတော့ အမေရှင့်မှာ ဝမ်းသာမျက်ရည်လည်အောင်ပင် ခံစားခဲ့ရသည်။

ထိုနေ့က အမေရှင် ပျော်ပါသည်။ ခဏ ခဏ အားကျမိသော လူထုဒေါ်အမာသည် ကြည်လင်အေးမြသော အပြုံးပန်းဝေဝေနှင့် ရောက်လာခဲ့သည်။ 'ရုပ်ရှင်မင်းသမီး တစ်ယောက်ဟာ ဘယ်လောက်ပဲ လှခဲ့လှခဲ့၊ တော်ခဲ့တော်ခဲ့ သူလုပ်နိုင်တဲ့ သက်တမ်းဟာ သတ်မှတ်ချက်နဲ့ ရှိနေတယ်။ စာရေးဆရာမကတော့ ဒီလိုမဟုတ်ဘူး။ အသက်တွေကြီးလာလေ အတွေ့အကြုံတွေများလေ ပိုရေးနိုင်လေပဲ'ဟုဆိုပြီး အားကျမိခဲ့သည်။ စာရေးဆရာမကြီး လူထုဒေါ်အမာ၊ သူနှင့်အတူ တက္ကသိုလ်ကြူကြူသင်းလည်း ပါလာသည်။ သူကလေးနှင့်က အမေရှင်နှင့် ရင်းနှီးပြီးသား။ အစဉ်အမြဲ သပ်သပ်ရပ်ရပ် ဝတ်စားပြင်ဆင်ပြီး လှလှပပနေတတ်သူ။ အမေရှင့်ကို မေးခွန်းတွေ မေးလိုက်၊ ဓာတ်ပုံကို သူကိုယ်တိုင်ရိုက်၊ စာမူခတွေနှင့်ကန်တော့။ ဒီပွဲသည်ပင် ကြူကြူသင်းရေးသော အမေရှင်ဆောင်းပါးကို မဟေသီမဂ္ဂဇင်းမှာ ဆရာနိုင်ပန်းလှ ဖတ်ရ၍ ဆုံစည်းကြရသောပွဲ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com


'အမေဆိုခဲ့တဲ့ ချစ်ရေစင်သီချင်းထဲက ကြူကြူသင်းကိုကြိုက်ပြီး သမီးရဲ့ကလောင်နာမည်ကို တက္ကသိုလ်ကြူကြူသင်းလို့ ယူခဲ့တာ'ဟု ပြောတတ်သော စာရေးဆရာမ အဆိုတော် ကြူကြူသင်းကိုယ်တိုင်ပင် ငွေတစ်သိန်းကို နိုင်ပန်းလှကိုယ်စား ပေးအပ်ကန်တော့ကြသည်။ မန္တလေးမြို့မှာ ရှိနေကြသော စာရေးဆရာငယ်များလည်း စုံလင်စွာပင်။ ဒါက ကျော်ရင်မြင့်၊ စိုးနိုင်(မန်းတက္ကသိုလ်)၊ ဒါက သိုက်ထွန်းသက်၊ သူက ပိုင်စိုးဝေ၊ သူက ဆူးငှက်၊ သူက မောင်ဘနောက်။ လူနှင့်နာမည်တွဲ၍ မသိမိသော်လည်း ဒီနာမည်နှင့် စာတွေကတော့ မဂ္ဂဇင်းများမှာ ဖတ်ခဲ့ သဘောကျခဲ့သားပင်။ နတ်မောက် ဦးထွန်းရှိန်နှင့် ဓာတ်ပုံ ကိုသက်ဆွေတို့ကလည်း မီးရောင်တွေ တလင်းလင်း တလက်လက်နှင့် မှတ်တမ်းတင်ရိုက်ကူးကြသည်။

အမေရှင်၏ အိပ်ခန်းကလေးသည် ကျဉ်းသည်ဟု ဆိုနိုင်ငြားသော်လည်း မိတ်ကောင်းဆွေကောင်းအနုပညာသမားအတော်များများပင် နွေးထွေးပျော်ရွှင်စွာ စကားဝိုင်း ဖွဲ့နိုင်ခဲ့ပါသည်။ အပြင်မှာ အလင်းအားလျော့သော နေဝင်ချိန်။ အမေရှင်၏အခန်းတွင်းမှာတော့ မေတ္တာအင်အားဖြင့် လင်းထိန်သော အချိန်ပင်။ သူတို့တွေ တစ်ယောက်ပြီးတစ်ယောက် ပြန်သွားကြသည်။ ဒါပေမယ့် သူတို့၏မေတ္တာများ၊ သူတို့ပြောခဲ့သော စကားများက အမေ့နိုင်စရာ ကျန်ရစ်ခဲ့သည်။ လူထုဒေါ်အမာ၏ အသံအေးအေးကလေးနှင့် ရှင်းပြပုံများ

www.burmeseclassic.com

www.burmeseclassic.com


ပွဲတင်ထပ်အောင် နှလုံးသားနံရံမှာ စွဲငြိ၍ ကျန်ခဲ့သည်။

'ဆရာနိုင်ပန်းလှနဲ့ ဒေါ်မေရှင်တို့ မြန်မာ့အသံမှာ အတူတူ အလုပ်လုပ်ခဲ့ကြတုန်းက ဒေါ်မေရှင်ရဲ့ သိမ်မွေ့ယဉ်ကျေးပြီး သိက္ခာရှိတဲ့ အနေအထိုင်၊ အပြုအမူတွေကြောင့် အစ်မရင်းလို ခင်မင်ခဲ့လို့ ခုလို ချီးကျူးဂုဏ်ပြုတာပါ'တဲ့။

အင်အားများစွာဖြင့် ရောဂါဝေဒနာများကို အံတုနိုင် ခဲ့ပြီး နောက်ထပ်တစ်ပွဲ 'မြန်မာ့ရုပ်ရှင်စိန်ရတုပွဲ'ကို မန္တလေး မှာ ကျင်းပမည်ဆိုသောအခါ အမေရှင့်ရင်ထဲမှာ အတော်ပင် လှုပ်ရှားခဲ့ရပြန်၏။ 'ရုပ်ရှင်' ဟု ဆိုလိုက်သည်နှင့် ရင်ခုန်မိတာ အသက်အရွယ်နှင့် ဆိုင်မည်မဟုတ်။ ဘယ်သူတွေ ဘာတွေလုပ်ကြမလဲ။ မြန်မာ့ရုပ်ရှင်သည် အချိန်ကာလနှင့် အမျှ တိုးတက်ခဲ့သည်။ ဒါတွေကို အလွန်ပင် စိတ်ဝင်စား သည်။ ဘယ်သူတွေများ လာကြလေမလဲ။ ခုချိန်မှာတော့ အမေရှင်သည် မင်းသမီးငယ်၊ မင်းသားငယ်များကိုချစ်သော ပရိသတ် ဖြစ်နေပေပြီ။

စိန်ရတုပွဲ နီးသောအခါ မန္တလေးသို့ မင်းသမီး၊ မင်းသားတွေ ရောက်လာကြ၏။ အုပ်စုလိုက်လာပြီး ကန်တော့ကြ၊ ကျန်းမာရေးအခြေအနေမေးကြနှင့် အမေရှင့် စိတ်ထဲမှာ အသက်ကို ဆယ်နှစ်ခန့်ငယ်သွားသလို နုပျိုလာ၏။ အထူးသဖြင့် ဥက္ကဋ္ဌကြီးဦးစိန်တင်တို့၊ ဦးကျော်ဖေတို့ကိုယ်တိုင်လာပြီး စိန်ရတုပွဲကိုတက်ရန် ဖိတ်သည်။ ထို အချိန်က အမေရှင် ခါးနာနေသောအချိန်ဖြစ်သည်။ ဆေးထိုး

www.burmeseclassic.com

www.burmeseclassic.com



ဆေးသောက်နေရပေမယ့် ကလေးတွေတစ်စုကြီး ရောက်လာသောအချိန်တွင် ဝင်းလိုက်ရုံ့ဦးကျင်းပမည့် စိန်ရတုပွဲသို့ လိုက်ရန် မဝံ့မရဲ ဆုံးဖြတ်မိသည်။ စိုးရိမ်တာက လူကြားသူ ကြားထဲမှာ မူးလဲသွားမှာကိုပင်။ တကယ့် တကယ် အခမ်းအနား ထဲကို ရောက်သွားတော့ ခါးနာတာလည်း ဘယ်ရောက် သွားမှန်းမသိ။ ခေါင်းလည်း မမူးလိုက်ရ။ ကလေးတွေအား လုံးကလည်း ထွေးထွေးပိုက်ပိုက် ယုယုယယနှင့်။ အမေရှင့် စိတ်ထဲမှာ ဝမ်းလည်းသာ၊ ဝမ်းလည်းနည်း။ ဝမ်းသာတာက တော့ ရင်ထဲမှာ စွဲလမ်းစွာချစ်ခင်ခဲ့ရသော သားငယ်သမီး ငယ်များကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ရသောကြောင့် ဖြစ်သည်။

ဝမ်းနည်းတာကတော့ လုပ်ဖော်ကိုင်ဖက်များထဲက သူတို့ နှစ်သက်စွဲလမ်းသော ရုပ်ရှင် လုပ်ငန်းများကို ဆက်မလုပ်နိုင်တော့ဘဲ ဘဝတစ်ပါးကို ထွက်ခွာသူက ထွက်ခွာသွားကြခြင်းအတွက်ပင်။ အမေရှင် မဆိုထားနှင့်။ ရုပ်ရှင်နှင့် မဆက်နွယ်သော်လည်း ရုပ်ရှင်သမားများကို စိတ်ဝင်စားသူ၊ ခံစားနိုင်သူတချို့ပင်လျှင် အမေရှင့်လိုပင် ခံစားကြရရှာသည်။ အင်္ဂလန်သို့ရောက်နေသော ကိုလှဖေ၏သားကလေး တစ်ယောက်က ဆရာဝန်ဖြစ်နေရှာသည်။ မြန်မာနိုင်ငံမှလာသော စာအုပ်၊ စာစောင်များတွင်ဖတ်ရ၍ ဖေဖေ့ကို သတိရသည်ဟု ဆိုကာ အမေရှင့်အတွက် ငွေငါးထောင် လှမ်းပို့၍ ကန်တော့ ရှာသည်။ ကိုယ့်အလိုဆို မှတ်မိနိုင်စရာမရှိ။ သူတို့က ဘာကို မှတ်မိနေတာလဲ။ ဘာကြောင့်များ ဝေးမြေရပ်ခြားက လှမ်းပြီး

www.burmeseclassic.com

www.burmeseclassic.com



သတိရနေတာလဲပဲ အမေရှင်က တစ်ခါတစ်ခါမှာ တွေး နေမိဆဲပင်။

ပရိသတ်များ၏နှုတ်မှာ ရေပန်းစားခဲ့သော၊ ယခုထက် တိုင် သားငယ်သမီးငယ်များ မေးမဆုံးရှိနေသော 'မောင်လှ ဖေနှင့်မေရှင်' ဆိုတာ ဘယ်လိုဆက်နွယ်မှုများလဲပဲ။ အမေ ရှင်က အဖြေမပေးတတ်။ ဒါပေမယ့် တွေးလိုက်သော အချိန် တိုင်းမှာ ပူလောင်ညှိုးလျှမှုမရှိ။ တသသနှင့် ကျေနပ်ဝမ်းသာ စရာများချည်း ဖြစ်ပါသည်။ အမေရှင်သည် 'အချစ်'ဆိုသော အရာကိုတော့ ကောင်းစွာအဓိပ္ပာယ်မဖွင့်တတ်။ မေတ္တာ အကြောင်းကိုတော့ ကောင်းစွာပြောနိုင်သည်။ ကိုလှဖေ၏ သားကလေးက တိုင်းပြည်ရပ်ခြားမှလှမ်း၍ သတိရရုံမျှမက မြန်မာပြည်သို့ အလည်အပတ်ပြန်ရောက်ဆဲမှာပင် သတိတရ လာရောက်တွေ့ဆုံနှုတ်ဆက်ဖော်ရသေးသည်။ မိသားစု တစ်စုနှင့်တစ်စု ငြိတွယ်ခင်မင်ခဲ့သော သံယောဇဉ်များပင်။ အမေရှင်၏ဘဝတွင် ဒီလို ဒီလို အေးမြသော နွယ်ကြိုးများ စွာတော့ နွယ်ယှက်နေလျက်။

ထိုအကြောင်းများစွာကို စာနယ်ဇင်းသမားများက လည်း အလွန်ပင် စိတ်ဝင်စားကြ၏။ စိန်ရတုပွဲအတွက် သတင်းရေးရန် လိုက်လာကြသော စာပေသမားများ၊ ဓာတ်ပုံ ဆရာများက ဗီဒီယိုရိုက်ကြ၊ ဓာတ်ပုံတွေ ရိုက်ကြ၊ မေးကြ မြန်းကြ။ ဩော်... ကလေးများနယ်။ ဟု စာရေးဆရာစကား နှင့်ပြောရလျှင် 'အတိတ်ကို ပြန်တူးဖော်ကြလေတယ်'

www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းငြိမ်းတို့များ 'အမေ့ကို မေးခွန်းတစ်ခုမေးမယ် နော်'လို့ စလိုက်ပြီဆိုရင် မဆုံးနိုင်အောင် မေးပါပြီ။ ရာမ လာလည်း ဒီအတိုင်း။ သူတို့ကို အမေရှင်က 'မဟုတ်တာ တွေ လျှောက်မမေးနဲ့နော်' ဟု ပိတ်ပြော၏။

သူတို့တွေက အလွန်ကိုပင် ပေါက်ပေါက်ရှာရှာ မေး တတ်သည်။ တစ်ခါတော့ ဘိုအဖွဲ့က ကိုဇော်ကို ဗီဒီယို ကင်မရာနှင့် ခေါ်လာပြီး ကိုဝင်းငြိမ်းရော၊ ကိုမြတ်ခိုင်ပါ မေးခွန်းတွေ မေးကြသည်။ အမေရှင်က 'မဟုတ်တာတွေ လျှောက်မမေးနဲ့နော်'ဟု ပြောသောအခါ 'မမေးပါဘူး အမေ ရဲ့' ဟု လိုက်လိုက်လျောလျော ပြန်ပြောသည်။ ပြီးမှ–

'အမေက ရုပ်လည်းချောတယ်။ အသံလည်းကောင်း တယ်။ အောင်လည်းအောင်မြင်တယ်။ ဒါနဲ့တောင် အမေ ဘာကြောင့် အပျိုကြီးလုပ်ခဲ့တာလဲ'

ဒီအချိန်မှာ အမေရှင်ဖြေနိုင်သော အဖြေကို သားတို့ စိတ်ကျေနပ်မှုမှ ရနိုင်ပါ့မလားမသိ။ အသက်အရွယ်တွေ ကြီးရင့်ပြီး ဘဝရဲ့နေဝင်ချိန်နားနီးလာလေလေ အမေရှင် စဉ်းစားတတ်လာလေလေပင်။ အတွေ့အကြုံများ၊ အဖြစ် အပျက်များသည် အံ့ဩစရာ။ တွေးကြည့်မည်ဆိုလျှင် ကြောက်လည်းကြောက်စရာ။ တကယ်တော့ လူတွေဟာ ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်ကြိုးစားခဲ့နိုင်တာလည်း ရှိပါ ရဲ့။ ဒါ အမေရှင့်လက်တွေ့။ ဖြစ်မလာတာတွေလည်း ရှိခဲ့၏။ ဒါလည်း ထင်ထားသေမယ့် ဖြစ်မလာခဲ့တာတွေ။ ကာယကံရှင်

www.burmeseclassic.com

www.burmeseclassic.com


သည်ပင် အံ့ဩရသော ဘဝအကြောင်းအရာများကို ဘယ်လိုများ ပြန်ပြောရပါ့မလဲ။ သားတို့လူငယ်တွေကရော အမှန်တကယ်ပင် လက်ခံနိုင်ပါမည်လား။ အမေရှင်ကတော့ ယုံကြည်မိသည့်အတိုင်းပင် ပြောရမှာပေါ့။

'ဗုဒ္ဓဘာသာတရားတော်အရ ပြောရရင် နဖူးစာ မပါလို့ပေါ့။ ဖူးစာမပါတော့ အမေ့ကို ဘယ်သူကမှ မကြိုက်ပါဘူး။ လက်ထပ်ပါရစေလို့ လာပြီးခွင့်တောင်းတဲ့လူ တစ်ယောက်မှမရှိဘူး။ ဒါအမှန်ပြောတာ' ဟု ပြောတော့ ကိုဝင်းငြိမ်းတို့များ 'အမေကလည်း အဘိုးကြီးတွေ နောင်တရအောင်လုပ်ပြီ'လို့ ပြောလေသေးရဲ့။ ဘာပဲပြောပြော ရယ်ကြမောကြ တသောသောနှင့်ပင် စိန်ရတုကာလ၌ သီချင်းတွေလည်း ဆိုဖြစ်ပြန်သည်။

ဒီတစ်ခါ သီချင်းဆိုရတာကတော့ ကိုရန်လေးနှင့် ဖြစ်သည်။ မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ အရပ်အမောင်းကောင်းကောင်းနှင့်မို့ သူ့ခေတ်နှင့် သူ့အခါမှာ နာမည်ကြီးသူပင်။

'အမေ့အသံတွေ မရတော့ပါဘူးကွယ်' ဆိုပေမယ့်လည်း သူကလေးက ကိုပုတုတို့၊ ကိုလှဖေတို့လိုပင် 'ပျိုမေရှင်ကို အလိုလိုက်' ရှာ၏။ သီချင်းဆိုဖို့အရေး အမေရှင့်မှာ ခဏခဏမော၍ ခဏခဏနားရသည်။ စိတ်ရှည်လက်ရှည်ပင် အတီး၊ အဆို ကျင့်ပေးပြန်တော့ အမေရှင့်စိတ်သည် ပြန်၍နုပျိုရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com


အမေရှင့်ပေါ်မှာ မေတ္တာထားကြသူများ အလွန်ပင်များနေပါလားဟုသိရသော အချိန်ကာလပင်ဖြစ်သည်။ ကလေးတွေက ငွေတွေ အများကြီးနှင့် ကန်တော့သောအခါမှာလည်း ဝမ်းနည်းဝမ်းသာ ဖြစ်ရပြန်သည်။ အမေရှင် ငယ်ငယ်က စိတ်ထဲမှာ ကြိုတင် စဉ်းစားပြင်ဆင်ခဲ့တာတွေ အများကြီးမှ အများကြီး။

ကိုယ့်ကိုယ်ကို အပျိုကြီးဖြစ်မည့်သူဟု ထင်မိပြီဆိုကတည်းက ကိုယ့်ခြေထောက်ပေါ်မှာ ကိုယ်ရပ်တည်နိုင်အောင် စုဆောင်းခဲ့သည်။

'တွေ့ရင်တော့ဖြင့် လွမ်းအောင်ချွဲ၊ နောက်ကွယ်ကျရင် မေ့မှာပဲ'သီချင်းကို ယုံကြည်စိတ်နှင့် ဆိုခဲ့ခြင်းဖြစ်သည်။

လူတစ်ယောက်ကို ယုံမှတ်ရန်၊ ပုံအပ်ရန် အမေရှင် စိုးရိမ်ခဲ့သည်။ 'ယုံကြည်ဖွယ် မာယာနှောကာ ပြောတတ်တဲ့ သက်လယ်ရယ်၊ နောင်ခါဝယ် မေရှင်လေးကို အရေးမစိုက်မှာ အလွန်စိုးတယ်' ဆိုသလိုပင် မွေးလျှင်ပန်၊ နံလျှင်ပစ် ဖြစ်မှာတွေကို အလွန်ပင် စိုးရိမ်ခဲ့သည်။ ဒီတော့ ကိုယ့်ဟာကိုယ်ကြိုးစားရှာဖွေ၊ ပြီးတော့ ကျစ်ကျစ်ပါအောင် စုဆောင်း။

အချိန်ကာလကို ထည့်တွက်ရန် သတိလစ်ခဲ့၏။ အခြေအနေကို သိပ်ပြောင်းလွဲသွားလိမ့်မည်ဟု မမှန်းဆတတ်ခဲ့။ ဘဝရေစီးကြောင်းသည် သူ့အစီအစဉ်အတိုင်း တငြိမ့်ငြိမ့်ပင် စီးဆင်းနေလေရာ အမေရှင်စုဆောင်းခဲ့သော တန်ဖိုးများသည် အချိန်ကာလ၏ ဝါးမျိုမှုအောက်တွင် ငြိမ်သက်သွားရတော့မှ

www.burmeseclassic.com

www.burmeseclassic.com



လိုလို။ ထိုအချိန်တွင် အမေရှင့်ကို ချစ်သူခင်သူများက ဝိုင်းဝန်းထောက်ပံ့စောင့်ရှောက်ကြလေသည်။ ထိုစောင့်ရှောက်မှုများအတွက်အထူးပင်ကျေးဇူးတင်မိ၏။ ဝမ်းမြောက် ဝမ်းသာဖြစ်မိ၏။ ဝမ်းနည်းမိတာကတော့ ဩော်... ကျေးဇူးရှင်တွေအတွက် ဘာမှ ပြန်လုပ်မပေးနိုင်တော့ပါလား ဆိုသောအသိပင်။ အမေရှင်က ပရိသတ်အတွက် အလုပ်တွေ အများကြီးလုပ်ပေးချင်ခဲ့သည်။ ဒါကိုသိသော ကိုရာမတို့က အစီအစဉ်တွေလုပ်ကြပြန်သည်။ အမေရှင်က ကိုယ့်အခြေအနေတော့အသိသားပင်။ ဒါပေမယ့် လုပ်နိုင်သလောက် လုပ်ပေးချင်ပြန်သည်။ တူတွေ၊ တူမတွေကတော့ စိုးရိမ်ကြ၏။ တူတွေတူမတွေက အမေရှင့်ကို 'လေးလေး'ဟု ခေါ်ကြသည်။

'လေးလေးရယ် ဖြစ်ပါ့မလား'

ဒီထက်ပို၍တော့ မပြောရဲကြပေ။ လေးလေးဆိုတာကိုယ့်ဆန္ဒရှိသည်ကို နောက်မဆုတ်တမ်း လုပ်တတ်သောအဒေါ်မှန်း သိကြရာ၍ မဝံ့မရဲနှင့်တားကြ၏။ အမေရှင်သည်သီချင်းဆိုရန် ဆန္ဒရှိလှသည်။ တချို့သူများကတော့ အသက်ရှစ်ဆယ်ကျော်မှ ဒီစိတ်တွေမကုန်သေးဘူးလားဟု မေးချင်ကြမည်ထင်ပါရဲ့။ အမေရှင်က ခံစားမှုတစ်ခုအတွက် ဖြစ်သည်။

အသက်ရှစ်ဆယ်ကျော်အရွယ်မှာ အိပ်ရာထက်၌ နှစ်ဆယ့်လေးနာရီ နေနေရသော စဉ်းစားတတ်သည့် လူသားတစ်ယောက် အတွက် ဘာလုပ်ရန်ရှိပါသလဲ။ အမေရှင်၏နေ့စဉ်လုပ်ငန်းဆောင်တာများထဲမှာ စဉ်းစားခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com



အသက်မွေးဝမ်းကျောင်းလုပ်ငန်း တစ်ခုကဲ့သို့ပင် အရေးပါနေတော့သည်။ အမေရှင်၏ စဉ်းစားခြင်းသည် ချစ်ခင်နှစ်သက်မိသူများနှင့်သာ သက်ဆိုင်နေ၏။ ဘုရားအလုပ်၊ တရားအလုပ်ကိုလုပ်ပြီးသည်နှင့် အပူအပင်မရှိ တည်ဆောက်ခဲ့သော ဘဝခရီးမှာ ကြည်နူးစရာများကိုသာ တွေးလိုတော့သည်။ ထို့ကြောင့် ချစ်မြတ်နိုးသူများကိုသာ တွေးမိတော့၏။

အမေရှင်သည် ချစ်ခင်သူများနေရာမှာ ပရိသတ်များအတွက် ရှေ့ဆုံးမှာထား၍ တွေးဖြစ်သည်။ အံ့သြဖွယ်ကောင်းလွန်းစွာပင်။ အမေရှင့်ကို ဓာတ်ပုံရိုက်ရန် စာရေးဆရာမလေးက နှင်းဆီပန်းတွေ သွားဝယ်သတဲ့။ 'ပန်းလှလှကလေးတွေ ရွေးလို့ရမလား' ဆိုတော့ နှင်းဆီပန်းတွေအားလုံးက စည်းထားပြီးသားဖြစ်နေသည်။ အမေရှင့်ကို ဓာတ်ပုံ ရိုက်ရန်ဟု ပြောပြလိုက်သောအခါ နှင်းဆီပန်းသည်ကလေးက ပန်းစည်းတွေကို အကုန်ဖြေချပစ်လိုက်ပြီး အလှဆုံးပန်းတွေကို ရွေး၍ စည်းပေးလိုက်သတဲ့။ နောက်ပြီး အမေရှင့်ကို ပန်းလက်ဆောင်ပေးပေးပါဆိုပြီး ပန်းနုရောင်နှင်းဆီ လှလှတစ်စည်း ထည့်ပေးလိုက်သတဲ့။ အမေရှင်က အံ့သြစွာဖြင့် ထိုပန်းသည်၏ အသက်ကို မေးကြည့်ရသည်။ သူသည် အမေရှင့်ပရိသတ်ဆိုလျှင် အသက်ခုနှစ်ဆယ်ကျော်ပင် ဖြစ်ရလိမ့်မည်။

'မဟုတ်ပါဘူး အမေရဲ့။ အမေ့ ပရိသတ်ပေမယ့် သမီးတို့ထက် အများကြီးငယ်တဲ့ အသက်နှစ်ဆယ်တောင် မပြည့်

www.burmeseclassic.com

www.burmeseclassic.com


သေးတဲ့ ကလေးမလေးပါ။ အမေ့သီချင်းသံတွေကို သူသိတာ ပေါ့။ ကိုရန်လေးတို့ မဆင့်တို့နဲ့ အမေဆိုတာ သူတို့ကြည့်ရ တာပဲ’

အမေရှင့်အတွက် အားဆေးကောင်းတစ်ခွက်ထက်ပင် တန်ဖိုးရှိသော နှင်းဆီပွင့်များဖြစ်ပါသည်။ ဒီနေ့ခေတ် လူငယ် ကလေးတွေကို အမေရှင် သဘောကျလှသည်။ ကလေး တော်တော်များများနှင့် တွေ့ခွင့်ရ၍တော့မဟုတ်။ အကြောင်း ဆုံ၍တွေ့ရသော လူငယ်ကလေးများဖြစ်သည်။ တစ်ခါက လည်း စာရေးဆရာမလေးကို လိုက်ပို့ပေးနေကျ ကားသမား ကလေးတစ်ယောက်။ သူကလေးက စာပေသမားတဲ့။ ဘွဲ့ရ ပညာတတ်ကလေးပင်။ အမေရှင့်ကို ဓာတ်ပုံရိုက်သောအခါ မှာလည်း သူက ဝင်ကူ၏။ အမေရှင်က မွေးစားသမီးကလေး ရွှေတူးကို ‘ဟဲ့… ရွှေတူး၊ ရေအေးအေးကလေး ပေးစမ်း’ ဆိုတော့ ထည့်ပြီးခါစ သောက်ရေအိုးကရေမှာ မအေးလှ ပေ။ အမေရှင်နှင့်ကပ်လျက်နေသော ရတနာပုံတက္ကသိုလ် ကျောင်းအုပ်ကြီး ဦးမောင်မောင်နှင့် ဒေါ်တင်တင်လှိုင်တို့က အမေရှင်၏ တူမများဖြစ်တော့ သူတို့အိမ်က ရေခဲသေတ္တာဆီ ကို ပြေးယူရှာသည်။ ထိုနေ့က မီးမလာ၍ ရေကမအေး။ ကားသမားလေးက အဖြစ်အပျက်တွေကို ဘယ်ထောင့်ဘယ် နေရာက ကြည့်နေမှန်းမသိ။ သူ ဘယ်ပျောက်သွားမှန်းလည်း ဘယ်သူမှမသိ။ တအောင့်ကြာသောအခါ မောကြီးပန်းကြီး ပြေးလာရှာ၏။ ရတနာပုံသောက်ရေသန့်ဘူးကြီးကိုင်လျက်

www.burmeseclassic.com

www.burmeseclassic.com



ပြေးဝင်လာပြီ။ 'အမေ၊ ရေအေးအေးကလေး' ဟု ထိုင်ကာ ကန်တော့လိုက်သေး၏။ အမေ့ရင်ထဲမှာ ရေမသောက်ရမီပင် အေးမြချမ်းသာလိုက်တာ။ ထိုအရာများသည် ငွေနှင့်ပေးဝယ်၍မရ။ ကားမောင်း၍ရသော ငွေကလေးနှင့် အမေရှင့်ကို ကန်တော့ပြန်သောအခါ အမေရှင့်မှာ ယူကလည်း မယူရက်။ မယူပြန်လျှင်လည်း စိတ်မကောင်းမည်စိုးသည်နှင့် သာစု တွေ အကြိမ်ကြိမ်ခေါ်ကာ လက်ခံရသည်။ ဒါဟာ အမေရှင် နှင့် တဒ်ဂလေးသာ တွေ့လိုက်ရသော ချစ်သူများပင်။

အမေရှင် နေမကောင်းသောအခါ မေတ္တာအပြည့်ဖြင့် ကုသပေးကြသော အထူးကုဆရာဝန်ကြီးများမှအစ ဆရာဝန်များ၊ ဆရာဝန်မများ၊ သူနာပြုများကိုလည်း မေတ္တာပို့ရသည်။

အမေရှင်က ချစ်သူခင်သူများကို တစ်ခုခု ကျေးဇူးတုံ့ပြန်ချင်သည်။ 'အမေရှင့်အသံကို နားထောင်ချင်ကြသေးသလား' ဟု ကိုရာမကို မေးမိသေးသည်။ သူ့အစီအစဉ်များကိုလည်း နှစ်သက်မိသည်။ ဆိုကြည့်ကြတာပေါ့ဟု ပြောလိုက်၏။ ထိုနေ့က အမေရှင်၏စိတ်တွေ လှုပ်ရှားရပြန်သည်။ မီးလာသောရက်၊ မီးပျက်သောရက်များကို ညှိနှိုင်းကြပြီးနောက် သီချင်းဆိုရန် ရက်သတ်မှတ်လိုက်သည်။

ပထမဆုံးရက် စပြီးဆိုကြည့်သည်။ စိတ်ကတော့ ကြည်ကြည်လင်လင် ပျော်ပျော်ရွှင်ရွှင်ပင်။ ဒါပေမယ့် မရတော့။ ဆို၍မရနိုင်တော့။ မောလာသည်။ အစာအိမ်ကလည်း သီချင်းဆိုတာကိုပင် လက်မခံတော့ပေ။ ကိုရာမလည်း

www.burmeseclassic.com



စိတ်ညစ်သွားရှာ၏။ အမေရှင်လည်း စိတ်ပျက်စွာပင် အိပ်ရာကလေး ပေါ်မှာ ပြန်ခွေနေလိုက်သည်။ ဩော်... ဇရာ... ဇရာ။

❀

'သမီးရေ... အသက်ကြီးလာတော့ မကောင်းတော့ဘူး။ ဘာမှ မကောင်းတော့ဘူး။ ဒါပေမယ့် အမေ မသေချင်သေးပါဘူး။ ကျန်းကျန်းမာမာနဲ့ နောက်ထပ် နှစ်နည်းနည်းလောက်လည်း နေချင်သေးတယ်။ ဒါ ဘယ်သူမှ မပြောနိုင်ဘူးနော်'

လို့လည်း အမေက ပြောတတ်ပါတယ်။ ကျွန်မလည်း အမေ့ကို ကျန်းကျန်းမာမာနဲ့ အသက်ရှည်စေချင်ပါတယ်။ ကျွန်မသာမက အားလုံး အားလုံးကလည်း အမေ့ကို ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နဲ့ အသက်ရှည်စေချင်တာပါ။ ကျွန်မပြောရင် ယုံမယ်တောင် မထင်မိပါဘူး။ အမေ့ကို ချစ်တဲ့၊ ခင်တဲ့၊ မြတ်နိုးတဲ့သူတွေထဲမှာ အမေ့ရဲ့ကြောင်လေးတွေ၊ ခွေးလေးတွေလည်း ပါမှာသေချာပါတယ်။ အမေ့ရဲ့...ဆိုတဲ့ အိမ်ထဲမှာ သူတို့တွေဟာ တောထဲက ကျားကြီးတွေလို ဝံ့ဝံ့စားစား သွားလာနေကြတာ သိပ်ကို အားရစရာကောင်းလှပါတယ်။ အဖြူနဲ့အနက်ပြောက် အနက်ကွက်ကလေးတွေပါတဲ့ ကြောင်မကြီးရဲ့ နာမည်က 'မကြီး' တဲ့။ မကြီးမှာ မောင်လတ်နဲ့ မောင်ငယ်ဆိုတဲ့ မောင်နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိပေမယ့် သေသွားကြပြီလို့ သိရပါတယ်။ နောက်ပြီး 'ချွန်းနီ' နဲ့ 'လုံးလုံး' ဆိုတဲ့ ကြောင်ကြီးနှစ်ကောင်လည်း ရှိပါသေးတယ်။ အရွယ်ကြီးကြီး၊ ထွားထွားကျိုင်းကျိုင်းနဲ့ သန့်သန့်ပြန့်ပြန့် ကြောင်ကြီးတွေဟာ အမေ့ခုတင်ပေါ်ကိုတက်ပြီး အိပ်လိုက်၊ စားသောက်ပြီး အိမ်ထဲမှာပဲ လျှောက်သွားလေ့ရှိပါတယ်။

ထူးခြားမှုတစ်ခုလို့ ဆိုရလေမလား၊ အံ့သြဖွယ်လို့ ပြောရမလား။ အမေ့ရဲ့ကြောင်မတွေအားလုံးဟာ မိခင်မဟုတ်တဲ့ ကြောင်မများပဲ ဖြစ်ပါတယ်။ ဒီလိုခေတ်မီတဲ့အချိန် အခါမှာ တော့ ဆေးထိုးပေးထားတာပေါ့နော်။ အမေ့ရဲ့ ကြောင်မကလေးတွေပေါ်မှာထားတဲ့ သဘောထားကို အမေ့တူမတစ်ယောက်ဆီက ဒီလိုသိခဲ့ရပါတယ်။

'လေးလေးကတော့လေ သိပ်ကို အစိုးရိမ်ကြီးတာ။ သိပ်ပြီး စိတ်ပူတတ်တာ။ သူ့ကိုယ်သူရော၊ သူ့တူမတွေရော၊ ရပ်ရှင်ထဲက ညီမတွေကိုရော၊ အို... နောက်ဆုံးအိမ်က ကြောင်မတွေတောင် မကျန်စေရဘူး။ တစ်ခါတလေတော့ လည်းရယ်ရတယ်။ ကြောင်ရာသီဆိုတော့ ကြောင်ထီးတွေက လာအော်တာပေါ့။ ကြောင်မတွေကို အခန်းထဲမှာ ပိတ်ထား။ ကြောင်မတွေက ဇွတ်အတင်းရုန်းထွက်။ သူက လိုက်ဖမ်း။ တစ်ခါတလေလည်း ကြောင်မတွေက သူ့ကို ကုတ်ပြီး ထွက်ပြေးရော။ သူက စိတ်မဆိုးရှာဘူး။ စိတ်မကောင်းတွေဖြစ်ပြီး ကျန်ခဲ့တာ။ အင်း... ဒုက္ခပါပဲ။ ငါ့ကြောင်မတွေ တော့ ဒုက္ခရောက် ကျန်ခဲ့ဦးမှာနဲ့...'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကတော့ အမေ့ရဲ့ 'မြကေခိုင်' သီချင်းကိုသာ ဆို ညည်းချင်ပါတော့တယ်။

*'လိမ်ညာတွေနှောလို့.... ပြောတော့ ခပ်တည် တည်.... ချိုမြပါသည်... ပျိုက ယုံကြည်... ချိုမြပါ သည်.... ပျိုကပင် ကြည်ညိုချင်အောင် အစက... ဟုတ်နိုး ရောင်... အမောင်တော်တော်ပဲ ရက်စက်ပြီ... ခင် မောင့်လို လူစား စိုးရွံ့လှသည်...'*

အမေက သီချင်းတွေကို အသည်းနှလုံးနှင့် ဆိုခဲ့တာ နေမှာဟု ကျွန်မ တွေးမိဆဲ။ အမေက ကျွန်မကို မှာစရာတွေ၊ သတိပေးစရာတွေ ရှိနေခဲ့ပါသည်။

'ငါ့သမီးကိုလည်း အမေက မေးစရာရှိသေးတယ်'

'ဒီတစ်ခါတော့ အမေက သမီးကို ပြန်ဗျူးတော့မှာ ပေါ့'

'အေးပေါ့၊ ဒါမှ တရားမယ်'

'ဗျူးပါအမေရယ် သမီးဖြေပါ့မယ်'

'သမီးကရော အပျိုကြီးပဲ လုပ်တော့ မှာလား'

'ဟာ... အမေ... တကယ့်အရေးကြီးတဲ့ မေးခွန်းမှ မေးတာကိုး'

'အေးပေါ့ သမီးရဲ့၊ အရေးကြီးတာပေါ့။ အမေက သမီးကို မှာစရာတွေရှိတာ။ ယောကျ်ားတွေနဲ့ ဆက်ဆံတဲ့ အခါမှာ အမြဲသတိရှိပါနော်။ ဒီလူဟာ ငါ့ဘဝကို စိတ်တိုင်းကျ ထားနိုင်လိမ့်မယ်လို့ သေသေချာချာ မယုံကြည်သရွေ့

www.burmeseclassic.com

www.burmeseclassic.com


ဘယ်သောအခါမှ ရောရောနှောနှော မနေမိပါစေနဲ့။ မိန်းကလေးဆိုတာ သတိနဲ့နေနိုင်မှ အန္တရာယ်ကင်းတာ။ အန္တရာယ်ကင်းမှလည်း အေးချမ်းတာ။ ဘာမှ ရှုပ်ရှုပ်ယှက်ယှက်မရှိရင် နေရတာ အင်မတန် စိတ်ချမ်းသာတယ် သမီးရယ်'

'ဟုတ်ကဲ့ပါ အမေ၊ စိတ်ချပါ'

'သမီးရယ်၊ မိန်းမသားဘဝဆိုတာ 'ဖက်ရွက် ကလေး' ပါပဲနော်။ ဘယ်အဆင့်အတန်းက မိန်းမပဲဖြစ်ဖြစ် ဖက်သဘာဝကို မလွန်ဆန်နိုင်ကြပါဘူး။ ဒီတော့အရာရာမှာ ဆင်ခြင်ရပါတယ်။ စောင့်ထိန်းရပါတယ်။ ပွင့်လင်းချင်တိုင်း ပွင့်လင်းလို့ မရနိုင်ပါဘူး။ စည်းနဲ့ကမ်းနဲ့ နေတတ်၊ ထိုင်တတ်ရင် မဖြစ်သင့်တာကို ရှောင်နိုင်တာပေါ့'တဲ့။

ကျွန်မမှာ အမေပြောသမျှ တစ်စမကျန်အောင် ရေးရ၊ မှတ်ရပါတယ်။ အမေပြောတဲ့ 'စည်းနဲ့၊ ကမ်းနဲ့ နေထိုင်တတ်ရင် မဖြစ်သင့်တာကို ရှောင်နိုင်တာပေါ့'ဆိုတဲ့ စကားကလေးဟာ ကျွန်မရဲ့ နားရွက်ကလေးထဲကနေပြီး အသည်းနှလုံးဆီကိုရော၊ ဦးနှောက်ဆီကိုပါ ရောက်သွားပါတော့တယ်။ ကျွန်မက အမေနဲ့ ခဏခဏ မေးရ၊ ပြောရတော့ အမေ့ရဲ့ရင်ခုန်သံ အတိုးအကျယ်ကို နားစွင့်တတ် လုနီးပါးဖြစ်နေပြီလို့ ကိုယ့်ကိုယ်ကို အထင်ရောက်နေဆဲမှာပဲ ဆရာဦးဝင်းငြိမ်းက မမျှော်လင့်ဘဲ မန္တလေးကို ရောက်လာခဲ့ပါတယ်။ ဒီတစ်ခါတော့ ဆရာက ဖုန်းနဲ့တစ်ဆင့် မေးခွန်းတွေ မမေးတော့ဘဲ အမေ့နဲ့မျက်နှာချင်းဆိုင်ပြီး မေးပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



'အမေ ဒီတစ်ခါတော့ သေချာပြောပြတော့နော်။ ဟို ဆရာမက အကောင်းဆုံးဖြစ်အောင်ရေးမှာ။ တော်ကြာ ကျန် ပြုနေမှာစိုးလို့။ အမေ တစ်ယောက်ယောက်ကိုတော့ ချစ် မိခဲ့မယ် ထင်ပါတယ်'

'သြော်... ကိုဝင်းငြိမ်းကလဲ စစ်စစ်ပေါက်ပေါက်ကို မေးနေတော့တာကိုး။ ဘယ်သူ့ကို ချစ်ရမှာလဲ'

အမေက စိတ်မဆိုးဘဲ ရယ်နေပါတယ်။ ကျွန်မက အမေဘယ်လိုဖြေလိုက်မှာလဲလို့ သိပ်ကို စိတ်ဝင်စားနေတာ။

'ချစ်တာတစ်ခုတည်းနဲ့ ပြီးမယ်ဆိုရင်တော့ အဲဒီ ချစ်တဲ့ အကြောင်းကို လွယ်လွယ်ကူကူပြောလို့ ရချင်ရမယ်။ ချစ်တဲ့ အကြောင်းကို ပြောပြီးပြီဆိုရင် နောက်ဆက်တွဲကိစ္စတွေဟာ တော်တော် အလုပ်ရှုပ်လာမှာပဲ' အမေက တွေးတွေးဆဆ ပြောပါတယ်။

'အမေ့စိတ်ထဲမှာ တစ်ယောက်ယောက်ကို ချစ်မိရင် သူနဲ့ ပတ်သက်ရလိမ့်မယ်။ ကိုယ့်မိသားစုထဲကို ဝင်ရောက် လာမယ့်သူဟာ ကိုယ့်ကို တန်ဖိုးထားသလို ကိုယ့်မိဘကို လည်း တန်ဖိုးထားနိုင်တဲ့သူဖြစ်ရမယ်။ အဲဒါတွေရှိနေတယ် ကိုဝင်းငြိမ်းရဲ့'

'သြော်... အမေက သိပ်တွေးတာကိုး။ ဒီလိုတွေ တွေးနေလို့ အပျိုကြီးဖြစ်တာလား'

'မသိပါဘူး ကိုဝင်းငြိမ်းရယ်။ သေချာတာတစ်ခုတော့ အမေပြောမယ်နော်။ အမေ့ကိုလေ ဘယ်သူကမှ ချစ်လှပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကြိုက်လှပါတယ်၊ မရှင်ကိုမှ မရရင်တော့ ဒုက္ခ ရောက်ပါတော့မယ်လို့ တစ်ယောက်မှ မပြောဘူးပါဘူး'

'ဟုတ်လို့လား အမေရာ'

'ဩော်... ဟုတ်ပါတယ်ဆို။ တကယ်၊ တကယ်ပြော တာ'

'အမေက သူတို့ မပြောရဲအောင်နေလို့လားမှ မသိဘဲ'

ဆရာဦးဝင်းငြိမ်းက အမေးကောင်းသူ ပီပီ အမေ့ကို မေးလို့၊ စလို့ မဆုံးတော့ပါဘူး။ ကျွန်မကတော့ တစ်ချိန်က သိပ်ကို နာမည်ကြီးခဲ့တဲ့ ဘဘဦးလှဖေရဲ့ မာနရှင်သီချင်းကို သတိရမိပါတယ်။

*'မာနရှင်ရယ်... မုန်းမာန်မဝင်နဲ့ကွယ် နှိုင်းယှဉ်ကာ ပြမယ်၊ ခင်ပန်ဆင်တဲ့... ပန်းတော်ဝင်နွယ်... အချိန်တန် တော့ရင်... နွမ်းလျှမတည်မြဲတယ်။ ဩော်... ခင်လည်း... ဒီလိုပဲ... စွဲမှတ်သွားဖွယ်'* လို့များ သဘောထားခဲ့ကြ သလားမသိ။

'အမေက မာန မကြီးခဲ့ပါဘူး။ နေတတ်အောင်သာ နေခဲ့တာ။ အမေ့ကို ဟိုလူက ချစ်လို့၊ ဒီလူက ချစ်လို့ဆိုလည်း သိသာ သိတယ်။ ကိုယ့်ဘက်က ဘယ်လိုမှ စိတ်မဖြစ်မိ ဘူး။ စဉ်းတော့စဉ်းစားတာပေါ့။ သမီးကိုတောင် ပြောပြထား သေးတယ်။စဉ်းစားဖို့ကတော့ လိုတယ်လေ။မဟုတ်ဘူးလား'

'ဟုတ်ပါတယ် အမေရဲ့။ ကောင်းပါတယ်။ ခုတော့ အမေ မပျင်းဘူးလား'

www.burmeseclassic.com

www.burmeseclassic.com


'မပျင်းပါဘူး။ စိတ်ထဲမှာ ရှင်းပြီး၊ ကျေနပ်ပြီး သြော်... အေးချမ်းလိုက်တာနော်လို့ပဲ အောက်မေ့တယ်။ ကိုဝင်းငြိမ်း၊ ဒါဘာကြောင့်လဲ၊ သိလား'

'ပြောပါ ... အမေ'

'အဲဒါ ကံပေါ့။ အမေကံကောင်းလို့။ တစ်ယောက်ယောက်နဲ့သာရေစက်ပါခဲ့ရင် အမေ ဒီလိုမနေနိုင်ဘူး။ မရှင်ကို ချစ်လိုက်တာ၊ မရှင်ကို ကြိုက်လိုက်တာ၊ မရှင်ရယ် ပြန်ချစ်ပါ အဲဒီလိုဇွတ်ပြောလာခဲ့ရင် အမေကလည်း ဘာသားနဲ့ထုထားတာမို့လဲဟင်... ဟုတ်တယ် မဟုတ်လား'

'အမေ သားတွေ၊ သမီးတွေ၊ မြေးတွေနဲ့ဖြစ်နေမှာပေါ့'

'အင်းပေါ့။ အင်းပေါ့။ ဘဝရဲ့ အပူတွေကို ဘယ်ငြိမ်းနိုင်လိမ့်မလဲ။ အမေ့ဘဝကိုက ဒီလိုကလေး အေးအောင် ဖန်တီးလာတော့ နေတတ် ထိုင်တတ်ခဲ့တယ်။ စဉ်းစားနိုင်ခဲ့တယ်။ ခုလို အေးချမ်းခဲ့တယ်'

'ဟုတ်ပါပြီ အမေရယ်၊ ဟုတ်ပါပြီ'

'ကဲ... အမေ့အဖြေတွေကို ကျေနပ်ရဲ့လား၊ စိတ်တော့ ဆိုးမသွားနဲ့နော်။ အမေက ကိုဝင်းငြိမ်းကို သိပ်ပြီးကျေးဇူးတင်တာ'

အမေကတော့ အဲဒီလိုပဲ သူတစ်ပါးကို ကျေးဇူးတင်နေတတ်တဲ့သူပါ။ ဆရာဦးဝင်းငြိမ်းကတစ်ဆင့် အမေ့ဆီကို စာတွေ၊ အလှူငွေတွေ ခဏခဏပို့ကြပါတယ်။ ဆရာက လည်း ရန်ကုန်ကနေပြီး တစ်ဆင့်လှမ်းလို့ ကိုဇော်တို့၊ ကျွန်မ တို့က

www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆင့်ပြီး သွားပို့ပေးတဲ့အခါ အမေ့မှာ ထပ်ဆင့် ထပ်ဆင့်တွေ ကျေးဇူးတင်လို့ကို မဆုံးနိုင်တော့ပါဘူး။

အမေ့ဆီက ကြားနေကျ စကားလေးတွေရဲ့ အစမှာ မရိုးနိုင်အောင်ပါလေ့ရှိတဲ့ စကားလေးတစ်ခွန်းရှိပါတယ်။ အဲဒီစကားကလေးကတော့ 'သနားပါတယ် သမီးရယ်' ဆိုတဲ့အစ စကားကလေးပါ။ ဘာအကြောင်း ကလေးပြောပြော သနားရှာပါတယ်ဆိုတဲ့ ကရုဏာသံကလေးကို ကြားရမြဲပါပဲ။

'သမီးရေ… နိုင်ငံတော်အကြီးအကဲတွေကလည်းလေ အမေ့ကို မေတ္တာထားရှာတယ်။ စောင့်ရှောက်ရှာတယ်။ သူတို့မှာလေ တိုင်းရေးပြည်ရေးတွေ အလုပ်ရှုပ်နေတဲ့ကြားက အမေ့ကို အားပေးချီးမြှင့်ရှာကြတယ်' ဆိုတာက အစ…

'ကိုပုတုလေ၊ သနားရှာပါတယ် သမီးရယ်။ သူကလေ အမေ့အတွက် ဆေးဖိုးဆိုပြီး ငွေတစ်သောင်းပို့ရှာသေးတာ။ ကဲ… ကြည့်ပါဦး။ ခုတော့ သူကအရင် ထွက်သွားနှင့်ပြီ' ဆိုပြီး လွမ်းတတတ်ပါတယ်။

'အထူးကုဆရာဝန်ကြီး ဦးထွန်းသင်လေ၊သမီးသိတယ် မဟုတ်လား။ အမေ့ကို အသက်ကယ်တဲ့ဆရာဝန်ကြီးလေ။ အမေ နေမကောင်းတုန်းကတော့ သူ့မှာ ကြိုးစားပမ်းစား ကုသလိုက်ရတာ။ အမေ့မှ မဟုတ်ပါဘူး။ သူ့မှာ လူနာတွေ အများကြီးကိုကုပေးရှာတာသမီးရယ်။ဟော…ဘယ်လောက် များ အံ့ဩစရာကောင်းသလဲ။သူကုတဲ့ လူနာတွေက ကောင်း သွားပြီ၊ သူကတော့ အပြီးအပိုင်ကိုပဲ ဘဝကူးပြောင်းသွားရှာ

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ အမေလေ... လမ်းမလျှောက်နိုင်ပေမယ့် ဟိုလမ်းထိပ် ကို ပို့ပေးပါဆိုပြီး ဆရာကြီးရဲ့ နောက်ဆုံးခရီးကို ဂါရဝပြု နှုတ်ဆက်လိုက်ရသေးတယ်'ဆိုပြီးတော့လည်း ဝမ်းနည်းနေ တတ်ပါတယ်။

'အမေ့ တူကလေး ဦးချွန်(ဦးအောင်ချွန်)နဲ့ သူ့ရဲ့ဇနီး ခင်လေးတင်လေ သနားရှာပါတယ် သမီးရယ်။ အမေ့ကို နေ့တိုင်း နေ့တိုင်း ထမင်းတွေ၊ ဟင်းတွေချက်ပြီး ပို့ရှာတာ။ ဘယ်လောက်ဈေးကြီးကြီး အမေနဲ့တည့်တာလေးတွေရွေးပြီး ချက်ပေးရှာတယ်။ ထမင်းမစားနိုင်ဘူးဆိုတော့ ဆန်ပြုတ် ပေါ့။ သူ့သမီးကလေးတွေလေ၊ အမေ့မြေးတွေပေါ့။ စုစုတဲ့၊ ယုယုတဲ့။ အခုတော့ တက္ကသိုလ်ကျောင်းတက်တဲ့သူက တက်၊ ဆရာမသင်တန်း တက်တဲ့သူကတက်နေပါပြီ။ ဒါပေမယ့် အမေဆေးသွင်းရင် လာစောင့်ပေးတယ်။ပြုစု တယ်။ သနားပါတယ်'လို့လည်း အားနာနေတတ်သေးတာ။

'အမေ့ခြေရင်းမှာနေတဲ့ အတူနေလို ဖြစ်နေတဲ့ တင်တင် လှိုင်တို့ကလည်း အချိန်မရွေး ဂရုစိုက်ရှာပါတယ်။ သူ့သား လေး ကိုဟိန်းဆို ဟိုအပြင်သွားပါဦး၊ ဘဏ်သွားပါဦးဆို သွားရှာတယ်။ အားကိုးရပါတယ်' လို့လည်း အသိအမှတ် ပြုတတ်ပါတယ်။

'ရွှေတူးလေးလည်း သနားပါတယ် သမီးရယ်။ အမေနဲ့ အတူတူနေရတော့ ပျင်းရှာမယ်။ ဒါပေမယ့် အန္တရာယ်တော့ ကင်းတာပေါ့လေ။ အမေ့ရဲ့ကိစ္စကလေးတွေ လုပ်ရတာက

www.burmeseclassic.com

www.burmeseclassic.com


လွဲလို့ ပင်ပင်ပန်းပန်းတော့ ဘာမှမလုပ်ရပါဘူး။ အမေက သူ့ကို စာသင်ပေးတယ်။ နေတတ် ထိုင်တတ်အောင် ဆုံးမတယ်။ ပြောတတ် ဆိုတတ်အောင် ရှင်းပြတယ်။ ပြုစုရှာပါတယ်။ အမေက သူ့ကို တစ်ခါတလေ စိတ်ဆိုးလို့ အော်ရ ငေါက်ရတယ်။ နောက်တော့ သူ့ကို ပြန်မေးကြည့်တဲ့အခါ သမီးက စိတ်မနာပါဘူးလို့ ပြောသေးတာ။ သူ စာတွေလည်း ဖတ်တတ်နေပြီ သမီးရဲ့။ သနားပါတယ်'လို့လည်း ပြောတတ်ပါတယ်။

တစ်ခါတစ်ခါမှာတော့ အမေ့ကို ချစ်ခင်လေးစားစိတ်နဲ့လှမ်းပြီး အလှူငွေ ပို့လေ့ရှိကြတဲ့ ဒေါ်ဖြူသီတို့၊ ဦးကျော်ဟိန်းတို့၊ မထက်တို့၊ မမို့နဲ့ တခြားသရုပ်ဆောင်တွေကို လှမ်းပြီး သနားနေပြန်သေးတာ။

ဆရာဦးဝင်းငြိမ်း နေမကောင်းဘူး။ ဆေးရုံတက်ရတယ်ဟူသော သတင်းကြားလျှင် စိတ်တွေပူပြီး 'သမီးရဲ့ ဖုန်းလှမ်းဆက် ကြည့်စမ်းပါဦး၊ အလုပ်သိပ်လုပ်ပြီး စိတ်ကောင်းရှိရှာတာ။ မြန်မြန်နေကောင်းစေချင်လိုက်တာ သမီးရယ်၊ ဖုန်းဆက်ပါဦး၊ သနားရှာပါတယ်။ အမေ့ကို ပြန်ပြီး ပြောပြပါဦး' လို့လည်း တဆာဆာ ပူဆာတတ်ပါတယ်။

အမေက ကျွန်မ တစ်ခါရောက်သွားရင် တစ်မျိုး မရိုးရအောင်ကို သတိရနေ၊ လွမ်းနေပြီး သနားနေတတ်တဲ့သူပါ။

'သမီးရယ်၊ ဆရာမြို့မငြိမ်းကိုလည်း အမေ သိပ်သတိရတယ်။ အမျှဝေရတယ် သမီးရယ်။ သိပ်ကိုတော်တဲ့သူပါ။

www.burmeseclassic.com



မှတ်မိသေးတယ်။ အမေ့ကိုလေ သီချင်းတစ်ပုဒ် အသစ်တက်တိုင်း တကယ့်ကို ကျကျနနကို ချပေးတာ။ ဒီနားလေးမှာရပ်၊ ဒီနားလေးမှာဖြတ်၊ ဒီလိုလေးဆွဲလိုက်ဆိုပြီး သေသေချာချာ သင်ပေးတာ။ 'ပျို့မှာတမ်း'ဆိုရင် အသံကို တုံ့တုံ့ပြီးမှ ဆိုရတာမဟုတ်လား။ စိတ်ရှည်လက်ရှည်ကို သင်ပေးရှာတယ်။ 'ပါရမီတော်' သီချင်းတို့၊ 'သက်ဝေ' တို့။ အမေကလေ အမေ့ရဲ့ ကျေးဇူးရှင်သီချင်းရေးဆရာတွေကို ကုသိုလ်ပြုတိုင်း အမျှဝေရတယ်' ဆိုပြီး မျက်ရည်ကလေးတွေ လည်နေတတ်ပါတယ်။

'ချစ်ရေစင်'သီချင်းကို သဟာယ ဆရာတင် ရေးခဲ့ တာ။ ကိုလှဖေနဲ့တွဲပြီး ဆိုခဲ့တဲ့ 'နန်းကေသီ'သီချင်းကိုတော့ 'ဆရာရွှေပြည်အေး'က ရေးခဲ့တာ။ အမေ့သီချင်းတွေ နာမည်ကြီးပြီး လူကြိုက်များတော့ အမေ့ရင်ထဲမှာလေ တစ်ခုခုဟာနေသလိုပဲ။ သိလား။ ကိုယ်တော်တာ မဟုတ်ဘူး။ သူတို့ သံစဉ်ကောင်းတာလို့ ဘယ်သူ့ပြောရမှန်းမသိဘူး။ ပြောချင်တာ' လို့လည်း တမ်းတမ်းတတ ပြောပြပါသေးတယ်။

'သမီးရဲ့၊ ဒီခေတ်ကလေးတွေက သိပ်သိတတ်ကြတာပဲနော်။ အမေ သူတို့ကိုကြည့်ပြီး ဝမ်းသာရတယ် သိလား။ အမေ့သီချင်းတွေကို ပြန်ဆိုပြီးရင် အမေ့ဆီလာပြီး ကန်တော့ကြတာ သမီးရဲ့။ ဟိုတုန်းကတည်းကပဲ သိလား။ မြင့်မြင့်ဌေးတို့၊ တင်တင်မြ၊ ရီရီသန့်၊ ဖြူသီ၊ ခင်စိုးဝင်း၊ အေးအေးအောင် အစုံပဲ၊ အစုံပဲ။ မေဆွိတို့၊ တင့်တင့်ထွန်းတို့

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရောက်လာကြတော့ အမေ ဝမ်းသာတယ်။ အမေက လေ သူတို့ကို ပြောမိသေးတယ်။ အမေဆိုတဲ့ သီချင်းတွေကို သမီးတို့ ပြန်ဆိုတဲ့အခါ ပရိသတ်ကကြိုက်ရင် အမေ့ ထက်ပို ပြီး သီချင်းရေးဆရာတွေကိုပဲ ကျေးဇူးတင်ပါလို့ အမေ ပြောရတယ်။ ဒါပေမယ့် သူတို့က ဘယ်လို ပြန်ပြောတယ် ထင်သလဲ’

‘ဘယ်လို ပြောတာလဲ အမေ’

‘အမေက သမီးတို့ရဲ့ကြားဆရာပါတဲ့။ အမေ့သံစဉ် တွေကို ပြန်ပြီးနားထောင်ရတဲ့အတွက် အမေ့ကို သမီးတို့က ကျေးဇူးတင်ပါတယ်တဲ့ သမီးရယ်။ သနားစရာကောင်း တယ်နော်။ အမေ ဝမ်းသာရတယ်’လို့လည်း စားမြုံ့ပြန် ပြောပြီး ကျေနပ်နေတတ်ပါတယ်။

‘သမီး မို့မို့မြင့်အောင်ကို ကြိုက်လား’ လို့လည်း မေး တတ်ပါသေးတယ်။ ‘ကြိုက်ပါတယ်အမေ၊ မမို့ကို သမီးချစ် ပါတယ်’ လို့ ဖြေတဲ့အခါ ‘အလိမ္မာလည်းရှိတယ် သမီးရဲ့’ လို့ ဆက်ပြောပါတယ်။

‘သူ အကယ်ဒမီရတဲ့ ခပ်စိမ်းစိမ်းနေပါမယ် ကား လေ။ အေး... အကယ်ဒမီရပြီးတော့ သူ့အဖေ ကိုမြင့်အောင် ရယ်၊ မို့မို့ရယ် အမေ့ဆီရောက်လာကြတယ်။ အမေ့ကို ကန် တော့ပြီး ပြောရှာတယ် သမီးရယ်။ သမီးရဲ့ အမူအရာတွေက နဂိုကတည်းက သိပ်သွက်တာ။ ဒီကားကို ရိုက်မယ်ဆိုတော့ ဖေဖေက အမေ့ကားတွေကို ပြန်ကြည့်ခိုင်းပါတယ်။ အေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးတည်ငြိမ်ပြီး ရက်တတ်တဲ့ အပျိုကြီးလို သရုပ်ဆောင်တတ်ဖို့ အမေ့ကားတွေကို ကြည့်ခဲ့ပါတယ်တဲ့ သမီးရယ်။ မအံ့သြဘူးလား။ ကဲ... သနားစရာလေးနော်'

အမေက မမို့ကို တအံ့တသြ ချီးကျူးပါတယ်။

'တကယ်ဆို သူ သိပ်တော်တာ။ အမျိုးစုံကို လုပ်နိုင်တာ။ သူတော်တာ အမေသိသားပဲ။ သူတော်လို့ အကယ်ဒမီရတာလေ။ အဲဒါကိုများသမီးရယ် အမေ့ကို ကျေးဇူးတင်သတဲ့။ ဒီစကားတွေကိုနော် ပွင့်ပွင့်လင်းလင်း ပြန်မပြောပြလည်း အမေသိမှာ မဟုတ်ဘူး။ အမေမသိလို့လည်း ဘာမှ မဖြစ်ဘူး။ သူများဆို ဘယ်ပြောလိမ့်မလဲ။ သူကလေးက ပြန်ပြောပြရှာတယ်။ အမေကတော့ ကြည်နူးရတာပေါ့။ ပီတိဖြစ်ရတာပေါ့။ သနားရှာပါတယ်နော်' လို့ လေပြည်အေးကလေးနဲ့ ပြောပြတတ်ပါတယ်။

အထူးသဖြင့် အမေက သူ့ပရိသတ်နဲ့ ပတ်သက်ရင် တကယ့်ကို ခံစားမှုအပြည့်နဲ့ အသေးစိတ် အစီအစဉ်ကောင်းကောင်းနဲ့ စိတ်ကူးရတတ်ပြန်ပါတယ်။ တစ်ခါတော့ ကျွန်မရောက်သွားတဲ့အချိန်မှာ အမေနဲ့ သက်တူ ရွယ်တူ အမေကြီးတစ်ယောက်ကို တွေ့ခဲ့ရပါတယ်။ အဲဒီ အမေကြီးကိုတော့ ဇရာရဲ့သင်္ကေတများနဲ့အတူ ချို့တဲ့မှုအရိပ်အယောင်များကိုပါ ကျွန်မ မြင်နေမိပါတယ်။ 'အဲဒါ အမေ့ရဲ့ ငယ်သူငယ်ချင်းလေ။ ကျောင်းနေဖက်ပဲ။ သူက ဟိုဘက်နားမှာနေတယ်။ အမေ့ဆီကို ခဏခဏလာလည်ရှာတယ်' လို့ မိတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ပေးပါတယ်။ အမေက သူ့ကို ကောင်းကောင်းမွန်မွန် ကျွေးမွေးဧည့်ခံပြီးတော့ ငွေတချို့လည်း ပေးပါတယ်။

'ဒါ... မရှင်ရဲ့ ပရိသတ်က မရှင်ကို ချစ်လို့ လှူထားတဲ့ဒါနထဲက သူတို့ ကုသိုလ်ရအောင် ပြန်လှူတာနော်'လို့ ပြောတဲ့အခါ အမေ့သူငယ်ချင်းက သက်ကြီးရွယ်အိုတို့ ထုံးစံအတိုင်း သာဓုတွေခေါ်လို့မဆုံး၊ မေတ္တာတွေ ပို့လို့မဆုံး၊ အသက်ရှစ်ဆယ်ကျော်တို့ရဲ့ အေးမြငြိမ်းချမ်းတဲ့ ပီတိတွေကိုလည်း ကျွန်မ တွေ့ခဲ့ဖူးပါရဲ့။

'အမေကလေ... ရုပ်ရှင်စရိုက်ပြီ ဆိုကတည်းက ဘုရားရှိခိုးပြီးရင် ပရိသတ်ကို ရှိခိုးပြီး ပြုပြုသမျှကောင်းမှုကို အမျှဝေတယ်၊ ဆုတောင်းပေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေတို့အနုပညာသမားဆိုတာ ပရိသတ် ချီးမြှင့် မြှောက်စားလို့ ထင်ပေါ်ကျော်ကြားရတာ။ အမေ့ကို ပရိသတ်က ကျွေးမွေးပြုစု စောင့်ရှောက်ပြီး ကောင်းကောင်းမွန်မွန် နေထိုင်ရအောင် ခုထိ ငွေတွေလှူနေကြတယ်။ ပရိသတ်တွေကို ကျေးဇူးသိပ်တင်တယ် သမီးရယ်။ ဒါကို ဆွမ်းဆန်နဲ့ ငွေလှူတယ်။ လှူပြီးသမျှလည်း ခုနစ်ရက်သားသမီးကို အမျှဝေတယ်'

အမေ့ရဲ့ အလှူဒါနကလေးတွေကို မြင်ချင်လို့ ကျွန်မက တစ်ခါတလေမှာ အဝေး ဖိတ်လိုနေ့တွေ၊ အဖိတ်နေ့တွေမှာလည်း အမေ့ဆီကို ရောက်အောင်သွားရပါတယ်။ လမ်းမလျှောက်နိုင်၊ မထနိုင်တော့တဲ့ အမေ့အတွက် ဧည့်ခန်းကျယ်

www.burmeseclassic.com



ကြီးထဲမှာပဲ အမေ့ရဲ့ ခုတင်ကလေးကို ထားပေးပါတယ်။ အလှူခံလာတဲ့ သီလရှင်ဆရာလေးများဟာ အမေ့ခုတင်ကလေးဆီကို တန်းစီသွားပြီး အမေလှူတဲ့ ဆွမ်း ဆန်နဲ့ ငွေကို အလှူခံနေကြတာ ဝမ်းသာဖွယ် တွေ့ရပါသေးတယ်။

'သမီးရေ… ဂီတလုလင် ဦးကိုကို တစ်ယောက်များ နေကောင်းရဲ့တဲ့လား။ မြန်မာ့အသံ ဦးအောင်မြင့်တို့လေ၊ ကိုသုခတို့ သတိရလိုက်တာ။ အမေ့တွေ့ဆုံခန်းတွေ၊ သီချင်းတွေကို သူတို့ဖော်ထုတ်ပေးလို့ သမီးတို့ သိရတာမဟုတ်လား'။ အဲဒီလိုမျိုးလည်း မေးတတ်ပြန်ပါတယ်။ ကျွန်မက အမေ သိချင်တဲ့ သတင်းတွေကို ဟိုမေး ဒီမေး စုဆောင်းပြီး ကျွန်မပြန်ပြီး ပြန်ပြောရပါတယ်။ အဲဒီအခါမျိုးမှာတော့ ဖောက်သည်ချတဲ့ သတင်းအချက်အလက်တွေ မမှားအောင် တကယ်ပဲ ဂရုစိုက်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေက အိပ်ရာပေါ်မှာနေပေမယ့် ခေတ်မီနေလို့ပါပဲ။ ရုပ်မြင်သံကြားကြည့်၊ သတင်းနားထောင်၊ မဂ္ဂဇင်းစာအုပ်တွေ ဖတ်လေ့ရှိတော့ ဒီကနေ့ရုပ်ရှင်လောကကိုလည်း အမေက လက်လှမ်းမီနေတဲ့အတွက် တစ်ခုခုမှားပြီးပြောမိရင် အမေက ကျွန်မကို စာရေးတဲ့သူ လုပ်နေပြီး ဒါလောက် ညံ့ရမလားလို့ ဆူမှာ အသေအချာပါပဲ။ အမေ့ မြေးလေးတွေဖြစ်တဲ့ စုစုတို့၊ ယုယုတို့က ကျွန်မနဲ့လည်း တူမလေးတွေလို နေကြတော့ အမေ့ရဲ့ တိကျသေချာမှုကို ကျွန်မ ရင်းနှီးနေခဲ့ပါပြီ။ အမေ့တူမဖြစ်တဲ့ ဆရာမ ဒေါ်စုစုဝင်းဆို ခုချိန်မှ အမေ့ကို လိုက်လိုက်လှဲလှဲ

www.burmeseclassic.com

www.burmeseclassic.com


ချီးကျူးမဆုံးရှိနေတာပါ။ အမေ့ရဲ့စနစ်ကျပုံတွေဟာ တကယ် သာလိုက်နာနိုင်ခဲ့မယ်ဆိုရင် သိပ်ကိုကောင်းမှာပဲလို့ ခဏခဏ ပြောပြပါတယ်။

'လေးလေးကို ဟိုးငယ်ငယ်လေးကတည်းက အပျိုကြီး ဖြစ်နိုင်တယ်လို့ အားလုံးက ထင်ကြေးပေးခဲ့ကြတာပဲ။ ဘာလို့လဲဆိုတော့ စည်းကမ်းက သိပ်ကြီးတာကိုး။ နေရာ တကာမှာကို စေ့စေ့စပ်စပ်ရှိတာ။ ဥပမာ သနပ်ခါးသွေး တယ်ဆိုပါတော့ အပွေးကို နေရာအနှံ့မသွေးဘူး၊ တစ်ဖက် ကုန်မှ တစ်ဖက်ကို ကူးတာ။ အဝတ်ဝတ်လည်း ဒီအတိုင်း ပဲ။ ရပ်ရှင်မင်းသမီးရယ်လို့ ရှိတိုင်းဝတ်ပစ်တာ မဟုတ်ဘူး။ တစ်ထည်ပြီးမှတစ်ထည်။ အသန့်ကလည်း ကြိုက်သလား မမေးနဲ့။ လေးလေးကတော့ တကယ့်ကို စံပြနမူနာပါပဲ'တဲ့။

အမေက ခုချိန်မှာ အမေငယ်ငယ်က စည်းကမ်းတွေရဲ့ အရှိန်နဲ့ လိုအင်ဆန္ဒတွေကို ချိုးနှိမ်ပြီး နေထိုင်စားသောက် နေရသူပါ။ အိပ်ရာထက်မှာ လဲလျောင်းပြီး တစ်နေကုန် နေရရှာပါတယ်။ အဝတ်အတွက်ကတော့ အေးအေးဆေး ဆေးလွတ်လပ်တဲ့ ချည်ထည်ကလေးကိုသာ လက်ပြတ် ခါးပွ ပုံစံတစ်မျိုးတည်းပဲ ဝတ်ပါတော့တယ်။ အထူးပြောစရာ ရှိတာကတော့ အစားအသောက်ပါပဲ။ အမေ့ရဲ့ အစာအိမ်က အစာမာမာတွေ၊ ကြမ်းကြမ်းတွေကို လက်မခံတော့ပါဘူး။ ထမင်းတောင်မှ မစားနိုင်တော့ပါဘူး။ ဆန်ပြုတ်ကလေး၊ မုန့်ပျော့ပျော့ကလေးသာ စားနိုင်ပါတော့တယ်။ တစ်သက်

www.burmeseclassic.com

www.burmeseclassic.com


လုံး ထမင်းစားခဲ့တဲ့ မြန်မာတို့ရဲ့ ချဉ်ခြင်းကို တော်ရုံတန်ရုံ စိတ်နဲ့တော့ ပြေနိုင်မှာမဟုတ်ပါဘူး။ အမေက တစ်ခါတလေ ပြောရှာပါရဲ့။

'သမီးရေ... ခုလို မန်ကျည်းသီးစိမ်း လေးတွေပေါ်တဲ့ အချိန်ဆိုရင် မျှစ်ကလေးနဲ့၊ ပုစွန်ဆိတ်ကလေးနဲ့ စားရရင် ဘယ်လောက် ကောင်းမလဲနော်။ တည င်းသီးပြုတ်ကလေး နဲ့လေ' တဲ့။

'ဆန္ဒရှိပေမယ့် ခန္ဓာက လက်မှမခံဘဲ သမီးရယ်။ ဘယ့်နှယ့်လုပ်မလဲ။ အရာရာတိုင်းပါပဲလေ။ ဘာပဲဖြစ်ဖြစ် မျှမျှတတနဲ့ အဆင်ပြေအောင်၊ နေတတ်အောင်နေမှ စိတ် ချမ်းသာတာ' လို့လည်း တွေးတွေးဆဆ ဖြေဖြေဖျောက် ဖျောက်ပြောပြတတ်ပါတယ်။ အမေ့ရဲ့မျက်ဝန်းမှာ ဝမ်းနည်း ရိပ်ကို မမြင်ရပါဘူး။ ကြည်လင်သန့်ရှင်းနေတဲ့ မျက်ဝန်း ဟာ တစ်သက်လုံး အလေ့အကျင့်ကောင်းနဲ့နေခဲ့ကြောင်း ဖော်ကျူးနေသလိုပါပဲ။

'လေးလေးကလေ စားတဲ့နေရာမှာတောင် တကယ့်ကို စနစ်တကျနေနိုင်တာသိလား။ မနက်ခင်းဆို တူတွေ၊တူမတွေ က လေးလေးလို ကော်ဖီလေးနဲ့၊ မုန့်လေးနဲ့ မတင်းတိမ်ဘူး လေ။ အပြင်ထွက်တဲ့လူကထွက် မုန့်ဟင်းခါး၊ မုန့်တီ၊ ခေါက် ဆွဲ အဲလို လျှောက်စားတာမျိုး လေးလေးက မကြိုက်ဘူး။ ဟဲ့...ရှိတိုင်းစားပစ်လို့ ဘယ်ဖြစ်မှာလဲလို့ အမြဲပြောတယ်'

အမေ့အကြောင်းကိုသိတဲ့ တူတွေ၊ တူမတွေက တစ်လေသံတည်း ပြောကြတာပါ။ မနက်စာနဲ့ ညစာဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



တောင် ညစာဆို အမြဲလျှော့စားခဲ့တယ်လို့လည်း ပြောကြပါတယ်။ အမေ့ကို 'စနစ်တကျနေနိုင်လိုက်တာနော်' လို့ ပြောတဲ့အခါ 'သမီးရယ်၊အဲဒါ အမေ့ပတ်ဝန်းကျင်ရဲ့ကျေးဇူးပေါ့' လို့ ပြန်ပြောပြပါတယ်။

'အမေ ငယ်ငယ်က ရှေးကျကျ မြန်မာဆန်ဆန် မိသားစုထဲမှာ နေခဲ့ရပြီး အလုပ်လုပ်ပြန်တော့လည်း တစ်လျှောက်လုံး စနစ်ကျတဲ့ လုပ်ငန်းရှင်တွေရဲ့ အသိုင်းအဝိုင်းထဲကို ရောက်ခဲ့ရတာကိုး။ အစ်ကိုလေး ဦးညီပုတို့၊ ကိုပုတုတို့ ညီအစ်ကိုတွေဟာ တကယ့်ကို စနစ်တကျ နေထိုင်နည်း လက်တွေ့ နေပြခဲ့ကြတာပဲ။ ငါတို့နေသလို နေလို့လည်း မဆိုရှာပါဘူး။ သူတို့အောင်မြင်တယ်။ သူတို့ လေးစားစရာကောင်းတယ်။ သူတို့ ဘယ်လိုနေလို့တုံး၊ ကိုယ် ဘယ်လို နေသင့်သတုံးပေါ့ သမီးရယ်။ အမေတို့နေခဲ့၊ ထိုင်ခဲ့ကြတာတွေ သူတို့ ကျေးဇူးအင်မတန်ကြီးပါတယ်'

အမေက သတိတရ၊ တသသ ပြောရှာပါတယ်။ အမေ ကြီးပြင်းခဲ့တဲ့ ဘဝရဲ့ အစိတ်အပိုင်း တော်တော်များများကို မြုပ်နှံခဲ့တဲ့နေရာဟာ တကယ်ပဲ နေပျော်စရာ နေရာ ဖြစ်မှာပါ။ ကျွန်မ အမေ့အကြောင်းကို ရေးမယ်ဆိုတော့ အမေ ပတ်သက်ခဲ့သမျှ လက်လှမ်းမီသရွေ့ လေ့လာမှတ်သားရပါတယ်။ သက်ရှိထင်ရှားရှိသူတွေဆို အတတ်နိုင်ဆုံး တွေ့ဆုံမေးမြန်း၊ အလှမ်းဝေးရင်လည်း တစ်ဆင့်ဆက်သွယ်။ နောက်ဆုံးမှာတော့ စာစောင်တွေ၊ မဂ္ဂဇင်းတွေ ရှာဖွေဖတ်ရှု မှတ်

www.burmeseclassic.com

www.burmeseclassic.com



သား ခံစားရပါတယ်။ အမေ့ရင်ထဲမှာ ရှိတဲ့သူတွေကလည်း များမှများပါ။ အမေနဲ့ စကားလက်ဆုံ ပြောခဲ့တဲ့ သုံးနှစ်ဝန်းကျင်လောက်မှာ တစ်ခါသွား၊ တစ်ယောက်ပေါ်ဆိုသလို နာခဲ့ကြားခဲ့ရပါတယ်။

'သမီးရဲ့ ခားတန်းဦးသန့်ရဲ့သမီး ရီရီလေ၊ သိလား။ ရီမြင့်ရုပ်ရှင်က ကိုဇော်မြင့်ရဲ့ မေမေပေါ့။ သမီးရယ်၊ အမေ့ကို ဘယ်လောက်အထိများ ချစ်သလဲဆိုရင် အမေ့ရဲ့ စားဝတ်နေရေးအတွက် ဝင်ငွေလေးတွေ တိုးအောင်ကို ဝိုင်းပြီး ကူညီရှာတာ၊ သနားပါတယ် သမီးရယ်။ သူက သိပ်လည်း အေးတယ်။ သဘောထားလည်း ပြည့်ဝတယ်' လို့လည်း ပြောတတ်ပါတယ်။

'ဆရာဦးအောင်ကြီးလေ၊ ဒေါက်တာအောင်ကြီး၊ သူက လည်း အမေ့ကို တကယ်ပဲ ဂရုစိုက်ရှာတယ်။ အလုပ်တွေ သိပ်များတာ။ အလုပ်များတဲ့ထဲက အချိန်လုပြီး မဖြစ် ဖြစ် အောင် လာကြည့်ပေးတယ်' လို့လည်း ပြောပါတယ်။

ကျွန်မ ကိုယ်ကညွှံ့တာလားမသိ။ အမေ့ကို နားလည် ခံစားမိသမျှတွေထဲမှာ 'အချစ်' ဆိုတဲ့အရာ ရှိကို မရှိသလိုပါပဲ။ ကျွန်မရဲ့ရင်မှာ စီးကူးခံစားမိသမျှကတော့ 'မေတ္တာ' များသာဖြစ်ပါတယ်။ ခတ်ပုံတွေ ရှာမတွေ့တော့ အမေ့ကို မေးခဲ့ရသလိုပဲ။ အခု အချစ်ကို ရှာမတွေ့တော့ အမေ့ကိုပဲ မေးရပြန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'အမေရယ်၊ အချစ်ဆိုတာ ဘာများပါလိမ့်။ အချစ်ဆိုတဲ့အရာကို အမေ ဘယ်လိုများ ခံစားလို့ရပါသလဲ'ဆိုတော့ အမေက လေးလေးနက်နက် ငြိမ်ငြိမ်ကလေး တွေဝေနေရှာပါတယ်။ မေးခွန်းမှန်သမျှကို မဆိုင်းမတွ ဟောဟောဒိုင်းဒိုင်းဖြေခဲ့တဲ့ အမေက ဒီတစ်ခါတော့ အတော်ကြာကြာ လေးစဉ်းစားပါတယ်။

'သမီးက အမေ့ကို အပြောင်အပြက်မေးတာ မဟုတ်တော့ အမေက တကယ့်ကို သေသေချာချာ စဉ်းစားနေတာ' တဲ့။

'အင်း... အဲဒါ ဘာမှန်း သိပ်မသိဘူး သမီးရဲ့။ ခုပြန်စဉ်းစားတာ။ ငါ ဘယ်သူ့ကို ချစ်ခဲ့မိသလဲ။ အဲဒီ အချစ်ဆိုတာ...။ ဟို... အမေကဖြင့် သူ့ကို မမြင်ရရင် မနေနိုင်လောက်အောင် ချစ်လှပါချည်ရဲ့လို့ မဖြစ်ခဲ့ဘူး။ နောက်ပြီး ယောက်ျားတွေကလည်း မရှင်ကိုမှ မရရင် ကျုပ်တော့ ရူးရပါတော့ မယ်ဗျာလို့ မရှိခဲ့ပါဘူး။ သူတို့ ဟို... ချစ်သူဖြစ်သွားကြတယ်။ အိမ်ထောင်ကျသွားကြတယ်ဆိုတာ တစ်ယောက်ကို တစ်ယောက်မှ မရကြရင် မဖြစ်တဲ့သူတွေ ထင်တယ်နော်။ အဲဒါမှ အချစ်လား။ မသိပါဘူး'

အမေက ပြောပြောရယ်ရယ်နှင့် 'သမီး စဉ်းစားကြည့်ပါလား'တဲ့။

'ဟုတ်ပါရဲ့နော် အမေ။ အဲဒါ ဘာမှန်း မသိဘူးလို့တောင် ပြောရမလို ဖြစ်နေပြီ'

www.burmeseclassic.com

www.burmeseclassic.com



'အေး... ဟုတ်တယ်။ ဒါပေမယ့် အမေတို့မှာ အခု အေးအေးချမ်းချမ်း မနေရဘူးလား... ကဲ'

'အဲဒါလည်း ဟုတ်ပါတယ်နော် အမေ'

'ဟုတ်တာပေါ့ သမီးရဲ့။ စဉ်းစားကြည့်ပါလား။ လူ့ဘဝရဲ့နောက်ဆုံးအချိန်။ အခုဆို အမေ့မှာ နောက်ဆုံးအချိန်လို့ပြောရင် ရတယ်။ ဒီအချိန်မှာ အလိုအပ်ဆုံး ဘာလဲလို့ မေးရင် ငြိမ်းငြိမ်းချမ်းချမ်း အေးအေးဆေးဆေးနေရတဲ့ ဘဝမျိုးပဲ ရချင်တာ။ ဘယ်သူ့ မေးမေး မေးကြည့်၊ ငယ်တုန်းရွယ်တုန်းသာ အောင်မြင်မှုတို့၊ အလှတရားတို့၊ စည်းစိမ်ချမ်းသာတို့၊ အချစ်တို့ ဟုတ်ဘူးလား၊ အရေးကြီးနေကြတာ။ အရှည်သဖြင့်ကိစ္စကို တွေးကြည့်၊ လိုချင်ဆုံးကတော့ အမေ့ရဲ့ ဒီဘဝမျိုးပဲ'

အမေက ကျွန်မကို ပြတ်ပြတ်သားသားပဲ အဖြေပေးပါတယ်။ ဒီလိုအေးချမ်းမှုမျိုးကိုရနိုင်ဖို့ အမေ့ရဲ့ရင်းနှီး မြှုပ်နှံမှုတွေဟာ ဘာတွေလဲလို့ ကျွန်မ သိခဲ့ရပါပြီ။

အမေ့အကြောင်း တွေးနေရင်းမှာပဲ ကျွန်မရဲ့ အတွေးထဲကို ဆောင်းပါးလေးတစ်ပုဒ်ထဲက စာသားတွေ ရောက်လာခဲ့ပါတယ်။ အဲဒီဆောင်းပါးကိုရေးတဲ့သူက 'မောင်နေမျိုး'ပါ။ ဆောင်းပါးရဲ့ ခေါင်းစဉ်ကလေးက 'ဦးတင်မောင်၊ ဒေါ်မေရှင်၊ ကိုကြီးဇေယျ' ဖြစ်ပါတယ်။ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလထုတ် ရွှေအမြုတေမဂ္ဂဇင်း အမှတ် ၁၂၁ထဲမှာ ဖတ်ရတာပါ။ ဆောင်းပါးထဲမှာ ဒီလိုရေးထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဦးလေးတင်သည် ရုပ်ရှင်လောကတွင် (အထူးသဖြင့် အေဝမ်းမိသားစု) စာရိတ္တပိုင်းကို အထူးခိုင်ခိုင်မာမာ တည့်တည့်မတ်မတ် နေနိုင်ခဲ့သော ထူးခြားသည့် ပုဂ္ဂိုလ်ဖြစ်သည်။ ရုပ်ရှင်သတင်းစဉ်တွင် ကျွန်တော် ရုပ်ရှင်သက်ကြီးများအကြောင်း တွေ့ဆုံမေးမြန်း ရေးသားခဲ့ရာတွင် ဦးလေးတင်၏ ထူးထူးခြားခြား ပြောစကားတစ်ခု ဖော်ပြခဲ့ဖူးပါသည်။ ၎င်းမှာ—

'ကျုပ်အဖေ မြန်မာအဆွေ ဦးဘညွန့်က မြန်မာရုပ်ရှင်ကို လူအထင်သေးမှာ သိပ်စိုးတယ်။ ဒီကြားမှာ အပါကြီး (ဦးမောင်မောင်စိုး)က သူ ဒါရိုက်တာလုပ်ပြီး မင်းသမီးသစ်တင်၊ ကားရိုက်၊ နောက် သူနဲ့ယူလိုက်တော့ ကျုပ်အဖေက ကျုပ်ကို အပါကြီး(ဦးမောင်မောင်စိုး)လို ဖြစ်မှာစိုးလာတယ်။ ဒီတော့ ရုပ်ရှင်မလုပ်ရဘူးလို့ တားတယ်။ ကျွန်တော်ကလည်း ကားရိုက်ချင်တော့ 'မြဂနိုင်' ကို ခိုးရိုက်တာ။ ကျောင်းကနေ ကိုအေးငွေ(ဒဂုံ မြတ်လေးနွယ်)တို့ အိမ်မှာ ပုန်းပြီး ရိုက်ရတယ်။ အဲ...ဒါရိုက်တာဖြစ်ပြီး အိမ်ထောင်ပြုတော့ အဖေမကြိုက်တဲ့ကိစ္စတွေ မဖြစ်ရအောင် ကျွန်တော် ရုပ်ရှင်လောကကလူကို အိမ်ထောင်မပြုရအောင် ရှောင်ပြီး အရပ်သူနဲ့ လက်ဆက်ခဲ့တယ်'

အလွန်ရိုးသားသော ပြောဆိုချက် ဖြစ်ပါသည်။ ရုပ်ရှင်လောကသိက္ခာ၊ လူ့သိက္ခာကို အချစ်နှင့်ရောနှောခြင်း မဖြစ်ရအောင် စောင့်ထိန်းခဲ့ပုံကို ဖွင့်ဟခြင်းဖြစ်သည်။ အေဝမ်းမျိုး

www.burmeseclassic.com

www.burmeseclassic.com


ဆက်တွင် အသက်ငယ်ငယ်နှင့် ရုပ်ရှင်ဒါရိုက်တာဖြစ်ပြီး အသက်ရှည်ရှည်နေရသူဖြစ်သည်’လို့ ဆောင်းပါးရှင် ဆရာမောင်နေမျိုးက မှတ်ချက်ချထားပါတယ်။

လူတွေဟာ ဘဝတစ်ခုကိုစပြီဆိုတာနဲ့ တစ်ပြိုင်နက် စိတ်ဆန္ဒညွှန်းဆိုရာနောက်ကို ကောက်ကောက်ပါအောင် လိုက်ဖြစ်ကြစမြဲပါ။ အမေဆိုရင် ရုပ်ရှင်မင်းသမီးမှ ရုပ်ရှင်မင်းသမီးဖြစ်ချင်လွန်းလို့။ ဘဘဦးတင်မောင်ဆိုလည်း ဒါရိုက်တာမှ ဒါရိုက်တာဖြစ်ချင်လွန်းလို့။ သူတို့ဆန္ဒတွေကို ပြည့်ဝအောင် ကြိုးစားနိုင်ခဲ့ရုံမျှမက ထူးချွန်စွာပင် အောင်မြင်ခဲ့ကြတာ အားလုံးအမြင်၊ အားလုံးအသိ။

ပညာရှိတို့ရဲ့ အဆိုအမိန့်တွေမှာ ‘အောင် မြင်ဖို့လွယ်တယ်။ အောင်မြင်မှုကို အကြာကြီး ဆက်ပြီးထိန်းထားနိုင်ဖို့ခက်တယ်’ လို့ ကျွန်မ မှတ်သားခဲ့ဖူးပါတယ်။ အလွန်ရှားပါးလှတဲ့ သက်ဆုံးတိုင် အောင်မြင်သူတွေထဲမှာ ဘဘဦးတင်မောင်တို့၊ အမေတို့ ပါခဲ့ကြပါတယ်။

ကျွန်မကို အမေ ပြောပြသမျှစကားတွေဟာ ကျွန်မရဲ့ အသည်းနှလုံးမှာ အချိန်ကြာကြာ ကိန်းအောင်းပါတယ်။ စာရွက်ပေါ်မှာ စာလုံးကလေးတွေအဖြစ် ပြန်ပြီး သွန်ထုတ်ဖို့အတွက် အချိန်အတော်လေးကြာအောင် စောင့်ဆိုင်းခဲ့ရပါတယ်။ အမေ့ကိုစပြီး စကားပြောခဲ့တဲ့နေ့ကလေးကစလို့ ယနေ့တိုင်အောင်ဆိုရင် အချိန်ကာလ သုံးနှစ်ကျော်ခဲ့ပါပြီ။ တချို့စကားလုံးတွေဟာ ရင်ထဲမှာ တစ်နေရာ၊ ဦးခေါင်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာ၊ လက်ထဲမှာ တစ်နေရာ။ စာရွက်ပေါ်ကို ရေတံခွန် တသွင်သွင်စီးသလို သွန်ချရေးလို့ မရနိုင်ခဲ့။ အကြောင်း အရာအသစ်တစ်ခုကို ရှာဖွေတွေ့ရှိတိုင်း ပထမဆုံး ရင်ထဲကို ပို့၊ နောက် ဦးခေါင်းဆီကိုသွား၊ ပြီးတော့မှ လက်ဆီကို စီးဆင်းလာခဲ့။ လမ်းမှာပဲ ရေးရကောင်းမလား၊ မရေးရ ကောင်းမလား စိတ်ဗျာများပြီး လွင့်ပျက်သွားရတာလည်း ရှိ၊ စာရွက်ထဲကို ရောက်လာသည့်တိုင် ဟုတ်မှဟုတ်ပါ့ မလားစိုးရိမ်ပြီး ဆရာဦးဝင်းငြိမ်းဆီ ဖုန်းဆက်ရတာက အခါ ခါ။ ဆရာက စိတ်ရှည်လက်ရှည်ရှင်းပြ အကြံပေးကူညီ ပြန်တော့ ဆက်ပြီးရေးဖြစ်ပြန်ပါရော။ အမေ့ရဲ့ လင်းလက် တောက်ပတဲ့ အပြုံးများဟာ ကျွန်မရဲ့လက်ကလေးတွေ ဆက်လက်လှုပ်ရှားဖို့ အားဆေးပါ။ အမေပြောပြခဲ့တဲ့ အကြောင်းအရာများစွာထဲမှာ ကျွန်မရဲ့အတွေးတွေ၊ ခံစားမှု တွေကို ဆွဲဆောင်နိုင်ဆုံး စကားလေးတစ်ခွန်း ရှိခဲ့ပါသေး တယ်။ အဲဒီစကားကလေးဟာ ကျွန်မရဲ့ ရင်ခုန်သံကို အစဉ် အမြဲ ထိခတ်တွယ်ငြိနေတဲ့ စောင်းကြိုးခတ်သံ ဂီတသံစဉ် ကလေးတစ်ခုလိုပါပဲ။

'စောင့်ကြည့်ကြပါ။ မရှင် ဘာတွေလုပ်မှာလဲလို့ စောင့် ကြည့်နိုင်ပါတယ်' ဆိုတဲ့ သတ္တိစကားလေ။

ကျွန်မ မရဲတရဲ ပြောကြည့်ချင်ပါတယ်။ ချစ်ရဲတာမှ သတ္တိလို့ပြောခဲ့ကြတဲ့ အချစ်သူရဲကောင်းများ၊ အချစ်သမား များ ရှိနေဦးမှာ ဖြစ်သလို 'မချစ်ဘဲနေရဲတာလည်း သတ္တိ'လို့ ပြောလိုက်ပါရစေ။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်မရဲ့ အတွေးအခေါ်ကလေးတွေ ချွတ်ယွင်းနေတယ်ဆိုရင်တော့ နောက်ထပ် ကြိုးစားပြုပြင်ရဦးမယ့် သင်ခန်းစာတစ်ခုလို့ မင်နီတားပြီး မှတ်ထားရမှာပါပဲ။ အထူးသဖြင့် ကျွန်မ ချစ်ခင်မြတ်နိုးလေးစားခဲ့တဲ့ ပန်းတစ်ပွင့်ရဲ့ ရင်ခုန်သံစဉ်တွေဟာ ပန်းနုရောင် မိုးစက်ကလေးတစ်ပွင့်လို့ တင်စားရလောက်အောင်ပဲ နုမျစ်အေးမြ လင်းလက်နေလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

ဒါပေမယ့်လေ…ကျွန်မတို့ရဲ့ ပန်းပွင့်ကလေးဟာ ယခုထက်တိုင် အပင်ထက်မှာဆိုတော့ ခူးသူရဲ့လက်နဲ့ အလှမ်းဝေးခဲ့ရှာတယ်လို့များ ကရုဏာသက်ရပေဦးမှာလား။ တကယ်တော့ ဒီပန်းပွင့်ကလေးဟာ အရုဏ်ဦးနေခြည်နုလေးကတည်းက အလှဆုံး ဖူးငုံခဲ့တဲ့ ပန်းကလေးပါ။ တစ်နေကုန် အလှဆုံးပွင့်လန်းလို့ အသန့်စင်ဆုံး မွှေးပျံ့ခဲ့ပါတယ်။ နေရီရီ ညနေစောင်းတဲ့အထိ၊ လရောင်ဦးနဲ့အတူ တင့်တယ်နေဦးမယ့် ပန်းတစ်ပွင့်ကို ငွေကြယ်ပွင့်ကလေးတွေကတောင် ဝင်းပတဲ့ အလင်းရောင်နဲ့ ဂုဏ်ပြုကြဦးမှာပါ။ ကြယ်တာရာများကသာပဲ ချီးမြှင့်မှာမို့လား။ တေးဆိုတဲ့ငှက်ကလေးတွေကလည်း သူကလေးရှိပေလို့ အလွမ်းပြေနေကြတာလို့ ဆိုချင်မှာပါပဲ။ 'လက်ကျန်တစ်ပွင့်'ဆိုတဲ့ ကဗျာငှက်ကလေး လာနားပါလေရဲ့။

'မည်သို့ဆိုစေ
သခင့်မြေ၌၊ ညနေရီနှင့်

www.burmeseclassic.com



လွမ်းအောင်ပွင့်သည်
တစ်ပွင့်ကျန်သေး
ပန်းကလေးကြောင့်
တေးသည်ငှက်ဆွေ
နွေဦးဆန်းးစပါကလား'တဲ့။

ကျွန်မက ကဗျာကလေးကို တိုးတိုးလေး ရွတ်ဆိုပြ တော့ အမေက ကြည်ကြည် အေးအေးလေး ပြုံးလို့နေပါတယ်။ ကျွန်မတို့ အားလုံးကို အေးမြစေတဲ့အပြုံး၊ ရင်ခုန်စေခဲ့တဲ့အပြုံး။ ပြုံးနေတဲ့ ပန်းကလေးတစ်ပွင့်ရဲ့ ရင်ခုန်သံကိုတော့ ဖတ်ရှုခံစားသူရဲ့ ရင်ခုန်သံနဲ့ သံစဉ်ညှိပြီး တေးလှလှလေးတွေ ဆက်လက်သီဆိုကြဖို့ ကျွန်မက အဖော်ညှိရင် ကြည်နူးကျေနပ်ပီတိများစွာနဲ့ သံစဉ်လှလှလေးတွေ သီကျူးကြမယ်လို့ မျှော်လင့်မိပါတယ်။ အဲဒီတေးသံကလေးတွေဟာ ကမ္ဘာလောကရဲ့ နေရာအနှံ့ကိုလည်း ပျံ့လွင့်ဦးမှာပါ။ အချိန်ကာလရဲ့နံရံများကိုလည်း အောင်မြင်စွာ ထွင်းဖောက်ဦးမှာပါ။ ခိုင်မြဲစွာ ယုံကြည်ချမ်းမြေ့နိုင်ပါစေ။

ဝင်းဝင်းမြင့်(နန်းတော်ရှေ့)

www.burmeseclassic.com

www.burmeseclassic.com

# မေရှင် သီဆိုခဲ့သော တေးသီချင်းများ


၁။ သက်ဝေ

၂။ ရှေးရေစက်

၃။ ချစ်မှာလား

၄။ အောင်ခြင်းရှစ်ပါး

၅။ ကျောင်းပိတ်ရက်

၆။ ချစ်ရေစင်

၇။ ပျိုမှာတမ်း

၈။ လှဲ့လှဲ့ဝင်း

၉။ မြကေခိုင်


www.burmeseclassic.com

www.burmeseclassic.com



၁၀။ ပါရမီတော်
၁၁။ ရွှေပြောင်ပြောင်
၁၂။ နန်းကေသီ
၁၃။ ချစ်ပွဲဝင်
၁၄။ ရွှေဝါဖူး
၁၅။ မောင့်လိပ်ပြာ
၁၆။ ရွှေမိုးညို
၁၇။ မယ့်သဉ္ဇာ
၁၈။ ခေတ်ပြောင်းချိန်
၁၉။ ချစ်ပန်းလွှာ
၂၀။ ချစ်မိရင်
၂၁။ စံပယ်ဖြူ
၂၂။ နံ့သာမြိုင်
၂၃။ သုံးရာသီ
၂၄။ ရွှေနန်းတက်ပွဲ
၂၅။ ကိုကို့မျက်နှာ
၂၆။ မိန်ရာသီ
၂၇။ ဝတ်ပြုမယ်
၂၈။ ဝေ့လယ်လယ်

www.burmeseclassic.com

www.burmeseclassic.com



၂၉။ ချစ်သဲညှာ
၃၀။ ရှေးဘုရင်
၃၁။ ကိုယ်ပိုင်မေတ္တာ
၃၂။ စိတ်ကူးနေမယ်
၃၃။ ချစ်ရအောင်
၃၄။ လေသာဆောင်
၃၅။ မယ်ခုမျှော်
၃၆။ မြတ်လေးငုံ
၃၇။ တောမိယ
၃၈။ ဖူးစာပိုင်
၃၉။ မဲဇာမြိုင်
၄၀။ မယ့်ဒါလီ
၄၁။ သော်တာငွေမင်း


www.burmeseclassic.com

www.burmeseclassic.com



# သက်ဝေ

မြို့မငြိမ်း–ရေးသည်။

1941.May.

**မ။** ။ (သစ္စာမဏ္ဍိုင် မြဲခိုင်ခဲ့ပေ၊ မေတ္တာမိုးတွေ သွန်းဖြိုး ရွာစေ၊ အသည်းမှာစွဲတယ်၊ အသက်ကိုပုံမယ်လေ)၂၊ တစ်ကိုယ်လုံးသိမ်းကျုံး လိုရာသုံးသက်ဝေ၊ အပြုံးမပျက် ပေါင်၊ စိတ်လက်ရှည်ရှည်၊ အချစ်အတွက်ဖြင့် အသက် ပင် သေသေ၊ အသွေးယူ အသားလှူ စိတ်တူတယ် ရယ်ရယ်ပြုံးပြုံး မဒ္ဒီဒေဝီ ဝေဿန်ဘုန်းလို နှလုံးပြုကာ ကြည်ဖြူမယ်လေ၊ သက်ဝေဆိုသမျှ အလိုကျကိုယ်ရော စိတ်ပါ လိုက်လျောပါ့မယ်လေ။

**ကျား။** ။ (ရူဝံကြွယ် မြေမှာခကြွေ၊ ကောင်းကင်မှာနေလ တွေကွယ်စေ၊ မြမြင်းမိုရ်ပြိုအက်ကာကြေ၊ သွေကွက် မယ် စိတ်ဝယ်မသွေ)၂၊ ချစ်တဲ့သူ အမူတုံးကလေးက တိမ်စင်လနှယ် အလှကြွယ်ရှာပေ၊ ကြာကြာလေမရိုးတဲ့ အပြင် ဆထမ်းပိုးတိုးတဲ့အချစ်တွေ၊ ကမ္ဘာမြေ အသေချ လဲတောင် မကွဲအောင်တောင်းဆုကိုခြွေ၊ သက်ဝေ ချစ်မက် မပြေတယ်လေ။

**မ။** ။ ခိုင်းတော့သက်ဝေ၊ အချစ်စမ်းချင်စမ်း၊ မစမ်းချင်နေ၊ ထူးတဲ့ခင်မင်တာတွေ၊ အသက်ကိုစွန့်ရတောင်ပင် မငြို ငြင်ဘူးရှင့် အသင့်လိုရာစေ။

www.burmeseclassic.com

www.burmeseclassic.com


**ကျော်း။** ။ မခိုင်းရက်ဘူးကွယ့် ဒီကိုယ့်လည်ဆွဲ ပုလဲသွယ် ရေ၊ ရှေ့က မောင်သာအစဉ်နေ၊ အသက်နဲ့ထပ်တူ ကြင်မလေ၊ ရင်ကိုခွဲလို့ အသည်းကင်ပါစေ၊ ချစ် သက်ဝေနှမ၊ စိတ်တိုင်းကျကျ ပျော်သလိုနေ လှသထက် လှမယ်ဆိုရင် ဆေးဘက်ဝင်ပါသလား မောင့်အသား တွေ၊ မောင့်အသွေးတွေ၊ မောင့်အသည်းတွေ၊ မောင့် နှလုံးတွေ၊ အသုံးပြုပါလေ၊ ကြည်ဖြူပါတယ် လိုရာကို ယူစေ။

**မ။** ။ မူဝံကြယ်မြေမှာခကြွေ.....ချစ်မက်မပြေတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



# ရွှေးရေစက်

ရွှေတိုင်ညွန့်–ရေးသည်။

1940. Jan.

**ကျား။** လူမြင်ရင် ချစ်ချင်ဖွယ်၊ ရုပ်ပါရုံ ချောလှတယ်၊ သဘောကောင်းတဲ့သူကလေးရယ်၊ အတူဆုံဖို့ နဖူးစာ ရေးတယ်။

**မ။** ယုံကြည်ဖွယ် မာယာနှောကာ ပြောတတ်တဲ့ သက်လှယ်ရယ်၊ နောင်ခါ၀ယ် မေရှင်ကလေးကို အရေး မစိုက်မှာ အလွန်စိုးတယ်။

**ကျား။** ချစ်မှာလားကွယ်။

**မ။** မေတ္တာထားတယ်၊ ရှေးရေစက် ကံဆုံတယ်၊ တူနှစ်သွယ် ဆုံဆည်းရတယ်

**ကျား။** ချစ်စရာကောင်းသူလေးရယ်၊ မောင့်စိတ်ထဲမှာ စွဲလမ်းတယ်။

**မ။** အဟုတ်ကိုပြောတာလားကွယ်၊ လိမ်ညာဏ်တွေပိုတယ်။

**ကျား။** ကရုဏာထားတာ အဟုတ်ပါပဲ၊ မေတ္တာထားတယ် တကယ့်ကိုပဲ၊ မင်းအလိုရှိရင် မောင့်အသည်း ခွဲကာ ပေးမယ်။

**မ။** တွေ့ရင်တော့ဖြင့် လွမ်းအောင်ချွဲ နောက်ကွယ်ကျရင် မေ့မှာပဲ၊ အသည်းမှာစွဲတဲ့ ပျိုမေရှင်ကို အလိုလိုက်ရ လိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



**ကျား။** (တူမောင်မယ် မေတ္တာအကြောင်းနဲ့ပေါင်းဖို့ရာ ဆုတောင်းမယ်။

**မ။** ခင်နဲ့မောင် သစ္စာထား သိကြားနတ်တွေ အကုန်သိတယ်)၂။

**ကျား။** ချစ်တဲ့သူရယ်။

**မ။** ကြိုက်တဲ့သူရယ်။

**ကျား။** ရာသက်ပန်ရွှယ်ကိုးလို့သာ အရိုးကျအောင် ပေါင်းပါ့မယ်။

**မ။** (စိုးရိမ်ဖွယ်)၂ ၊ ယောကျ်ားများက ဖောက်ပြားမယ်၊ တကယ်ကြောက်အားပိုတယ်၊ (ယုံဘူး)၂ ချစ်ဦးပျိုသက်လှယ်။

**ကျား။** ချစ်စရာကောင်းသူလေးရယ် ..........

**မ။** ........... ပျိုမေရှင်ကိုအလိုလိုက်ရလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



# ချစ်မှာလား

သဟာယဆရာတင်–ရေးသည်။

**1940. Nov.**

**ကျား။** ။ (သူဇာပုံနှုန်း ချိုပြုံးတဲ့သူရယ်၊ စိတ်နှလုံးတော်ကြည်လှတယ်)၂၊ ပင်ကိုချော အပြောမူယာကြွယ်၊ ဇမ္ဗူဒီပါဝယ်၊ ရှားလောက်ပေတယ်၊ အသားတော်ညိုပြာညက်ကယ်၊ ရွှေနန်းထွက်နဲ့တူပါတယ် သက်လှယ်။

**မ။** ။ ချစ်ရေးကိုမြှူတယ်၊ ကြိုက်ဖို့ဖြင့်ချူတယ်၊ ယုံလောက်အောင်ပဲကွယ်၊ တွေ့လိုက်ရင်ချွဲတယ်၊ အချစ်ကိုယုံပုံဖို့ခက် တယ်၊ ပျို့သက်လှယ်၊ နှောင်ခါမောင်ရယ်၊ မကြည်ဖြူဘဲနဲ့ ရက်စက်မယ်။

**ကျား။** ။ သူဇာခင်ရယ် အစဥ်ကွယ်၊ အသက်ထက်ဆုံးပေါင်းပါ့မယ်၊ ဘုရားမြတ်ရှေ့ဝယ် သစ္စာလည်း ထားပါ့မယ်။

**မ။** ။ နိဗ္ဗာန်နန်းပလင်အတူဝင်မယ်၊ ဘုန်းမောင်သက်လှယ် ယုံပါကွယ်။

**ကျား။** ။ ခင့်ကိုချစ်ပါတယ်၊ ယုံပါတော့ကွယ်၊ မောင့်မျက်ခြယ်ရယ် ခင်မင်တယ်။

**မ။** ။ ကြင်နာပါကွယ်၊ မောင်ရယ်၊ ပျိုပျိုအားကိုးတော့မယ်၊ စိမ်းကားနဲ့ကွယ်၊ ချစ်မှာလား ခင့်အပေါ်ဝယ်။

**ကျား။** ။(ဂန္ဓမာသီဂီတောင်ဝယ်၊ စန္ဒာကိန္နရီမောင်မယ်၊

www.burmeseclassic.com



တောင်ပံယှက်ကာချစ်ရှာတယ်၊ မေတ္တာကြွယ်)၂၊ ရှစ်ကမ္ဘာ ကုန်လည်းမပစ်ပယ်၊ အနှစ်တစ်ရာ ကုန်လည်း ချစ်မယ်၊ အသစ်တွေဘယ်လိုကောင်းကွယ်၊ အဟောင်းကိုတော့ တလယ်လယ်ပါခင်ရယ်။

**မ။** ။ ရွှန်းရွှန်းဝေတယ်၊ အလွမ်းစကားနဲ့နှုတ်လျှာပွန်းအောင်ကွယ်၊ ပျိုမေစွဲအောင် ချွဲတတ်ပေတယ်၊ အသည်းထဲ အမြဲပဲသနားဖွယ်၊ ယောကျ်ားတွေ မုသားစကားကြွယ်၊ မောင်ကလည်း ယုယလို့ချစ်မှာလား ခင့်အပေါ်ဝယ်၊ နောင်ရေးကို ပျိုတွေးမိတယ်။

**ကျား။** ။ သူဇာခင်ရယ် အစဉ်ကွယ်၊ အသက်ထက်ဆုံး ပေါင်းပါ့မယ်၊ ဘုရားမြတ်ရှေ့ဝယ်၊ သစ္စာလည်း ထားပါ့မယ်။

**မ။** ။ နိဗ္ဗာန်နန်းပလ္လင် အတူဝင်မယ်၊ ဘုန်းမောင့်သက် လှယ်၊ ယုံပါတယ်။

**ကျား။** ။ ခင့်ကိုချစ်ပါတယ်၊ ယုံပါတော့ကွယ်၊ မောင့်မျက်ခြယ်ရယ်၊ ခင်မင်တယ်။

**မ။** ။ ကြင်နာပါကွယ်မောင်ရယ်၊ ပျိုပျိုအားကိုးတော့မယ်၊ စိမ်းကားနဲ့ကွယ် ချစ်မှာလား၊ ခင့်အပေါ်ဝယ်။

www.burmeseclassic.com

www.burmeseclassic.com



# အောင်ခြင်းရှစ်ပါး

သဟာယဆရာတင်–ရေးသည်။

**1941.June.**

အောင်ခြင်းရှစ်ပါး အသံကြားတဲ့အခါ၊ စီးပွားဥစ္စာ အပဟုတ်မကျန်အောင်မှာ၊ ကျန်းမာချမ်းသာပါလို့ ဘေးဘယာ မဝိုင်း ကြံတိုင်းအောင် ဆောင်တိုင်းမြောက်မှာ၊ ခုနစ်ရက် သားသမီးများနဲ့ နတ်လူပြဲပွဲ့မှာ။

သက္ကရာဇ်ကောဇာ တစ်ရာ့သုံးခုမှာ၊ လပြည့်နေ့ကဆုန် ရွှေ ဘုန်းတော်ခြောက်ဖြာတောက်ကာ၊ မဟာဗောဓိညောင်ပင် အောက်မှာ၊ ဘုရားအဖြစ်တရားအစစ်နဲ့ ရွှေပလ္လင်ထက်မှာ၊ စံပယ်ချိန်ခါ၊ ပြောင်မာတင်မေခလာ၊ ဆင်ရတနာစီးလို့ မာရ်နတ် မင်းရယ် အားမာန်တင်းကာ၊ ဝသဝတီ နတ်ပြည် ကလာ၊ စစ်ချီကာ ရန်တွေမူလို့ ဘုရားကိုယှဉ်တု ပလ္လင်လု ပြန်တာ၊ သည်းခံပါ၍ အမျက်မထား ပါရမီဆယ်ပါးနဲ့ မာရ်နတ်ရန် နင်းနှိမ်ပေရှာ၊ မေတ္တာစာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း ပထမပါ။

အာဠဝီပြည်အနီး ညောင်ပင်ကြီးမှာ၊ တစ်ဦးတည်း ဘီလူးကြီး အာဠဝကစံရာ၊ တစ်နေ့သော် မြတ်စွာဘဂဝါ၊ သူ့စံနန်းမြန်း တော်မူလာ၊ ဘီလူးကြီးအာဠဝက ယမ်း ပုံမီးကျ တားမရဆည်းမနိုင် ဒေါသလှိုင်ကာ၊ ဘုရားကိုပြိုင်ဆိုင် မနိုင် ပြား မာန်စွယ်များလည်း ကျိုးရှာ၊ မေတ္တာစာတ်နဲ့ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့အောင်ခြင်း ဒုတိယပါ။

www.burmeseclassic.com

www.burmeseclassic.com



အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်လမ်းမှာ၊ ဆွမ်းခံကြွလာခိုက် သတ်လိုက်မယ်တဲ့ ဒေဝဒတ်မိုက်ရယ်ကြံစည် ပြန်တာ၊ နာဠာဂီရိအမည်ရှိတဲ့ ဆင်ကို အရက်အမျိုးမျိုးတွေ အတင်းတိုက်လို့သာ၊ ဘုရားမြတ်စွာကိုပင်အနင်းခိုင်းလိုက်တာ၊ သို့ပါသော်လည်း ဆင်မိုက်ကြီးမှာ ဒူးတုပ်ရရှာ၊ မေတ္တာဓာတ်နဲ့ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့အောင်ခြင်းတတိယပါ။

(ရှေးသရောခါ၊ သာဝတ္ထိပြည်ဌာနမှာ၊ လူဆိုးဗိုလ်အင်္ဂုလိမာလဟာ၊ သန်လျက်ဓားကို သူ့လက်ဖျားက မချပါ)၂၊ ဓားပြကြီးလုပ်လို့ ဆိုးယုတ်ပုံမှာ၊ လက်ညှိုးတွေ ခုတ်လို့သာ၊ ထိုအခါ ဘုရားကြွလို့ မမှားရဖို့ တရားပြတော်မူရှာ၊ မေတ္တာဓာတ်နဲ့ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့အောင်ခြင်း စတုတ္ထပါ။

မြတ်တရားတော် မြွက်ရှာပါလို့သိကြားဖြဟ္မာ အများသတ္တဝါ ဗိုလ်ပုံ ပရိသတ်စုံတဲ့ မင်္ဂလာပွဲမှာ၊ စိဉ္စမာန မိန်းမယုတ်မာ၊ သူ့ဗိုက်ကို ပျဉ်ချပ်ဖုံးကာ၊ ဘုရားဂေါတမနဲ့ကမ္ဘဌာန်းဓောကျကာ၊ ငိုကြွေးရှက်မွန် ကိုယ်လေးလက်ဝန်ရှိတဲ့ ပုံဟန်ဆောင်လို့ သူစွပ်စွဲလာ၊ အပြစ်တော်မယူဘဲ လူပုံထဲမှာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့အောင်ခြင်း ပဥ္စမပါ။

သုံးလူ့ထွတ်ထား မြတ်ဘုရားဒေသနာ၊ မှတ်သားဖွယ်ဝေနေယျာ၊ အနိစ္စရယ်၊ ဒုက္ခရယ် အနတ္တတရားကို မှားတယ်ဆို၍ မကြည်ညိုပြန်တာ၊ အယူလွဲတဲ့ ငရဲမိစ္ဆာ၊ သစ္စကပရိဗိုဇ်မလိမ္မာ၊ ဒေသနာတော် အနန္တကို မြတ်ဘုရားက နောင်မမှား

www.burmeseclassic.com

www.burmeseclassic.com



အောင် သစ္စက ကို တရားပြရှာ၊ မေတ္တာစာတ်နဲ့ ဗုဒ္ဓမြတ်စွာ၊ ဆောင်နှင်းခဲ့ အောင်ခြင်း ဆဋ္ဌမပါ။

ဇမ္ဗူကျွန်း မြင်းမိုရ်ရွှေတောင်ခါးပန်းမှာ၊ ကြမ်းတမ်းတဲ့ နတ်နဂါးပါ၊ မှတ်သားလောက်စရာ၊ နန္ဒောပနန္ဒ လျှပ်တစ်ပြက် အသက် ရာကုဋေ ခြွေခွင်းမြွေမင်းရာဇာ၊ မြတ်ဘုရားရဲ့ သားတော် ရှင်မောဂ္ဂလာန် နှိမ်နင်းဖို့ လွှတ်လို့သာ၊ စိတ်နှလုံး သိမ်မွေ့ကာ၊ နဂါးကြီး ခေါင်းငိုက်ဦးခိုက်ပါ ခစားဖို့ရောက် လို့လာ၊ မေတ္တာစာတ်နဲ့ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့အောင်ခြင်း သတ္တမပါ။

ဗြဟ္မာ့ဘုံမှာ၊ တန်ခိုးဂုဏ်မာန်သတင်း နေဆယ်စင်းသို့ ပုံပမာ၊ ဗကဗြဟ္မာကြီးဟာ၊ အမှားကြီးမှားလို့ အယူသည်း နေရှာ၊ ငါသာမြဲတယ် စိတ်မှာစွဲကာ၊ ဘုရားကိုပင် ကန့်လန့် တိုက်၍ မိုက်နေပုံကို ဆိုးနေပုံကို ဘဂဝါဘုရားကသာ၊ ဒေသနာတရားပြတာ၊ အဲဒီတော့ ဗကဗြဟ္မာ၊ မာန်စွယ်ချလို့ ရှိခိုးရတာ၊ မေတ္တာစာတ်နဲ့ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း အဋ္ဌမပါ။

www.burmeseclassic.com

www.burmeseclassic.com



# ကျောင်းပိတ်ရက်

စန်းသော်တာ–ရေးသည်။

**1938. Dec.**

(ပျိုပျိုခင် အလည်အပတ်ထွက်တယ်၊ မော်တော်ကားနဲ့ရယ်၊ ဟိုယခင် ကျောင်းပိတ်တဲ့ရက်ကကွယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းရော၊ မြောက်ပိုင်းရောကွယ် နှံ့ခဲ့တယ်)၂။

(ပြောပြချင်တယ်ကိုကိုရယ်၊ နေ့ရောပဲညရောပဲ တသဲသဲ မောင်းနှင်တယ်)၂ ၊ နေရောင်ခြည် လင်းလုလုဆဲမယ်၊ ကလောမြို့ကို ရောက်တယ်၊ လျှောက်လယ်။

**သံပြိုင်။** ။ (ရှမ်းမလေးတွေ ချောတယ်ပေါတယ်၊ အေးချမ်းလှတဲ့ ဌာနီဝယ်)၂၊ ပါးကလေးတွေ နီမြန်းလို့ရယ်၊ ချစ်စရာကောင်း လှပေတယ်၊ ကြိုက်စရာကောင်းလှပေတယ်၊ ပျိုပျိုသွားဦးမယ် ကိုကိုရယ်၊ အတူလိုက်ကွယ်။

အစဉ်တွေ စောက်တွေနက်တဲ့ တောင်တန်းမယ်၊ ခင်ကွယ် ဇော်ချွေးကလေးများတောင် ပြန်ချင်တယ်၊ တထိတ်ထိတ်နဲ့ကွယ်၊ စောက်တွေနက်တဲ့ တောင်တန်းမယ်၊ ခင်ကွယ် ဇော်ချွေးကလေးများတောင် ပြန်ချင်တယ်။

ရေတံခွန် သွယ်ဖြာစီးလို့ရယ်၊ တောင်ခြေနှင်းမြူတွေ ဆိုင်းတယ်၊ အရှိုရှို တောင်ညိုတန်းတို့ရယ်၊ ပျိုပျိုလွမ်းလှပါတယ်၊ ပန်းတွေပေါတယ်၊ မြန်းဆင်လို့ရယ်၊ ပျိုပျိုထင်သလို မမောင်း ဝံ့တယ်၊ ကျောင်းပိတ်ရက်တွေ တိုင်းလယ်။

**သံပြိုင်။** ။ ရှမ်းမလေးတွေချောတယ်...... အတူလိုက်ခဲ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



# ချစ်ရေစင်

သဟာယဆရာတင်–ရေးသည်။

**1941. April.**

ကြူကြူသင်းတဲ့ ရွှေနှင်းဆီရယ် ဆင်းရန့်ကမွှေးတယ်၊ မခူးရက်စရာ အထူးပဲလှတယ်၊ သူ့ကိုယ်သူပင် ဆူးတွေကို ဆင် နတ်ဥယျာဉ်ဝယ် ရောင်စုံဖူးပွင့်တယ်။

ဆောင်တော်ကူးကာ ဆွတ်ခူးတော့မယ် သခင်ရယ်၊ တစ်ပွင့်တည်းပန်းကို နမ်းနိုင်ပေရဲ့ ရွှေရည်လွှမ်းတဲ့ မြပန်းခက်ကို သူ့လက်လှမ်းကာ ချစ်ရေစင်ဖျန်းတယ်။

ဟာနုပျိုစိုလန်းလို့ရယ် ဖူးပွင့်စပန်းမယ်၊ နေရောင်ခြည် မထိုးခင် (မညှိုးလို့စင်ကြယ်)၂ ၊ခင်တွယ်စရာလွန်တင့်တယ်'၂ ပျားကောင်ပိတုန်းရယ်၊ မသုံးဆောင်ခင်များမယ်၊ ဆင်းရန့် လေးရယ် ဝတ်မှုန် ဝတ်ရည် ထုံသင်းတယ်၊ ခုတော့ဖြင့် မစိုပြည် နဂိုရည် ပျက်ယွင်းတယ်၊ ပန်ဆင်တဲ့သူရယ် အစာဝတော့ ဥာနပြန်ချင်တယ်။

(မွှေးတုန်းတော့ကွယ် ပန်ချင်ပြန်တယ်၊ နံ့ရင်ပစ်ပယ်၊ ချစ်လက်စ မဆုံးခင် ရှောင်ကြဉ်မုန်းရက်တယ်)၂၊ အသည်း နှလုံး ပြုန်းရချည်ရဲ့ဘဝင်ထဲ မရွှင်ဘဲ စဉ်အမြဲမျှော်တယ်၊ ဖော်မစုံဘဲနော်ကွယ်၊ ဖူးပွင့်စ ခိုင်ပန်းနွယ်မယ်၊ မြေကိုမှီ တွယ်၊ ဒါကို ကျီစယ် ဖူးစာရှင်ရယ်၊ ချစ်မေတ္တာ မခိုင်မြဲလို့ ကွယ်၊ နွဲ့နွဲ့နှောင်း အကြောင်းကံရယ်၊ အလွန်နည်းတယ်။

နုပျိုစိုလန်းလို့ရယ်........... ဥာနပြန်ချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



# ပျို့မှာတမ်း

မြို့မငြိမ်း–ရေးသည်။

**1941. July.**

(စိတ်ချလက်ချ ကြည်ဖြူချင်၊ မြေပေါ်တွင် သူပဲ စွဲလို့သာခင်၊ သစ္စာတော်ပန်း၊ မသွေတမ်းဆင်၊ တူနှစ်ကိုယ် သည်းရွှေဆိုင် မြဲခိုင်ခိုင်ပေါင်းဖက်ဖို့ စိတ်မှာ မျှော်မြင်)၂ ခုများဖြင့် သူညာဏ်တွေဝင်၊ အသစ်တွေ့လို့ မောင်မေ့တယ်ထင်၊ မျှော်သူပန်း လွမ်းသမျှ စာတင်၊ ချစ်သူ့ထံရည်မှန်း ပျို့မှာတမ်း ဆက်တယ်ရှင်။

(မိုးကလေးညိုညို လွမ်းစိတ်ပိုချင်၊ ညနေဆီ နေရီရင်လည်း တမ်းတကာပဲရှင်၊ သော်တာလမင်းသာဆဲမှာလည်း ဒါပဲ စိတ်စွဲလို့ပင်၊ ချစ်သူမျက်နှာလေးကို တမြင်မြင်)၂၊ စားစားသွားသွား နေနေ မောင့်အပူပွေသူပါရှင်၊ မြင်တော်မူ ဦးမောင်ရဲ့ မေ့တတ်လွန်းထင်၊ လွမ်းစာရေးလိုက်ရပါတယ်ရှင်၊ မိန်းကလေးလက်ရေး သိရင် ခွင့်လွှတ်မယ်ထင်။

(တစ်ကိုယ်ရေတွေး ဆွေးနေမရှင်၊ ရော်ကာတမ်း ခန်းစက်ရာဝင်၊ မျက်တောင်ကလေးရှက် ဖူးလက်တင် ဖော်မဲ့သူတွင်)၂ စိမ်းကားသလောက် ပျိုမငြိုငြင်၊ လာခဲ့ရင် ရန်တွေ့မှာမို့လား ဒေါသမထားရက်ဘူးရှင်၊ အသက်လောက် မောင့်ကိုပဲခင်၊ မိဘအပေါ် ဆိုးနွဲ့လေသမျှ သူနဲ့ကျမှ ဝင့်လည်တယ်ထင်၊ သနားစေချင်လို့ ပျို့ငွေလွှာတင်။

မိုးကလေးညိုညို..........ခွင့်လွှတ်မယ်ထင်။

www.burmeseclassic.com

www.burmeseclassic.com



# လှဲ့လှဲ့ဝင်း

စန်းသော်တာ–ရေးသည်။

**1940. Sept.**

(မှိုင်းမှုန်ပြာဝေ၊ တိမ်ညိုပန်း သန်းတဲ့အခြေ၊ နံ့သာလှိုင်ဝေ၊ စိမ့်ကြီး မြိုင်ကြီး လန်းဆန်းပေ)၂၊ စန်းငွေယုန် သာပုံဆန်းလှတဲ့အခြေ၊ (တိမ်ကြိုကြားမှာ သွားကာပျော်ရွှင်ပေ၊ မှိန်ခြည်လင်းခြည်၊ ခင့်ကိုလေ တွေးရခက်အောင် လှောင်လို့ပြောင်လို့ နေပင်နေသလား)၂။

**သံပြိုင်။** ။ ချစ်တဲ့သူတွေ့ဖို့အခြေ၊ ခင်လေစိတ်ကူးနေ၊ တော်ဝင်ညွန့်ဖူး ပြန့်ပြူးခဲ့လို့ ညှာတံရွှေရည်ဝေ၊ လှဲ့လှဲ့ရယ် ဝင်းလို့နေ၊ စန္ဒာယုန်မင်းရေ၊ ဟိုကျွန်းသည်ကျွန်း သင်ယွန်းကာလေ၊ ခင့်ကိုယ်စား ရှာချေ။

(စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးသာယာပေ)၂၊ စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီး မာလာပန်းတွေ၊ စန်းငွေရိပ်အောက်ခြေ၊ အပန်းဖြေလို့နေ၊ ကျင်လည်တဲ့ဘုံတွေ သန်းခေါင်အခြေ၊ လေပြည်တသင်းသင်းတိုက်လို့နေ၊ ခင်လေ ထင်ရာမြင်ရာ ငေးလို့တွေးမိသလေ။

(စန္ဒာယုန်ငွေရထားရေ၊ ကြံ့စကားမှာလိုက်ပါရစေ၊ ကျွန်းလှည့်လို့ ယွန်းတဲ့အခါဝယ် ခွန်းဖွဲ့ခဲ့ဖို့လေ)၂။

**သံပြိုင်။** ။ ချစ်တဲ့သူတွေ့အဖို့ အခြေ...... ခင့်ကိုယ်စား ရှာချေ။

www.burmeseclassic.com

www.burmeseclassic.com



# မြကေခိုင်

ခေတ္တရာအေး–ရေးသည်။

**1941. Nov.**

(ငွေသောင်ယံမှာ လည်ချင်းယှက်ကာ ပျော်မြူးကြတဲ့ ရွှေဟင်္သာ၊ ညနေချိန်နေခြည် မှိုင်းမှိုင်းဖြိုးရီရီ၊ မောင့်အပေါ် ချစ်ကြည်နူး တစ်တီတူး စွဲဝတ်ရည်)၂၊ အောင်ကျော်နှုတ်ခွန်း ဆက်ချီ၊ မောင်မယ်တွဲညီ၊ တိမ်ကြိုတိမ်ကြား ပျံသွားမယ့်ကို အား ပျော့အောင်ပြုခဲ့သည်၊ ချစ်သူရယ် သနားသင့်သည်၊ မယ့်စက်ရာ သဥ္စာလီခန်းကို မြန်းရန် တောင်းပန်တော့သည်။

မြကေခိုင် လက်လှမ်းမီ၊ သူဆွတ်လို့နွဲ့ခဲ့ပြီ၊ ညှိုးနွမ်း အောင် ကြံစည်၊ ပါးကလေးနီနီ အသားသွေးညီညီ နှင်းမယ့် စုံညီ၊ ခါးကလေးချီချီ၊ တအားမွှေးကာပင် ထူးပဲချွဲပတ်လည်၊ ရှင့်လိုလူ နောင်တော့ရည်၊ ရှောင်တိမ်းလို့ ပုန်းတော့မည်၊ လွမ်းဖို့သာ ကြံစည်။

လိမ်ညာဇာတ်တွေနှောလို့ ပြောစမ်းခပ်တည်တည်၊ ချိုမြပါ သည်၊ ပျိုကယုံကြည်၊ ချိုမြပါသည်၊ ပျိုကပင် ကြည်ညိုချင် အောင် အစက ဟုတ်နိုးယောင် မောင် တော်တော်ပဲ ရက်စက်သည်၊ မောင်လိုလူစား ပြောလွန်းလှသည်၊ မရေမရာ ယုံအောင် လှည့်တတ် ရိုးမယ်ဖွဲ့သည်။

မြကေခိုင် ...............လွမ်းဖို့သာကြံစည်။

www.burmeseclassic.com

www.burmeseclassic.com



# ပါရမီတော်

မြို့မငြိမ်း–ရေးသည်။

1941. Oct.

ရင်၌ဖြစ်သောသားလို မဟာကရုဏာပွား သနားတော်မူသည်၊ ဩဃ ဝဲသံသရာ ကျင်လည်ရရှာ ဝေနေယျ ဘဝ စုံညီ။

အမြိုက်ရေအေးတိုက်ကာ လူနတ်ဗြဟ္မာအား တရားပြကယ်မည်၊ ဇောဓိသလောင်းလျာပါရမီ၊ သချေ်များစွာ ကမ္ဘာက ကျင့်ရှာသည်။ အလွန်အမင်း စွန့်ခြင်းငါးလီ၊ ပဉ္စမဟာပရိစာဂီ၊ လောကတ္ထဉာတတ္ထ ဗုဒ္ဓတ္ထစရိယာ ကျင့်ရှာခဲ့သည် လောကသုံးပါးတို့၏ စီးပွားကို များအောင်ဆောင်သည်၊ မျိုးတော်ဆွေတော် ရွှေတော်အပေါင်း၏ ကောင်းကျိုးသာမျှော်ကိုးရည်၊ သဗ္ဗညုတဉာဏ်ကို ရှေ့ရှုသံမွှာဓိ ဆုပန်သည်၊ ဆည်းပူးခဲ့ရှာသည်၊ သုံးဆယ် အပြား ဘုရားပါရမီ။

သဒ္ဓါသန်သည်၊ ဘုံနန်းဗိမာန်အိုးအိမ် စည်းစိမ်မယားရင်ဝယ်သားလည်း မခင်သည်၊ မဟာပထဝီ နှစ်သိန်းလေးသောင်းထုလို အသားတော်စု ဘယ်သူပြုပြု လှူမည်၊ အသွေးထုတ်ဝေ သမုဒ်ရေ အမျှညီ၊ ဘိသိက်တော်ခံ မကိုဋ်ဆောင်းခေါင်းဖြတ်ဒါနအလှူ ဘယ်သူမမီ၊ ဇာမဏီသားမျိုး ကျင့်ရိုးမှန်သည်၊ အဓိဋ္ဌာန်တော်အတွက် မပျက်ပေသည်၊ ဆိုထုံးနှလုံးပြုကာ ကျင့်ရှာသည် ဒါန ပါရမီ။

www.burmeseclassic.com

www.burmeseclassic.com


စွန့်ခွာလေသည်၊ စကြဝဠာ စည်းစိမ်မခံလိုပြီ၊ ဆိတ်ငြိမ်ရာမှီခို တောမြိုင်ရပ်ဆီ၊ ညွှန်ပြပေသည်၊ တစ်ကမ္ဘာလုံး လင်းအောင် ကြံဆောင်သည်၊ ထွန်းလင်းဆီမီးရောင်ခြည်၊ လင်းစေတော့သည်၊ ယောကျ်ားပီပီ လက်ရုံးရည်၊ ဘယ်ဆီ သောင်ကမ်းလှမ်းမမြင်နိုင်သည်။ သမုဒ္ဒရာကို ခုနစ်ရက် တောင်ကူးလျက်အောင်နိုင်သည်။ ဝီရိယာစွမ်းထုတ် ကြိုးကုတ်ပါရမီ၊ လောင်းမြွတ် အာဇာနည်။

အလျှံပြောင်ပြောင် လုံ့ဓားထက်စွာများနဲ့ လက်ခြေအသား သူဖြတ်ငြားလည်း မဖြုန်သည်၊ ရန်သူသည် ကိုယ့်ထီးနန်းကိုလုတောင် မေတ္တာပွား ကိုယ်ကျင့်တရားမြွတ်ခန္တီ၊ တောသုဉ်းအောင် မီးလောင်ပတ်လည်၊ မိန့်တော်မူသည်၊ မှန်သောစကားဖြင့် ထိုမီးကိုရှောင်စေပြီ၊ ကိုယ်တော် စိုးနှောင့်ရွှေစိတ်မတုန်သည်၊ သိက္ခာတော်မပျက်တည်ကြည်၊ ချစ်မုန်းခြင်းကင်းတဲ့ ဥပေက္ခာတရား ပါရမီ။

www.burmeseclassic.com

www.burmeseclassic.com


# ရွှေပြောင်ပြောင်

သဟာယဆရာတင်–ရေးသည်။

**1939. Oct.**

ညို့ညို့ဆိုင်းဆိုင်း မှိုင်းမှိုင်းရီရီ၊ လူမနီးတဲ့ စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးဆီ၊ ခိုင်ပန်းစုံ မြိုင်တန်းရဂုံ တဝေဝေစီ၊ သင်းပျံ့ထုံကြည် ဝေဘူတောင်တန်း တောင်ထိပ်ဆီ၊ သိကြားနတ်များ ဘုရားစေတီ၊ လွမ်းဆွတ်ဖို့ ကောင်းလှတဲ့ မြိုင်ဝနာမဟီ။

(ရွှေပြောင်ပြောင် တောင်ပေါ်က ဘုရားဆီ၊ မယ်နဲ့ မောင် သစ္စာထားကာ ပေါင်းရပါစေသား ဆုတောင်းမည်)၊၂၊ နန်းနိဗ္ဗာန် စိတ်ကရည်လို့ တူစုံဓိဋ္ဌာန်မည်။

ဒီမြိုင်ခြေဆီ၊ ကြည်နူးလှသည်၊ တိမ်နီတိမ်ပြာ ရစ်သိုင်းပတ်လည်၊ တောမြိုင်ခြေလမ်းက ညောင်ပင်ပျိုထက်ဆီ၊ ရွှေကျီးညို ငှက်ကယ်သံချိုမြည်၊ အေးချမ်းလှတဲ့ အရပ်ဌာနီ၊ ပျိုတွေ့ရပြီ၊ ဘုရားရှင် မြတ်စေတီ။

(နွယ်ပင် နွယ်တန်းဖုံးလို့ တောလုံးအုံ့မှိုင်းရီ၊ နေမင်းရောင်ခြည် မလင်းနိုင်ပြီ၊၂ သူတော်ကောင်းတွေ ကိန်းအောင်းမှီ၊ သူမြတ်လောင်းတွေ ကိန်းအောင်းမှီ၊ သည်တောရပ်ဆီ၊ ရန်ဘေးကင်းသည်၊ ဆုတောင်းပြည့် စေတီတော်ရှိသည်၊ ထူးတဲ့မြိုင်မဟီ။

ရွှေပြောင်ပြောင် ........... ဓိဋ္ဌာန်တည်။
ဒီမြိုင်ခြေဆီ ................ မြတ်စေတီ။
ရွှေပြောင်ပြောင် ............ ဓိဋ္ဌာန်တည်။

www.burmeseclassic.com

www.burmeseclassic.com


# နန်းကေသီ

ရွှေပြည်အေး–ရေးသည်။

**1940. Aug.**

**မ။ ။** (ပင်တိုင်တော်ဦး ကျော့မှူးရယ်တဲ့ကေသီ၊ ရွှေညီလာက မျှော်မှန်းကာ အဆောင်တော်ထဲ သန်းခေါင်ကျော်ဆဲမယ့် တစ်ကိုယ်တော်တည်း ပျော်ပါပဲ ရွှေသည်းဘဝင်မှာ၊ မရွှင်နိုင်ပါ၊ မျှော်ဆဲမျှော်ကာ၊ မပေါ်လာ မောင်ဖုရား အတွက်တာ၊ သက်ညှာသနားသင့်တော့တာ။

**ကျား။ ။** တစ်ပါးခင်နှမ ပျိုသူဇာ၊ သနားချင်စရာ့ ရွှေမျက်နှာ၊ မောင့်ကြင်ရာ နန်းသူခင်မှာ၊ လွမ်းယူချင်စရာ၊ ဘိသိက် သွန်းကာ အောင်ပွဲ(ဆင်သ)၂၊ တောင်ညာစံ ထားမယ် ယုံပါ၊ နှစ်ပါးမြတ်စုံလာ၊ သိကြားနတ်နှင်းအပ်ကာ၊ စုလျားဆင်မယ် မောင့်ဖုရားပါ။

**မ။ ။** ဝေလန်းချွေသန်း ရေဖျန်းခံ နန်းမြင့်သီတာ၊ စက်ပါ သော်ငြား မပျော်အားပါ၊ နန်းဦးတင် ရွှေပလ္လင်ဖွား ကြွတော်မူပါ မောင်တော်ဘုရား။

**ကျား။ ။** ထိပ်ခေါင်တင်တစ်ပါးရဲ့ ဆပ္ပားတဲ့မေတ္တာ၊ မဟာ ကရုဏာ။ (တသသကီဘုန်းရဲ့ တာရှည်မမုန်းသကွယ့် ပါရမီသုံးမယ့်စကား)။

**မ။ ။** အလိုဝပ်တွား၊ ချစ်စမ်းပါဘုရား ခင်နှမနန်းညွန့်လျာ အပါးတော်က ခစားမှာ။

www.burmeseclassic.com

www.burmeseclassic.com



**ကျား။ ။** နန်းကေသီကျော့မှူးခင်ရဲ့ အမရာကိန္နရီ မယ်မဒ္ဒီ ပုံပမာ။

**မ။ ။** (သနားကရုဏာ မေတ္တာ)၂၊ ချစ်ကြိုးနှောင်ကာ ကြင်နာပါဘုရား။

**ကျား။ ။** ကောင်းခြင်းငါးဖြာ ကင်းခြောက်ပြစ်ကွာ၊ အဂ္ဂမဟေသီဒေဝီတစ်ပါးရဲ့လက်ယာတော်ထား စံစားချင်တာ။

**ကျား+မ။ ။** နိဗ္ဗူအမတပြည်ခေမာ၊ လှမ်းကြပါစို့ တို့နှစ်ပါး၊ ရာထူးကို ပန်ရွယ်ထား၊ ကြည်လင်စွာ ဒီပင်္ကရာ၊ မြတ်စွာဘုရား မှာသစ္စာထား။

**မ။ ။** အလိုဝပ်တွား၊ ချစ်စမ်းပါဘုရား၊ ခင်နှမနန်းညွန့်လျာ၊ အပါးတော်က ခစားမှာ။

www.burmeseclassic.com

www.burmeseclassic.com



# ချစ်ပွဲဝင်

သဟာယဆရာတင်–ရေးသည်။

**1940. Dec.**

(မောင်နဲ့လည်း ကျောင်းနေစဉ်၊ လွန်စွာပဲ စိတ်ပျော်ရွှင်၊ အတူတူပဲ ကစားလို့ နေ့စဉ် ပျိုမမေ့ပေါင်ရှင်)၂ ငယ်ရွယ်စဉ် ကတည်းက စွဲတဲ့သံယောဇဉ် ချစ်တဲ့သူယုံစေချင်၊ ရွှေမေတ္တာ မကုန်ဘူးရှင်၊ ပန်တော်ဦး ဖူးစာဖက်သခင်၊ ပျိုစွဲမက်ပုံယဉ်။

(မေတ္တာတွေသက်ဝင်၊ ကရုဏာတွေသက်ဝင်၊ ချစ်သူ မောင်နဲ့ ဆုပန်ဆင်လို့ထင်)၂၊ ငယ်ငယ်တုန်းက ချစ်ရေစင်၊ အသည်းထဲမှာပင် စွဲမိနေပြီနော် ပျိုမေရှင်၊ မောင်ယုံစေချင်။

(အချိန်တန် အရွယ်ရောက်လာ လူလားမြောက်ရင်၊ ချစ်သူနဲ့ တွဲချင်၊ ဘုရားသွားကျောင်းတက် နေ့စဉ်မောင်နဲ့ခင်)၂ ပျော်ပျော်ရွှင်ရွှင် အမြဲပင် ကျီစယ်ချင်၊ နှစ်ယောက်တည်း လောကတွင် တွဲဖက်လို့ပင် ချစ်ပွဲဝင်။

ထာဝစဉ်မောင့်ကို အားကိုချင်၊ ကြည်ဖြူမှာလား မယ့် အပေါ်တွင်၊ အရေးယူ ဂရုစိုက် အလိုလိုက်ရင် အင်မတန် ကျေးဇူးတင်။

မေတ္တာတွေ............မောင်ယုံစေချင်။
အချိန်တန်................ချစ်ပွဲဝင်။
မေတ္တာတွေ............မောင်ယုံစေချင်။

www.burmeseclassic.com

www.burmeseclassic.com



# ရွှေဝါဖူး

စန်းသော်တာ–ရေးသည်။

**1940. June.**

ထက်ကောင်းကင် မိုးဖျားကသွန်းလာ၊ ရွာမယ့် ရွှေမိုး ကိုစောင့်ကာ၊ ပိတောက်မြိုင် သင်းပျံ့လှိုင်လို့သာ၊ အုံထူးငုံဖူး လွှာ၊ ပယင်းရောင်ဝင်းပြောင်လို့သာ၊ ရွှေမိုးကို ကိုးကာနေရှာ၊ ထက်ကောင်းကင် မိုးဖျားကသွန်းလာ၊ ရွာမယ့်ရွှေမိုးစောင့် ကာ၊ ပွင့်ဖူးလွှာမိုးကို မျှော်ကိုးကာ၊ စောင့်စားနေရရှာ။

**သံပြိုင်။** ။(ဟေမာရဂုံနန်းမှာ ပွင့်လန်းနေချင်ရှာ၊ ပေါ်လာ ကိုရွှေမိုးရာ သဝေထိုးကာ လှည့်စားလို့သာ နေအားတာ)၂။

(ချစ်သူပန်း ပွင့်လန်းဖို့ရာ၊ ကိုရွှေမိုးကို မျှော်ကိုးမိတာ ပါ၊ သြော် ပင်နန်း ခင်မှန်း တင့်ဆန်းဖို့ရာလေ၊ ကိုရွှေမိုးရယ် မိုးရယ်၊ မေတ္တာ ရေသွန်းဖြိုးပါ)၂၊ ကို အမျှုန်မောင်ရာ၊ ဂျိုးဂျိမ့်ဂျိမ့်ညံ့ကာ၊ မိုးစိမ့်စိမ့် မြန်မကြာ၊ ဖျန်းစေချင်တာ မျှော်ရှာသူပန်းညှာ ယိမ်းယိုင်နွဲ့နေရှာ၊ ပေါ်လာနိုင်ခဲ့တာ၊ သွန်းပါ မိုးဒေဝါ ကိုအမျှုန်မောင်ရာ ဂျိုးဂျိမ့်ဂျိမ့်ညံ့ကာ မိုးစိမ့်စိမ့်မြန်မကြာ ဖျန်းစေချင်တာ (ရွှေဝါဖူး မိုးရေကို အထူးပင်စောင့်နေရှာ)၂၊ မြိုင်ဟေမာစုံမှာ လှမ်းပွင့်ဖို့ရာ၊ ကိုအမျှုန် မောင်ရာ ဂျိုးဂျိမ့်ဂျိမ့်ညံ့ကာ မိုးစိမ့်စိမ့်မြန်မကြာ ဖျန်းစေချင်တာ။

**သံပြိုင်။** ။ဟေမာရဂုံနန်းမှာ.....နေအားတာ။

www.burmeseclassic.com

www.burmeseclassic.com


# မောင့်လိပ်ပြာ

သဟာယဆရာတင်-ရေးသည်။

**1939. Jan.**

(ရွှေလိပ်ပြာယောင် ချစ်တဲ့သူကသာ၊ ဟန်ဆောင်လို့သာ ပျံဝဲတာ၊ ခင့်သဥ္စာခန်းတစ်ဝိုက်မှာ ပန်းလိုက်လို့ရှာကာ၊ သူနားမှာ မောင့်အပေါ်မှာ ပျိုကညာ၊ ချစ်ဧာဖြာ၊ မျှော်နေဆဲ ခါ၊ ပန်းရွှေလိပ်ပြာ သူအတင့်ရဲကာ ပျို့အဆောင်တော်ထဲသာ ပျံဝဲလာ)၂။ လိုချင်သူ ချော့မော့ကာ ဖမ်းလို့ဆီးလို့မရပါ။ ရွှေသဥ္စာခန်းဝမှာ လူးလာ၍သာ ပျံသန်းတာ၊ အင်မတန်ဆန်းတဲ့ ပန်းလိပ်ပြာ မောင်းလို့လည်း မရပါ။

**သံပြိုင်။** ။(လက်ပေါ်နားပါဆိုတဲ့အခါ၊ မကြည်သာ မောင့်လိပ်ပြာ၊ သူကတော့ ခင့်ကိုစိတ်နာ)၂ ၊ ခင့်ရင်ခွင့်ခိုင်စုံပန်းငုံလွှာ မနွမ်းရအောင် စောင့်ရှောက်မှာ၊ မောင့်လို လိပ်ပြာမျိုးပျိုကြောက်တာ။

(အို ရွှေလိပ်ပြာဟာ တို့အိမ်ထဲမှာ)၂၊ ချစ်တဲ့သူရဲ့ကိုယ်စားလှယ်လွှတ်လိုက်တယ်လို့သာ ပျိုထင်တာ၊ ဝဲပျံကာ နီးမြန်းတဲ့ ပါးကလေးမှာ လိပ်ပြာယောင်ဆောင်ကာ၊ သူနားလို့သာ သွားသေးတာ၊ ပျို့ဆောင်သဥ္စာ အိပ်ရာနားမှာ ပြေးလွှားလို့သာ ပျော်မြူးတာ။

**သံပြိုင် ။** ။လက်ပေါ်နားပါ.......ပျိုကြောက်တာ။

www.burmeseclassic.com

www.burmeseclassic.com



# ရွှေမိုးညို

စန်းသော်တာ–ရေးသည်။

**1940. Oct.**

(လှိုင်းကလေးတွေ ဖွေးတယ် မြစ်ရောပြင်ဝယ်၊ ခင်နဲ့မောင် လောင်းကလေးစီးကာ လျှောင်းမွေ့လို့ရတယ်)၂ ၊ စောင်းပလွေ ဘာဂျာစုံတယ်၊ သာယာတွေ့ပုံရယ်၊ အထက်ကျော် သရက်မော်ကွေ့ ရောက်တော့မယ်၊ လှော်စမ်းကွယ်။

(မျက်နှာ တဖြည်းဖြည်းပြုံးလို့ လှော်ပုံတွေ ဆန်းကြယ်၊ ကြက်သီးများတဖြန်းဖြန်းထလို့ ခင့်ကိုကိုရယ်၊ ရှက်အားကြွယ်။ ၂

**သံပြိုင်။** ။(တိမ်တောင်တွေရယ် ညိုတယ်၊ မိုးသက်လို့ဂယက် ဆင်တယ်၊ ချစ်တဲ့သူအပြောခက်တယ်၊ တိုးဖက်ကွယ် မိုးသက်တော့မယ်)၂။

(လှေနာဝါ ရေပြင်ကြီးမှာ လှော်ရှာတယ်၊ ချစ်တဲ့သူပျော်ရှာမယ်၊ အေးချမ်းလှတယ် မောင်ရယ် ချာချာလယ်)၂၊ ရှေ့ဟိုဆီဝယ်၊ ရေပြင်မယ်၊ ဗွေဆင်တယ်၊ ဝဲဩကလေး ကွယ်၊ ဝေးဝေးက ကွင်းမယ်၊ လွယ်အောင် ရှောင်ကွယ် ကိုကိုရယ်၊ နှောင်ခါဝယ် ဝဲလယ်မှာ စိုးလှတယ်)၂။

**သံပြိုင်။** ။တိမ်တောင်တွေရယ်.....မိုးသက်တော့မယ်။

www.burmeseclassic.com

www.burmeseclassic.com


# မယ့်သဉ္ဇာ

ခေတ္တရာအေး–ရေးသည်။

**1938. Oct.**

ဖော်ကွာကင်းတဲ့ မယ့်သဉ္ဇာမှာ၊ သော်တာလမင်းရောင်စုံဖြာ၊ ပျိုမေတစ်ကိုယ်တည်း မျှော်နေမှာ၊ မယ့်ဖူးစာဖက်ကိုစောင့်လို့သာ၊ ဖော်ကွာကင်းတဲ့ မယ့်သဉ္ဇာမှာ သော်တာလမင်းရောင်စုံဖြာ၊ ပျိုမေတစ်ကိုယ်တည်း မျှော်နေရှာ၊ ဖော်ကင်းတဲ့ပန်းဝတ်လွှာ၊ မျှော်ရင်းနဲ့ လွမ်းတော့မှာ၊ အို–သော်တာမင်း ဖေးမပါ။

မောင့်ကို မျှော်မှန်းကာ နေ့တိုင်းပင် စိတ်ထဲမှာ၊ ရှင့်ကိုရည်မှန်းကာ၊ ညတိုင်းပင် စိတ်ထဲမှာ၊ လှပျိုသက်ထားမှာ၊ စောင့်စားကာ၊ ချစ်သူကို ဘယ်ဝယ်မြန်းနေရှာ။

လှပျိုသက်ထားမှာ၊ မောင်ကသာ အစဉ်စွဲမှာ၊ ခင့်သဉ္ဇာခန်းကို လာခဲ့ပါ၊ ပျိုကမှာ၊ ချစ်သူမောင်ကသာ၊ လွဲချွာ၊ မေတ္တာတော် ရှောင်ဖယ် အားပေတာ။

ဖော်ကွာကင်းတဲ့ ..............ဖေးမပါ။

www.burmeseclassic.com

www.burmeseclassic.com


# ခေတ်ပြောင်းချိန်

သဟာယဆရာတင်–ရေးသည်။

**1941. Feb.**

တို့မြန်မာတွေ ဟိုရှေးယခင် ခေတ်ကောင်းစဉ်က အောင်စည်အောင်မောင်းရယ်၊ ရိုက်ညှောင်းကာရွှယ်၊ သာယာ စည်းကားခဲ့တယ်။

(ရွှေဘုန်ရွှေနန်း တင့်ဆန်းတဲ့ ပလ္လင်ပျံ့ဝယ်၊ သာကီ နွယ်ဝင် မင်းစဉ် မင်းဆက် ရှေးအထက်စိုးမိုး အုပ်ချုပ်ကာ စံမယ်)၂၊ ရွှေဘုန်းရှင် နေတန္တန်းအသွင် တစ်ပြည်လုံး ဂုဏ်သမ္ဘာကြွယ်၊ ခုနေခါမယ် ထီးကျိုးစည်ပေါက် ပလ္လင် ပျောက်ကွယ်၊ လွမ်းစရာတွေ အသွယ်သွယ်၊ တို့မြန်မာမင်း ရယ် ကြမ္မာငယ် ယိုယွင်းတယ်၊ မထင်လင်းတော့တယ်၊ ရာဇာသနင်းရယ်။

(ရှေးကုသိုလ်ကံ မှေးတယ်၊ တို့များ မြန်မာသံဝေဂရွှယ်၊ ဘုရားသော်မှာ ဝဋ်ကြွေးလယ်)၂၊ မျှော်မှန်းကာရွှယ် မြန်မာ ပြည် မကြာမီ ကိန်းကောင်းဆိုက်လို့ရယ်၊ ခေတ်ပြောင်းချိန် လည်း ရည်ရွှယ် စောင့်တော့တယ်။

(မှူးကြီးမတ်ရာ သေနာပတိရယ်၊ ပညာရှိတဲ့ ကဝိ တွေအလယ်)၊ ဘုန်းကံရှင်အပေါင်းတို့ ညီလာခံညှောင်း တယ်)၂၊ သက်ဦးဆံပိုင် ဆိုပေမယ့် မင်းကျင့်တရားနဲ့ ညီ တယ်၊ ခုခေတ်ပြောင်းရင် ကောင်းစားလိမ့်မယ်၊ အောင်စည် အောင်မောင်း ရိုက်ညှောင်းလို့ရယ်၊ တိုင်းပြည်သာယာမယ်၊

www.burmeseclassic.com



(ပြဟ္မာစိုရ်တရားတွေ သုံးလို့ရယ်၊ မုန်းတဲ့စိတ်တွေပယ်၊ ခေတ်ကောင်းရောက်ဖို့ မဝေးပါတယ်၊ သွေးစည်းကြပါ မွန်–မြန်မာတွေရယ်)၂၊ မင်းကြီးရန်နောင် ပုံပမာထားလို့ရယ်၊ သတ္တိလက်ရုံးတစ်ကျွန်းလုံး မှတ်စေဖွယ်။

ရှေးကုသိုလ်ကံ မှေးတယ်....စောင့်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



# ချစ်ပန်းလွှာ

ခေတ္တရာအေး–ရေးသည်။

သင်းကြည်အေးတဲ့ လေညင်းသွဲ့ဖြာ၊ ပန်းမာလာမွှေးတဲ့အခါ၊ ဥယျာဉ်ထဲမှာ ပျိုနဲ့တွဲကာ၊ မောင့်ရင်ခွင်ထဲကသာ၊ တေးသံကြူးလို့ ပျော်မြူးခဲ့တာ၊ ခင်မြင်မိသေးတော့တာ၊ ဖူးစာပွေလီလိမ်ညာ၊ အကြောင်းကံ အလွန်ဝေးတာ။

ပြာလဲ့မှာ မေးရိပ်ရောင်ဝါ၊ ရွှေယုန်သာ တမ်းတသူလွမ်းဖို့ဖန်လာ၊ ကျီစယ်ကာ မာန်ပျိုးကာ လှောင်အားပိုတာ၊ ပျို့ရင်အုံညာမှာ၊ ခင်းကြုံလို့ အလိုလိုစိတ်ထဲစွဲမိတာ၊ ဖော်ကင်းတဲ့ မယ့်စက်ရာမှာ၊ ခွေယိုင်ကာ၊ စိမ်းကို ရက်စက်နိုင်လွန်းလှတာ၊ ကြင်နာပါ ချစ်ပန်းလွှာ။

ပျို့ဒါလင်ကြင်ရာ၊ စောင့်စားလို့ တမ်းတကာ၊ မယ့်ရွှေရင်အုံမှာ၊ ဇောစိတ်ဝေဖြာ၊ ဖူးစာရှင်ရယ်ဆောင်ပို့ပါ ခင့်လိပ်ပြာ၊ ပျို့မောင်ဆီကိုသာ ရောက်ဖို့ရာ၊ တူနှစ်ကိုယ်ကြင်ကာ ပေါင်းဖက်နိုင်ဖို့ရာ၊ ဖေးကူပါ ဒေဝါ တောင်းပန်ရတာ။

ပျားပိတုန်းတို့ ပျော်စံရာ၊ အာသာဝတီပန်းဝတ်လွှာ၊ သုံးဆွတ်မြူးနေရှာ၊ ဖူးရွှေစာသည်းမြညှာ၊ အကြင်နာစွဲတဲ့သူကို လွှဲရက်တာ၊ ဘယ်ဆီဘယ်မှာ သတ္တဘာဂ လမ်းပြပါ၊ ပျိုမေကို ဆောင်ကြဉ်းလို့သာ ကယ်ယူပါ။

ပြာလဲ့မှာ................ချစ်ပန်းလွှာ။

www.burmeseclassic.com

www.burmeseclassic.com



# ချစ်မိရင်

စန်းသော်တာ–ရေးသည်။

**1938. Oct.**

(ပျိုချစ်သူကိုပင် နေ့နေ့ညညအစဉ်၊ ထာဝစဉ် ခင်မင် ပေါင်းသင်းမှာပင်၊ စိမ်းကားဖို့ဖြင့် ခင်မမြင်)၂၊ (အများပြော တာ မကြားချင် နားမဝင်၊ သဘောကောင်းမှန်ရင်၊ ဂုဏ်ကို မခင်ဘူးရှင်၊ အစဉ်ပျို့စိတ်ထဲတွင်)၂။

**သံပြိုင်။** ။ မောင့်ကိုပင် သက်ဆုံးပေါင်းမယ့်ခင်၊ အမှန်ပင် ရှစ်ကမ္ဘာပြုန်းလို့ကြေရင်၊ မေတ္တာတုံးဖို့ ခင်မမြင်၊ မောင့်ကိုပင် မမုန်းဘူး ချစ်မိရင်။

ယုံပါရှင် ချစ်မိခဲ့လို့ပင်၊ ပျိုပျိုခင် မောင့်ကိုစွဲပေါ့ အသည်းထဲမှာပင်၊ ယုံပါရှင် ဘွင်းဘွင်းပြောလိုက်ချင်၊ မောင် ယိမ်းလို့ တိမ်းပါးကာ စိမ်းကားနဲ့ ခင်ပြောချင်။

**သံပြိုင်။** ။ မောင့်ကိုပင်.......ချစ်မိရင်။

www.burmeseclassic.com

www.burmeseclassic.com



# စံပယ်ဖြူ

စန်းသော်တာ–ရေးသည်။

**1940. Nov.**

ပန်းလှစံပယ် သင်းခက်နွယ် မာလာငွေကြယ်၊ မြင်ချင်ဖွယ်၊ ကြိုင်လှိုင်ကြူတယ် ဖြူစံပယ်၊ မနောမှာ စွဲလို့ချစ်မိတယ်၊ အို–မွှေးလွန်းလို့ကွယ်၊ ပန်ချင်စမ်းတယ် ခူးဆွတ်ဖို့ရွယ်၊ စိမ်းလန်းလို့ နမ်းဖို့ကောင်းလှတယ်။

**သံပြိုင်။** ။ မွှေးမွှေးကြူလို့ ပန်းနုစံပယ်၊ အပုတ်လှ တယ် အလွန်ပဲဆန်းကြယ်၊ (ထူးထူးခြားခြားလှိုင်တယ်)၂၊ မာလာရုံ ပင်ပျိုပန်းစံပယ်၊ စိမ်းလန်းလို့ကွယ်၊ အို–ဖူးပွင့်ကြ တယ်၊ စိန္တေယျာဦးရှေ့ဝယ်၊ တူမောင်မယ် ပန်းကပ်မယ်၊ ပျော်ရွှင်စွာ ပေါင်းသင်းဖို့ရယ်၊ ခိုင်သစ္စာထားကြတော့မယ်။

သင်းထုံကြည် ဖူးပွင့်တဲ့ရုံကြီးမယ်၊ တူပျော်ပျော် ခူးဆွတ်ကြမယ်၊ ငွေစံပယ် ဝေဝေဆာဆာရယ်၊ ကုံးဆက်မယ်၊ မမုန်းတမ်းဘဲ ဘုန်းသက်လှယ်၊ ကျိန်ကာဆုထူး ကျမ်းရွက်ကာ အစဉ်တကယ်၊ သစ္စာမေတ္တာထားပါ့မယ်။

**သံပြိုင်။** ။ မွှေးမွှေးကြူလို့....... ထားကြတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com


# နံ့သာမြိုင်

သဟာယဆရာတင်–ရေးသည်။

**1939. Aug.**

(ပန်းပေါင်းစုံညီ ဝေဝေစီစီ မြိုင်တောမဟီ၊ ဆီးနှင်းဖုံးလို့ မှိုင်းရီရီ၊ ပျိုချမ်းလို့ မောင့်ကို တမ်းတမိသည်)၂၊ (ကျားသစ်ဆင်တွေ သမင်ဒရယ်နဲ့အညီ)၂၊ ပေါသည့် တောဟောဝန်တန်းဆီ။

**သံပြိုင်။** ။ နံ့သာမြိုင်တွင်းဝယ် စိတ်အေးကြည်၊ ရေတံခွန်နားမယ် ဥဩငှက်တွေ လည်ချင်းတွဲယှက်သည်၊ သင်းရနံ့မြိုင်ဆီ မောင်လိုက်ခဲ့စေချင်သည်။

တောတန်းကလေးက မငြီးတော့သည်၊ ဒေါင်းအိုးဝေသံမြည်၊ နတ်ကုဏ္ဍလာကန်တွင် ဖန်တီးတော့သည်၊ စိမ့်ကြီးမြိုင်ယံဆီ၊ ဖွဲ့ဖွဲ့နွဲ့နွဲ့ လဲ့လဲ့ရည်၊ ကျေးငှက်သံစုံချီ၊ ရွှင်မြူးဖွယ်တူစုံညီ၊ ရဂုံတွင်းသင်းကြည်။

**သံပြိုင်။** ။ နံ့သာမြိုင်တွင်းဝယ် စိတ်အေးကြည်၊ ရေ တံခွန်နားမယ် ဥဩငှက်တွေ လည်ချင်းတွဲယှက်သည်၊ သင်း ရနံ့မြိုင်ဆီ၊ မောင်လိုက်ခဲ့စေချင်သည်။

(ဇီဇဝါဖူးတံချီ၊ ပန်းသောက ဒေါန နှင်းဆီ၊ လေယူရာမွှေးကြိုင်သည်၊ အသည်းထဲလိုက်ဖိုပြီ)၂၊ စိမ်းညို့မှိုင်းတဲ့ တောတန်းကြီးမှာ ခတ္တာ ဇလပ်နဲ့ ရွှေသရဖီ၊ ပန်းဝါဆိုမီ ခူးဖို့ကောင်းတဲ့ မြိုင်တောဆီ။

www.burmeseclassic.com

www.burmeseclassic.com



**သံပြိုင်။** ။ နံ့သာမြိုင်တွင်း..... လိုက်ခဲ့စေချင်သည်။

(ဝိဇ္ဇာဓော်ဂျီတပသီ၊ မှီခိုအောင်းတဲ့ မြဂနိုင်မဟီ၊ ကြည်နူးပါပေသည်)[၂]၊ တောတောင်တွေမှိုင်းညို့ရီ၊ ရေတံခွန်စိမ့်စမ်း သိုင်းဝိုင်းပတ်လည်၊ နံ့သာမြိုင် ကြိုင်လှိုင်သင်းထုံကြည်။

**သံပြိုင်။** ။ နံ့သာမြိုင်တွင်း..... လိုက်ခဲ့စေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



# သုံးရာသီ

သဟာယဆရာတင်–ရေးသည်။

**1939. May.**

တိမ်မှောင်ဝေကင်းအောင်လို့ နေမင်းရှိန်ဖြာ၊ နွေတစ်ပိုင်းမှာ ဝေမှိုင်းမှုန် ကုန်စင်ကွာကြ မိုးခါရာသီ ကူးပြန်တော့ တိမ်မိလ္လာထိန်ဝါ ကွန့်မြူးတာ၊ လေရူးသုန်လို့ ဆီးနှင်းမှုန်ဖြာ၊ ဆောင်းဥတု ကူးပြောင်းတဲ့ အချိန်ခါမှာ။

(နွေဂိမှာန်အခါ လွမ်းအောင်ဖန်လာ၊ မိုးတိမ်ညွန့်လွှာ ကင်းစင်နေရှာ၊ ကောင်းကင်ထက်ဝဋ္ဋာ)၂၊ (ရွက်ဟောင်းတွေ လွင့်ပါလို့ ကြွေလွင့်နေရှာ)၂၊ နေသူရှိန် ပူရှိန်ပြင်းကာ တသင်းသင်းရယ်နဲ့ လေညင်းလေပြည်ဖြာ၊ ဒေါင်းဖန်ဝါ နေမင်းက သာ၊ သွေ့ခွင်းရှာ၊ ညိုမြင်းလွင်မှုန်ရီပြာ။

(လျှပ်တိမ်လျှပ်ပန်း မိုးတွင်းချိန်မှာ ပက်သန်းကာ၊ မြူ တိမ်ခြေ ဖုံးလွှမ်းလို့ တစ်မိုးလုံးမှောင်ရီပြာ)၂၊ အုံ့ကာလေ တဖွဲဖွဲ ရွာလေတသဲသဲ တာရှည်အမြဲပဲ ရွှေပစ္စုန်ရယ် မစဲ နိုင်တော့ပါ)၂၊ ကြေကွဲလွမ်းဆွတ်ဖို့ရာ၊ ရှင်မိုးဒေဝါ၊ နတ် စည်တော်ပျိုးလို့သာ မိုးရာသီခါ၊ ဖော်မစုံ ဆွေးစေဖို့ အရေး တော်ကြုံ ခုများမှာ ကိုအမွှန်က မာန်ဟုန်တော်ပျိုး မျက်မာန် တော်ညှိုးပါနဲ့ ခိုကိုးသူပါ၊ မိုးနတ်ဒေဝါ၊ ဩော်–မိုးနတ်ဒေဝါ၊ ရွာတော်မူ ရေးကိုလေး တွေးချင့်လိုက်ပါ။

(ရဝိန်ဒေါင်းယဉ်ပျံ၊ ထိန်လျှံသော်လည်း မှေးမှေးမှိန်မှိန် ရောင်ရှိန်မလင်းပါ၊ မြောက်တောင်လေ သုတ်ဖြူးလို့

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းဥတု ကူးတဲ့အချိန်မှာ)[၂]၊ တိမ်မှောင်ရီပြာ၊ စိန်ကြောင်နီလာ၊ ကောင်းကင်ယံထက်ဝဋ္ဋာ ထွေးရှက်လို့သာ၊ ဆီးနှင်းတွေလည်း ဖွေးဖွေးဖြာ၊ ဆောင်းတွင်း ဟေမန္တာ ချမ်းအေးတဲ့ရာသီချိန်ခါ။

www.burmeseclassic.com

www.burmeseclassic.com



# ရွှေနန်းတက်ပွဲ

သဟာယဆရာတင်–ရေးသည်။

**1940. April.**

သာသနာ့ဒါယကာ မွန်မြန်မာတို့ရယ်၊ ရွှေထီးရွှေနန်း ရွှေကြဉ္ဇာန်းတို့နဲ့ ဘယ်ဌာနီ စိုးမိုးအုပ်ချုပ် မင်းလုပ်နိုင်တော့ သည်။

မြန်မာနိုင်ငံပြည် စိုးပိုင်တဲ့ ရှင်ဘုရင်များ မြင်ချင်ရက် သားနဲ့ ယနေ့တိုင်တော့သည်၊ ဘယ်ဝယ်ဘယ်ဆီ ရှေးဖြစ် ဟောင်းကို အောက်မေ့ပါတော့သည်၊ အို မင်းမဲ့တိုင်းပြည်၊ တွေးလိုက်ရင် ဆွေးလို့သာ ဖြေမဆည်၊ ဘယ်သူရွှေနန်းတက် ပါမည်၊ ရေဖျန်းခံတဲ့ ဖွေသဖန်းအလီလီ၊ မျှော်မှန်းဆလို့ လွမ်းရပြီ။

**သံပြိုင်။** ။ (သီဟာသန နေရာဆီ၊ ဘုန်း သမ္ဘာ မညှိုးတဲ့ မွန်မြန်မာ မျိုးတို့ရဲ့ မင်းဆက်ပေါ်ပါစီ)၂၊ ရာဇဝင် အထင်အရှား အကျင့်တရားမြတ်သည်၊ မင်းအဆက်စဲလို့ နန်းတက် ပွဲနဲ့လွဲတာ ကြာပြီ၊ ရွှေသည်းနာပါသည်၊ မြန်မာပြည် ရှေး ရှေးကနဲ့မညီ။

(မြစ်မင်းငါးသွယ်က ရေကြည် ငွေသဉ္ဇါ ခရသင်းနဲ့ မင်းမြတ်ထိပ်ဆီ)၂၊ (ဘိသိက်သွန်းသည် သောင်းလုံးကျွန်း မဟီ)၂၊ မင်းမြောက်တန်ဆာ သစ္စာခံလို့ ရွှေနန်းခံတွေ ဆင် မြန်းသည်၊ ကုန်းဘောင် ဘုန်းရောင်လင်းခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



**သံပြိုင်။** ။ သီဟာသနနေရာဆီ......ရှေးရှေးကနဲ့ မညီ၊ ရင်သွေးဆီ ဘေးပတ်လည်၊ ရှစ်ယောက်စီ ခစားရတော့သည်)[၂]၊ ဘုန်းမိုးရှာသွန်းသည်၊ နေဝန်းကဲ့သို့ တေဇာ တန်ခိုးနဲ့အတည်၊ မညှိုးရက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ကိုကို့မျက်နှာ

တက္ကသိုလ်လှ(ဦးမောင်မောင်လှ)-ရေးသည်။

**1939. July.**

သော်တာငွေရောင်ဖြာစဉ်လည်း မပေါ်လာနိုင်ပါ၊ ပျို့သက်ညှာ၊ စောင့်ရတာ ခွေယိုင်နွမ်း ပန်းရှာ၊ ဖော်ကွာသူခင်အစဉ်ပဲမျှော်ရှာ၊ သော်တာမင်းနဲ့သာ၊ ပျို့အချစ်ကို ဆောင်ယူနှင်းပါ။

တစ်ကိုယ်ရေတည်း လွမ်းစဖော်နေရာ၊ မကြာခင်ဘဲ ပျို့မျက်စိအောက်ရှေ့ပါ၊ (ကိုကို့မျက်နှာ မောင်မောင့်မျက်နှာ၊ ကြည်ကြည်လင်လင် ရွှင်ပြုံးကာ၊ တွေ့ရတာ လမင်းရဲ့ပမာ၊ ပဝင်းခဲ့တာ၊ ဖော်ကွာသူ ပန်းညှာ၊ မြန်းဖို့လန်းဆန်းလို့သာ၊ တစ်ကိုယ်ရေတည်း လွမ်းစဖော်နေရာ၊ မကြာခင်ဘဲ ပျို့မျက်စိအောက်ရှေ့မှာ၊ ကိုကို့မျက်နှာ၊ ရွှေပါးအပ်ကာ၊ သော်တာ တိမ်ဖုံးစဉ်မှာ)၂။

ကြည်ပြာပွင့်ဖူးညှာ၊ လန်းစဉ်တစ်ပြင်လုံးမှာ၊ ပျို့မောင်မလာလို့ စောင့်ရတာ၊ ခိုက်ခိုက်တုန်နေရှာ၊ သာယာချိုအေးစွာ၊ တေးသံကို ပေးကာ၊ ထွေးပိုက်ဦးမယ့် သက်လျာ၊ ဘာကြောင့် ပျို့ဆီမလာ။

တစ်ကိုယ်ရေတည်း.......... တိမ်ဖုံးစဉ်မှာ။

www.burmeseclassic.com

www.burmeseclassic.com



# မိန်ရာသီ

## (ပြည်လှဖေနှင့် တွဲဖက်ဆိုသည်)

ရန်နိုင်စိန်–ရေးသည်။

**1938. July.**

**မ။ ။** ခါနွေဦးရာသီ၊ ရွှေအင်ကြင်းဂေါ်ဖီ၊ ရင်ပေါင်တန်း လို့စီ၊ ပင်ချင်းယှက် ဖူးပွင့်ပေသည်၊ ကျူးရင့်တဲ့ ဥသြငှက်တွေ ရွှေလည်တွဲ ပျံ့ဝဲချီ၊ ခါနွေမိန်ရာသီ။

**ကျား။ ။** (ရွှေပိတုန်းတွေ မာလာဝတ်ရည်၊ နွေရာသီ၊ အတာရေဆွတ်ချီ၊ မယ်နဲ့တူညီ)၂၊ သစ္စာတော်ပန်း ချူတော့မည်၊ မေတ္တာတော်ပန်း ချူတော့မည်၊ အချစ်ဦးပျိုမဒီ၊ စိတ်ကြည်နူးဖွယ် ထူးတဲ့ မိန်ရာသီ။

**မ။ ။** မိန်ရာသီတပေါင်းလမှာ မေတ္တာဆုံကြသည်၊ ချိန်ခါနွေဆန်းလန်းညွန့်စီ၊ ချစ်ဖို့ကြုံကြိုက်သည်၊ နွေရာသီ သောင်းရွက်ချီ၊ ပေါင်းဖက်ချင်လှပြီ ဆိုတေးသံ နှစ်လည်ပြီ၊ ချစ်တဲ့သူမောင်မယ် မြူးဖွယ် ထူးတဲ့ မိန်ရာသီ။

www.burmeseclassic.com

www.burmeseclassic.com


# ဝတ်ပြုမယ်

## (ပြည်လှဖေနှင့် တွဲဖက်ဆိုသည်)

ရန်နိုင်စိန်–ရေးသည်။

**1938. July.**

**မ။** ။ (စားချိန်တန်စားဖို့အရေးရယ်၊ အိပ်ချိန်တန် အိပ်ရဖို့ အရေးရယ်၊ ကိုယ့်လင် ကိုယ့်သား စိတ်အေးရအောင် အသွယ်သွယ်၊ နေ့စဉ်ပဲ ဝတ်ပြုမယ်၊ အကျီပုဆိုး အမျိုးမျိုးဝတ်နိုင်ဖို့ရယ်၊ မီးပူလည်း တိုက်ရမယ်)၂။

**ကျား။** ။ ချစ်သူကို မိန်းမအကြိုက် လိုက်တော့မည်၊ ပျို နှစ်ခြိုက်တဲ့ ရှင်ရယ်၊ လင့်ဝတ်တရား ကောင်းခြင်း ကွယ်၊ ချစ်သူကိုဖြင့် မယားချောက ပျော်အောင် ထားပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



# ဝေ့လယ်လယ်

ကြည်တခွန်(ရွှံ့ကြီး)–ရေးသည်။

**1939. Dec.**

ပျို့စိတ်ဓာတ်ရယ်၊ ပြောင်းလဲပုံဆန်းကြယ်၊ ဖြီးလိမ်းပါလို့ရယ်၊ လှပချင်တယ်၊ ရှေးရှေးကအရွယ်၊ လုံးဝ ပျိုနှားမလည်၊ ခုတော့မှပဲကွယ်၊ ချစ်မိတော့တယ်၊ တစ်ပင် တိုင်နန်းမယ်၊ စံမြန်းလို့နေရတယ်။ ပျိုပျိုမေယမင်းမယ်၊ ဖော် ကင်းလို့ကွယ် ပျင်းတယ်၊ ရှေးရှေးကအရွယ်၊ စဉ်းစားရင်း ဝေ့လယ်၊ ချစ်တဲ့လူတွေ့ဖွယ်၊ မေ့ခဲ့မိတယ်။

(ပျိုပျိုမေစိတ်ရယ် မရိုးသားတော့တယ်၊ ကိုကိုရေ ချစ်ရအောင်လည်း ကြိုးစားမိတယ်၊ ပျော်ပျော်ရွှင်ရွှင် အရေးရယ်၊ တွေ့တိုင်းဝေ့လယ်၊ ဆောင်သဉ္ဇာခန်းက ချစ်ပန်းနွယ်)၂။

ချစ်သူကို မှန်းဆမိတယ်၊ ဟိုတုန်းက ငယ်ငယ်ရွယ်ရွယ် မစဉ်းစားခဲ့မိတယ်။

ပျိုပျိုမေစိတ်ရယ်............ ချစ်ပန်းနွယ်။

(ဘယ် ဘယ်လိုအချစ်ရယ်၊ ပျိုနှားမလည်၊ ဆန်းပြားလှတယ် ကိုဝေ့လယ်)၂၊ တူစုံမောင်နှံ့ နေချင်တယ်၊ စိတ်ကူးလိုက်ရင် ပျော်မြူးတယ်၊ ဝေ့လယ်လယ်နော် ပျို့မှာချစ်ဦးရယ်၊ စဉ်းစားတိုင်းကွယ် ကြည်နူးတယ်။

ပျိုပျိုမေစိတ်ရယ်............ ချစ်ပန်းနွယ်။

www.burmeseclassic.com

www.burmeseclassic.com



# ချစ်သဲညှာ

ခေတ္တရာအေး–ရေးသည်။

**1939. Sept.**

စန်းလသော်တာ ရောင်ရှက်ဝေဖြာဖြာ၊ လွန်သာယာ ထူးတဲ့ချိန်ခါ၊ လေညင်းလေး သင်းသင်းသွေးရှာ၊ ပျိုချမ်းလို့ တုန်ပြီ အေးလွန်းတာ၊ ချစ်တဲ့သူမောင် ဘာကြောင့်မပေါ်လာ နေနိုင်တာ၊ စောင့်နေသူမှာ မောင့်စိတ်ကြောင့်သာ၊ ပျိုမေ လွမ်းလှပြီ ချစ်သည်းညှာ၊ ရွှေစံပယ်နွမ်းတော့မှာ။

ခင်မင်တာတွေ အဖြာဖြာ၊ ပျိုစွဲလွန်းလို့သာ ကြင်နာ၊ မောင်မောင့်ကိုလည်း ဖွတ်နှစ်ကာ၊ ပျိုမေရှင်ရဲ့ ချစ်သည်း ညှာ၊ မောင့်အပါး ခစားကာ၊ သွေမကွာ ကြင်စဦးချစ်သူမှာ၊ တူစုံတွဲ မခွဲခွာနိုင်ပါ။ အချစ်ဦးကြောင့် ရူးနေရှာ၊ ပျော်ပျော် ရွှင်စရာ၊ မောင်နဲ့တွေ့ဖို့ ပျိုကညာ၊ ရွှေလည်တိုင်ကလေး ဆန့်လို့သာ၊ ပျိုမေရှင်က မျှော်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



# ရွှေးဘုရင်

ရန်နိုင်စိန်–ရေးသည်။

**1938. Dec.**

(ကြင့ာနန်းရိပ်ကြာ ပလ္လှမ်းဟိတ်ဖြာ အံ့မခန်းခြိမ့်ကာ ဆန်းကြယ်၊ ရွှေနန်းစည်းစိမ် စံပယ်၊ မှူးရယ် မတ်ရယ် ရံရွှေခံညောင်းတယ်)၂၊ (ထွန်းတောက်ဘုန်းတော် သောင်းလုံးဖြန့်ကျော် ဆင်ဖြူစကြာ ထက်ဝဠာကနော်၊ ဆက်တော်မူရတယ်)၂။

**သံပြိုင်။** ။ ရှေးဘုရင်များနဲ့တေဇာရယ်၊ ယနေ့တိုင် မမေ့နိုင် တွေးမှိုင်ကာ ဆွေးဖွယ်၊ စိတ်ဘဝင်မရွှင်လန်းတော့ နိုင်။

အို...စစ်ကိုင်း ပင်းယ အင်းဝ ကုန်းဘောင် မုဆိုးဆက်နွယ် စိုးမိုးလို့ရယ်၊ နေညိုတော့ကွယ် ရွှေဘိုလွမ်းတယ်၊ (ဘမရာမလ္လင် စမုတ်တော်ဆောင်ခန်း ရာဇဝင် မဟာဝင် ထုတ်ဖော်မှန်းရှုယ်၊ သတိမူကြဖို့ အမြဲတိုင်အောင်ကွယ်၊ မဏ္ဍပ်ပူရနဲ့ ကသည်းတောင်နိုင်တယ်)၂၊ အလောင်းဘုရားရယ်၊ ကောင်းစားတဲ့အကြောင်းများရယ်၊ ခုတိုင် ထင်ရှားတယ်။

**သံပြိုင်။** ။ ရှေးဘုရင်...................... မရွှင်လန်းတော့နိုင်တယ်။

(တို့ဘုရင်များကိုတော့ အခါခါပဲလွမ်းမိတယ်၊ ငါးကျိပ်ငါးသွယ်ပေါက္ကံပြည်တိုင်းဝယ်)၂၊ (ရွှေမိုးရယ် ငွေမိုးရယ် ဝေဖြိုးတယ်၊ မင်းတို့ ကျင့်ဖွယ် တင့်တယ်ရှာကြတယ်)၂၊ သတ္တဝါများကို အစဉ်တကယ်၊ ရင်ဝယ်သားပမာ ထားရှာလေအားတယ်။

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ပိုင်မေတ္တာ

သဟာယဆရာတင်–ရေးသည်။

**1939. Nov.**

ပျိုပိုင်ဆိုင်တဲ့ မေတ္တာပန်းကိုသာ၊ ကိုကိုကလည်း ရူးဆက်လို့ ဆင်မြန်းတာ၊ (ချစ်ပန်းဝတ်လွှာ ချစ်မေတ္တာ၊ မွှေးတကြူကြူပါ၊ ချစ်သွေးတူတူသာ၊ ဆွတ်ခူးတာ၊ ထူးတဲ့ ခိုင်မာလာ)၂၊ ပန်းရုံအောက်မှာ စောင့်တာ၊ ချစ်သူရောက်လာတော့ကာ၊ ထုံဝတ်ရည် ကြိုင်လှိုင်ဖြာ၊ လှသက်ထားမှာ၊ အသည်းကြားကကိုယ်ပိုင်မေတ္တာ၊ ခင့်ဖူးစာဖက်စစ်လို့သာ၊ ပျိုပျိုအခွင့်ပေးတာ။

ရွှေ ငွေ ရတနာ ပစ္စည်းဥစ္စာ၊ ဘယ်ဟာနဲ့မှ မယှဉ်သာ၊ မင်းစိုးရာဇာ ဂုဏ်ပါဝါ၊ စိုးမိုးမရပါ ကိုယ်ပိုင်မေတ္တာ၊ (ပိုင်ဆိုင်သူ ပျို့အချစ်ဦး သက်လျာ၊ ရူးဆွတ်ရက်ပါ)၂၊ မေတ္တာပန်းဖူးခက်လွှာ။

တစ်မိနစ်တည်းသာ၊ တစ်စက္ကန့်တည်းသာ၊ ချစ်သူနဲ့တွဲကာ၊ နေထိုင်ရတဲ့အခါ စိတ်ပျော်တာ၊ ပျို့မေတ္တာကြီးမားတာ၊ ခင့်မေတ္တာကြီးမားတာ၊ မောင့်အပေါ် အမြဲသာ၊ မရှက်လည်း မရှက်နိုင်ပါ၊ (လေယူရာတိမ်းခဲ့လို့ ယိမ်းနွဲ့နေရှာ)၂၊ ချိန်းတဲ့ရက်တွေသာ၊ လာခဲ့ပါ။

(ခင်ခင်ရဲ့ မာလာပန်းလွှာ၊ ရွှေတံချူနဲ့ ချူပုံဆန်းတာ၊ ပျို့အသည်းကျွမ်းလောက်စရာ၊ မောင့်မေတ္တာ ရေဖျန်းတာ)၂၊ ချစ်မိတဲ့အခါမှာ၊ ရွှင်လန်းစွာ၊ သစ္စာဆင်မြန်းကာ၊ ခင့်ပန်းကလေး ညှိုးနွမ်းမှာလည်း သနားစမ်းပါ။

ရွှေ ငွေ ရတနာ..............ဖူးခက်လွှာ။

www.burmeseclassic.com

www.burmeseclassic.com



# စိတ်ကူးနေမယ်

**တက္ကသိုလ်လှ–ရေးသည်။**

**1940. Jan.**

(ဟိုအလျင်ငယ်စဉ်တုန်းက အချစ်ဦးသက်လှယ်ရယ်၊ တူစုံမောင်မယ် ရင်းနှီးစွာ ပျော်ရွှင်လာခဲ့မယ်)၂၊ ခင်နဲ့မောင်မယ်၊ ချစ်ချင်းဆက်သွယ်၊ အပြစ်ကင်းလျက်နှယ်၊ တင်းမတိမ်နိုင်ဆို အို ရှေ့သွားနောက်လိုက် ညီလွန်းလှတယ် တကယ်၊ ပျိုသက်လှယ်၊ ယုံပါတော့ကွယ်၊ မကြာမီဘဲ နီးဖို့ သာတောင်းဆုရှယ်၊ မြတ်ဘုရားမှာလေ အမြဲပဲ မလွဲတယ်။

တကယ်ပင် နေ့စဉ် စိတ်ကူးရင်းရူးဖို့ပြင် စားသောက်လို့မဝင် သြော်...သနားသင့်ပေါ့ထင်၊ ဘယ်လိုပင် ခင့်စိတ်ကို တင်းတော့ကွယ်၊ မေ့ဘူးမောင်ရယ်၊ စိတ်ကူးနဲ့နေတော့မယ်။

ငွေသော်တာ အို...လမင်းရိပ်ဝယ်၊ မောင်နှံ့ပျော်မြူးခဲ့တယ်၊ ထင်မြင်တယ်၊ ပျိုစိတ်ကူးလို့ရယ် ခင်မင်တွယ်တာချစ်စခင်စဝယ်၊ ပျော်ရွှင်ဖို့ အို...ရှေ့သွားနောက်လိုက် ညီလှတယ်၊ စိတ်ကူးနဲ့ နေတော့မယ်။

တကယ်ပင် နေ့စဉ် ........နေတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



# ချစ်ရအောင်

စန်းသော်တာ–ရေးသည်။

1940. Feb.

ကုန်သည်ယောင်ယောင်၊ ဘီအေယောင်ယောင်၊ အများကျော်ကြားသိစေအောင်၊ အစားကြီးစားလို့ အကြွားကြီးကြွားကာ လှည့်ကာပတ်ကာနေတယ်မောင်၊ လူပျိုယောင်ယောင်၊ ဘိုကေပြောင်ပြောင်၊ ရေမွှေးကိုလည်း အိတ်မှာဆောင်၊ မြင်းပွဲသွားသလို မင်းပွဲသွားသလို ဂျပိုးသောင်းခြောက်ထောင်၊ ဒီဟာတွေကို မောင်ရှောင်၊ အများနဲ့တော့ မတူလေအောင်၊ တည်တည်ကြည်ကြည် သဘောကောင်းနဲ့ အေးအေးနေပါမောင်၊ လည်ချင်လည်မောင်၊ ပျော်ချင် ပျော်မောင်၊ သဘောတော်တိုင်း ဖြစ်စေအောင်၊ ကြိုးစားလို့ ရိုးရိုးကလေးကွယ် ပျိုနဲ့ချစ်ရအောင်။

(အနှစ်တစ်ရာ ချစ်အောင် ရှုက်ဆောင်၊ လူယုတ်နဲ့ မပေါင်းနဲ့မောင်၊ ကိုယ့်အလိုသဘောကို ပြောမောင်၊ ခင်အမြဲပဲ ချစ်ရအောင်)၂။

ရိုးရိုးသားသားကလေးနဲ့ ကြင်နာချစ်ရအောင်၊ နေပါမောင်၊ (စိတ်ရင်းဖြူတာကိုဆောင်)၂၊ ကိုကို ကြည်ဖြူမှာကို ခင်သိအောင်၊ ပြောပြပါမောင်၊ ဆူဆူပူပူမနေရအောင်၊ ချစ်လက်စမို့ မြဲရအောင်၊ ရှုက်ဆောင်၊ ကိုကိုခင်နဲ့ မေတ္တာကြိုးနှောင်။

အနှစ်တစ်ရာ............ချစ်ရအောင်။

www.burmeseclassic.com

www.burmeseclassic.com



# လေသာဆောင်

ကြည်တစ္ဆန်–ရေးသည်။

**1940. Aug.**

သာသာယာယာချိန်မှာ၊ လေညင်းလေးကဖြာ၊ ပန်းပေါင်းရနံ့စုံဖြာ၊ သော်တာရောင်ရှိန်ထိန်ဝါ၊ စိတ်အေးချမ်းမြစရာ၊ ကြည်နူးလို့သာ၊ မျှော်ကာမှန်း တမ်းတကာ၊ လေသာဆောင် ဘေ့သဉ္ဇာချစ်တင်းဖွဲ့ဖို့ရာ၊ မြန်းကြွခဲ့ပါ မယ့်ဖူးစာ။

**သံပြိုင်။** ။ (ချစ်တဲ့သူကိုတွေ့မှသာ စိတ်ပျော်မွေ့မှာ၊ စန်းလသော်တာ မင်းကသာ၊ ဆောင်ကြဉ်းခဲ့ပါ)၂၊ ကိုရောင်ကိုယ်ဝါ မမြင်ရကြာ၊ ချစ်တဲ့သူကို စွဲမက်စရာ၊ စိမ်းကားရက်စက်တာ။

(စိန္တေယျာရှင်မှာ နှိမ်ခြွေဝပ်တွားကာ၊ ဆီမီးကပ်ကာ သစ်သီးကပ်ကာ တောင်းဆု ပန်ထွာမှာ)၂၊ ပျိုရော်ရမ်းကာ လွမ်းကာ၊ မောင်ကြွမြန်းပါ ခင့်ဆောင်ခန်းကိုသာ၊ လေသာဆောင်နန်း ခန်းလယ်မှာ၊ တူစုံချစ်ရေးနွဲ့ပျော်ကာ၊ ရွှေကျိန်စာသစ္စာထားကြမှာ၊ ပျို့စိတ်ဓာတ်ဟာ ရှင်မြူးစွာထူးလှတာ၊ ကြင်ဖော်သူ အချစ်ဦးကတော့မလာ။

**သံပြိုင်။** ။ ချစ်တဲ့သူကို ............. စိမ်းကား ရက်စက်တာ။

www.burmeseclassic.com

www.burmeseclassic.com


# မယ်ခုမျှော်

တက္ကသိုလ်စိုး–ရေးသည်။

**1941. Aug.**

(မှန်ရွှေပြူပြတင်းဝယ်နော်၊ မျှော်ကာရမ်းလို့သာ တွေးမျှော်၊ အရဏ်ဆော်ကြူးလို့လင်းသော်၊ ပျိုမေစောင့်လို့သာ နော်၊ သန်းခေါင်ယံထဲကနော်၊ ပေါ်လာမယ် စောင့်လို့မျှော်၊ တွန်ချိန်သံရောက်လို့ ပျိုဆွမ်းကပ်ချိန်ရောက်ခဲ့သော်၊ ကြက်ဖတွန်ကြူးကျော်)၂၊ (စိန်ခြူးကြာညောင် လရောင်လင်းသော်၊ မှန်ရွှေပြူ ပြတင်းကနော်၊ သန်းခေါင်ဦးမယ်ခုမျှော်)၂၊ သုံးချက်စည်တော် စည်တော် ရိုက်ဆော်ညှင်းသော် လင်းအောင် မယ်ခုမျှော်။

(စိမ်းကားလွန်းပါသော်၊ ဖိုးရွှေလကို ပြောလိုက်ပါသနော်၊ ချစ်မိတဲ့သူအပေါ်၊ ဘယ်ဆီမှာပျော်)၂၊ ခေါ်ပေးပါလားလို့နော်၊ တွေ့ရမှာရှင်ပျော်၊ စိတ်သက်သာမနော်၊ (စိန်ခြူးကြာညောင် လရောင်လင်းသော် မှန်ရွှေပြူ ပြတင်းကနော်၊ သန်းခေါင်ဦး မယ်ခုမျှော်)၂၊ သုံးချက်စည်တော် စည်တော် ရိုက်ဆော်ညှင်းသော် လင်းအောင် မယ်ခုမျှော်။

ပျိုမေချစ်တဲ့ မောင့်ရူပါ ရေးရေးသာအမြဲနော်၊ ရစ်ကာသာ ဝဲလို့ပေါ်၊ ချစ်တာသာပဲ ပဓာနလို့ထင်သော်၊ ဆယ်ဘဝမို့ ကြင်မနော်၊ လွမ်းလှပါပေ့နော်၊ တမ်းတရည်လို့မျှော်၊ (တွေးလို့သာ ရမ်းရော်)၂၊ သနားလှသင့်ပါနော်၊ (စိန်ခြူးကြာညောင် လရောင်လင်းသော် မှန်ရွှေပြူ ပြတင်းကနော် သန်းခေါင်ဦး မယ်ခုမျှော်)၂၊ သုံးချက်စည်တော် စည်တော် ရိုက်ဆော်ညှင်းသော် လင်းအောင် မယ်ခုမျှော်။

www.burmeseclassic.com

www.burmeseclassic.com



# မြတ်လေးငုံ

စန်းသော်တာ–ရေးသည်။

**1939. April.**

(မြတ်လေးငုံဖူးစမို့ ညိုပြာရီထူးတဲ့ရာသီ၊ ပျိုပြုစု စိုက်ပျိုးတဲ့ ဝတ်မှုန်နီ ပွင့်လန်းလို့စီ)၂၊ (မြိုင်ဝနာ စမ်းစိမ့်က ရွှေနဂျီပုံသန်းခဲ့ပြီ)၂၊ ခိုင်ဝတ်ရည် သောက်စားလို့နေပြီ၊ သြော်–ပျိုချစ်လို့ အရေးပေးခဲ့ပြီ။

(သော်ကရွက်ရည် နီမြန်းလို့လန်းသည်၊ ပျိုချစ်တဲ့သူ ရွှေနဂျီ၊ ပန်းကောင်းဝတ်ရည် သောက်စို့ခဲ့ပြီ၊ ပျို့ရင်တွင်း ဆွေးရပြီ)၂။

ရွှေနဂျီ ဝတ်ရည်သုံးကာ မြန်းရှာပေါ့အတည်၊ ပျိုပျိုမေ(လိုက်လို့သာ)၂ အကြောင်းကြားချင်သည်၊ ရွှေနဂျီ ပန်းမြတ်ရည်၊ ညှိုးနွမ်းလို့ မြန်းကြွရှာပြီ၊ ဘယ်ဌာနီ (လိုက်ရမယ်)၂ အတည်၊ ပျိုမေရှင် ရှာချင်သည်၊ လိုက်လို့သာ ရှာချင်ပါသည်။ မြိုင်ခွင်တောဆီ အုံ့မှိုင်းရီ (စိန္တေဦးမှာ ဆုထူးရည်)၂၊ ပျိုမေတွေ့အောင် ရှာဦးမည်။

သော်ကရွက်ရည် ............ ပျို့ရင်တွင်း ဆွေးရပြီ။

www.burmeseclassic.com

www.burmeseclassic.com



# တေမိယ

**ဆရာညွှာ–ရေးသည်။**

**1941. Aug.**

လူနတ်ပြဟ္မာ သတ္တဝါဝေနေယျကို ကယ်တင်လိုသော ဆန္ဒရှိတာ အမှန်ပါ၊ ထီးစည်းစိမ် နန်းစည်းစိမ် (မခံစားလို)၂၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကို အလိုရှိ၍ တေမိယ ဆုပန်ရှာ။

(တေမိယ ရာဇာမင်း ထီးမွေနန်းမွေ အလိုမရှိပါ၊ အိုငရဲကြောက်၍ အသည်းပေါက်မတတ် ပူပန်ရှာ)၂၊ (ထီးဖြူစောင့်နတ်မယ်သူဇာ၊ သတိပေး ရောက်လို့လာ၊ ဆွံ့အ ချင်ယောင် ဆောင်ကာ၊ နားထိုင်း၍ အေးအေးညင်သာသာ)၂၊ စိတ်နှမ်းပါလို့ နောင်တော့တာ၊ ကိုယ်စွမ်းတာလည်း မပြေပါ၊ အလောင်းတော်မှာ၊ အတန်တန် အဓိဋ္ဌာန်ကို ပြုနေရှာ။

(ဖခမည်းတော်အာဏာ၊ မှူးမတ်တွေက အလိုတော်စမ်းတာ၊ ငိုရယ်ဖို့ရာ)၂၊ (တေမိယ သနားစရာ အစာငတ်ထားကာ၊ လသားအရွယ်က ဖြည့်ဆည်းပူးပေရှာ)၂၊ နန်းတွင်းလူတဲ့ သူတွေ ဘယ်လိုမြှူသော်လည်း အလောင်းတော် မတုန်လှုပ်ပါ၊ ဆယ့်ခုနစ်နှစ်အရွယ်မှာ ပယ်ရှားကာ၊ (အချိုပွဲ အချဉ်ပွဲနဲ့ ပွဲတော်အုပ် အနားမှာ၊ အလောင်းတော်ကြီး ရှေ့ကပင်ထားတာ၊ တပ်မက်အောင်လို့သာ)၂၊ (မယ်တော်မှာ မချမ်းမြေ့ မြင်ရ၍ မသက်သာ၊ မျက်ရည်မစဲရှာ)၂၊ အတန်တန်ချော့မော့ သားတော်ပျော့ကာ၊ စကားဆိုရင် တစ်ခွန်းလောက် ကြားချင်ပေတာ၊ မယ့်သည်းချာ။

(မြတ်သက်န်းနဲ့ ပျော်ရွှင်မှာ၊ အလိုပြည့်အောင် ကျင့်ဆောင်ခဲ့တာ)၂၊ ညည်းငွေ့ရှာ ထီးရငေ့မှာ၊ တေမိယ အလောင်းမြတ် တောထွက်လာ။

www.burmeseclassic.com

www.burmeseclassic.com



# ဖူးစာပိုင်

မြို့မငြိမ်း–ရေးသည်။

**1940. Dec.**

(မြင်လျှင် မြင်ချင်းပင်၊ တသင်းသင်း ချစ်ရနံ့ကြိုင်ကြိုင်၊ စွဲမိပေါ့ ပျိုသည်းညွှာရွှေဆိုင်၊ နှစ်ကံပြိုင် ဖူးစာပိုင်ထင်ရဲ့ ခင်မင်တာ ကြင်နာတာ စေတနာတွေ ပိုလို့မြိုင်)၂၊ အချစ်နဲ့ယှဉ်ပြိုင်၊ ပျို့စိတ်ကိုမပိတ်ပင်နိုင်၊ ရင်ဆိုင် ချစ်သူကိုယ်တိုင်သာဖြင့် ကျွေးချင်မွေးချင် ပေးချင် ကမ်းချင် စိတ်ဇောလှိုင်၊ ယုယစွာ ပိုင်ပိုင်နိုင်နိုင်၊ မယ့်ချစ်ဦး ထူးတဲ့ဖူးရွှေစာပိုင်။

**သံပြိုင်။** ။ တူပြိုင် မြတ်ဘုရားရှေ့ ရှစ်ဂူလိုဏ်၊ လှစ် ကြိုးမြွက်ရက်မနေနိုင်၊ မှန်သရွေ့ ဖန်စေ့ရေလယ် ပိုင်ပိုင်နိုင်နိုင် သစ္စာထူးတိုင်၊ မြဲခိုင်ခိုင်၊ ဖူးရွှေစာပိုင်၊ ကြိုးမသွေနိုင်ပါစေ မယ်နဲ့သာလျှောက်ထားချက်ပိုင်၊ အချစ်ပို မြင်းမိုရ်လုံးမေဆိုင်၊ လေးဒီပါ သီတာရေမြေဆုံးတိုင် မမုန်းနိုင်၊ မယ့်ဖူးစာပိုင်။

(ဘယ်သူ ဘယ်ဝါ ဖျက်တောင် မယိုင်၊ ပျို့အသည်းစွဲ ဖူးစာပိုင်၊ ခေမာသောင်ကမ်းသာတိုင်၊ ကူးမယ့်နှစ်ဦးတူပြိုင်)၂၊ ရုံးညာပိုင်ဦးသဋ္ဌာကြော လယ်တွင် ကြားကလေသွေး အေးမှာ တွေးလို့ငိုင်၊ ခင့်ဖူးစာ မောင်သာပိုင်၊ မောင့်ဖူးစာ ခင်သာပိုင် ကိုယ်တိုင်ပိုင်ပိုင် ဘယ်သူနဲ့မဆိုင်၊ သံသရာ ရေယာဉ်ကြောဝယ် မျောချင် မျောပစေ မဖြုန်ဘူး ဆယ်ကမ္ဘာတိုင်။

**သံပြိုင်။** ။ တူပြိုင်.......မယ့်ဖူးစာပိုင်။

www.burmeseclassic.com

www.burmeseclassic.com



# မဲဇာမြိုင်

**သဟာယဆရာတင်–ရေးသည်။**

**1941. Sept.**

မဲဇာမြိုင်ခြေ စီးထွေထွေ၊ အုံ့ဆိုင်း မှိုင်းမှိုင်းဝေဝေ၊ ငှက်မြည်သံ တွန်ကျူးကာ ဘာသာဘာဝ ပျော်မြူးကြပေ။

(သေလာတောင်စောင်း နှင်းငွေ့ဝေ၊ ညိုမှောင်ရီဆိုင်း မှိုင်းလို့နေ၊ မောင်ရေ၊ ကြည်နူးဖွယ်ကောင်းတဲ့ မြစ်နဒီ သွင်သွင်စီးလို့သာရစ်ခွေ)၂။

**သံပြိုင်။** ။ငွေသောင်ယံကမ်းခြေ လွမ်းဖွယ်တွေ၊ တည့်မွန်း နေခြည်ဖြာမှ နွေးတဲ့ မဲဇာမြိုင်တောခြေ။

BURMESE CLASSIC .com

(လိုဏ်ဂူနန်းနဲ့ စိမ့်စမ်းထွေထွေ၊ မာလာစုံပေါတဲ့ တောဝနာဘွေ၊ ကုံ့ကော်ပွင့် ဇော်ရင်း မျှော်တင်းဝေဝေ)၂၊ ပန်းပိတောက် ကျူးရန့် ထူးပျံ့လှိုင်ပေ၊ သရဖီ ရွှေအင်ကြင်း ခင်းအပျံ့ ဝင်းဖန့်ဖန့်ဖြူးဖွေးကာနေ၊ ခတ္တာပုန်းညက် ကြိုင်ထုံသင်းပေ။

**သံပြိုင်။** ။ ငွေသောင်ယံ........မဲဇာမြိုင်တောခြေ။

(ပဒုမ္မာရွှေကြာ ကုဏ္ဍလာအိုင်မင်းတွေ၊ ငှက်ဇာမဏီ ဒေါင်းအိုးဝေ၊ အော်မြည်ကာ ပျံသန်းလို့နေ)၂၊ ရွှေငါးကြင်းနဲ့ ငါးတန်တွေ ရေဇလာအတွင်းမှာ လူးလာ ပျော်ရွှင်မြူးကြပေ။

**သံပြိုင်။** ။ ငွေသောင်ယံ........မဲဇာမြိုင်တောခြေ။

www.burmeseclassic.com

www.burmeseclassic.com



# မယ့်ဒါလီ

စန်းသော်တာ–ရေးသည်။

**1940. July.**

(ရှေးတောင်းဆုရည် တွေ့ဆုံလို့ချစ်ကြသည်၊ တူစုံနှောင်နှံ့ညီ) ဩော်....သတ္တဘာဂ ဆောင်ကူညီ၊ ထူးသည်၊ ပျို ချစ်လွန်းမယ့် ဒါလီ)[၂]၊ သစ္စာထားမည်၊ မေတ္တာပွားမည်၊ ရှစ်ကမ္ဘာဆုံးတိုင် ပျိုကြင်မည်၊ အသက်ပင်အပ်မည်၊ မပျက်တမ်း ပေါင်းဖို့ရည်၊ မယ့်ဒါလီ အသည်းစွဲ ချစ်မည်။

ပျိုခင်မင်သည်၊ ပြုစုတော့မည်၊ ပျော်ပျော်ရွှင်ကြည်၊ ချစ်ကြစို့အတည်၊ နှောင်ကြာရင် မုန်းနဲ့ဒါလီ၊ ချစ်လွန်းလို့ သည်းညှာစိုင်ထဲ စွဲမိသည်၊ ခင့်ကိုသာ သနားသင့်သည်၊ (စိန္တေရှင်ဦးမှာ မောင်မယ်စုံဖူးကာ ရာသက်ပန် ပေါင်းဖို့ ဆုတောင်းမည်)[၂]။

www.burmeseclassic.com

www.burmeseclassic.com


# သော်တာငွေမင်း

ခေတ္တရာအေး–ရေးသည်။

သော်တာငွေမင်းရဲ့ ဖေးမပါ၊ ဖော်ဝေးလို့ ဆွေးရှာ၊ ပျိုလွမ်းလို့ တောင်းပန်တာ၊ မောင်ရယ်ချစ်လွန်းလို့ တမ်းတကာ၊ မျှော်မှန်းပေါ့ နွမ်းတော့ရှာ၊ အသည်းထဲမချိလေတာ၊ လေပြည်လေသင်း ဆောင်ညှင်းလို့ မြူးတဲ့ခါ၊ ငွေရည်ငွေနှင်း ပက်ဖျန်းလို့ ချမ်းပြန်ကာ၊ သြော်...သော်တာဖော်ကင်းတဲ့ ဖဲစက်ရာ၊ စောင့်စားရ မောင့်တွက်တာ၊ အို...ငွေမင်းရဲ့ ပြောလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

